# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၃ ရက်  ၂၀၁၇ ခုနှစ်၊ မတ် ၃၀ ရက်၊ ကြာသပတေးနေ့၊  အတွဲ (၅၆)၊ အမှတ် (၁၈၁)


**ဂုဏ်သတင်းပျံ့နှံ့လိုင်ကြ၏**

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လိုင်ကြ၏။ ပုပ္ဖဝဂ်(ဓမ္မပဒ - ၅၄)

# ပြည်သူတင်မြှောက်သည့်အစိုးရ သက်တမ်းပထမတစ်နှစ်ပြည့်မြောက်ပြီ

**ဒီနေ့အချိန်အခါဟာ အတိတ်သမိုင်းက မိမိတို့တိုင်းရင်းသားညီအစ်ကို မောင်ရင်းနှမများအကြား အကြောင်းအမျိုးမျိုးကြောင့် ပေါ်ပေါက်ခဲ့ရတဲ့ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီးတော့ ရေရှည်တည်တံ့မယ့်၊ စစ်မှန်တဲ့ ထာဝရငြိမ်းချမ်းရေးရရှိဖို့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးက စိတ်ရင်းမှန်နဲ့ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရမယ့် အချိန်အခါလည်း ဖြစ်ပါတယ်။ ဒီအချိန်အခါမျိုးမှာ ကျွန်တော်တို့ တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံး စစ်မှန်ပြီး ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေးရရှိဖို့ စိတ်ရင်းစေတနာအမှန်နဲ့ ကြိုးစားကြမှသာ ပဋိပက္ခနွံ့ကနေ ရုန်းထွက်နိုင်မှာ ဖြစ်ပါတယ်။**

(နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ ၁၀-၁-၂၀၁၇ ရက်နေ့တွင် ပေးပို့သော (၆၉) နှစ်မြောက် ကချင်ပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာမှ ကောက်နုတ်ချက်)

**ကျွန်မတို့နိုင်ငံရေးအရ သွားနေတဲ့လမ်းဟာ စီးပွားရေးအရ သွားနေတဲ့လမ်းနဲ့ လိုက်လျောညီထွေရှိရမှာဖြစ်ပါတယ်။ စီးပွားရေးမူဝါဒကို အခြေခံတဲ့ အခြေခံအုတ်မြစ်တွေထဲမှာ အရေးအကြီးဆုံးတစ်ခုဟာ အမျိုးသားပြန်လည်သင့်မြတ်ရေးကိစ္စဖြစ်ပါတယ်။ အမျိုးသားပြန်လည် သင့်မြတ်ရေး၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေး မရရှိဘဲ ရှေ့ဆက်သွားလို့ မရနိုင်ပါဘူး။**

(နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ဇူလိုင် ၂၉ ရက်က ကျင်းပသည့် မြန်မာနိုင်ငံ၏စီးပွားရေးမူဝါဒများ ရှင်းလင်းပြောကြားခြင်းအခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## မြန်မာနိုင်ငံနှင့် ကမ္ဘာ့ဘဏ်တို့အကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာများဆွေးနွေး

**နေပြည်တော် မတ် ၂၉**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ကမ္ဘာ့ဘဏ် (World Bank– WB) ၏ အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဒုတိယဥက္ကဋ္ဌ Ms. Victoria Kwakwa နှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမတွင် လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်စေမည့်ကိစ္စရပ်များအပါအဝင် လျှပ်စစ်ကဏ္ဍတွင် ပိုမိုကောင်းမွန်သည့် ဝန်ဆောင်မှုနှင့် ဦးစားပေးဆောင်ရွက်ပေးနိုင်ရေး၊ လမ်းတံတား ဆောက်လုပ်ရေး၊ စိုက်ပျိုးရေးတွင် ခေတ်မီစိုက်ပျိုးနည်းစနစ်များဖြင့် ပြောင်းလဲစိုက်ပျိုးရေး၊ လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး စသည့်ကဏ္ဍရပ်များတွင် မြန်မာနိုင်ငံနှင့် ကမ္ဘာ့ဘဏ်တို့အကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များကို အမြင်ချင်းဖလှယ်ခဲ့ကြသည်။ **(သတင်းစဉ်)**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ကမ္ဘာ့ဘဏ်၏ အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဒုတိယဥက္ကဋ္ဌ Ms.Victoria Kwakwa တို့ တွေ့ဆုံစဉ်** (သတင်းစဉ်)

## ဖေဖော်ဝါရီလအတွက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် မအေးချမ်းအောင်အား ရွေးချယ်

စာမျက်နှာ-၃


KBZ BANK
STRENGTH OF MYANMAR
သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

မြန်မာ့အလင်း

# လူထုအစိုးရသစ်၏ ပထမနှစ်ပတ်လည်

လူထုအစိုးရသစ်က တိုင်းပြည်တာဝန်ထမ်းဆောင်ခဲ့သည်မှာ တစ်နှစ်ပြည့်တော့မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပြည်သူလူထုကြား၌ လူထုအစိုးရသစ်သည် တိုင်းပြည်တာဝန်ကို ကျေကျေပွန်ပွန်ထမ်းဆောင်နိုင်ပါ၏လော ဟူသောမေးခွန်းကို ဆန်းစစ်နေမည်မှာ အသေအချာပင်ဖြစ်ပါသည်။ ပုဂ္ဂလိကသတင်းမီဒီယာများ၌ လူထုအစိုးရသစ်သည် ပြည်သူလူထု၏မျှော်မှန်းချက်တို့ကို အပြည့်အဝဖြည့်ဆည်းနိုင်ခြင်းမရှိဟု မှတ်ချက်ပေးကြသည်ကို မြင်တွေ့ကြားသိရပါသည်။ ဤနေရာ၌ တစ်နှစ်ဟူသော အချိန်ကာလသည် လူထုအစိုးရသစ်အတွက် ပြည်သူလူထု၏မျှော်လင့်ချက်များဖြည့်ဆည်းရန် လုံလောက်သော အချိန်ဟုတ် / မဟုတ်ကို ပြန်သုံးသပ်ရမည်ဖြစ်ပါသည်။

နှစ်ပေါင်း (၅၃) နှစ်ဟူသော သမိုင်းကိုဖြတ်သန်းပြီး ပထမဦးဆုံးပေါ်ပေါက်လာသော လူထုကရွေးချယ်တင်မြှောက်သည့် လူထုအစိုးရသစ်အတွက် တစ်နှစ်ဟူသော အချိန်ကာလသည် မူဝါဒတို့၏ထိရောက်မှုကို သက်သေပြရန် လုံလောက်သောအချိန်ကာလမဟုတ်သည်မှာ သေချာပါသည်။ သို့သော် တစ်နှစ်ဟူသော အချိန်ကာလသည် လူထုအစိုးရသစ်၏ ဦးတည်ချက်များကို မှန်းဆနိုင်သော အချိန်ကာလဖြစ်ပါသည်။ လူထုအစိုးရသစ်က တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအားလုံးက ပါဝင်လက်မှတ်ရေးထိုးရန် အားသွန်ခွန်စိုက်ကြိုးပမ်းနေသည်မှာ ထင်ထင်ရှားရှားမြင်တွေ့ရသောအချက်ဖြစ်ပါသည်။ တစ်နည်းအားဖြင့်ဆိုသော် လူထုအစိုးရသစ်သည် တိုင်းပြည်အတွင်း၌ ပြီးပြည့်စုံသော ငြိမ်းချမ်းရေးရရှိရန် ဦးလည်မသုန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

စီးပွားရေးကဏ္ဍ၌ လယ်ယာစိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် အသေးစားအလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကရည်မှန်းချက်များအဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ လူထုအစိုးရသစ်၏ စီးပွားရေးဆိုင်ရာ အဓိကမူဝါဒသည် ကျယ်ပြန့်သော ပြည်သူလူထုတို့အကျိုးရှိစေရေးဖြစ်သည်ကို တွေ့ရပါသည်။ လူထုအစိုးရသစ်က လယ်ယာစိုက်ပျိုးရေးကဏ္ဍ၌ ကန်ထရိုက်လယ်ယာစနစ်ပေါ်ပေါက်ရေးကို ဦးတည်ဆောင်ရွက်လျက်ရှိသည်မှာ မှန်ကန်သောခြေလှမ်းဖြစ်ပါသည်။ တောင်သူလယ်သမားတို့၏ ရင်းနှီးငွေလိုအပ်ချက်တို့ကို ဖြည့်ဆည်းပေးရန် နိုင်ငံတော်ဘဏ်များကိုသာမက ပုဂ္ဂလိကဘဏ်များကိုပါ ပါဝင်လာစေရန် ဆောင်ရွက်ခြင်းနှင့်အတူ နိုင်ငံခြားဘဏ်တို့ကို ပြည်တွင်းတွင် ဝန်ဆောင်မှုများ ပိုမိုဆောင်ရွက်ခွင့်ပြုရန် ဦးတည်လာခြင်းသည် ကြိုဆိုရမည့်လုပ်ဆောင်ချက်များဖြစ်ပါသည်။ ဤဘဏ်လုပ်ငန်းဆိုင်ရာ မူဝါဒအပြောင်းအလဲတို့သည် အသေးစားအလတ်စားစီးပွားရေးလုပ်ငန်းတို့၏ ရင်းနှီးငွေလိုအပ်ချက်ကိုဖြည့်ဆည်းရာ၌ အထောက်အပံ့ကောင်းများ ဖြစ်မည်ဖြစ်ပါသည်။ အဓိကတင်ပြလိုသည်မှာ တစ်နှစ်တာကာလအတွင်း လူထုအစိုးရသစ်က အကောင်အထည်ဖော်လျက်ရှိသော တိုင်းပြည်အကျိုး ပွားများစေမည့်မူဝါဒတို့အပေါ် မျက်ခြည်ပြတ်၍ မျှော်လင့်ချက်များ ပါးလျမသွားစေရန်ဖြစ်ပါသည်။ လူထုအစိုးရသစ်၏အင်အားသည် လူထု၏ထောက်ခံမှုဖြစ်သည်ဟူသောအချက်ကို အလေးအနက် နှလုံးသွင်းရန်ဖြစ်ပါသည်။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (၁) ဦးမြဝင်း | ပါမောက္ခချုပ် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း) နယ်စပ်ရေးရာဝန်ကြီးဌာန |
| (၂) ဦးစောဂျွန်ရွှေဘ | ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့သစ်လုပ်ငန်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန |
| (၃) ဦးရန်နိုင်ထွန်း | ညွှန်ကြားရေးမှူးချုပ် ကုန်သွယ်ရေးဦးစီးဌာန စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန |
| (၄) ဦးကျော်ထင် | ညွှန်ကြားရေးမှူးချုပ် အကောက်ခွန်ဦးစီးဌာန စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန |

## ရွေးကောက်ပွဲဆိုင်ရာ Web နှင့် Mobile Apps များ အခမဲ့ရယူနိုင်




### ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

၂၉-၃-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၉၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၃၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၆၈၅/၇၀၅ ကျပ် (လက်ကားဈေး) |
| အောက်တိန်း ၉၂ | ၆၉၅/၇၁၀ ကျပ် (လက်ကားဈေး) |
| အောက်တိန်း ၉၅ | ၇၃၅/၇၆၀ ကျပ် (လက်ကားဈေး) |
| ပရီမီယံဒီဇယ် | ၇၁၀/၇၃၀ ကျပ် (လက်ကားဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၂ ·၀၀ |
| ဥရောပ | တစ်ယူရို | ၁၄၇၂ ·၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၇၅ ·၁၂ |
| ထိုင်း | တစ်ဘတ် | ၃၉ ·၅၀ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ·၉၃ |
| တရုတ် | တစ်ယွမ် | ၁၉၇ ·၉၆ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၈ ·၂၅ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီမွေး၊ ကလျာမိုးမြင့်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း mmalin.npt @ gmail.com, www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# ဖေဖော်ဝါရီလအတွက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် မအေးချမ်းအောင်အားရွေးချယ်

## ပြည်သူသို့ ကျေးဇူးတင်လွှာထုတ်ပြန်

**နေပြည်တော်  မတ်  ၂၉**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံသူနိုင်ငံသားများ၊ ပရဟိတစေတနာရှင်များ၊ လူမှုအသင်းအဖွဲ့များမှ လစဉ်ချီးကျူးဂုဏ်ပြုထိုက်သူများကိုရွေးချယ်၍ ပြည်သူသို့ကျေးဇူးတင်လွှာထုတ်ပြန်ပေးလျက်ရှိရာ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် အသက် (၂၇) နှစ်အရွယ် မအေးချမ်းအောင်ကို ရွေးချယ်ခဲ့သည်။

မအေးချမ်းအောင်သည် မွေးရာပါ ညာဘက်မျက်စိ အမြင်အာရုံ ချို့ယွင်းခဲ့ပြီး အသက် (၁၀) နှစ်အရွယ် မူလတန်းပညာသင်ကြားနေစဉ် ဘယ်ဘက်မျက်စိမှာလည်း လုံးဝအလင်းကွယ်ခဲ့သည်။ အမြင်အာရုံလုံးဝ ပျောက်ဆုံးခဲ့ရသော်လည်း ဘဝကို အလွယ်တကူ အရှုံးမပေးဘဲ ကြိုးစားခဲ့မှုများကြောင့် ဖေဖော်ဝါရီလအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် ရွေးချယ်လိုက်ကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရုံးမှ မတ်လ ၂၈ ရက် ရက်စွဲဖြင့် ထုတ်ပြန်ထားသည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရုံး**

**ပြည်သူသို့ ကျေးဇူးတင်လွှာ**

**၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက်**

**(၂၀၁၇ ခုနှစ်၊ မတ်လ ၂၈ ရက်)**

၁။ ပညာရေးသည် လူတစ်ဦးတစ်ယောက်၏ ဘဝတစ်လျှောက် ရှင်သန်ရပ်တည်မှုနှင့် မိမိတည်ရှိရာ ဝန်းကျင်နှင့် လူ့အဖွဲ့အစည်း၏ တိုးတက်ရာ တိုးတက်ကြောင်း အကျိုးပြုနိုင်မှုတို့အတွက် လိုအပ်သော အသိတရား၊ ကျွမ်းကျင်မှုများ၊ စိတ်နေစိတ်ထားနှင့် ဖန်တီးမှုတို့ကို ပျိုးထောင်ပေးခြင်းဖြစ်သည်။ တိုင်းရင်းသားပြည်သူအားလုံး မျှော်မှန်းထားသည့် အနာဂတ်နိုင်ငံတော်ကို ယနေ့ခေတ်လူငယ်များ၏ ပညာရေးဖြင့် ခေတ်မီတိုးတက်စေရန် တည်ဆောက်သွားကြရမည်ဖြစ်သည်။ လူငယ်များဟုဆိုရာတွင် ခွဲခြားမှု မရှိဘဲတန်းတူရည်တူ အညီအမျှ ကြိုးစားအားထုတ်ခွင့် ရရှိရန် အရေးကြီးလှသည်။ ခေတ်မီတက္ကသိုလ်ပညာရပ်များသာမက အသက်မွေးဝမ်းကျောင်း အတတ်ပညာများသည်လည်း အနာဂတ်လူ့ဘောင်အတွက် အရေးပါသောနယ်ပယ်များပင်ဖြစ်သည်။ နိုင်ငံတော်အပိုင်းက လက်တွေ့ကျသော ပညာရေးစနစ်ပြုပြင်ပြောင်းလဲရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေသည့် လက်ရှိကာလတွင် လူငယ်လူရွယ်များကလည်း ကောင်းမွန်သောကြိုးပမ်းအားထုတ်မှုတို့ဖြင့် မိမိတို့ကိုယ်ကိုတည်ဆောက်နိုင်ရန် လိုအပ်မည်ဖြစ်သည်။

၂။ အသက် (၂၇)နှစ်အရွယ် မအေးချမ်းအောင်သည် ရခိုင်တိုင်းရင်းသား ဖခင်ဦးမြင့်အောင်နှင့် ဓနုတိုင်းရင်းသူ မိခင်ဒေါက်တာဒေါ်သန်းနုတို့မှ ၁၉၉၀ ခုနှစ်တွင် အောင်ပန်းမြို့၌ မွေးဖွားသန့်စင်ခဲ့ပြီး၊ မွေးရာပါအဖြစ် ညာဘက်မျက်စိ အမြင်အာရုံချို့ယွင်းခဲ့သူဖြစ်သည်။ အသက် (၁၀)နှစ်အရွယ် မူလတန်းပညာသင်ကြားနေစဉ် ဘယ်ဘက်မျက်စိမှာလည်း လုံးဝအလင်းကွယ်ခဲ့သဖြင့် အမြင်အာရုံ လုံးဝပျောက်ဆုံးခဲ့ရသည်။ သို့ရာတွင် အားငယ်စိတ် အလျဉ်းမရှိ ဘဝကိုအလွယ်တကူ အရှုံးမပေးဘဲ မိခင်ဖြစ်သူ၏ အားပေးကူညီမှုများဖြင့် ကြိုးပမ်းအားထုတ်ခဲ့ရာ ၂၀၀၆ ခုနှစ်တွင် အခြေခံပညာအထက်တန်းကို အင်္ဂလိပ်၊ သမိုင်း၊ ဘောဂဗေဒ (၃) ဘာသာဂုဏ်ထူး၊ ရမှတ် ၄၈၁ မှတ်ဖြင့် မြန်မာတစ်နိုင်ငံလုံး ဝိဇ္ဇာဘာသာတွဲပထမအဆင့်ဖြင့် ထူးထူးချွန်ချွန် အောင်မြင်ခဲ့ပြီးနောက် ၂၀၁၀ခုနှစ်တွင် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်မှ B.A (English)ဘွဲ့ကိုရရှိခဲ့သည်။ ထို့အပြင် ရွှေမင်းသားဖောင်ဒေးရှင်းမှ ဖွင့်လှစ်သည့် ကွန်ပျူတာသင်တန်းကိုလည်းတက်ရောက် အောင်မြင်ခဲ့သည်။

၃။ ထို့နောက် မအေးချမ်းအောင်သည် အမြင်အာရုံချို့ယွင်းသည့် လူငယ်များ၏ ပညာမျက်စိအလင်းဖွင့်ကာ၊ ဘဝအနေအထားမြင့်မားစေလိုသည့်စိတ်ရင်းစေတနာဖြင့် ၂၀၁၂ ခုနှစ်တွင် ရမည်းသင်းမျက်မမြင်ကျောင်း၌ စေတနာ့ဝန်ထမ်း လုပ်အားပေးဆရာမအဖြစ် သွားရောက်သင်ကြားပေးခဲ့သည်။ တစ်ဖန် ၂၀၁၃ခုနှစ်တွင် မြန်မာနိုင်ငံ မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့မှ ခေါ်ယူသည့်မသန်စွမ်းလူငယ်များ ခေါင်းဆောင်မှု မြှင့်တင်ရေးသင်တန်းသို့ တက်ရောက်ခဲ့သည်။ အကြောင်းအမျိုးမျိုးကြောင့် မသန်စွမ်းဖြစ်ခဲ့ရသူများကို သာမန်လူများနှင့်မခြား နယ်ပယ်စုံတွင် တန်းတူညီမျှဆက်ဆံမှုရရှိနိုင်ရေးကိစ္စရပ်များ ဆက်လက်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံခြားတက္ကသိုလ်ကြီးတစ်ခုတွင် Public Policy ပြည်သူ့ရေးရာ မူဝါဒပညာရပ်နှင့်ပတ်သက်သည့် မဟာဘွဲ့ရယူသွားရန် စိတ်ပိုင်းဖြတ်ထားသူလည်းဖြစ်သည်။ ယခုအခါ မိခင်ဖြစ်သူနှင့်အတူအောင်ပန်းမြို့တွင် နေထိုင်ရင်း အင်္ဂလိပ်-မြန်မာ ဘာသာပြန်ခြင်းလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းလျက် ရှိသည်။

၄။ သို့ဖြစ်၍ ယခုနှစ်ဖေဖော်ဝါရီလအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် မအေးချမ်းအောင်အား ရွေးချယ်၍ ဤကျေးဇူးတင်လွှာကို ထုတ်ပြန်လိုက်ပါသည်။ မအေးချမ်းအောင်နည်းတူ နိုင်ငံသူနိုင်ငံသားများ ပရဟိတစေတနာရှင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများအနေဖြင့်မလျှော့သော ဇွဲ၊ မပြတ်သည့်လုံ့လ၊ ခိုင်မာသော ဝီရိယတို့ကို အရင်းခံလျက် တတ်စွမ်းသမျှ ကြိုးပမ်းဆောင်ရွက်ကာ နိုင်ငံတော်နှင့်ပြည်သူအတွက် အလုပ်အကြွေးပြုနိုင်သော သားကောင်းရတနာများ ဖြစ်ကြပါစေရန် မေတ္တာရပ်ခံလျက် မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

**အောင်ဆန်းစုကြည်**
**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်**







# စိုက်ပျိုးမွေးမြူရေးစခန်းအတွင်းရှိ ခေတ်မီအအေးပေးစနစ်ဖြင့် ဥစားကြက်များ မွေးမြူထားရှိမှုအခြေအနေကြည့်ရှု



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စိုက်ပျိုးမွေးမြူရေးစခန်းအတွင်းရှိ ခေတ်မီအအေးပေးစနစ်ဖြင့် Novogen Brown ဥစားကြက်များ မွေးမြူထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစဉ်**

**နေပြည်တော်  မတ်  ၂၉**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းစစ်ဌာနချုပ် အမှတ် (၁) စိုက်ပျိုးမွေးမြူရေးစခန်းသို့ ရောက်ရှိပြီး စိုက်ပျိုးမွေးမြူရေးစခန်းအတွင်းရှိ ခေတ်မီအအေးပေးစနစ်ဖြင့် Novogen Brown ဥစားကြက်များ မွေးမြူထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုသည်။

ဆက်လက်ပြီး Green House များဖြင့် စိုက်ပျိုးထားရှိသည့် ကိုက်လန်၊ မုန်ညင်း၊ ပန်းဂေါ်ဖီစိုက်ပျိုးခြံများအား လှည့်လည်ကြည့်ရှုသည်။

ရန်ကုန်တိုင်းစစ်ဌာနချုပ်၌ စိုက်ပျိုးမွေးမြူရေးစခန်း သုံးခုရှိပြီး ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလအတွင်း ကြက်သားပေါက် ၇၆၀၀၀၀ကျော်၊ ဝက်သားပေါက် ၅၉၅ ကောင်၊ ကြက်သား ၁၄၉၀၂၄၇ ပိဿာ၊ ဝက်သား ၂၀၁၈၉၄ ပိဿာ၊ ဆိတ်သား ၄၇၃၅ ပိဿာ၊ အမဲသား ၂၇၃၁၈ ပိဿာ၊ ဘဲသား ၉၆၁၂ ပိဿာ၊ ငါး ၄၅၀၂၂၀ပိဿာ၊ ဘဲဥအလုံး ၁၁၂၅၈၇၀၊ ကြက်ဥ ၂၂၀၂၆၈၂၄ လုံး၊ နွားနို့ ၁၃၈၉၂၁ ပိဿာ ထုတ်လုပ်နိုင်ခဲ့ပြီး သက်ဆိုင်ရာ တပ်ရင်း၊ တပ်ဖွဲ့များ၏ ရိက္ခာစိုပေးသွင်းခြင်းနှင့် တပ်မိသားစုများသာမက ပြင်ပသို့ပါ သက်သာသော ဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးနိုင်ခဲ့သည်။

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် အင်းစိန်မြို့နယ် မင်းဓမ္မကုန်းမြေရှိ လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး၏ ဝတ္တကနယ်မြေအတွင်း၌ တပ်မတော် (ကြည်း၊ ရေ၊လေ) မိသားစုများနှင့် စေတနာရှင်အလှူရှင်များက တည်ဆောက်လှူဒါန်းသည့် သီရိမင်္ဂလာ မဟာသာသနာ့ဗိမာန်တော်ကြီး တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



၃၀-၃-၂၀၁၆ ရက်က နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့ ညစာစားပွဲအခမ်းအနားသို့တက်ရောက်လာသော အထူးဧည့်သည်တော် ဒေါ်အောင်ဆန်းစုကြည်အား ကြိုဆိုနှုတ်ဆက်နေစဉ်



၃၀-၃-၂၀၁၆ ရက်က နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့က ညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာသော သံတမန်များအဖွဲ့နာယက စင်ကာပူနိုင်ငံသံအမတ်ကြီး မစ္စတာ ရောဘတ်ချွာအား ကြိုဆိုနှုတ်ဆက်စဉ်



၃၀-၃-၂၀၁၆ ရက်က နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ဦးဟင်နရီဗန်ထီးယူတို့ ကတိသစ္စာပြုစဉ်



၃၀-၃-၂၀၁၆ ရက်က ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ဦးဟင်နရီဗန်ထီးယူတို့ နိုင်ငံတော်သမ္မတတာဝန် လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားသို့တက်ရောက်လာကြသူများအား နှုတ်ဆက်စဉ်



၃၀-၃-၂၀၁၆ ရက်က နိုင်ငံတော်သမ္မတ ဦးထင်ကျော် ပြည်ထောင်စုလွှတ်တော်၌ မိန့်ခွန်းပြောကြားစဉ်




၂၀၁၆ ခုနှစ် ဧပြီ ၂၇ ရက်က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) အဖွဲ့ဝင်များနှင့် ပထမဆုံးအကြိမ် တွေ့ဆုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ် (သတင်းစဉ်)



၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်က ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်တို့ သဘာပတိရှေ့မှောက်၌ ကတိသစ္စာပြုကြစဉ် (သတင်းစဉ်)



၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်က အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်တို့ သဘာပတိရှေ့မှောက်၌ ကတိသစ္စာပြုကြစဉ် (သတင်းစဉ်)




၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ သဘာပတိရှေ့မှောက်၌ ကတိသစ္စာပြုကြစဉ် (သတင်းစဉ်)

# ဒေသဖွံ့ဖြိုးရေး လမ်းတံတားများတည်ဆောက်ပြုပြင်မှုနှင့်အတူ အနာဂတ်လင်းလက်လာမည့် ရခိုင်ပြည်နယ်

## ကျော်လင်း(ဆောက်လုပ်ရေး)

**ရခိုင်ပြည်နယ်သို့ အဓိကဝင်ပေါက်ကြီး သုံးခုရှိပါသည်။ မင်းဘူး-အမ်း-စစ်တွေလမ်း၊ ပြည်-ပန်းတောင်း-တောင်ကုတ်-ကျောက်ဖြူလမ်းနှင့် ငါးသိုင်းချောင်း-ဂွ-သံတွဲ လမ်းတို့ဖြစ်ပါသည်။**




ယခင်က မင်းဘူးမှ အမ်း၊ ထိုမှတစ်ဆင့် စစ်တွေသို့ ရောက်ရှိရန် မော်တော်ယာဉ်မောင်းချိန် ၁၆ နာရီခန့် မောင်းနှင်ရပါသည်။ မင်းဘူး-အမ်းလမ်းပေါ်တွင် လမ်း၏ အကန့်အသတ်များကြောင့် အချိန်များစွာပေးရသလို အမ်း-စစ်တွေ လမ်းပိုင်း၏ လမ်းမျက်နှာပြင် တံတားများအခြေအနေကြောင့် မောင်းချိန် ၁၆ နာရီခန့် မောင်းနှင်ရပါသည်။ အဆိုးဆုံးမှာ ရာမောင် ကြိုးတံတားဖြစ်၍ ကြိုးတံတား၏ ခံနိုင်ရည်လျော့ကျမှုကြောင့် တံတားပေါ်တွင် ဖြည်းဖြည်းသာ မောင်းနှင်ရ၍ ကုန်ကားများမှာ မြစ်အတွင်းမှ ဇက်ဖြင့် ကူးကြရပါသည်။

ယခုအစိုးရသစ်လက်ထက်တွင် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးကို တစ်နှစ်အတွင်း သိသာရန် ဆောင်ရွက်ပေးရမည်ဟု ညွှန်ကြားလာ၍ မင်းဘူး-အမ်းလမ်း၏ အကွေ့အကောက်များစွာ ဖြေပေးခြင်း၊ အမ်း-စစ်တွေ လမ်းပေါ်မှ ယာယီတံတားများကို သံကူကွန်ကရစ်တံတားအဖြစ် တိုးမြှင့်တည်ဆောက်ခဲ့ခြင်း၊ ကွန်ကရစ်လမ်းများအဆင့်သို့ မြှင့်တင်တည်ဆောက်ခဲ့ပြီး ရာမောင်ကြိုးတံတားကို ဂျပန်နိုင်ငံ JFE ကုမ္ပဏီမှ နည်းပညာအကူအညီဖြင့် အဆင့်မြှင့်တင်ခဲ့ခြင်းတို့ကြောင့် ယခုအခါ မင်းဘူး-အမ်း-စစ်တွေလမ်းသည် သက်သောင့်သက်သာဖြင့် မောင်းချိန် ၁၂ နာရီခန့်ဖြင့် ရောက်ရှိနေပါပြီ။ ဆက်လက်၍ ဤလေးနှစ်တာကာလအတွင်း ဆက်လက်အဆင့်မြှင့်တင်တည်ဆောက်ပြီး မောင်းချိန်ကို ၁၀ နာရီဖြင့် ရောက်ရှိရန် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ပြည်-ပန်းတောင်း-တောင်ကုတ်-ကျောက်ဖြူလမ်းမှာ ယခုနှစ်အတွင်း JICA ၏ ODA အကူအညီဖြင့် ကွန်ကရစ်တံတား ခြောက်စင်းနှင့် လမ်းအဆင့်မြှင့်တင်ခြင်း၊ ၁၄ မိုင် ၄ ဖာလုံ တည်ဆောက်ခဲ့ပြီး နိုင်ငံတော်၏ အစီအစဉ်ဖြင့် ကွန်ကရစ်လမ်း လေးဖာလုံ၊ ကတ္တရာလမ်း တစ်မိုင် ခုနစ်ဖာလုံ ၊ တံတားကိုးစင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

ငါးသိုင်းချောင်း-ဂွ-သံတွဲလမ်းသည်လည်း ရခိုင်ရိုးမကို ဖြတ်သန်းရသော လမ်းကြောင်းဖြစ်၍ ယခင်ကဆိုလျှင် ရန်ကုန်မှ သံတွဲသို့ ယာဉ်မောင်းချိန် ၁၂ နာရီခန့် မောင်းနှင်ရသော ခရီးဖြစ်ပါသည်။ ယခု အစိုးရသစ်လက်ထက်တွင် တစ်နှစ်တာအတွင်း ဧရာဝတီတိုင်းဒေသကြီးအတွင်း လမ်းများ အဆင့်မြှင့်တင်ခြင်း၊ ငါးသိုင်းချောင်း-ဂွ-သံတွဲလမ်းပိုင်း အဆင့်မြှင့်တင်ခြင်း၊ တံတားများ အသစ်တည်ဆောက်ခြင်းတို့ကြောင့် ယခုအခါ ရန်ကုန်မှ နံနက် ၆ နာရီထွက်လျှင် သံတွဲသို့ မွန်းလွဲ ၂ နာရီခွဲ (စုစုပေါင်း မောင်းချိန် ၈ နာရီခွဲ) နှင့် ရောက်ရှိနိုင်ပြီဖြစ်ပါသည်။ လာမည့် လေးနှစ်တာကာလအတွင်း ကမ္ဘာ့ဘဏ်(WB) အကူအညီ အမေရိကန်ဒေါ်လာ သန်း ၂၀ ဖြင့် ငါးသိုင်းချောင်း-ဂွလမ်းကို အဆင့်မြှင့်တင်ပြီးပါက ရန်ကုန်မှ သံတွဲကို မောင်းချိန် ၇ နာရီခန့်ဖြင့် ရောက်ရှိနိုင်တော့မည်ဖြစ်ပါသည်။

ယင်းအပြင် ရခိုင်ပြည်နယ်မှ ချင်းပြည်နယ် ပလက်ဝမြို့တို့မှတစ်ဆင့် ချင်းပြည်နယ် မတူပီ-ဟားခါး မြို့များသို့၊ ထိုမှတစ်ဆင့် ကလေးမြို့၊ ဂန့်ဂေါမြို့၊ ပခုက္ကူမြို့များသို့ ပေါက်ရောက်မည့် ကျောက်တော်-ပလက်ဝ-မတူပီ-ဟားခါး လမ်းမကြီးကိုလည်း အစိုးရသစ်၏ ငါးနှစ်တာကာလအတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ရာ ရခိုင်ပြည်နယ်အတွင်း ဆက်သွယ်ရေးလမ်းကြောင်း အသစ်တစ်ခု ထပ်မံတိုးတက်လာပါမည်။ ယခု တစ်နှစ်အတွင်း မြေသားလမ်းဖောက်လုပ်ပြီးစီးနေပြီး အချို့နေရာများတွင် တံတားထိုးခြင်း၊ ကတ္တရာလမ်းခင်းခြင်းတို့ ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*



ရန်ကုန်-စစ်တွေလမ်းပေါ်ရှိ ရာမောင်ကြိုးတံတားအား ပြုပြင်နေပုံနှင့် ပြင်ဆင်ပြီးစီးပြီးနောက် တွေ့ရပုံ



မင်းဘူး-အမ်း-စစ်တွေလမ်း မူလဘေလီ+သစ်သားတံတားမှ သံကူကွန်ကရစ်တံတားသို့ အဆင့်မြှင့်တင်ဆောင်ရွက်သည့် ကင်းချောင်းတံတား အရှည်ပေ ၄၄၀ အား မဆောင်ရွက်မီပုံနှင့် ဆောင်ရွက်ပြီးနောက် တွေ့ရပုံ



မင်းဘူး-အမ်း-စစ်တွေလမ်း ပေါ်ရှိ (၁၀၉ ဒသမ ၅ ကီလိုမီတာ-၁၁၀ ကီလိုမီတာ)အတွင်း ကျောက်စီမြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်



ရန်ကုန်-ကျောက်ဖြူလမ်း (တောင်ကုတ်-မအီ အပိုင်း)မူလ ဘေလီ+သစ်သားတံတားမှ သံကူကွန်ကရစ်တံတားသို့ အဆင့်မြှင့်တင်ဆောင်ရွက်သည့် အရှည်ပေ ၆၀၀ ရှိ တန်းလှဲတံတားအား မဆောင်ရွက်မီပုံနှင့် ဆောင်ရွက်ပြီးပုံ



သံတွဲ-ဂွလမ်း (၁ ဒသမ ၈ ကီလိုမီတာ-၉ ကီလိုမီတာ)အတွင်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း မဆောင်ရွက်မီပုံနှင့် ဆောင်ရွက်ပြီးစီးပြီးနောက် တွေ့ရပုံ

## မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မတ် ၂၉

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးထစ်ချုန်းရွာနိုင်သည်။ (မိုး/ဇလ)



# မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၏ သုတေသနဗဟိုဌာန ဖွင့်လှစ်

**နေပြည်တော် မတ် ၂၉**

နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း ဘတ်ဂျက်ခွင့်ပြုငွေဖြင့် ဆောင်ရွက်သော အလျားပေ ၂၀၀၊ အနံပေ ၅၀ RCC နှစ်ထပ်သုတေသန ဗဟိုဌာနဖွင့်ပွဲအခမ်းအနားကို မတ် ၂၉ ရက် နံနက် ၈ နာရီတွင် အဆိုပါအဆောက်အအုံ၌ကျင်းပသည်။

အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာမာမာဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။ **(ဝဲပုံ)**
ထို့ပြင် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း ဘတ်ဂျက်ခွင့်ပြုငွေဖြင့် ဆောင်ရွက်ခဲ့သော ဆောက် လုပ်ရေးလုပ်ငန်းများဖြစ်သည့် အလျားပေ ၆၀၊ အနံပေ ၄၀ သရုပ်ပြနွားမွေးမြူရေးခြံတစ်ခြံ၊ အလျားပေ ၂၃၀၀၊ အကျယ် ၁၂ ပေ၊ အထူခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်း၊ ရေဂါလန် ၂၀၀၀၀ ဆံ့ Ground Tank တစ်ခု၊ စက်ရေတွင်းတစ်တွင်း၊ အိပ်ဆောင်သစ်သုံးလုံးသို့ ရေပိုက်လိုင်းအသစ်သွယ်တန်းခြင်း၊ ဂန္ဓမာဆောင် အုတ်တံတိုင်း ဖြည့်စွက်ကာရံခြင်းလုပ်ငန်းများကိုလည်း တင်ဒါအောင်မြင်ခဲ့သော ခွန်အားပြည့်ကုမ္ပဏီ၊ လျှမ်းလျှမ်းတောက်ကုမ္ပဏီ၊ TZTM ကုမ္ပဏီ၊ အောင်ချမ်းသာကုမ္ပဏီတို့က လွှဲပြောင်းအပ်နှံခဲ့သည်။

ဖွင့်ပွဲအခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာ ခင်ဇော်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ လုပ်ငန်းရှင်များ၊ ပါမောက္ခ၊ ဌာနမှူး၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❂ *ကျောဖုံးမှ*

သော့တံကို ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်ထံ ပေးအပ်ခဲ့ပြီး မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှကောင်စစ်ဝန် Mr. Lichiro MARUYAMA က ကစ္ဆပနဒီ-၁ ခရီးသည်တင်အမြန်ရေယာဉ်နှင့် သက်ဆိုင်သည့်စာရွက်စာတမ်းများကို ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဦးဆောင်ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထံ ပေးအပ်ခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ပြည်နယ်လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး Mr.Tateshi HIGUCHI နှင့် တာဝန်ရှိသူများက ရေယာဉ်လွှဲပြောင်းပေးအပ်ခြင်းအထိမ်းအမှတ်ဖဲကြိုးကို ဖြတ်ပေးကြပြီး **(ယာပုံ)** ကစ္ဆပနဒီ-၁ ရေယာဉ်ရှိ ဂျပန်-မြန်မာချစ်ကြည်ရေး အထိမ်းအမှတ် ဆိုင်းဘုတ်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းခဲ့ကြကာ အဆိုပါအမြန်ရေယာဉ်ဖြင့် ကစ္ဆပနဒီမြစ်အတွင်း လှည့်လည်ကြည့်ရှုခဲ့ကြသည်။

အဆိုပါ ကစ္ဆပနဒီ-၁ ခရီးသည်တင်ရေယာဉ်သည် အလူမီနီယံကိုယ်ထည်ဖြင့် တည်ဆောက်ထားပြီး အလျား ၂၉ ဒသမ ၉၀ မီတာ၊ ရေစူး ၁ ဒသမ ၆ မီတာ ရှိပြီး ခရီးသည် ၁၄၂ ဦး တင်ဆောင်နိုင်ကာ တစ်နာရီလျှင် ရေမိုင် ၂၀ မောင်းနှင်နိုင်ကြောင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် လေကြောင်းနှင့် ရေကြောင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်နိုင်ငံ၏ တရားဝင် ဖွံ့ဖြိုးမှုအကူအညီ အထောက်အပံ့ အစီအစဉ်ဖြင့် စီမံကိန်းအသစ်ရှစ်ခုချမှတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ယင်းအစီအစဉ်များအနက် ကမ်းရိုးတန်းနှင့် မြစ်တွင်းသွားခရီးသည်တင်ရေယာဉ်သုံးစင်း လှူဒါန်းရေးနှင့် စပ်လျဉ်း၍ ၂၀၁၆ ခုနှစ် စက်တင်ဘာ ၁၂ ရက်တွင် မြန်မာနှင့်ဂျပန်နိုင်ငံတို့မှ တာဝန်ရှိသူများက အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။



# မြစ်ကြီးနားမြို့၌ ကလေးစာပေပွဲတော် စည်ကားသိုက်မြိုက်




**မြစ်ကြီးနား မတ် ၂၉**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်ဖွင့်ပွဲကို မတ် ၂၈ ရက်က မြစ်ကြီးနားမြို့ အမှတ်(၅)အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ **(အပေါ် ပုံ)** မြစ်ကြီးနားမြို့ပေါ် ရပ်ကွက်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ ၁၀၀၀ ကျော် တက်ရောက်ကြပြီး ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြသည်။

ကလေးစာပေပွဲတော်တွင် အလယ်တန်းအဆင့် ပုံပြောပြိုင်ပွဲတွင် ၄၉ ဦး၊ မူလတန်းအဆင့် ဆေးရောင်ခြယ်ပြိုင်ပွဲတွင် ၁၅၂ ဦး၊ အလယ်တန်းအဆင့် ဆေးရောင်ခြယ်ပြိုင်ပွဲတွင် ၁၂၀ နှင့် စကားပုံဆက်ပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲ၊ Team Building Game ကစားနည်း ပြိုင်ပွဲများတွင် ပျော်ရွှင်စွာ ပါဝင်ယှဉ်ပြိုင်ကြပြီး ကျောင်းသားမိဘ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ကလေးစာဖတ်ခန်း၊ ကာတွန်းပြခန်း၊ စာအုပ်ပြခန်း၊ ဆရာကြီး မင်းသုဝဏ်၏ ကလေးကဗျာများ၊ စာအုပ်အရောင်းပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ညနေပိုင်းတွင် ဆက်လက်ကျင်းပရာ ပုံပြောပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ၊ နှစ်သိမ့်ဆုများ ရရှိကြသည့် ကျောင်းသား ကျောင်းသူများအား ခရိုင်ပညာရေးမှူး (အငြိမ်းစား) ဦးလှရွှေကလည်းကောင်း၊ မူလတန်းအဆင့် ဆေးရောင်ခြယ်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ၊ နှစ်သိမ့်ဆုများ ရရှိကြသည့် ကျောင်းသား ကျောင်းသူများအား မြို့နယ်ပညာရေးမှူး ဒေါ်ခင်ညိုညိုက လည်းကောင်း၊ အလယ်တန်းအဆင့် ဆေးရောင်ခြယ်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ၊ နှစ်သိမ့်ဆုများရရှိကြသည့် ကျောင်းသား ကျောင်းသူများအား ပညာရေးမှူး (အငြိမ်းစား) ဆရာမကြီး ဒေါ်ခင်မေသန်းက လည်းကောင်း ဆုချီးမြှင့်ပေးပြီး ပြိုင်ပွဲတွင်ဒိုင်များအဖြစ် ပါဝင်ကြသည့် ဆရာ ဆရာမများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင် ဦးစီးမှူး ဦးဘောမ်ယိန်းက အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့သည်။ **(ပြည်နယ် ပြန်/ဆက်)**

❐ *ကျောဖုံးမှ*

အထူးရထားတစ်စင်းသာ ပြေးဆွဲပေးမည်ဖြစ်ပြီး သင်္ကြန်ကာလတွင် အဆိုပါ သင်္ကြန် အထူးရထားများပြေးဆွဲမှုကို ရပ်ဆိုင်းထားမည်ဖြစ်သည်။ သင်္ကြန်ပြီး ဧပြီ ၁၈ ရက်တွင် သင်္ကြန်အထူးရထားများ ပြန်လည်ပြေးဆွဲပေးမည်ဖြစ်ကာ ယင်းနေ့တွင် ရန်ကုန်- မန္တလေး၊ မန္တလေး- ရန်ကုန် နှစ်စင်းနှင့် ဧပြီ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင်လည်း နှစ်စင်းနှုန်းဖြင့်သာ ပြေးဆွဲပေးသွားမည်ဖြစ်သည်။ ဧပြီ ၂၁ ရက်တွင် မန္တလေး- ရန်ကုန်သင်္ကြန် အထူးရထား တစ်စင်းတည်းသာ ပြေးဆွဲပေးမည်ဖြစ်ပြီး ဧပြီ ၂၂ ရက် တွင် သင်္ကြန်အထူးရထားများ ရပ်နားထားမည်ဖြစ်ကြောင်း သိရသည်။ ဧပြီ ၂၃ ရက် တွင်မှ နေပြည်တော်ပြန်ဆင်းမည့်ဝန်ထမ်းများ အဆင်ပြေစေရန်အတွက် ရန်ကုန်- နေပြည်တော် သင်္ကြန် အထူးရထားနှစ်စင်း ပြေးဆွဲပေးမည်ဖြစ်ပြီး အဆိုပါခရီးစဉ်များ ပြေးဆွဲပေးနိုင်ရန်အတွက် မြန်မာ့မီးရထားတိုင်း အမှတ်(၇)သွားလာပို့ဆောင်ရေးဌာနခွဲမှ မြန်မာ့မီးရထားရုံးချုပ် စီမံခန့်ခွဲဌာနသို့ တင်ပြထားပြီး ဧပြီလဆန်းပိုင်းတွင် ရပ်နားဘူတာများနှင့် ထွက်ခွာ/ ဆိုက်ရောက်အချိန်များကို သက်ဆိုင်ရာဘူတာများအလိုက် ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့မီးရထားအနေဖြင့် လက်ရှိတွင် ပုံမှန်ပြေးဆွဲပေးနေသောရထားများအဖြစ် ရန်ကုန်- မန္တလေးခရီးစဉ်တွင် အစုန်/အဆန် ရှစ်စင်းရှိပြီး သင်္ကြန်ကာလရက်များတွင် ၅ အဆန်နှင့် ၆ အစုန်ကိုရပ်နားမည်ဖြစ်ကာ ကျန်ရထားများကို ပုံမှန်ခရီးစဉ်အတိုင်း ပြေးဆွဲသွားမည်ဖြစ်သည်။ ရန်ကုန်- နေပြည်တော် ခရီးစဉ်တွင် အစုန်/ အဆန်လေးစင်း လက်ရှိပြေးဆွဲနေပြီး သင်္ကြန်ကာလရက်များတွင် ၇ အဆန်နှင့် ၈ အစုန်ကို နားထားမည်ဖြစ်ကာ အမှတ် (၃၁) နှင့် အမှတ် (၃၂) ရထားများကို ပုံမှန်ပြေးဆွဲပေးမည်ဖြစ်သည်။ မြန်မာနိုင်ငံ အောက်ပိုင်း မွန်ပြည်နယ် မော်လမြိုင်ခရီးစဉ်တွင်လည်း လက်ရှိလေးစင်း ပြေးဆွဲပေးနေပြီး အဆိုပါလမ်းကြောင်း ထားဝယ်ခရီးစဉ်တွင် နှစ်စင်းပြေးဆွဲပေးလျက်ရှိရာ စုစုပေါင်းခြောက်စင်း ပြေးဆွဲပေးလျက်ရှိသည်။ သင်္ကြန်ကာလတွင် အဆိုပါ ရထားခြောက်စင်းထဲမှ အမှတ် (၃၅) နှင့် အမှတ် (၃၆) တို့ကို သင်္ကြန်ကာလတွင် အနားပေးထားမည်ဖြစ်ပြီး ကျန်လေးစင်းကို ပုံမှန်ပြေးဆွဲသွားမည်ဖြစ်ကာ ပြည်လမ်းပိုင်းတွင်လည်း အမှတ် (၇၁) နှင့် အမှတ် (၇၂)၊ ပုဂံခရီးစဉ်တွင် အမှတ် (၆၁) နှင့် အမှတ် (၆၂) ခရီးစဉ်ရထားများကို ရပ်နားထားမည်ဖြစ်သည်။ သင်္ကြန်ကာလ၌ ပြည်လမ်းခရီးစဉ်တွင် အမှတ် (၆၃)နှင့် (၆၄) စာပို့ရထားများ ပြေးဆွဲပေးမည်ဖြစ်ပြီး သာရဝေါလမ်းပိုင်းမှ အမှတ် (၆၉) နှင့် အမှတ် (၇၀) တို့ကို ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ်သင်္ကြန်ကာလတွင် ခရီးသွားပြည်သူများအဆင်ပြေစေရန် မြန်မာ့မီးရထားအနေဖြင့် သင်္ကြန်အထူးရထားများကို သင်္ကြန်မတိုင်ခင် ၁၀ စင်းနှင့် သင်္ကြန်ပြီးကာလများတွင် သင်္ကြန်အထူးရထားကိုးစင်း ထပ်မံတိုးချဲ့ထားသော်လည်း ဈေးနှုန်းပြောင်းလဲခြင်းမရှိဘဲ မူလဈေးနှုန်းအတိုင်းသာ ကောက်ခံသွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

# ကြားဖြတ်ရွေးကောက်ပွဲအတွက် ကြိုတင်မဲ ပြည်ပမဲသုံးခုမှအပ အားလုံးရောက်ရှိ

**မော်လမြိုင် မတ် ၂၉**

ချောင်းဆုံမြို့နယ် ကြားဖြတ်ရွေးကောက်ပွဲအတွက် ကြိုတင်မဲလက်မှတ်များကို မတ် ၃ ရက်မှ စတင်လက်ခံပေးလျက်ရှိရာ ပြည်ပမဲသုံးခုမှအပ ကြိုတင်မဲများ အားလုံးရောက်ရှိပြီဟု ချောင်းဆုံမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ သိရသည်။

၂၀၁၅ နိုဝင်ဘာ ၈ ရက်ကပြုလုပ်သည့် အထွေထွေရွေးကောက်ပွဲတွင် ချောင်းဆုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဒေါ်ခင်ဌေးကြွယ်ကရွေးချယ်ခံခဲ့ရပြီး ယခုအခါ ပြည်ထောင်စုအဆင့်အခြေခံဥပဒေခုံရုံးသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်နေသည့်အတွက် အဆိုပါနေရာလစ်လပ်နေခြင်းဖြစ်သည်။ လာမည့် ဧပြီ ၁ ရက် ကြားဖြတ်ရွေးကောက်ပွဲတွင် ချောင်းဆုံမြို့နယ်အတွက် မဲပေးခွင့်ရှိသူ ၁၂၅၉၉၅ ဦးတို့သည် မဲရုံပေါင်း ၆၂ ရုံအနက် သက်ဆိုင်ရာမဲရုံများတွင် မဲပေးခွင့်ရှိမည်ဖြစ်သည်။ ချောင်းဆုံမြို့နယ်တွင် နိုင်ငံရေးပါတီငါးခုတို့မှ ကိုယ်စားလှယ်ငါးဦးတို့က ရွေးကောက်ခံမည်ဖြစ်ပြီး ကြိုတင်မဲများသည် ရွေးကောက်ပွဲကျင်းပမည့် ဧပြီ ၁ ရက် ညနေ ၄ နာရီ မဲရုံပိတ်ချိန်မတိုင်မီရောက်ရှိသည့် မဲလက်မှတ်များသာ အကျုံးဝင်မည်ဖြစ်သည်။ **မြတ်မွန်ထွေး**

# ပြည်တွင်းငြိမ်းချမ်းရေးနှင့်အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုများဆွေးနွေး

**နေပြည်တော် မတ် ၂၉**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်အား အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) မှ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Jurg Montani သည် ယနေ့ ညနေ ၃ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ညှိနှိုင်းခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(ယာပုံ)**



တွေ့ဆုံစဉ် ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုများ ရခိုင်ပြည်နယ် မောင်တောဒေသ၏ လက်ရှိတည်ငြိမ်အေးချမ်းမှုအား ဆက်လက်၍ ပိုမိုကောင်းမွန်လာအောင် ကြိုးပမ်းဆောင်ရွက်နေမှုများ၊ ရခိုင်ပြည်နယ်အတွင်းရှိ နှစ်ဖက်လူ့အဖွဲ့အစည်း ရေရှည်သဟဇာတဖြစ်စွာ အတူလက်တွဲနေထိုင်နိုင်ရေးအတွက် ဆောင်ရွက်ပေးနေမှုများ၊ ဒေသအတွင်း စီးပွားရေး၊ လူမှုရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ UN, NGOs, INGOs အဖွဲ့အစည်းများနှင့် နယ်စပ်ဒေသများဖွံ့ဖြိုးတိုးတက်အောင် ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများ၊ နယ်စပ်ဒေသများရှိ IDPs များနှင့် ပတ်သက်၍ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေး ဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံအတွင်း သဘာဝဘေးအန္တရာယ်များကျရောက်ခဲ့သည့် နယ်စပ်ဒေသများ၌ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ICRC တို့ ပူးပေါင်း၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်မှု၏ အောင်မြင်ဖြစ်ထွန်းမှုများနှင့် ရှေ့ဆက်လက် ပိုမိုပူးပေါင်းဆောင်ရွက်မည့် အစီအမံများကို ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# ဓမ္မာစရိယစာမေးပွဲ(သတ္တမနေ့)နှင့် ပါဠိပထမပြန်စာမေးပွဲ စတင်ကျင်းပ

**နေပြည်တော် မတ် ၂၉**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကျင်းပလျက်ရှိသည့် ၂၀၁၇ခုနှစ် ဓမ္မာစရိယစာမေးပွဲ (သတ္တမနေ့)ကို တိုင်းဒေသကြီးနှင့် ပြည်နယ်စာဖြေဌာန ၅၂ ဌာန၌ လည်းကောင်း၊ပါဠိပထမပြန်စာမေးပွဲကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ စာဖြေဌာန ၂၄၁ ဌာနတို့၌ လည်းကောင်း ဖြေဆိုကြသည်။

ဓမ္မာစရိယစာမေးပွဲ(သတ္တမနေ့)ကို စာရင်းသွင်းသံဃာ၊ သီလရှင် စုစုပေါင်း ၈၆၄ပါးအနက် ၄၅၈ပါးဖြေဆိုကြသဖြင့် ၅၃ ဒသမ ၀၁ ရာခိုင်နှုန်း ဖြေဆိုကြပြီး ပါဠိပထမပြန်စာမေးပွဲ (ပထမကြီး၊ပထမလတ်၊ပထမငယ်၊အခြေပြုမူလ)ပထမနေ့ကို စာရင်းသွင်း သံဃာ၊သီလရှင်စုစုပေါင်း၆၃၅၉၂ပါးအနက် ၅၁၁၅၄ပါး ဖြေဆိုကြသဖြင့် ၈၀ ဒသမ ၄၄ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

## လှိုင်းအသင့်အတင့်ရှိမည်

**နေပြည်တော် မတ် ၂၉**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်း၌ အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ **(မိုး/ဇလ)**

# ကုန်စျေးနှုန်းတည်ငြိမ်စေရေး၊ နိုင်ငံခြားငွေလဲလှယ်နှုန်းတည်ငြိမ်စေရေး၊ ဘဏ်လုပ်ငန်းစနစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စများဆွေးနွေး

**နေပြည်တော် မတ် ၂၉**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်တို့ ပူးပေါင်းကျင်းပသည့် နိုင်ငံခြားငွေလဲလှယ်နှုန်းဆိုင်ရာ ကိစ္စရပ်များအတွက် ပုံမှန်ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီက နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်တွင်း စက်သုံးဆီစျေးနှုန်း တည်ငြိမ်ရေးနှင့် သင့်တင့်သောစျေးနှုန်း ဖြစ်စေရေးအတွက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာနိုင်ငံ စက်သုံးဆီဖြန့်ဖြူးရောင်းချသူများအသင်း၊ စက်သုံးဆီစျေးနှုန်း ထိန်းသိမ်းရေးအဖွဲ့တို့အနေဖြင့် လစဉ်ညှိနှိုင်းဆွေးနွေးဆောင်ရွက်သွားရန်ကိစ္စ၊ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များ၊ အကောက်ခွန်ရှင်းလင်းရေး အေးဂျင့်များအနေဖြင့် MACCS (အလိုအလျောက် ကုန်စည်ရှင်းလင်းရေးစနစ်)တွင် ကုမ္ပဏီအေးဂျင့်အချို့မှာ အချက်အလက် ပြည့်စုံမှန်ကန်စွာ ဖြည့်သွင်းမှုမရှိသဖြင့် သတိပေးခြင်း၊ အရေးယူခြင်းများကို တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက် ဆောင်ရွက်သွားရန်နှင့် MACCS စနစ်တွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်၊ နိုင်ငံပိုင်ဘဏ်များနှင့် ဆက်စပ်ဌာနများ ချိတ်ဆက်ပါဝင်နိုင်ရေး ဆောင်ရွက်ရန်၊ သတိပေးအရေးယူသော အေးဂျင့်များကို မြန်မာနိုင်ငံတော် ဗဟိုဘဏ်နှင့်ပူးပေါင်း၍ ပို့ကုန်ရငွေ ပြန်လည်ဝင်ရောက်မှုအပါအဝင် လိုအပ်သည်များ စိစစ်သွားရန်ကိစ္စ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် ပြည်တွင်းငွေပေးချေမှုများ ဆောင်ရွက်ရာတွင် မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်ရန် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များသို့ အကြောင်းကြားပြီးဖြစ်သော်လည်း အချို့သောဌာန၊ အဖွဲ့အစည်းများမှာ လိုက်နာဆောင်ရွက်မှု အားနည်းနေသဖြင့် ပူးပေါင်းကူညီ ဆောင်ရွက်နိုင်ရေးအတွက် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ ထပ်မံအသိပေးအကြောင်းကြားရန်ကိစ္စ၊ နိုင်ငံခြားသို့ ငွေပေးချေမှုများအတွက် ဘဏ်များက L/C စနစ်ကို အားပေးမြှင့်တင်သုံးစွဲရန်ကိစ္စတို့ အပါအဝင် သက်ဆိုင်ရာ ဌာနအလိုက် ဆက်လက်ဆောင်ရွက်ရမည့်ကိစ္စရပ်များကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားကြရန် ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**မတ် ၂၉ရက်က ဖိလစ်ပိုင်သမ္မတနိုင်ငံမှ Former Senator and Undersecretary of Foreign Affairs Leticia Ramos Shahani ကွယ်လွန်သွားသည့် အထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့ ဖိလစ်ပိုင်သံရုံး၌ ဖွင့်လှစ်ထားရှိသော ဝမ်းနည်းခြင်းအထိမ်းအမှတ်စာအုပ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ကေသီစိုး လက်မှတ်ရေးထိုးစဉ်**
(သတင်းစဉ်)

# တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ လုပ်ငန်းစီမံချက်နှင့် စပ်လျဉ်းသည့် ဦးဆောင်ကော်မတီစည်းဝေး

**နေပြည်တော် မတ် ၂၉**

တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ လုပ်ငန်းစီမံချက်နှင့် စပ်လျဉ်းသည့် ပထမအကြိမ် ဦးဆောင်ကော်မတီအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲက ပြည်ထောင်စုရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့် ဒိန်းမတ်နိုင်ငံသံအမတ်ကြီး H.E. Peter Lysholt Hansen တို့ ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်သည်။

ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဒိန်းမတ်နိုင်ငံသံရုံးတို့အကြား တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးဆိုင်ရာလုပ်ငန်းစီမံချက်နှင့်စပ်လျဉ်း၍ နားလည်မှုသဘောတူစာချွန်လွှာ (MoU) တစ်ရပ်ကို ၁-၁၂-၂၀၁၆ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပြီး အဆိုပါ MoU အရ ပထမအကြိမ် ဦးဆောင်ကော်မတီအစည်းအဝေးကို ကျင်းပဆောင်ရွက်ခြင်းဖြစ်သည်။

အစည်းအဝေးတွင် ပြည်ထောင်စုရှေ့နေချုပ်က အမှာစကားပြောကြားရာတွင် တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့က ၉-၂-၂၀၁၇ ရက်နေ့တွင် ဖွဲ့စည်းပေးခဲ့ပါကြောင်း၊ အလားတူ ပြည်ထောင်စု ရှေ့နေချုပ်ရုံးသည် "တရားဥပဒေစိုးမိုးရေးဆီသို့"ဟူသော ရည်မှန်းချက်ဖြင့် မဟာဗျူဟာ စီမံကိန်းတစ်ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်နေပါကြောင်း၊ တရားဥပဒေ စိုးမိုးရေးနှင့် လူ့အခွင့်အရေးဆိုင်ရာများ တိုးတက်လာစေရေးကိုရည်ရွယ်၍ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဒိန်းမတ်နိုင်ငံသံရုံးတို့အကြား ယခုကဲ့သို့ ပူးပေါင်းဆောင်ရွက်နိုင်ခြင်းသည် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒိန်းမတ်နိုင်ငံ သံအမတ်ကြီးက ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့်ရရှိ၍ ဝမ်းမြောက်မိပါကြောင်း၊ ဥပဒေအရာရှိများ၏ အရည်အသွေးများ မြင့်မားလာစေရေးအတွက် အဘက်ဘက်မှ ပံ့ပိုးကူညီဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။ အစည်းအဝေးတွင် ၂၀၁၇ ခုနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်မည့်လုပ်ငန်းများကို အသေးစိတ် ညှိနှိုင်းအတည်ပြုခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာ့ရွှေဈေး စံချိန်တင်မြင့်တက်သော်လည်း အရောင်းအဝယ်စည်

**ရန်ကုန် မတ် ၂၉**

မြန်မာ့ရွှေအရောင်းအဝယ် ဈေးကွက်အတွင်း မတ် ၂၂ ရက်က အခေါက်ရွှေ (မီးလင်းရွှေ)တစ်ကျပ်သားလျှင် ငွေကျပ် ၉၀၁၅၀၀ အထိ စံချိန်တင်မြင့်တက်လာစဉ် ရွှေအရောင်းအဝယ်ပြုသူများက "ဒါ မြန်မာ့ရွှေအရောင်းအဝယ်ဈေးကွက်မှာ အမြင့်ဆုံးစံချိန်တင်လာတာပဲ" ဟု သုံးသပ်ပြောကြားမှုကို မတ် ၂၈ ရက်က ထပ်မံမြင့်တက်လာသော ရွှေဈေးက ဖြတ်ကျော်ဖုံးအုပ်သွားခဲ့ပြန်သည်။

မြန်မာ့ရွှေဈေးမှာ အမြင့်ဆုံးစံချိန်ဖြစ်ခဲ့သည့် ငွေကျပ် ၉၀၁၅၀၀ မှ နောက်ရက်များအတွင်း အကျဘက်သို့ ဦးတည်လာခဲ့ပြီး မတ် ၂၇ ရက်က ငွေကျပ် ၈၉၉၀၀၀ အထိ လျော့ကျလာခဲ့သည်။

သို့သော် မတ် ၂၈ ရက်တွင် တစ်မုဟုတ်ချင်း ပြောင်းလဲသွားခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များ အသင်းစည်းရုံးရေးမှူး ဦးအေးချိုက "မနေ့က (မတ် ၂၈ ရက်) မနက်ပိုင်းဈေးအဖွင့်မှာ ငွေကျပ် ၉၀၄၀၀၀ နဲ့ စခဲ့ပါတယ်။ နေ့လယ်ပိုင်းမှာ ငွေကျပ် ၉၀၆၀၀၀ အထိ မြင့်လာပါသေးတယ်။ ညနေဈေးကွက်အပိတ်မှာတော့ ငွေကျပ် ၉၀၄၅၀၀ နဲ့ပဲ ပိတ်ခဲ့ပါတယ်။ ကမ္ဘာ့ရွှေဈေးအနေနဲ့ အဖွင့်မှာ အမေရိကန်ဒေါ်လာ ၁၂၅၄ ရှိပြီး အပိတ်မှာ ၁၂၅၃ ရှိနေပါတယ်" ဟု ဆက်သွယ်မေးမြန်းမှုကို ဖြေကြားပေးခဲ့သည်။

မြန်မာ့ရွှေဈေး ယခုကဲ့သို့ မြင့်တက်ရခြင်းမှာ အမေရိကန်နိုင်ငံ ဘဏ္ဍာရေးဈေးကွက်အတွင်း အပြောင်းအလဲများကြောင့် ဒေါ်လာဈေး အပြောင်းအလဲပေါ်မူတည်ပြီး ကမ္ဘာ့ရွှေဈေးနှုန်းမြင့်တက်လာသကဲ့သို့ မြန်မာ့ရွှေဈေးကပါ လိုက်မီတက်လာခြင်းဖြစ်ကြောင်း ရွှေအရောင်းပြုလုပ်သူများက သုံးသပ်ပြောကြားခဲ့ခြင်းဖြစ်သည်။

ရွှေဈေးနှုန်းမြင့်တက်လာသော်လည်း ရွှေဆိုင်များ၌ အရောင်းအဝယ်စည်ကားလျက်ရှိနေသည်ဟု လသာမြို့နယ်ရှိ ဆန်းသစ်စံရွှေဆိုင်မှ အရောင်းမန်နေဂျာ ဒေါ်ပပစံက ပြောကြားသည်။

ဧပြီ ၁ ရက်မှ စတင်ကာ လက်ဝတ်ရတနာရွှေထည်ပစ္စည်းဝယ်ယူသူများထံမှ ကုန်သွယ်ခွန် တစ် ရာခိုင်နှုန်းကောက်ခံမည်ဟု ကြေညာထားမှုကြောင့် ရွှေဝယ်ယူသူများက ဧပြီ ၁ ရက်မတိုင်မီ ဝယ်ယူမှုများပြုနေသောကြောင့် ဖြစ်သည်ဟု သိရသည်။



**ရွှေအရောင်းဆိုင်တစ်ဆိုင်၌ရွှေဝယ်သူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်**

မတ် ၂၉ ရက် နံနက်ပိုင်းသည် ကမ္ဘာ့ရွှေဈေးတစ်အောင်စ ၁၂၄၈ ဒေါ်လာ စဖွင့်ပြီး မြန်မာ့ရွှေဈေးက တစ်ကျပ်သား ငွေကျပ် ၉၀၃၀၀၀ ဖြစ်ကာ ညပိုင်းဈေးပိတ်ချိန်တွင် ကမ္ဘာ့ရွှေဈေး တစ်အောင်စကို ၁၂၅၃ ဒေါ်လာဖြစ်ပြီး မြန်မာ့ရွှေဈေးတစ်ကျပ်သား ငွေကျပ် ၉၀၃၉၀၀ ဖြင့် ပိတ်သွားခဲ့ကြောင်း သိရသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

# ကလေးစာပေပွဲတော်မှပေးအပ်လိုက်သည့် လက်ဆင့်ကမ်းတာဝန်များ

**နိုင်ချစ်(မုဒုံ)၊ ဓာတ်ပုံ-မြတ်မွန်ထွေး**



ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် မွန်ပြည်နယ် အစိုးရအဖွဲ့တို့ပူးပေါင်း၍ မွန်ပြည်နယ် ရာမညမြေ မော်လမြိုင်တက္ကသိုလ်(ဘက်စုံခန်းမ)၌ မတ် ၂၅၊ ၂၆၊ ၂၇ ရက်တို့တွင်ကျင်းပခဲ့သည့် ကလေးစာပေပွဲတော်၊ ကလေးစာပေ ပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲကား အောင်မြင်စွာကျင်းပပြီးစီးသွားပြီဖြစ်သည်။

ယင်းသို့ အောင်မြင်စွာကျင်းပပြီးစီးသွားခြင်းမှာ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ စာပေနှင့် စာနယ်ဇင်း အဖွဲ့အသီးသီး၊ ပညာရေးဝန်ကြီးဌာနမော်လမြိုင်တက္ကသိုလ် ပညာရပ်ဆိုင်ရာဌာနများ၊ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၊ မွန်ပြည်နယ်ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ ပရဟိတလူမှုရေး အဖွဲ့အစည်းများ၊ စာပေအနုပညာရှင်များ၊ စာပေတိုက်ကြီးများ၊ စာအုပ်ဆိုင်ကြီးများအားလုံးက ပူးပေါင်းပါဝင်အားဖြည့်ကူညီခဲ့ကြခြင်းကြောင့်ဖြစ်သည်။

ရာမညမြေ၌ ကျင်းပသည့် ကလေးစာပေပွဲတော်သို့ ကိုယ်တိုင်မရောက်ဖြစ်သော်လည်း ပွဲတော်မကျင်းပမီနှင့်ပွဲတော်ကျင်းပနေစဉ်ရက်များအတွင်း ပွဲတော်ဆိုင်ရာသက်ဝင်လှုပ်ရှားမှုပုံရိပ်များကို ရုပ်မြင်သံကြားဖန်သားပြင်ပေါ်မှလည်းကောင်း၊ နေ့စဉ်ထုတ်သတင်းစာများတွင်ဖော်ပြပါရှိသည့် သတင်း၊ သတင်းဓာတ်ပုံများမှလည်းကောင်း တွေ့မြင်သိရှိရ၍ မိဘသားချင်းများနည်းတူ၊ ကလေးငယ်များနည်းတူ အားရဝမ်းသာကြည်နူးမှုဖြစ်ခဲ့ရပါသည်။

> **ကလေးငယ်များဟူသည် ကျောင်းစာချည်း သက်သက်ဖြင့် နေ့စဉ်ထိတွေ့နေရပါက သူတို့အပေါ် ဖိအားပေးမှုတစ်ခုဟု မြင်လာတတ်ကြသည်။ စိတ်ပင်ပန်းနွမ်းနယ်ကာ စိတ်ဆင်းရဲ မှုကြုံလာတတ်ကြသည်။ သူတို့တွေက တစ်ဦးချင်း လွတ်လွတ်လပ်လပ် ပျော်ချင်ကြသလိုအစုအဖွဲ့ဖြင့် စိတ်ချမ်းမြေ့မှုကို ရှာတတ်ကြသည်**

ဝမ်းသာကြည်နူးမှုများနှင့်အတူ ကလေးစာပေပွဲတော်က မိမိတို့လူကြီးမိဘသားချင်းများအား ကလေးငယ်များဘဝတစ်လျှောက်လုံးတိုးတက်အောင်မြင်ရေးအတွက် လုပ်ဆောင်ပေးဖွယ်ရာများစွာရှိနေသေးကြောင်း မီးမောင်းထိုးပြလိုက် သကဲ့သို့ယင်းလုပ်ဆောင်ဖွယ်ရာများကို လက်ငင်းဆောင်ရွက်စေလိုကြောင်း လက်ဆင့်ကမ်းပေးလိုက်သည့် တာဝန်များဖြစ်သည်ဟု ခံယူစေလိုပါသည်။

ကလေးငယ်များဟူသည် ကျောင်းစာချည်းသက်သက်ဖြင့် နေ့စဉ်ထိတွေ့နေရပါက သူတို့အပေါ် ဖိအားပေးမှုတစ်ခုဟု မြင်လာတတ်ကြသည်။ စိတ်ပင်ပန်းနွမ်းနယ်ကာ စိတ်ဆင်းရဲမှုကြုံလာတတ်ကြသည်။ သူတို့တွေက တစ်ဦးချင်း လွတ်လွတ်လပ်လပ်ပျော်ချင်ကြသလို အစုအဖွဲ့ဖြင့် စိတ်ချမ်းမြေ့မှုကို ရှာတတ်ကြသည်။ မိဘသားချင်းများနှင့် လက်တွဲသွားရသော ပျော်ပွဲရွှင်ပွဲမျိုးကို ရလိုကြသည်။ ဤသည်ကို ကျင်းပပြီးစီးသည့် မွန်ပြည်နယ် ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ၏ ပုံရိပ်များက ပြဆိုနေပါသည်။

ယင်းပုံရိပ်များကား ကလေးစာပေပွဲတော် မကျင်းပမီ ကလေးငယ်များကိုယ်တိုင် တစ်ဦးချင်း၊ အစုအဖွဲ့ချင်းအဆိုအက၊ လေ့ကျင့်နေမှု၊ ဖွင့်ပွဲအခမ်းအနားအတွက် စုဖွဲ့လေ့ကျင့်နေမှု၊ ဖွင့်ပွဲအခမ်းအနားတွင် ကလေးငယ်များကိုယ်တိုင်ပါဝင်သည်နှင့်အတူ မွန်ရိုးရာအက၊ ကရင်ဒုံးယိမ်းအက၊ ပအိုဝ်းရိုးရာအကတို့ဖြင့် ဖျော်ဖြေတင်ဆက်နေမှုများက ပြဆိုနေပါသည်။

ထို့အတူ ပြပွဲရက်များအတွင်း ကလေးငယ်များကိုယ်တိုင် စိတ်ပါဝင်စားစွာ ပါဝင်ယှဉ်ပြိုင်ကြသည့် ၃၈ ဖြာမင်္ဂလာတရားရွတ်ဆိုပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ပန်းချီဆွဲပြိုင်ပွဲ၊ စက္ကူခေါက်ပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ အိမ်ဆောက်ပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲ၊ ဂိမ်းကစားပြိုင်ပွဲများတွင် တစ်ဦးချင်းနှင့် အစုအဖွဲ့လိုက် စိတ်ပါလက်ပါပါဝင်ယှဉ်ပြိုင်နေပုံများ၊ ကလေးစာပေပြပွဲနှင့် စာအုပ်အရောင်းဆိုင်များတွင် ကလေးစာပေဆိုင်ရာ စာအုပ်များကို ကလေးများကိုယ်တိုင် စိတ်ဝင်တစားလေ့လာရွေးချယ်ဝယ်ယူအားပေးနေပုံများ၊ ကလေးစာကြည့်တိုက် ပြခန်း၊ ကလေးစာဖတ်ခန်းအသီးသီးတို့တွင် မိသားစုများက ကလေးငယ်များနှင့် လက်တွဲကာလေ့လာကြည့်ရှုနေကြပုံများ စသည့်ပုံရိပ်များသည် ကလေးငယ်များ၏ ဖြူစင်ရိုးသားသော စိတ်နေသဘောထားကိုလှစ်ဟပြနေသည့် ပုံရိပ်များပင်ဖြစ်သည်။

မော်လမြိုင် ရာမညကလေးစာပေပွဲတော်ဖွင့်ပွဲနေ့တွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာဖေမြင့်က “ကလေးစာပေပွဲတော်၏ ရည်ရွယ်ချက်သည် ကလေးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စာပေဖွံ့ဖြိုးတိုးတက်ရေးဖြစ်ပါကြောင်း၊ စာအုပ်စာပေနှင့် ရင်းနှီးကျွမ်းဝင်ရန်၊ စာကိုမကြောက်ရန်၊ စာနှင့်ရင်းနှီးကျွမ်းဝင်လာခဲ့သည့်အလေ့အထ၊ အစဉ်အလာရှိရန်၊ စာဖတ်ဝါသနာပျိုးထောင်ပေးရန်လိုပါကြောင်း၊ လူတိုင်းလူတိုင်းစာဖတ်ဝါသနာပျိုးထောင်သည့် အလုပ်ကိုလုပ်ရန် အကောင်းဆုံးအသက်အရွယ်မှာ ကလေးအရွယ်ဖြစ်သည့်အတွက် ကလေးစာပေပွဲတော်များကို ကျင်းပခြင်းဖြစ်ပါကြောင်း” ပြောကြားခဲ့သည်များကို မှတ်သားမိသည်။

ယင်းသို့ကြောင့်ပင်လျှင် ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်းကာ ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲများကိုနယ်မြေအသီးသီးတို့၌ ကျင်းပခဲ့ကြသကဲ့သို့ ကျင်းပရန်စီစဉ်နေကြခြင်းဖြစ်သည်။ ဤသည်မှာ ကလေးငယ်များဘဝတိုးတက်အောင်မြင်ရေး၊ ကလေးစာပေဖွံ့ဖြိုးတိုးတက်ရေး၏ ရောင်ခြည်သစ်များဟုဆိုနိုင်ပါသည်။

ကလေးစာပေပွဲတော်များက လက်ဆင့်ကမ်းပေးလိုက်သည့် ကလေးငယ်များ တစ်ဦးချင်းဝါသနာပါရာကို လွတ်လွတ်လပ်လပ်တွေးခေါ်ဆောင်ရွက်နိုင်ရန်၊ ကလေးငယ်များ ကိုယ်တိုင်အစုအဖွဲ့ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန်၊ ကိုယ်ပိုင်အတွေးသစ်၊ အမြင်သစ်များ၊ နှုတ်မှုစွမ်းရည်များမြင့်မားလာစေရန်၊ စိတ်ကူးစိတ်သန်းကောင်းများဖြင့် တီထွင်ဖန်တီးတတ်လာစေရန်၊ ကလေးများအသက်အရွယ်အလိုက် ဗဟုသုတဖြစ်ဖွယ်ရာ စာကောင်းပေမွန်များကိုလေ့လာအတုယူစေလိုသည့်အလေ့အထများရရှိလာစေရန်၊ ကလေးစာပေဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေး စသည့်လက်ဆင့်ကမ်း တာဝန်များကို မိမိတို့ မိဘသားချင်းများက လက်တွေ့ဝိုင်းဝန်းဖော်ဆောင်ပေးကြပါရန်လိုအပ်မည်ဖြစ်ပါကြောင်း အသိပေးရေးသားလိုက်ရပါသည်။



ကျိုက်မရောမြို့နယ် တရနာရဲကင်းစခန်းအပိုင်နယ်မြေဖြစ်သည့် ဘာဘူကုန်းကျေးရွာ ရွာလယ်ပိုင်းလမ်းဆုံ၌ မတ် ၂၇ ရက်က မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရဲမှူးကြီးဘိုဘိုဦး၏ ဦးဆောင်မှုဖြင့် မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကျော်စိုး၏ ကြီးကြပ်မှုနှင့်အတူ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးကျော်သန်းက အနီးကပ်ဆောင်ရွက်ကာ မှုခင်းအသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့စဉ် နန္ဒကျော်စွာ

## သုံးခွမြို့နယ်၌ ပါဠိပထမပြန်စာမေးပွဲကျင်းပ

**သုံးခွ မတ် ၂၉**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင် သာသနာရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော ပါဠိပထမပြန်စာမေးပွဲကို အမှတ်(၁၁) ရပ်ကွက်ရှိ သာသနာ့ဗိမာန်တော်ကြီး၌ မတ် ၂၉ ရက်က ကျင်းပကြောင်း သိရသည်။

ပထမနေ့တွင် အခြေပြုမူလတန်း အငယ်တန်း၌ စာဖြေသံဃာ ၃၂ ပါးက ဘိက္ခုပါတိမောက်ဘာသာရပ်၊ ပထမလတ်၊ ပထမကြီးတန်း၌ စာဖြေသံဃာ ၂၂ ပါးက ဒွေမာတိဘာသာရပ်တို့ကို ဖြေဆိုကြကြောင်း သိရသည်။

စာဖြေသံဃာတော်များ စိတ်အေးချမ်းအဆင်ပြေစွာ ဖြေဆိုနိုင်ရေးအတွက် မြို့နယ်သံဃနာယက အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စာမေးပွဲကြီးကြပ်ရေးအဖွဲ့များ၊ မြို့နယ်သာသနာရေးဦးစီးဌာန မှ ဝန်ထမ်းများက ကူညီဆောင်ရွက်ပေးကြကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

## မြန်မာနိုင်ငံ ဆရာဝန်အသင်း(မန္တလေး)

## သက်ကြီးဆရာဝန်များ ထောက်ကူအဖွဲ့ SGED မှ ကျန်းမာရေးဟောပြော

**မန္တလေး မတ် ၂၉**

မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေး) သက်ကြီးဆရာဝန်များ ထောက်ကူအဖွဲ့ SGED မှ ကြီးမှူး၍ သက်ကြီးဆရာဝန်များအတွက် ကျန်းမာရေးဟောပြောပွဲအဖြစ် Move more for better health ခေါင်းစဉ်ဖြင့် မန္တလေးမြို့ ၃၁ လမ်းနှင့် လမ်း ၇၀ ထောင့်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေး) ရတနာပုံခန်းမ၌ မတ် ၂၇ ရက်က ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါဟောပြောပွဲတွင် မြန်မာနိုင်ငံ ဆရာဝန်အသင်း နာယကကြီးများဖြစ်သည့် သက်ကြီးဆရာဝန်များထောက်ကူအဖွဲ့ SGED ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာကြူကြူဆွေ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ပါမောက္ခ ဒေါက်တာသန်းဝင်း၊ ပါမောက္ခဒေါက်တာ ကိုကိုလေး၊ မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေး) ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ ခင်မောင်မြင့်နှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်ဆရာဝန်များ၊ သက်ကြီးဆရာဝန်များနှင့် ပြင်ပပုဂ္ဂိုလ်များ စုစုပေါင်း ၂၀၀ ခန့် တက်ရောက်ပြီး ဒေါက်တာရဲမင်းက ကျန်းမာရေးဆိုင်ရာများ ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ အဆိုပါ ခန်းမ၌ ပြည်သူလူထုသို့ ဆီးချိုသွေးချိုရောဂါနှင့် ကျန်းမာစွာနေထိုင်ခြင်းအကြောင်းကိုလည်းကောင်း၊ Acute Verigo ခေါင်းစဉ်ဖြင့် ဦးနှောက်နှင့်အာရုံကြောရောဂါနှင့် နား၊ နှာခေါင်းရောဂါအကြောင်းတို့ကို ပါမောက္ခ အထူးကုဆရာဝန်ကြီးများက အထွေထွေ ရောဂါကုဆရာဝန်များအတွက် လစဉ်ပုံမှန် Monthly CME အစီအစဉ်အဖြစ် ဟောပြောပို့ချခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## ပြည်သူကိုဗဟိုပြုသော ရဲလုပ်ငန်းစနစ် နယ်မြေများသို့ ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် မတ် ၂၉**

နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဇော်ခင်အောင်၏ ဦးဆောင်မှုဖြင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်တွင် ဒုစရိုက်မှုများမဖြစ်ပွားစေရေး၊ မှုခင်းဖြစ်ပွားမှုလျော့နည်းစေရေးအတွက် ပြည်သူများ မှုခင်းအသိပညာ ဗဟုသုတများရရှိစေရန် ဒက္ခိဏခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မောင်မောင်ခင်၏ ကြီးကြပ်မှုနှင့်အတူ ဇမ္ဗူသီရိမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဆန်းအောင်၊ အမှတ်(၁) မြို့မရဲစခန်းမှူး ဒုရဲမှူးမြင့်ဌေးနှင့် ဒက္ခိဏခရိုင် ရဲတပ်ဖွဲ့မှူးရုံး၌ ဖွင့်လှစ်ပို့ချခဲ့သည့် ပြည်သူဗဟိုပြုသော ရဲလုပ်ငန်းစနစ်ဆင့်ပွားသင်တန်း(၃/၂၀၁၇)မှ နည်းပြရဲအုပ်မြတ်ကိုကိုနှင့် ရဲတပ်ဖွဲ့ဝင် ၁၇ ဦးတို့သည် နေပြည်တော် မြို့တော်ခန်းမကြီးအနီး ရွှေကြာပင်ရပ်ကွက် သာယာကုန်းကွက်သစ်ရှိ ဒေသခံများ၏အိမ်များသို့ တစ်အိမ်တက်တစ်အိမ်ဆင်းသွားရောက် ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရဲတပ်ဖွဲ့သည် ပြည်သူအတွက် ၂၄ နာရီအသင့်ရှိကြောင်း၊ နယ်မြေဒေသအတွင်းနှင့် မိမိအိမ်ဝန်းကျင်တွင် ရပ်ရွာအေးချမ်း သာယာရေးကို ထိခိုက်ပျက်ပြားစေသည့် လုပ်ဆောင်ချက်များတွေ့ရှိက ရဲတပ်ဖွဲ့သို့ အချိန်မရွေးဆက်သွယ်အကြောင်းကြားရန်နှင့် ရဲတပ်ဖွဲ့ကလည်း အချိန်နှင့်တစ်ပြေးညီလာရောက်၍ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း တွေ့ဆုံပြောကြားကာ ရဲတပ်ဖွဲ့သို့ ဆက်သွယ်ရမည့်ဖုန်းနံပါတ်များ ပေးခဲ့ကြောင်းသိရသည်။ **မင်းမင်းလတ် (ရှုပဗေဒ)**

# ဥရောပသမဂ္ဂမှ ဗြိတိန်ခွဲထွက်မှု စတင်ပြီ



**လန်ဒန် မတ် ၂၉**
ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေသည် ဥရောပသမဂ္ဂမှ နုတ်ထွက်စွန့်ခွာသည့် စာချုပ်တစ်စောင်ကို တင်သွင်းခဲ့ကြောင်း သိရသည်။ ဗြိတိန်၏နုတ်ထွက်မှုသည် ဥရောပသမဂ္ဂ၏ စုစည်းညီညွတ်မှုကိုစမ်းသပ်မည့် မသေချာမရေရာသည့် ညှိနှိုင်းဆွေးနွေးမှုများစွာဆီသို့ တွန်းပို့လျက်ရှိသည်။

ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်ရန် မဲခွဲဆုံးဖြတ်ခဲ့ပြီး ကိုးလအကြာတွင် မေသည် ဗြိတိန်နိုင်ငံအနေဖြင့် ၁၉၇၃ ခုနှစ်တွင် စတင်ဝင်ရောက်ခဲ့သည့် ဥရောပသမဂ္ဂမှ စတင်နုတ်ထွက်ရန် လုပ်ဆောင်နေပြီဖြစ်ကြောင်း ဥရောပသမဂ္ဂကောင်စီဥက္ကဋ္ဌ ဒေါ်နယ်တပ်စ်ထံသို့ အကြောင်းကြားစာတစ်စောင် ပေးပို့ခဲ့သည်။

ဗြိတိန်ဝန်ကြီးချုပ် မေသည် ပြည်လုံးကျွတ်ဆန္ဒမဲခံယူပွဲအပြီးတွင် နိုင်ငံရေးဆိုင်ရာ ရှုပ်ထွေးဆူပူမှုများအတွင်း ထိပ်တန်းရာထူးနေရာကို ရရှိခဲ့သူ ဖြစ်ကာ ဥရောပသမဂ္ဂမှ ဗြိတိန်ခွဲထွက်မှုကို ဦးစွာကန့်ကွက်ခဲ့ သူဖြစ်သည်။ အီးယူမှ ဗြိတိန်ခွဲထွက်မှုသည် ၂၀၁၉ ခုနှစ် မတ်လနှောင်းပိုင်းတွင် သက်ရောက်မည်ဖြစ်ပြီး နှစ်နှစ်သာ အချိန်ကျန်ရှိတော့သည်။

ဗြိတိန်နိုင်ငံသည် ဥရောပသမဂ္ဂမှ ထွက်ခွာနေပြီဖြစ်ပြီး ပြန်လည်ဝင်ရောက်လာရန် မဖြစ်နိုင်တော့သည့် သမိုင်းဝင်အချိန်ကာလတစ်ခုဖြစ်လာနိုင်ကြောင်း ဝန်ကြီးချုပ် မေက ဗြိတိန်ပါလီမန်လွှတ်တော်အတွင်း၌ ဥပဒေပြုသူများအား ပြောကြားခဲ့သည်။

မေသည် နုတ်ထွက်စာကို အင်္ဂါနေ့က လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

**(ရိုက်တာ)**

# ကုလသမဂ္ဂ၏ပိတ်ဆို့မှုကို ချိုးဖောက်သည်ဟု သံသယရှိသည့် မြောက်ကိုရီးယားသင်္ဘောကို စစ်ဆေး




**ကွာလာလမ်ပူ မတ် ၂၉**
မလေးရှားနိုင်ငံသည် ကျောက်မီးသွေးများတင်ဆောင်လာသည့် မြောက်ကိုရီးယားသင်္ဘောတစ်စင်းကို ကုလသမဂ္ဂက ချမှတ်ထားသည့် ပိတ်ဆို့မှုများကို ဖောက်ဖျက်သည်ဟု သံသယရှိသဖြင့် မလေးရှားနိုင်ငံ ပီနန်ဆိပ်ကမ်းသို့ ဝင်ရောက်ခြင်းမှ တားဆီးခဲ့ကြောင်း ရေကြောင်းသွားလာမှုဆိုင်ရာ အာဏာပိုင်များက ဗုဒ္ဓဟူးနေ့တွင် ပြောကြားခဲ့သည်။

KUM YA အမည်ရှိ သင်္ဘောသည် တန်ချိန်ပေါင်း ၆၃၀၀ မက်ထရစ်တန်ရှိသည့် အင်သရာဆိုက် ကျောက်မီးသွေးများကို တင်ဆောင်လာကြောင်း ပီနန်ဆိပ်ကမ်းရှိ အလုပ်သမားတစ်ဦးက အမည်ထုတ်ဖော်ခြင်းမရှိဘဲ ပြောကြားခဲ့သည်။ ထို့နောက်တွင် သင်္ဘောအား သင်္ဘောကျင်းအတွင်းသို့ ဝင်ရောက်စေခဲ့ပြီး စုံစမ်းစစ်ဆေးရေးအဖွဲ့က လက်နက်ကိုင်အစောင့်အကြပ်များ လိုက်ပါလျက် သင်္ဘောပေါ်သို့ တက်ရောက်ခဲ့ကြသည်။

၂၀၁၆ ခုနှစ် ဒီဇင်ဘာလက ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် မြောက်ကိုရီးယား၏ ကျောက်မီးသွေးတင်ပို့မှုကို ပိတ်ပင်မှုပြုလုပ်ခဲ့ပြီး ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအား မြောက်ကိုရီးယားမှ ဝင်ရောက်လာသည့် သင်္ဘောများကို အနီးကပ်စစ်ဆေးမှုများ သေချာစွာပြုလုပ်ကြရန် တိုက်တွန်းခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံတွင် ကျောက်မီးသွေး ထုတ်လုပ်မှုကို အစိုးရက ချုပ်ကိုင်ထားပြီး ကျောက်မီးသွေးပို့ကုန်များသည် တားမြစ်ပိတ်ပင်ခံထားရသည့် မြောက်ကိုရီးယား၏ နျူကလီးယားလက်နက်နှင့် တိုက်ချင်းပစ်ဒုံးကျည်စမ်းသပ်ထုတ်လုပ်မှု အစီအစဉ်များအတွက် အဓိကငွေကြေးစီးဆင်းမှု အရင်းအမြစ်တစ်ခုဖြစ်သည်။

မြောက်ကိုရီးယားနှင့် မလေးရှားနိုင်ငံ၏ ဆက်ဆံရေးသည် လွန်ခဲ့သော ဆယ်စုနှစ်များစွာက ခင်မင်ရင်းနှီးသော ဆက်ဆံရေးဖြစ်ခဲ့သော်လည်း ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်းက မလေးရှားနိုင်ငံ ကွာလာလမ်ပူလေဆိပ်၌ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်း၏အစ်ကို လုပ်ကြံသတ်ဖြတ်ခံရမှုဖြစ်ပွားပြီးနောက် အေးစက်စိမ်းကားသည့် ဆက်ဆံရေးအခြေအနေသို့ ပြန်လည်ရောက်ရှိသွားခဲ့သည်။

**(ရိုက်တာ)**

# ရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ ပြုပြင်ပြောင်းလဲမည့် ဥပဒေကို ထရန့်လက်မှတ်ရေးထိုး

**ဝါရှင်တန် မတ် ၂၉**
အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် သမ္မတအိုဘားမားလက်ထက်တွင် စတင်ရေးဆွဲကျင့်သုံးခဲ့သည့် ရာသီဥတုပြောင်းလဲမှုကိုကိုင်တွယ်ဖြေရှင်းရေးအတွက် ချမှတ်ရေးဆွဲခဲ့သည့် မူဝါဒများကို လိုအပ်သလို ပြုပြင်ပြောင်းလဲမည့် အမိန့်ထုတ်ပြန်မှုတစ်ရပ်ကို အင်္ဂါနေ့က လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

အင်္ဂါနေ့က လက်မှတ်ရေးထိုးအတည်ပြုခဲ့သည့် ယင်းအမိန့်ထုတ်ပြန်မှုတွင် ပြည်တွင်းစွမ်းအင်ထုတ်လုပ်မှုကို နှောင့်နှေးကြန့်ကြာစေမည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် မူဝါဒများကို ပြန်လည်ဆန်းစစ်သုံးသပ်ကြရန် အစိုးရရုံးဌာနများသို့ တိုက်တွန်းတောင်းဆိုထားကြောင်း သိရသည်။

ပြန်လည်ဆန်းစစ်ရန် ရည်ရွယ်ထားသည့် ပစ်မှတ်များတွင် ၂၀၁၅ ခုနှစ်က သမ္မတအိုဘားမား ပြဋ္ဌာန်းခဲ့သည့် Clean Power Plan စီမံချက်လည်း ပါဝင်သည်။ ယင်းစီမံချက်သည် ကျောက်မီးသွေးစွမ်းအင်သုံးစက်ရုံများမှ ကာဗွန်ထုတ်လုပ်မှုကို ကန့်သတ်သည့် စီမံချက်ဖြစ်သည်။

**(အင်န်အိတ်ချ်ကေ)**

# အီဂျစ်သမ္မတ စီစီ အမေရိကန်သို့ မကြာမီ လာရောက်လည်ပတ်မည်

**ဝါရှင်တန် မတ် ၂၉**
အီဂျစ်သမ္မတ အက်ဘ်ဒယ်ဖက်တာ အယ်လ်စီစီသည် လာမည့် ဧပြီ ၃ ရက်တွင် အမေရိကန်သို့ လာရောက်မည်ဖြစ်ရာ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ကြိုဆိုညှော်ခံသွားမည်ဖြစ်ကြောင်း အိမ်ဖြူတော်မှ ယမန်နေ့က သတင်းတစ်ရပ်ထုတ်ပြန်ခဲ့သည်။

ထိုသို့ အီဂျစ်သမ္မတ အမေရိကန်သို့ လာရောက်မည့်ခရီးစဉ်ကြောင့် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ကောင်းမွန်လာစေမည်ဖြစ်ကြောင်း အိမ်ဖြူတော်က သတင်းထုတ်ပြန်ခဲ့သည်။ နှစ်နိုင်ငံခေါင်းဆောင်များသည် ဒေသတွင်းတည်ငြိမ်အေးချမ်းရေးနှင့် အိုင်အက်စ်စစ်သွေးကြွအုပ်စုများ နှိမ်နင်းမှုများအကြောင်း ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

အီဂျစ်သမ္မတ စီစီအနေဖြင့်လည်း ထရန့်အစိုးရလက်ထက်တွင် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ကောင်းမွန်လာမည်ဟု မျှော်လင့်ပါကြောင်း ပြောကြားခဲ့သည်။ **(ဆင်ဟွာ)**




# ပီရူးတွင် လေယာဉ်တစ်စင်းအရေးပေါ်ဆင်းသက်စဉ် မီးလောင်မှုဖြစ်ပွား

**လီမာ မတ် ၂၉**
ပီရူးနိုင်ငံ ဂျူနင်းဒေသရှိ ဂျာဂျာလေဆိပ်၌ ယမန်နေ့က လေယာဉ်တစ်စင်း အရေးပေါ်ဆင်းသက်စဉ် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း ပြည်တွင်းမီဒီယာတစ်ခုတွင် ဖော်ပြခဲ့သည်။

မီးလောင်ခဲ့သော လေယာဉ်မှာ ပီရူးလေကြောင်းလိုင်းမှ လေယာဉ်တစ်စင်းဖြစ်ပြီး အဆိုပါလေယာဉ်သည် မြေပြင်သို့ ဆင်းသက်စဉ် မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ လီမာမြို့မှ ရောက်ရှိလာသည့် ဘိုးရင်း ၇၃၇ လေယာဉ်သည် ယမန်နေ့ နေ့လယ်ပိုင်းက အရေးပေါ်ဆင်းသက်စဉ် မီးလောင်မှုဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ လေယာဉ်ပေါ်လိုက်ပါလာသူများကို အချိန်မီကယ်ဆယ်နိုင်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားနေသည့် လေယာဉ်ပေါ် လိုက်ပါလာသည့်ခရီးသည် ၁၄၀ နီးပါးကို မီးသတ်သမားများက အချိန်မီကယ်ထုတ်နိုင်ခဲ့ကြောင်း အယ်လ်ကော်မာ အမည်ရှိ ပီရူးနေ့စဉ်သတင်းစာတွင် ဖော်ပြခဲ့သည်။

လေယာဉ်အရေးပေါ်ဆင်းသက်ရသည့် အကြောင်းရင်းနှင့် မီးလောင်ရသည့် အကြောင်းတို့အား စုံစမ်းလျက်ရှိကြောင်း သိရသည်။ **(ဆင်ဟွာ)**

# အာဖဂန်ရှိ တာလီဘန်တို့အား အစိုးရတပ်များထိုးစစ်ဆင်၊ သေဆုံးမှုများပြား

**အာဖဂန်နစ္စတန် မတ် ၂၉**
အစိုးရတပ်များသည် အာဖဂန်နစ္စတန် အနောက်ပိုင်း ဖာရာပြည်နယ် ဘလာဘလော့ခရိုင်ရှိ တာလီဘန် စစ်သွေးကြွစခန်းများကို ထိုးစစ်ဆင်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ရာ စစ်သွေးကြွ ၄၇ ဦး သေဆုံးခဲ့ပြီး စစ်သွေးကြွ ၅၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း တပ်မတော်အရာရှိတစ်ဦးဖြစ်သူ ရက်ဇ်မိုဟာမက်အော်ရာခေက ပြောခဲ့သည်။

ဖာရာပြည်နယ် အနောက်ပိုင်းရှိ ဘလာဘလော့ခရိုင်နှင့် မြို့တော် ဖာရာတို့သည် တာလီဘန်တို့ ခြေကုပ်ယူရာနေရာများဖြစ်ကြောင်း သိရသည်။ ထိုးစစ်ဆင်မှုကြောင့် သေဆုံးသူ အရေအတွက်မှာ ၃၀ နှင့် ဒဏ်ရာရရှိသူများမှာ ၄၀ ကျော်ဖြစ်ကြောင်း ကနဦးတွင် ပြောကြားခဲ့သော်လည်း နောက်ပိုင်းတွင် သေဆုံးသူနှင့် ဒဏ်ရာရရှိသူများ မြင့်တက်လာကြောင်း သိရသည်။

အစိုးရတပ်များသည် ရှိဝမ်ရေိယာရှိ တာလီဘန်တို့၏ စခန်းများကို ပစ်မှတ်ထားကာ ထိုးစစ်ဆင်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ အစိုးရတပ်များအနေဖြင့် အဆိုပါဒေသရှိ စစ်သွေးကြွများအား အပြီးအပိုင် မောင်းထုတ်နိုင်သည်အထိ စစ်ဆင်ရေးများကို ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ ထိုးစစ်ဆင်တိုက်ခိုက်မှုများနှင့်ပတ်သက်ပြီး ဖာရာပြည်နယ်ရှိ တာလီဘန်စစ်သွေးကြွတို့ဘက်မှ တစ်စုံတစ်ရာ မှတ်ချက်ပြုပြောဆိုခြင်း မရှိသေးကြောင်း သိရသည်။ **(ဆင်ဟွာ)**



# ရွှေဘိုမြို့ရှိ မဟာနန္ဒာကန်တော်ကြီးအပိုင်း ၁ မြောက်ဘက်တိုးချဲ့ကန်ကို ပြုပြင်ရန်လျာထား

**ရွှေဘို မတ် ၂၉**

ရွှေဘိုမြို့၏ သမိုင်းဝင်မဟာနန္ဒာကန်တော်ကြီးကို ပြန်လည်ပြုပြင်ခဲ့သောကြောင့် မြို့လူထုအတွက် သန့်ရှင်းသောသောက်သုံးရေ ပေးဝေနိုင်သည့်အပြင် ပြည်သူများ အပန်းဖြေအနားယူရာနေရာတစ်ခုဖြစ်လာသကဲ့သို့ တိုးချဲ့ကန် ၃ ကို ပြုပြင်တည်ဆောက်ပြီးပါက ကိုးပင်တမံမှရေကို တိုးချဲ့ကန်အတွင်း ဖြည့်သွင်းပြီး တိုးချဲ့ကန်မှတစ်ဆင့် သက္ကယ်တန်းချောင်းသို့ရေချ၍ မိုးကောင်းလယ်ဧက ၁၀၀၀ ခန့်ကို မိုးစပါးစိုက်ပျိုးရေပေးဝေနိုင်မည့်အပြင် ကန်ကြီးနှစ်ကန်ကြောင့် ရွှေဘိုမြို့လူထုသောက်သုံးရေလုံလောက်စွာ သိုလှောင်နိုင်ခြင်း၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ပြီး အများ၏အပန်းဖြေနားနေရာတစ်ခု ဖြစ်လာနိုင်မည်ဖြစ်ကြောင်း ရွှေဘိုမြို့ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန



လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးစောသက်ခိုင်ဝင်းထံမှ သိရသည်။

"တိုးတက်လာတဲ့ ရွှေဘိုမြို့လူဦးရေကို သောက်သုံးရေ ဖူဖူလုံလုံရရှိစေဖို့ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေဖို့ ရွှေဘိုမြို့အနောက်ဘက်က ကျေးရွာတချို့မိုးအခါမှာ ရေလွှမ်းတာကနေ ကာကွယ်နိုင်ဖို့အတွက်ရည်ရွယ်ပြီး မဟာနန္ဒာကန်တော်အရှေ့ဘက် တိုးချဲ့ကန်တော်အပိုင်း၂ ကို ၂၀၁၄ ခုနှစ် ဧပြီ ၉ ရက်က စပြင်တာ အဲဒီနှစ် ဩဂုတ် ၁၉ ရက်မှာ ပြီးခဲ့ပါတယ်။ ကန်တော်အမှတ် ၁ ကိုတော့ ဆည်မြောင်းဦးစီးဌာနက တာဝန်ယူပြီး ၂၀၀၉ ခုနှစ် ဇန်နဝါရီလမှာ စက်ယန္တရားကြီးတွေနဲ့ ပြုပြင်တည်ဆောက်ခဲ့တာ အဲဒီနှစ် စက်တင်ဘာလမှာ ကန်ထဲကို ရေအပြည့်ဖြည့်သွင်းနိုင်ခဲ့တဲ့အတွက် ကန်တော်ကြီးဟာ သန့်ရှင်းသာယာလှပပြီး မြို့လူထုအတွက် သန့်ရှင်းတဲ့သောက်သုံးရေကို ပေးဝေနိုင်ပြီဖြစ်သလို အပန်းဖြေစရာနေရာဖြစ်လာပါပြီ။ နောက်ထပ်ဆက်လုပ်ဖို့ လျာထားတာကတော့ မဟာနန္ဒာကန်တော်အပိုင်း ၁ မြောက်ဘက်တိုးချဲ့ကန် (ကန်တော်အမှတ်-၃)ဖြစ်ပါတယ်"ဟု ဦးစောသက်ခိုင်ဝင်းက ပြောကြားသည်။

မဟာနန္ဒာကန်တော်အပိုင်း ၃ အဖြစ်ဆောင်ရွက်ရန် အဆိုပြုလျာထားသည့် ဧရိယာစုစုပေါင်းမှာ ၆၃ ဒသမ ၁၁ ဧကခန့်ရှိပြီး အဆိုပါ ၆၃ ဒသမ ၁၁ ဧကသည် တောင်သူရှစ်ဦးပိုင် မြေဧရိယာများဖြစ်သည်။ ဧရိယာ ၆၃ ဒသမ ၁၁ ဧကသည် မူလကပင် ဦးပိုင်ပေါက် လယ်မြေများဖြစ်ပြီး ထိုအထဲမှ ၄၄ ဒသမ ၄၃ ဧကမှာ လယ်ယာမြေပိုင်ဆိုင်မှုအထောက်အထား ပုံစံ ၇ ရရှိထားပြီးဖြစ်ကာကျန်သည့် ၁၈ ဒသမ ၆၈ ဧကသာ ပုံစံ ၇ မရရှိသေးကြောင်း သိရသည်။

သို့သော်လည်း လက်ရှိတွင် ရေဝပ်လျက်ရှိသော ရေနက်ကွင်းဖြစ်နေပြီး စိုက်ပျိုးမြေအဖြစ် အသုံးပြု၍မရသောကြောင့် အဆိုပါဧရိယာအတွင်းအချို့အပိုင်းများ၌ ငါးမွေးကန်များတည်ရှိနေကြောင်း သိရသည်။ မဟာနန္ဒာကန်တော်အပိုင်း ၃ကို တိုးချဲ့တည်ဆောက်မည်ဆိုလျှင် ခန့်မှန်းမြေကြီးကျင်း နှစ်သိန်းခန့် ဒီဇယ်တစ်သိန်းခြောက်သောင်းဂါလန်ခန့် လိုအပ်မည်ဖြစ်ပြီး ခန့်မှန်းကုန်ကျငွေကျပ်သန်း ၆၄၀ ခန့် ရှိမည်ဖြစ်ကြောင်း ဦးစောသက်ခိုင်ဝင်းထံမှ သိရသည်။ မဟာနန္ဒာကန်တော်အပိုင်း ၃ တိုးချဲ့ဆောင်ရွက်ခြင်းဖြင့် ရေဝပ်ဧရိယာ ဧက ၆၀ ခန့်တွင် ပျမ်းမျှရေအနက် လေးပေခန့်နှင့် စုစုပေါင်း ရေပမာဏ ဧက ၂၄၀ ခန့် သိုလှောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

မဟာနန္ဒာကန်သည် ရွှေဘိုမြို့ မြောက်ဘက်နှစ်မိုင်ခန့်အကွာ၌ တည်ရှိပြီး ယခုအခါ ကင်းတပ် ရေလွှဲတမံလက်ဝဲ တူးမြောင်းမှတစ်ဆင့်ကန်အတွင်း ရေ သွင်းယူပြီး ရွှေဘိုမြို့လူထုသောက်သုံးရေအတွက် နေ့စဉ်ရေဂါလန်သိန်း ၂၀ခန့် ပေးဝေလျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

# အုတ်ဖိုမြို့နယ်မှ မျက်စိနှင့် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲများအား အခမဲ့ကုသပေးမည်



**အုတ်ဖို မတ် ၂၉**

သီတဂူဆရာတော်အားဦးထိပ်ထား၍ တည်ဆောက်လှူဒါန်းထားသည့် ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် ဥတိုမြို့သစ် သီတဂူ-အုတ်ဖိုဆေးရုံ၌ မျက်စိရောဂါဝေဒနာရှင်များအပါအဝင် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ဝေဒနာရှင်များအား သီတဂူဆရာတော်ကြီး၏ တပည့်များဖြစ်ကြသည့် ဘယ်လ်ဂျီယံမှ အထူးကုဆရာဝန်ကြီးများ ပါဝင်သည့်အဖွဲ့က လာရောက်ကုသပေးမည်ဖြစ်ကြောင်း သိရသည်။

"အခုလို ကုသပေးနေတာ (၁၇) ကြိမ် ရှိပါပြီ။ ဝေဒနာရှင်တွေအားလုံးကို သီတဂူဆရာတော်ကြီးရဲ့ဩဝါဒနဲ့အညီ အခမဲ့ကုသပေးနေတာဖြစ်ပါတယ်။ အခုအကြိမ်မှာလည်း စုစုပေါင်းနှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ဝေဒနာရှင် ၂၀၀ ကို ခွဲစိတ်ကုသပေးသွားမှာဖြစ်သလို မျက်စိဝေဒနာရှင်တွေကိုလည်း လိုအပ်တဲ့ကုသခွဲစိတ်မှုတွေ ပေးအပ်သွားမှာဖြစ်ပြီး ဆေးဖိုး၊ စမ်းသပ်ခွဲစိတ်ခမှအစ အားလုံးအခမဲ့ဖြစ်ပါတယ်" ဟု သီတဂူ-အုတ်ဖို ဆေးရုံအလှူရှင်ဖြစ်သူ သီတဂူဦးမောင်သောင်းက ပြောကြားသည်။

မတ် ၃၁ ရက်မှ ဧပြီ ၂ရက်အထိ သုံးရက်တာအတွင်း စမ်းသပ်ကုသပေးသွားမည်ဖြစ်ပြီး သီတဂူဆရာတော် ဦးဆောင်တော်မူသည့် သီတဂူဆေးရုံပေါင်းမှာ တစ်နိုင်ငံလုံးတွင် ဆေးရုံ ၃၂ ရုံ ရှိလာပြီဖြစ်ကာ ဆေးရုံတိုင်း၌ အခမဲ့ စမ်းသပ်ကုသခွဲစိတ်မှုများနှင့် သောက်ဆေး၊ စားဆေးအစရှိသည့် ဆေးအမျိုးမျိုးကိုလည်း အခမဲ့ ပေးလှူလျက်ရှိကြောင်း သိရသည်။

**ခင်ရတနာ**

# ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံးဓာတ်အားပြည့်ဝစွာသုံးစွဲနိုင်ရေး ဆောင်ရွက်

**နေပြည်တော် မတ် ၂၉**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး ဓာတ်အားပြည့်ဝစွာသုံးစွဲနိုင်ရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများမှ ချေးငွေများ အထောက်အပံ့များရယူကာ စီမံချက်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ အဆိုပါစီမံချက်အရ ကမ္ဘာ့ဘဏ်မှ (National Electrification Plan-NEP) အတွက် ချေးငွေအမေရိကန်ဒေါ်လာသန်း၃၀၀၊ အာရှဖွံ့ဖြိုးရေးဘဏ်မှ (Power Distribution Improvement Project) စီမံချက်အတွက် ချေးငွေအမေရိကန်ဒေါ်လာ ၂၉ ဒသမ ၄၆ သန်း၊ ဂျပန်နိုင်ငံ JICAမှ (Regional Development Project for Poverty Reduction Phase I) စီမံချက်အတွက် ချေးငွေဂျပန်ယန်း ၄ ဒသမ ၇၆၆ဘီလီယံ၊ (Regional Development Project for Poverty Reduction Phase II) စီမံချက်အတွက် ချေးငွေဂျပန်ယန်း ၄ ဒသမ ၉၆၀ ဘီလီယံ၊ (Power Distribution System Improvement Project in Major Cities) စီမံချက်အတွက် ချေးငွေဂျပန်ယန်း ၁ ဒသမ ၈၇၀ ဘီလီယံနှင့် ဂျာမနီနိုင်ငံ KfW မှ (Rual Electrification Programme in Southern Shan State) စီမံချက်အတွက် ချေးငွေယူရို ၂၃ ဒသမ ၈၈၃ သန်းနှင့် အထောက်အပံ့ ငွေ ယူရို ၆ ဒသမ ၅၃၅ သန်း၊ စုစုပေါင်း ယူရို ၃၀ ဒသမ ၄၁၈ သန်း အသီးသီးရယူကာ လုပ်ငန်းများ စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့အပြင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းအနေဖြင့် ပြည်သူများ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာရရှိရေးအတွက် တိုးတက်လာသောဓာတ်အားသုံးစွဲမှုနှင့်အညီ ဓာတ်အားခွဲရုံများ အင်အားတိုးချဲ့တည်ဆောက်ခြင်း၊ ဝန်အားမနိုင်နင်းတော့သည့် ဓာတ်အားလိုင်းများကို ဓာတ်အားလိုင်းကြိုးအကြီးများဖြင့်လဲလှယ်ခြင်း၊ ဓာတ်အားလိုင်းအပြစ်ဖြစ်၍ ဓာတ်အားပြတ်တောက်မှုလျော့နည်းစေရေးအတွက် အရည်အသွေးကျဆင်းနေပြီဖြစ်သော ဓာတ်အားလိုင်းကြွေသီးများ လဲလှယ်ခြင်း၊ သစ်သားလက်တန်းများကို သံလက်တန်းများဖြင့်လဲလှယ်ခြင်း၊ ဆွေးမြည့်သစ်သားတိုင်များကို ကွန်ကရစ်တိုင်များဖြင့် အစားထိုးလဲလှယ်ခြင်း လုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်ကာ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

ယင်းကဲ့သို့ ဆောင်ရွက်လျက်ရှိရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် ပြည်ထောင်စုဘတ်ဂျက်ဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ၆၆ ကေဗွီဓာတ်အားခွဲရုံသုံးရုံ၊ ၆၆ ကေဗွီ Switch Bay သုံးစုံ၊ ၆၆ ကေဗွီဓာတ်အားလိုင်း၄၆ ဒသမ ၅ မိုင်၊ ၃၃ ကေဗွီဓာတ်အားလိုင်း ၇ မိုင်၊ ၁၁ကေဗွီဓာတ်အားလိုင်း ၁၃ မိုင်တို့ကို တိုးချဲ့လုပ်ငန်းများအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အစားထိုးနှင့်အင်အားတိုးလုပ်ငန်းများအဖြစ် ၆၆ ကေဗွီဓာတ်အားခွဲရုံငါးရုံ၊ ၃၃ ကေဗွီဓာတ်အားခွဲရုံ ၁၀ရုံ၊ ၆၆ ကေဗွီ Switch Bay တစ်စုံ၊၃၃ကေဗွီ Switch Bay ရှစ်စုံ၊၃၃ကေဗွီဓာတ်အားလိုင်း ၆၄ ဒသမ ၁၃ မိုင်တို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဓာတ်အားဖြန့်ဖြူးမှုစနစ် တိုးတက်ကောင်းမွန်စေရေးနှင့် ပြည်သူများလျှပ်စစ်ဓာတ်အားပြည့်ဝစွာ ဓာတ်အားသုံးစွဲနိုင်ရေးအတွက် ADB ချေးငွေရယူကာ ၆၆ ကေဗွီရုံသုံး အင်အားတိုးချဲ့ခြင်း၊ ၃၃ ကေဗွီခွဲရုံ ၁၈ ရုံ အင်အားတိုးချဲ့၁၁/ ၀ ဒသမ ၄ ကေဗွီ ဓာတ်အားခွဲရုံ ၁၄၀ တိုးချဲ့တည်ဆောက်ခြင်း၊ ၃၃ကေဗွီလိုင်း ၄ ဒသမ ၅ မိုင် တိုးချဲ့တည်ဆောက်ခြင်း၊ ၄၀၀ ဗို့လိုင်း ၁၈၅ ကီလိုမီတာကို Insulated ABC Cable ဖြင့် လဲလှယ်ခြင်း၊ ၃၃ ကေဗွီလိုင်း ၄၅ ဒသမ ၄ မိုင်ကို တိုင်/ ကြိုးလဲလှယ်ခြင်း၊ ၁၁ ကေဗွီကို ၂၇ ဒသမ ၂ မိုင်ကို တိုးချဲ့တည်ဆောက်ခြင်း၊ ၁၁ ကေဗွီလိုင်း သစ်သားတိုင် ၂၄၀ ကို ကွန်ကရစ်တိုင်ဖြင့် လဲလှယ်ခြင်း၊ ၄၀၀ ဗို့လိုင်းသစ်သားတိုင် ၂၄၀ ကို ကွန်ကရစ်တိုင် ၆၀၁၂ တိုင်ဖြင့် အစားထိုးလဲလှယ်ခြင်းများကို စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့၌ ဆောင်ရွက်ရန်လျာထားကြောင်း သိရသည်။

ထို့ပြင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်းတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရရန်ပုံငွေဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းက ဒေသအသီးသီး၌ ၁၁ ကေဗွီဓာတ်အားလိုင်း၊ ၄၀၀ ဗို့ဓာတ်အားလိုင်း၊ ၁၁/ ၀ ဒသမ ၄ ဓာတ်အားခွဲရုံများ တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းအတွက် စုစုပေါင်းခန့်မှန်းငွေကျပ်သန်း ၁၅၅၂၁၁ ဒသမ ၅၆၁ ကို ဖော်ဆောင်ရန် လျာထားလျက်ရှိကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

**သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**

# ဖြူးမြို့၌ တရားဥပဒေစိုးမိုးရေး ဆန္ဒထုတ်ဖော်ပွဲကျင်းပ

**ဖြူး မတ် ၂၉**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်၌ ဖြောင့်မတ်မှန်ကန်စွာ တရားစီရင်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တရားစီရင်ရေးနှင့်ပတ်သက်ပြီး တာဝန်ရှိသူအားလုံးက ဖြောင့်မတ်မှန်ကန်စွာ တရားစီရင်ရေးတို့ကို မတ် ၂၉ ရက် နံနက် ၉ နာရီ ၅၅ မိနစ်က ဆန္ဒထုတ်ဖော်ကျင်းပသည်။

အဆိုပါ ဆန္ဒထုတ်ဖော်ပွဲပြုလုပ်သည့် ဒေါ်သဥ္ဇာမောင်မောင်နှင့် ၁၅ ဦးတို့သည် မတ် ၂၉ ရက် နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်-မန္တလေးပုံမှန်ကားလမ်း မိုင်တိုင်အမှတ် ၁၄၃/ ၂ ရှိ ဖြူးမြို့နယ် တရားရုံးရှေ့၌ နံနက် ၁၁ နာရီအထိ လူအင်အား ၃၀ ခန့်ဖြင့် ဆန္ဒထုတ်ဖော်ကြကြောင်း သိရသည်။

**ဖြူးမြင့်ဦး**



# ပြည်တွင်း၊ ပြည်ပမီဒီယာများ ဘူးသီးတောင်မြို့နယ် တင်းမေကျေးရွာတွင် အကြမ်းဖက် စီးနင်းတိုက်ခိုက်မှုပြုလုပ်ရန် ထပ်မံကြံစည်မှုနှင့်ပတ်သက်၍ ဖော်ထုတ်တားဆီးနိုင်ခဲ့မှုအပေါ် လွတ်လပ်စွာတွေ့ဆုံမေးမြန်း

**ဘူးသီးတောင် မတ် ၂၉**

ရခိုင်ပြည်နယ် မောင်တောဒေသသို့ သွားရောက် သတင်းရယူရန် စစ်တွေမြို့သို့ရောက်ရှိနေသည့် ပြည်တွင်း၊ ပြည်ပမီဒီယာများ ပါဝင်သည့် သတင်းအဖွဲ့သည် ယနေ့နံနက်ပိုင်းက ရေယာဉ်ဖြင့် ထွက်ခွာခဲ့ရာမွန်းလွဲပိုင်းတွင် ဘူးသီးတောင်မြို့နယ်သို့ ရောက်ရှိသည်။

ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာအဖွဲ့သည် ဘူးသီးတောင်မြို့နယ် တောင်ဘဇာကျေးရွာအုပ်ချုပ်ရေးမှူးရုံးသို့ ရောက်ရှိကြရာ



ဘူးသီးတောင်မြို့နယ် တင်းမေကျေးရွာ၌ အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုပြုလုပ်ရန် ကြံစည်မှုနှင့်ပတ်သက်၍ ဖော်ထုတ်တားဆီးနိုင်ခဲ့မှု အခြေအနေနှင့် ကျေးရွာလုံခြုံမှုအခြေအနေတို့ကို ကျေးရွာတာဝန်ရှိသူများအား ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာအဖွဲ့က တွေ့ဆုံမေးမြန်းစဉ်



ဘူးသီးတောင်မြို့နယ် တောင်ဘဇာကျေးရွာ၌ တောင်ဘဇာနယ်မြေရဲစခန်းမှူး ရဲအုပ်ထွန်းနိုင်က ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာအဖွဲ့အား ရှင်းလင်းပြောကြားစဉ်

တောင်ဘဇာနယ်မြေရဲစခန်းမှူး ရဲအုပ်ထွန်းနိုင်နှင့် တင်းမေကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတို့က တင်းမေကျေးရွာတွင် အကြမ်းဖက် စီးနင်းတိုက်ခိုက်မှုပြုလုပ်ရန် သင်တန်းဖွင့်လှစ်မှု၊ ထပ်မံကြံစည်မှုတို့နှင့် ပတ်သက်၍ဖော်ထုတ်တားဆီးနိုင်ခဲ့မှုအပေါ် ရှင်းလင်းပြောကြားပြီး မီဒီယာများက သိရှိလိုသည်များကို လွတ်လပ်စွာ တွေ့ဆုံမေးမြန်းကြသည်။

ယင်းနောက် တင်းမေကျေးရွာသို့သွားရောက်ကာ ကျေးရွာတာဝန်ခံနှင့်တွေ့ဆုံ၍ အကြမ်းဖက်မှုပြုလုပ်ရန်ကြံစည်သူ ၁၇ ဦးဖမ်းဆီးရမိမှုနှင့် ၎င်းတို့၏အခြေအနေ၊ ဖမ်းဆီးရမိသူများနှင့် သွားရောက်တွေ့ဆုံမှု အခြေအနေ၊ ဖြေကြားခဲ့မှုအပေါ် စိုးရိမ်မှုရှိ၊ မရှိနှင့် ကျေးရွာလုံခြုံမှု အခြေအနေတို့ကို မေးမြန်းကြသည်။

ဆက်လက်၍ အကြမ်းဖက် စီးနင်းတိုက်ခိုက်မှုပြုလုပ်ရန် ကြံစည်မှုတွင် ဖမ်းဆီးခံရသူများ၏ မိသားစုဝင်နှစ်ဦးတို့နှင့် လွတ်လပ်စွာ တွေ့ဆုံမေးမြန်းကြသည်။

**(သတင်းစဉ်)**

# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၂၉**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မတ် ၂၈ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၆၈၆ စီး၊ သွင်းကုန် ၈၀၃ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှု ယာဉ်ပို့ကုန် ၄၃ စီး၊ သွင်းကုန် ၁၃၃ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက






တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၂၈ ရက် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှုငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄ သန်းခန့် နှင့် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေး စခန်းက တားဆီးမှု ၁၁ မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၂ ဒသမ ၈၂၃ သန်းခန့်၊ စုစုပေါင်း ၁၆ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၆ ဒသမ ၈၂၃ သန်းခန့် ဖမ်းဆီးရမိကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မတ် ၂၈ ရက်က မြဝတီမှ ရန်ကုန်သို့ သွားရောက်မည့် Toyota Hiace ယာဉ်အား မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးခဲ့ရာ တရားဝင် စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် Cheers Beer 330 ml (1 x 24 Can) 390 pkgs နှင့် သယ်ဆောင်သည့် ယာဉ်တစ်စီး (ဝဲပုံ)စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၂ ဒသမ ၉ သန်း ခန့်အား တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပဲခူးမြစ်အတွင်းထင်းဆယ်ရာမှ ဗုံးသီးတစ်လုံးတွေ့ရှိ



**ပဲခူး မတ် ၂၉**

ပဲခူးမြို့နယ် အဝိုင်းကျေးရွာအုပ်စု ရွှေလှေကျေးရွာ ပဲခူးမြစ်ကူးရထားတံတားအောက်၌ ပဲခူးမြစ်အတွင်း ထင်းဆယ်ရာမှ ဗုံးသီးတစ်လုံးတွေ့ရှိခဲ့ကြောင်း သိရသည်။

မတ် ၂၈ ရက် နံနက် ၁၀ နာရီခွဲက အဝိုင်းကျေးရွာအုပ်စု ရွှေလှေစုကျေးရွာအနီး ရထားလမ်းတံတားအောက် ပဲခူးမြစ်အတွင်း ကိုမောင်ထွေး(၄၅)နှစ် နောင်ချိုစုကျေးရွာ၊ အေးစိုး(၃၈)နှစ်၊ မင်းစိုး(၄၀)နှစ် ကျောင်းစုရွာနေထိုင်သူတို့သည် မြစ်အတွင်း ထင်းဆယ်ကြရာမှ ရေအောက်သဲထဲတွင် နစ်မြုပ်နေသော ဗုံးသီးတစ်လုံး ဆယ်ယူရရှိခဲ့သဖြင့် သက်ဆိုင်ရာသို့သတင်းပို့ခဲ့ပြီး ပဲခူးမြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူးနိုင်စိုးဦးစီးတပ်ဖွဲ့ဝင်များနှင့် နယ်မြေခံတပ်မှ တာဝန်ရှိသူများ ရောက်ရှိစစ်ဆေးခဲ့ရာ အဆိုပါဗုံးအမျိုးအစားသည် လေယာဉ်ဗုံးသီးဟု အကြမ်းဖျင်းမှတ်ချက်ပေးခဲ့သည်။

ဗုံးသီးမှာ **(အပေါ်ပုံ)** လုံးပတ် ၂၃ လက်မ၊ ဒလက် ၄ ခုပါ စုစုပေါင်းအရှည် ၄၁ လက်မရှိကြောင်းသိရ၍ နောက်ထပ်တစ်လုံးဟု ယူဆရသည်ကိုစမ်းမိရာ ဆယ်ယူနိုင်ရန် ကြိုးစားဆောင်ရွက်လျက်ရှိပြီး အဆိုပါဗုံးသီးအား သက်ဆိုင်ရာတပ်သို့ လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း

အင်းဝဘဏ်လီမိတက်၏ "ယုံကြည်စိတ်ချ၊ အားထားရန်၊ မြန်မာ့ အင်းဝဘဏ်" ဟူသော ဆောင်ပုဒ်နှင့်အညီ နှစ်ပေါင်း (၂၀) ခန့်ဘဏ်လုပ်ငန်းဖြင့် အောင်မြင်စွာ ခိုင်မာရပ်တည်လျက်ရှိသော အင်းဝဘဏ်သည် (၇၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဘဏ်ခွဲ (၄၄)ခုမြောက်ဖြစ်သော **အင်းဝဘဏ်ခွဲ (အင်းတိုင်)** ကို (၂၉-၃-၂၀၁၇)ရက်နေ့တွင်အောင်မြင်စွာ ဖွင့်လှစ်ခဲ့ခြင်းအား အထူးပင်ဝမ်းသာဂုဏ်ယူပါကြောင်းနှင့် နောင်နှစ်ပေါင်းများစွာ တိုးတက်အောင်မြင်ပါစေကြောင်း လှိုက်လှဲစွာ ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

MECTEL Anytime,Anywhere for Everybody CDMA 800MHz

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ကသာမြို့နယ်၊ အင်းရွာအုပ်စု၊ သပြေသာရပ်နေ မအေးနှင်းမြတ်(ရွှေဘိုအဝေးသင်တက္ကသိုလ်တတိယနှစ်ပထဝီမေဂျာ)၏ဖခင် ဦးကျော်ဝင်းခိုင်(ခ)ဦးခိုင် ၅/ကသန(နိုင်)၀၉၈၆၆၄သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးကျော်ဝင်းခိုင်(ခ)ဦးခိုင်

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 6E/5304 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)

**ပြင်ဆင်ဖတ်ရှုပါရန်**

၂၇-၃-၂၀၁၇ ရက်ထုတ် သတင်းစာစာမျက်နှာ(၂၆)တွင် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၊ ၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၈၉၂ ငြင်းချက်ထုတ်ရန်ဆင့်စာ ကြော်ငြာတွင် တွဲဖက်မြို့နယ်တရားသူကြီး(၁)အစား တွဲဖက်ခရိုင်တရားသူကြီး(၁)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ဦးစံထွေး၏သမီး အထက (၁)မှော်ဘီမှ အလယ်တန်းပြဆရာမ ဒေါ်ခင်မေကြိုင်(ခ) နော်ခင်မေကြိုင် ၁၂/မဘန(နိုင်)၀၁၈၄၇၅ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဒေါ်ခင်မေကြိုင်(ခ)နော်ခင်မေကြိုင်

**ဖခင်အမည်မှန်**

တောင်ဒဂုံမြို့နယ်နေ အ.ထ.က (၄) သာကေတ နဝမတန်း(I) မှ မောင်ကြည်ခိုင်၏ ဖခင်အမည်မှန်မှာ ဦးတင်ဇော်မိုး (၁၂/သခန(နိုင်)၀၇၄၉၇၀) ဖြစ်ပါကြောင်း။

ဦးတင်ဇော်မိုး


**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 3L/4154, Toyota Hiace TRH 124, mini Bus(4×2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကြည်ကြည်ညွန့် ၁၂/လမတ(နိုင်)၀၂၁၇၁၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

# မောင်တောမြို့နယ်အတွင်း ကျေးရွာရာအိမ်မှူးနှင့် ဇနီးဖြစ်သူ ဓားခုတ်ခံရမှုဖြစ်ပွား

မောင်တောမြို့နယ် ရွာသစ်ကေကျေးရွာ၌ ရာအိမ်မှူးနှင့်ဇနီး ဓားခုတ်ခံရသည့် နေရာပြမြေပုံ




**နေပြည်တော် မတ် ၂၉**

မောင်တောမြို့နယ် ရွာသစ်ကေကျေးရွာ၌ ရာအိမ်မှူးနှင့် ဇနီးဖြစ်သူတို့ နေအိမ်တွင် အိပ်နေစဉ် ယမန်နေ့ နံနက်ပိုင်းက ဓားဖြင့်ခုတ်ခံရမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဂေါ်ဒူသာရကျေးရွာအုပ်စု ရွာသစ်ကေကျေးရွာ ရာအိမ်မှူးဖြစ်သူ နုရ်အာမိန်နှင့် ဇနီးဖြစ်သူတို့သည် နေအိမ်တွင် အိပ်နေစဉ် တစ်ရွာတည်းနေ ဟာဘီအူလ္လာပါ လေးဦးတို့က "မင်းတို့လုပ်လို့ ငါတို့အဖွဲ့တွေ အဖမ်းခံနေရတယ်။ ငါတို့အဖွဲ့တွေ ပြန်လွတ်အောင်လုပ်ပေး၊ အပြင်ထွက်ခဲ့"ဟု ပြောဆိုကာ တံခါးကို တွန်းဖွင့်၍ အတင်းဝင်ရောက်လာပြီး ဓားဖြင့်ဝိုင်းဝန်းခုတ်ခဲ့သည်။

နုရ်အာမိန်က ပြန်လည်ခုခံခဲ့သဖြင့် ဝဲဘက်ပခုံး၊ ဦးခေါင်းနောက်စေ့၊ ယာနားထင်၊ ယာလက်မနှင့် လက်ညှိုးကြား၊ ယာလက်ကောက်ဝတ်တို့တွင် စုစုပေါင်း ဓားခုတ်ဒဏ်ရာ ရှစ်ချက်နှင့် ၎င်း၏ ဇနီးဖြစ်သူ နဟာဘတ်တွင် ရင်ညွန့်တည့်တည့် ထိုးသွင်းဒဏ်ရာတစ်ချက်၊ ယာပေါင် ထိုးသွင်းဒဏ်ရာတစ်ချက် အသီးသီးရရှိခဲ့ပြီး နုရ်အာမိန်က ပတ်ဝန်းကျင်ကို အော်ဟစ် အကူအညီတောင်းခံသဖြင့် ဟာဘီအူလ္လာပါ လေးဦးမှာ ပြန်လည်ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

အဆိုပါ ဒဏ်ရာရရှိသူ နှစ်ဦးအား ရဲတပ်ဖွဲ့ဝင်များက မောင်တောပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး ပြစ်မှုကျူးလွန် ထွက်ပြေးလွတ်မြောက်နေသူ ဟာဘီအူလ္လာပါ လေးဦးအား ဖမ်းဆီးရမိရေး စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# သီပေါ-ဘော်ကြိုကျေးရွာအနီး ယာဉ်သုံးစီးဆင့်တိုက်မှု ဖြစ်ပွား

**သီပေါ မတ် ၂၉**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ဘော်ကြိုကျေးရွာအနီး မန္တလေး-လားရှိုး-မူဆယ်သွား ပြည်ထောင်စုလမ်းမကြီး မိုင်တိုင် (၁၂၄/၁-၂) ကြား၌ မတ် ၂၉ ရက် မွန်းလွဲ ၁၂ နာရီခွဲက မန္တလေးမှ လားရှိုးသို့ ထွက်ခွာလာသည့် ယာဉ်မောင်း ညီညီထွန်း၏ ပါဂျဲရိုးယာဉ်ကို ၎င်းယာဉ်နောက်မှ လိုက်ပါလာသည့် အောင်ဇင်မိုး မောင်းနှင်သည့် ကုန်တင် ၁၂ ဘီးယာဉ်က ဝင်တိုက်မိသဖြင့် ပါဂျဲရိုးယာဉ်မှာ ရှေ့က ဖရဲသီးတင်ဆောင်၍ မောင်းနှင်လာသည့် နီဆန်း ၁၂ ဘီးယာဉ်ကို ဝင်တိုက်မိရာ ပါဂျဲရိုးယာဉ်မှာ ယာဉ်ကြီးနှစ်စီးကြား တွန့်လိမ်ပျက်စီးသွားခဲ့သည်။ **(အပေါ်ပုံ)**



အဆိုပါ ယာဉ်တိုက်မှုကြောင့် ပါဂျဲရိုးယာဉ်ပေါ်ပါ ယာဉ်မောင်းနှင့် နှစ်ဦးမှာ ဒဏ်ရာများ ရရှိသဖြင့် သီပေါပြည်သူ့ဆေးရုံ၌ အတွင်းလူနာအဖြစ် တက်ရောက် ကုသနေရသည်။

ယာဉ် မဆင်မခြင်မောင်းနှင်သည့် ယာဉ်မောင်း အောင်ဇင်မိုးအား သီပေါရဲစခန်းက အရေးယူအမှုဖွင့်ထားကြောင်း သိရသည်။

**စိုင်း(သီပေါ)**

၂၈-၃-၂၀၁၇ရက်နေ့ ခသ(၃) နယ်ခြေ(၇) ပန်းတောပြင်အနောက်ရွာနှင့် ခေါင်းတကာရွာကြားချောင်းစပ်တွင် ကော်ဖီမင်ထုတ်များနှင့် မူးယစ်ဆေးပြား(၂၄၀၀)ပြား သိမ်းဆည်းရမိသည့်မှတ်တမ်းဓါတ်ပုံများ



# မောင်တောမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၉**

မောင်တောမြို့နယ်အတွင်း၌ နယ်မြေလုံခြုံရေးတပ်ဖွဲ့ဝင်များ ကင်းလှည့်ဆောင်ရွက်စဉ် မတ် ၂၇ ရက် ညပိုင်းက စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

မောင်တောမြို့နယ် ပန်းတောပြင်ရဲကင်းမှ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ကျေးရွာတာဝန်ရှိသူများနှင့် နယ်မြေလုံခြုံရေးအတွက် မတ် ၂၇ ရက် ည ၁၁ နာရီခန့်က ကင်းလှည့်စဉ် ပန်းတောပြင်အနောက်ရွာနှင့် ခေါင်းတကာကျေးရွာကြား ပဒင်းချောင်းအနီး၌ လူ နှစ်ဦးက ဆွဲခြင်း တစ်ခုကို ချထားပြီး ထွက်ပြေးသွားခဲ့သည်။

အဆိုပါ ဆွဲခြင်းကို စစ်ဆေးရာ WY နှင့် R စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၀၀ သိမ်းဆည်းရမိခဲ့ပြီး မူးယစ်ဆေးဝါးသယ်ဆောင်လာသူ နှစ်ဦးအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဘားအံမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၆၀၀၀ ဖမ်းဆီးရမိ

**ဘားအံ မတ် ၂၉** - ဘားအံခရိုင် မှုခင်းနှိမ်နင်းရေးအဖွဲ့ခေါင်းဆောင် ရဲအုပ်သက်စိုးဦး ဦးစီးသော ပူးပေါင်းအဖွဲ့သည် မတ် ၂၈ ရက် နံနက် ၄ နာရီခွဲက မူးယစ်ဆေးဝါးသတင်းအရ လှိုင်းဘွဲ့ကားလမ်း လမ်း/ တံတားကောက်ခံရေးဂိတ်၌ စောင့်ဆိုင်းနေစဉ် ဘားအံမြို့တွင်းဘက်မှ လှိုင်းဘွဲ့မြို့ဘက်သို့ မောင်းနှင်လာသော 5J/---- လင်ခရူဇာယာဉ်ကို ရပ်တန့်စစ်ဆေးရာ ယာဉ်မောင်းမှာ စည်သူမြင့်မြတ် ဖြစ်ပြီး ယာဉ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၆၀၀၀ (ကာလတန်ဖိုးငွေကျပ် သိန်းပေါင်း ၁၈၁၈၀ )ကို ရှာဖွေသိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ စည်သူမြင့်မြတ် (၄၀ နှစ်) ပုဇွန်တောင်မြို့နယ် ရန်ကုန်တိုင်းဒေသကြီးနေသူအား ဘားအံမြို့မရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိသည်။ **မင်းသူ/ထွန်းထွန်းထွေး(ဘားအံ)**


## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)ရှိ သတင်းစာပုံနှိပ်လုပ်ငန်းမှ ထွက်ရှိသောဘေးထွက်ပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည် ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များအား ကိုယ်ပွားသတင်းစာတိုက် (မော်လမြိုင်)တွင် ၃၀-၃-၂၀၁၇ရက်မှ ၂-၄-၂၀၁၇ ရက်အထိ နေ့စဉ် ၀၉း၃၀ နာရီမှ ၁၆း၃၀နာရီအတွင်း လာရောက်ထုတ်ယူနိုင်ပြီး ၃-၃-၂၀၁၇ ရက် နံနက် ၁၁း၀၀ နာရီအတွင်း တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်သို့ လာရောက်တင်သွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ချိန်ထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အဆိုပါဘေးထွက်ပစ္စည်း အမျိုးအမည်၊ အရေအတွက်နှင့်မျက်မြင်အခြေအနေအား ကြည့်ရှုလိုသူများနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ကိုယ်ပွားသတင်းစာတိုက် (မော်လမြိုင်)သို့ သွားရောက်ကြည့်ရှုနိုင်ပြီး ဖုန်း- ၀၅၇-၂၇၅၂၅၊ ၀၅၇-၂၇၅၂၆ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့**
**ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)**
**ဆည်မြောင်းလမ်း၊ ကြာအင်းကျေးရွာ၊ မော်လမြိုင်မြို့**

**မိဘအမည်မှန်**

မုံရွာမြို့၊ အထက (၁)၊ တက္ကသိုလ်ဝင်တန်း (E)မှ မမြင့်မြင့်နိုင်၏ မိဘအမည်မှန်မှာ ဦးထွန်းဦး-ဒေါ်ခင်ချိုဝင်း ဖြစ်ပါကြောင်း။ **ဦးထွန်းဦး-ဒေါ်ခင်ချိုဝင်း**

## လူပျောက်ကြော်ငြာ

မုံရွာမြို့၊ လယ်တီရပ်ကွက် ပြည်ထောင်စုလမ်းနေ ကျွန်တော် ဦးမင်းမင်းထွန်း၏ဇနီး မခိုင်ခိုင်စိုး(ခ)မခိုင်ဇင်ဦး ၅/မမန(နိုင်) ၀၆၈၈၉၁ သည် ၁၇-၃-၂၀၁၇ ရက်မှ စတင်၍ နေအိမ်မှဆင်းသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်နှင့် လက်ခံထားရှိပါက ဥပဒေအရ အရေးယူမည်ဖြစ်သည်။

**ဦးမင်းမင်းထွန်း**
**ဖုန်း-၀၉-၂၅၀၁၄၀၁၂၂၊ ၀၉-၄၃၀၀၂၈၁၉**

## ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက် YBS ခရီးသည်ပို့ဆောင်ရေးလုပ်ငန်း ယာဉ်မှူးဝန်ထမ်းအလုပ်ခေါ်ယူခြင်း

၁။ ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်၊ YBS ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းတွင် ယာဉ်မှူးတာဝန်ထမ်းဆောင်ရန် အောက်ပါအရည်အချင်းနှင့်ပြည့်စုံသော ယာဉ်မှူးဝန်ထမ်းများအလိုရှိသည်။
(က) ပညာအရည်အချင်း အလယ်တန်းအဆင့်နှင့်အထက်ဖြစ်ရမည်။
(ခ) ယာဉ်မောင်းလိုင်စင်ရှိရမည်။ ရန်ကုန်မြို့တွင်း City Bus ယာဉ်မောင်းလုပ်သက်(၂)နှစ်အထက်ရှိရမည်။
(ဂ) အသက်(၂၅)နှစ်မှ (၅၅)နှစ်အတွင်း ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
(ဃ) ယာဉ်စည်းကမ်း/လမ်းစည်းကမ်း သိရှိလိုက်နာနိုင်သူဖြစ်ရမည်။
(င) အခြေခံလစာ(၃၀၀၀၀၀ိ/-)နှင့် အခြားခံစားခွင့်၊ လူမှုဖူလုံရေးခွင့်ခံစားခွင့်၊ ဝတ်စုံများရရှိမည်။
(စ) ကုမ္ပဏီမှသတ်မှတ်ထားသော အရည်အချင်းလစာအား (၂)နှစ်တစ်ကြိမ်နှင့် သုံးကြိမ်ခံစားခွင့်ပြုမည်။
(ဆ) စိတ်ပညာစစ်ဆေးအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်ထားလိုသူယာဉ်မှူးများသည် အောက်ပါအချက်အလက်များ ယူဆောင်လာရမည်-
(က) CV Form ကိုယ်ရေးအချက်အလက်။
(ခ) ပတ်စ်ပို့ဓာတ်ပုံ(၃)ပုံ။
(ဂ) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ(၁)စောင်။
(ဃ) ရပ်ကွက်နှင့် ရဲစခန်းထောက်ခံစာ။
(င) သန်းခေါင်စာရင်းမိတ္တူ။
(စ) ယခင်လုပ်ကိုင်ခဲ့ဖူးသောယာဉ်လိုင်း/ဌာနထောက်ခံချက်။

၃။ လျှောက်ထားရမည့်လိပ်စာမှာ အထွေထွေမန်နေဂျာ(အုပ်ချုပ်/ဘဏ္ဍာ) YBS ခရီးသည်ပို့ဆောင်ရေးလုပ်ငန်း၊ ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်၊ ပါရမီလမ်းနှင့် ဝေဇယန္တာလမ်းထောင့်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၄။ အသေးစိတ်စုံစမ်းရန် - ၀၁-၅၇၃၂၅၇၊ ၀၉-၂၄၅၀၆၈၇

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 8L/4594၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

တက္ကသိုလ်ဝင်တန်းဖြေဆိုထားသူများ၊ နိုင်ငံခြားသွားလိုသူများနှင့် အလုပ်ကောင်းရလိုသူများအတွက်
ဆရာအာသာ SUCCESS Language Academy
(မြို့လယ်ကျောင်း) အမှတ်(၁၁၉)၊Y.W.C.A ဘိုကလေးဈေးလမ်း
Ph: 202046,392048, 256954

BASIC ENGLISH SPEAKING
1 - 4:00 (Sat + Sun) 2 Apr
10-11:30 (Mon ~ Thurs) 3 Apr
6 - 7:30 (Mon ~ Thurs) 3 Apr
9 - 12:00 (Sat + Sun) 8 Apr
1 - 2:30 (Mon ~ Thurs) 24 Apr

BASIC FOUR SKILLS ENGLISH
3:30 - 5 (Mon ~ Thurs) 28 Mar
1 - 4:00 (Sat + Sun) 1,8 Apr
6 - 7:30 (Mon ~ Thurs) 3 Apr
9 - 12:00 (Sat + Sun) 22 Apr
1 - 2:30 (Mon ~ Thurs) 24 Apr

BASIC WRITING
1 - 2:30 (Mon ~ Thurs) 24 Apr

PRE-INTERMEDIATE (4-SKILL ENGLISH)
6 - 7:30 (Mon ~ Thurs) 3 Apr
1 - 4:00 (Sat + Sun) 22 Apr
3:30 - 5 (Mon ~ Thurs) 24 Apr

INTERMEDIATE (ACADEMIC ENGLISH)
7:30 - 9 (Mon ~ Thurs) 28 Mar
1 - 2:30 (Mon ~ Thurs) 24 Apr

VOCAB ENRICHMENT
1 - 4:00 (Sat + Sun) 22 Apr

BASIC GRAMMAR
9 - 12:00 (Sat + Sun) 26 Mar

IELTS (Preparation)
1 - 3:30 (Mon ~ Thurs) 3 Apr
7:30-9:30 (Mon ~ Thurs) 24 Apr

IELTS (Grammar + Vocab)
10-11:30 (Mon ~ Thurs) 29 May

လှည်းတန်းကျောင်းခွဲ
ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းယာဉ်တိုက်)
Ph: 01-503472, 09 73001453

BASIC ENGLISH SPEAKING
10-11:30 (Mon~Thurs) 3 Apr
7:30-10:30 (Sat + Sun) 22 Apr
3:30 - 5 (Mon~Thurs) 24 Apr

BASIC FOUR SKILLS ENGLISH
9 - 12:00 (Sat + Sun) 1 Apr
10-11:30 (Mon~Thurs) 24 Apr
1 - 2:30 (Mon~Thurs) 24 Apr
6 - 7:30 (Mon~Thurs) 24 Apr

IELTS (Speaking + Vocab)
7:30 - 9 (Mon~Thurs) 8 May

IELTS (Reading + Vocab)
10-12:00 (Mon~Thurs) 2 May

IELTS (Writing+Grammar)
7:30 - 9 (Mon~Thurs) 28 Mar

BASIC GRAMMAR
7:30-10:30 (Sat + Sun) 22 Apr

PRE-INTERMEDIATE (4-SKILL ENGLISH)
12 - 3:00 (Sat + Sun) 22 Apr
7:30 - 9 (Mon~Thurs) 24 Apr
6 - 7:30 (Mon~Thurs) 24 Apr

INTERMEDIATE (ACADEMIC ENGLISH)
9 - 12:00 (Sat + Sun) 1 Apr
4:30-7:30 (Sat + Sun) 22 Apr
6 - 7:30 (Mon~Thurs) 24 Apr

IELTS (Preparation)
4:30-7:30 (Sat + Sun) 22 Apr

IELTS (Writing+Grammar)
12:30-3:30 (Sat + Sun) 25 Mar

# မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲအတွက် လက်မှတ်ရေးထိုး

**ရန်ကုန် မတ် ၂၉**

မြန်မာနိုင်ငံတွင် ထူးချွန်သော ဂေါက်သီးအားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တိုက်တွန်းအားပေးကူညီမှုဖြင့် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်မှ ကြီးမှူး၍ မြဝတီဘဏ်၊ အင်းဝဘဏ်၊ ကမ္ဘောဇဘဏ်၊ မုတ္တမဟိုးဒင်းလီမိတက်၊ မြန်မာ့ဇွဲမာန်ကုမ္ပဏီလီမိတက်၊ Phyo Si Thu Teak Plantation(Myanmar)& Bago Yoma Eco Resort (Myanmar)တို့၏ အဓိကကူညီပံ့ပိုးမှုဖြင့် ၂၀၁၇ ခုနှစ် မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲများကို နေပြည်တော်၊ ရန်ကုန်၊ ပဲခူး၊ မော်လမြိုင်၊ မြိတ်မြို့များတွင် လှည့်လည်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲနှင့်ပတ်သက်သည့် ပြိုင်ပွဲကျင်းပခြင်းဆိုင်ရာကိစ္စရပ်များအား သဘောတူလက်မှတ်ရေးထိုးခြင်းနှင့် သတင်းစာရှင်းလင်းပွဲအခမ်းအနားကို ရန်ကုန်မြို့ Central Hotel, Jade Hall ၌ မတ် ၂၉ ရက် နံနက် ၁၀ နာရီက ကျင်းပရာ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးနှင့် အဓိကကူညီပံ့ပိုးပေးမည့် မြဝတီဘဏ်မှ ဦးမြင့်ထူး(အထွေထွေမန်နေဂျာ)၊ အင်းဝဘဏ်မှ ဦးသာဇံ(ဒုတိယမန်နေဂျင်းဒါရိုက်တာ)၊ ကမ္ဘောဇဘဏ်မှ ဦးမြင့်ဦး(အထွေထွေမန်နေဂျာ)၊ မုတ္တမဟိုးဒင်းလီမိတက်မှ ဦးမောင်မောင်ဆန်းဦး(ဒါရိုက်တာ)၊ မြန်မာ့ဇွဲမာန်ကုမ္ပဏီလီမိတက်မှ ဦးဝင်းဇော်(မန်နေဂျင်းဒါရိုက်တာ)၊ Phyo Si Thu Teak Plantation(Myanmar) & Bago Yoma Eco Resort (Myanmar) မှ ဦးကျော်ကိုကိုချစ် (ဒါရိုက်တာ)တို့တက်ရောက်၍ လက်မှတ်ရေးထိုးခဲ့ကြသည်။

၂၀၁၇ ခုနှစ် မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲများအဖြစ် ပထမပွဲကို မေ ၃ ရက်မှ ၆ ရက်အထိ မုတ္တမဟိုးဒင်းလီမိတက်၏ ပံ့ပိုးမှုဖြင့် နေပြည်တော်ရှိ ရေပြာတပ်မတော်ဂေါက်ကွင်း၌ လည်းကောင်း၊ ဒုတိယပွဲကို မေ ၂၅ ရက်မှ ၂၈ ရက်အထိ မြန်မာ့ဇွဲမာန်ကုမ္ပဏီလီမိတက်၏ပံ့ပိုးမှုဖြင့် မော်လမြိုင်မြို့ရှိ ရွှေနတ်တောင်ဂေါက်ကွင်း၌ လည်းကောင်း၊ တတိယပွဲကို ဇွန် ၁၅ ရက်မှ ၁၈ ရက်အထိ မြဝတီဘဏ်၏ ပံ့ပိုးမှုဖြင့် ပဲခူးမြို့ရှိ ဟံသာဝတီဂေါက်ကွင်း၌လည်းကောင်း၊ စတုတ္ထပွဲကို စက်တင်ဘာ ၂၁ ရက်မှ ၂၄ ရက်အထိ Phyo Si Thu Teak Plantation(Myanmar)& Bago Yoma Eco Resort (Myanmar) ၏ ပံ့ပိုးမှုဖြင့် ရန်ကုန်မြို့ရှိ ဥက္ကလာဂေါက်ကွင်း၌ လည်းကောင်း၊ ပဉ္စမပွဲကို နိုဝင်ဘာ ၈ ရက်မှ ၁၁ ရက်အထိ ကမ္ဘောဇဘဏ်၏ ပံ့ပိုးမှုဖြင့် မြိတ်မြို့ရှိ မြိတ်ဂေါက်ကွင်း၌လည်းကောင်း၊ ဆဋ္ဌမပွဲ ကို ဒီဇင်ဘာ ၆ ရက်မှ ၉ ရက်အထိ အင်းဝဘဏ်၏ ပံ့ပိုးမှုဖြင့် နေပြည်တော်ရှိ ဇေယျာသီရိဂေါက်ကွင်း၌လည်းကောင်း ကျင်းပမည်ဖြစ်သည်။

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်က ပြိုင်ပွဲနှင့်ပတ်သက်ပြီး ရှင်းလင်းတင်ပြသည်။ ထို့နောက် တက်ရောက်လာကြသော သတင်းစာဆရာကြီးများ၏ မေးမြန်းချက်ကို တာဝန်ရှိသူများက ရှင်းလင်းဖြေကြားခဲ့ပြီး ပြိုင်ပွဲနှင့်ပတ်သက်၍ စုံစမ်းမေးမြန်းလိုပါက ဖုန်း-၀၉-၅၀၁၆၉၃၇ ထံသို့ စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

**ဖိုးသော်ဇင်**

# မြန်မာ့လက်ရွေးစင်ဟော်ကီအသင်းများ ဆီးဂိမ်းပြိုင်ပွဲမတိုင်မီ ပြည်ပနိုင်ငံများ၌ ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်မည်

**ရန်ကုန် မတ် ၂၉**

အိုမန်နိုင်ငံတွင် မတ် ၂၉ ရက်မှ ၃၁ ရက်အထိ ကျင်းပမည့် အာရှဟော်ကီအဖွဲ့ချုပ် ကွန်ဂရက် (AHF Congress 2017) သို့ တက်ရောက်ရန် မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစောလုလုထော်သည် မတ် ၂၈ ရက် ညပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့်ထွက်ခွာသွားရာ မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးခင်မောင်လတ်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌသည် အာရှဟော်ကီအဖွဲ့ချုပ် ကွန်ဂရက် တက်ရောက်နေစဉ်ကာလအတွင်း မြန်မာ့ဟော်ကီအားကစားနည်း တိုးတက်ဖွံ့ဖြိုးရေးအတွက် ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ပြီး ဆီးဂိမ်းပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်လျက်ရှိသည့် မြန်မာ့လက်ရွေးစင်ဟော်ကီ အမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းများကို မိတ်ဖက်နိုင်ငံများသို့ ပူးတွဲလေ့ကျင့်မှုများပြုလုပ်နိုင်ရန် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်ဟော်ကီအသင်းများသည် ဆီးဂိမ်းပြိုင်ပွဲမတိုင်မီ ပြည်ပနိုင်ငံများ၌ ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်မည်ဖြစ်ပြီး အမျိုးသားအသင်းမှာ မလေးရှားနိုင်ငံတွင် လည်းကောင်း၊ အမျိုးသမီးအသင်းမှာ ထိုင်းနိုင်ငံတွင်လည်းကောင်း တစ်လကြာလေ့ကျင့်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်သည် မလေးရှားနိုင်ငံ၌ကျင်းပမည့် ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန် အချိန်ယူပြင်ဆင်လျက်ရှိကြောင်း သိရသည်။

**ဖိုးသော်ဇင်**

## ပြင်ဆင်ဖတ်ရှုပါရန်

မတ် ၂၈ ရက်ထုတ် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ ၁၆ တွင် ပါရှိသော "ကောလင်းမြို့နယ်၌ မြန်မာနိုင်ငံ၏ တတိယအကြီးဆုံး ကျွန်းပင်ကြီးတွေ့ရှိ" ခေါင်းစဉ်ပါ သတင်းတွင် ရင်စို့လုံးပတ် ပေ ၃၀ ၁၀ လက်မရှိ အစား ၂၃ ပေ ၁၀ လက်မဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

**ကိုမင်း(အင်းတော်)**

## အာရှ ယူ-၁၉ ဘော်လီဘောပြိုင်ပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် မတ် ၂၉**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် ၂၀၁၇ အာရှ ယူ-၁၉ ဘော်လီဘောပြိုင်ပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းမှစ၍ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ၌ ကျင်းပသည်။

ပြိုင်ပွဲဒုတိယနေ့တွင် အိမ်ရှင်မြန်မာအသင်းပွဲစဉ်မပါဝင်ဘဲ အုပ်စု(က)အခြားပွဲတွင် သြစတြေးလျအသင်းက ဟောင်ကောင်အသင်းကို သုံးပွဲပြတ်အနိုင်ရခဲ့သည်။ ထို့ကြောင့် နိုင်ပွဲတစ်ပွဲစီရထားသည့် မြန်မာနှင့် သြစတြေးလျအသင်းတို့မှာ ကွာတားဖိုင်နယ်တက်ရောက်ခဲ့ပြီး ယနေ့ကစားမည့်ပွဲတွင် အုပ်စုပထမနေရာအတွက်သာ ယှဉ်ပြိုင်ရမည် ဖြစ်သည်။

အခြားပွဲစဉ်များတွင် တောင်ကိုရီးယားအသင်းက အီရန်အသင်းကို သုံးပွဲပြတ်၊ ဂျပန်အသင်းက သီရိလင်္ကာအသင်းကို သုံးပွဲပြတ်တို့ဖြင့် အနိုင်ရခဲ့သည်။

ယခုပွဲအပြီးတွင် ကွာတားဖိုင်နယ်တက်ရောက်သည့်အသင်းအများစု ထွက်ပေါ်လာပြီဖြစ်ပြီး မတ် ၃၀ ရက် (**ယနေ့**) ကစားမည့် အုပ်စုနောက်ဆုံးပွဲတွင် ပထမနေရာအတွက်သာ အဓိက ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အုပ်စုတစ်ခုစီမှ အမှတ်အများဆုံးရရှိသည့် ထိပ်ဆုံးနှစ်သင်းစီမှာ ကွာတားဖိုင်နယ်တက်ခွင့်ရမည်ဖြစ်ပြီး ကွာတားပွဲများမကစားမီ အဆင့်သတ်မှတ်ရန် ဒုတိယအဆင့်အုပ်စုပွဲများ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ကျန်အသင်းများမှာ အဆင့် ၉ နေရာမှ ၁၁ နေရာလုပွဲအတွက် ထပ်မံယှဉ်ပြိုင်ရမည်ဖြစ်ကာ အုပ်စု(ဃ)မှ ကာဇက်စတန်အသင်းမှာ ပြိုင်ပွဲနီးမှ ထပ်မံနုတ်ထွက်သွားခဲ့သည်။ ယင်းပြိုင်ပွဲကို ပရိသတ်များ အခမဲ့လာရောက်အားပေးနိုင်ကြောင်း သိရသည်။

**ရဲရင့်ရှိုင်း**

## ယာဉ်အိုယာဉ်ဟောင်းအပ်နှံသည့်ပြေစာ(စလစ်)ဖြင့် တင်သွင်းခွင့်ပြုသည့် မော်တော်ယာဉ်များအား ကနဦးယာဉ်မှတ်ပုံတင်ဆောင်ရွက်ချိန်တွင် One Stop Service(OSS)ဖြင့် ကျသင့်ဝင်ငွေခွန်ကောက်ခံမည့် အစီအစဉ်အား အသိပေးကြေညာချက်

* ယာဉ်အိုယာဉ်ဟောင်းအပ်နှံသည့်ပြေစာ(စလစ်)ဖြင့် တင်သွင်းခွင့်ပြုသည့် မော်တော်ယာဉ်များအား ကျသင့်ဝင်ငွေခွန် ကောက်ခံခြင်းကို ၁-၄-၂၀၁၇ ရက်မှစတင်၍ ကောက်ခံသွားမည်ဖြစ်ပါသည်။
* ယာဉ်အိုယာဉ်ဟောင်းအပ်နှံသည့်ပြေစာ(စလစ်)ဖြင့် တင်သွင်းလာသည့်မော်တော်ယာဉ်များအား ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ၁-၄-၂၀၁၇ ရက်မှစ၍ ကျသင့်ဝင်ငွေခွန်ပေးဆောင်ပြီးကြောင်း အထောက်အထားပါရှိပါမှသာ ကနဦး ယာဉ်မှတ်ပုံတင်ခြင်းလုပ်ငန်းအား ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။
* ကျသင့်ဝင်ငွေခွန်ပေးဆောင်ခြင်းကို အောက်ဖော်ပြပါ ပြည်ပမှမော်တော်ယာဉ်များ တင်သွင်းခြင်းအတွက် အသုံးပြုသည့် ဝင်ငွေအပေါ် ကျသင့်ဝင်ငွေခွန်ကောက်ခံရေးအဖွဲ့ရုံးများတွင် ဆောင်ရွက်နိုင်သည်-
  - အမှတ်(၆၂)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
  - အကွက်အမှတ်(၄၁၇)၊ (၆၅)လမ်း၊ ၂၂×၂၃ လမ်းကြား၊ အနိုပ်တော်ရပ်၊ အောင်မြေသာဇံမြို့နယ်၊ မန္တလေးမြို့။
* မရှင်းလင်းသည့်ကိစ္စရပ်များ၊ အကြံပြုရန်ကိစ္စရပ်များရှိပါက နေပြည်တော်ရှိ အောက်ဖော်ပြပါ ဖုန်းနံပါတ်နှင့် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံးများသို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

ဒုတိယညွှန်ကြားရေးမှူး၊ အခွန်မူဝါဒနှင့် သုတေသနဌာနခွဲ၊ ၀၆၇-၄၃၀၀၀၅

**ပြည်တွင်းအခွန်များဦးစီးဌာန**


## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## ရေနံထွက်ပစ္စည်းများအား မျက်မြင်အခြေအနေအတိုင်း သံကန်ပြွတ်(သံကန်အပြောင်းရှင်း) စနစ်ဖြင့် ရောင်းချနိုင်ရန် တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ အမှတ်(၂)ရေနံချက်စက်ရုံ(ချောက်)မှ သိုလှောင်ကန်များ၏ သက်တမ်းကြာမြင့်လာမှုကြောင့် သံကန်ရှင်းလင်း၍ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အောက်ဖော်ပြပါ ရေနံထွက်ပစ္စည်းများအား မျက်မြင်အခြေအနေအတိုင်း သံကန်ပြွတ်(သံကန်အပြောင်းရှင်း)စနစ်ဖြင့် တင်ဒါခေါ်ယူရောင်းချမည်ဖြစ်၍ အဆိုပြုလွှာ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| (က) | ရေနံစိမ်း(အပျက်) | ၃၀၆၃၅၆ ဂါလန် |
| (ခ) | ရေနံချေး | ၁၄၂၃၈၃၆ ဂါလန် |
| (ဂ) | ဓာတ်ဆီ | ၁၂၃၀၄၉ ဂါလန် |
| (ဃ) | ဖယောင်းစစ်ကျကျန်ရည်(SR) | ၁၅၀၀၀၀ ဂါလန် |
| (င) | စီဂျီအို | ၉၂၉၅၅၄ ဂါလန် |
| (စ) | ဆီပြာ | ၁၄၃၉၅၅၃ ဂါလန် |
| (ဆ) | မီးထိုးဆီ | ၃၆၈၇၃၅ ဂါလန် |
| (ဇ) | ဒီဇယ်ဆီ | ၅၉၇၂၅၆ ဂါလန် |

၂။ ဝယ်ယူလိုသော ရေနံထွက်ပစ္စည်းတစ်မျိုးစီအတွက် သီးခြားအဆိုပြုလွှာ တစ်စောင်စီ တင်သွင်းရမည်။

၃။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** ၃၀-၃-၂၀၁၇

၄။ **တင်ဒါပုံစံရောင်းချမည့်နေရာ** (က) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ရုံးအမှတ်(၄၄)၊ နေပြည်တော်
(ခ) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ အမှတ်-၇(က)၊သန်လျက်စွန်းလမ်း ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

၅။ **တင်ဒါတင်သွင်းရန်နောက်ဆုံးရက်နှင့်အချိန်** ၅-၄-၂၀၁၇ရက် မွန်းတည့် ၁၂နာရီ

၆။ **တင်ဒါဖွင့်ပွဲပြုလုပ်မည့်ရက်၊ အချိန်၊နေရာ** ၅-၄-၂၀၁၇ရက် မွန်းလွဲ ၁နာရီ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်

၇။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ဖုန်း-၀၆၇-၄၁၁၃၄၉ သို့ ရုံးချိန်အတွင်းဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**လေလံတင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**
**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ နေပြည်တော်**



**Holiday** အခြေခံယာဉ်မောင်းစက်ပြင်သင်တန်းကျောင်း
၂၀၁၇ - ဧပြီလ (၃) ရက်နေ့ ဖွင့်မည်
❖ အခြေခံယာဉ်မောင်းစက်ပြင်တစ်လပုံမှန်သင်တန်း
❖ စက်ပြင်အထူးသီးသန့် (၂)လသင်တန်း
(နယ်ဝေးကျောင်းသား / သူများအတွက် နေရေးထိုင်ရေးစီစဉ်ပေးမည်။)
အမှတ် ၄၉ (ခ)၊ သာစည်လမ်း၊ ၁၀ ရပ်ကွက်၊
ထန်းခြောက်ပင်မှတ်တိုင်အနီး၊ ရွှေပြည်သာမြို့နယ်။
၀၉-၄၂၂၂၀၆၁၅၇၊ ၀၉-၄၂၂၂၀၆၁၅၈၊ ၀၉-၃၂၁၈၄၇၈၁

# ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

*ယမန်နေ့မှအဆက်*

၂၀။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ငွေအဝင်နှင့်အထွက်ကို စာရင်းပြုစုရန်အလို့ငှာ ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေစာရင်းတွင်ဖော်ပြရမည်။

၂၁။ (က) ဇယား(၇)နှင့်(၈)တို့တွင် ဖော်ပြထားသည့် ရငွေများနှင့် သုံးငွေများသည် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများက စီမံကိန်းရည်မှန်းချက်များအရ ထမြောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ရည်မှန်းထားသောငွေများဖြစ်သည်။

(ခ) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၇) နှင့် (၈) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့်ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊သုံးငွေများကိုစီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီဆောင်ရွက်ရမည်။

### အခန်း(၂)

### နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့်ပတ်သက်၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ လုပ်ပိုင်ခွင့်များ

၂၂။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် စီးပွားရေးဆန်ဆန် ဆောင်ရွက်ရမည့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများအား သတ်မှတ်ပေးရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းလိုအပ်ချက်အရ အောက်ပါတို့ကို စိစစ်သုံးသပ်၍ ပြောင်းလဲပေးနိုင်သည်-

(၁) ဤဥပဒေ၏ ဇယား(၇)တွင် ဖော်ပြထားသောရငွေများ တိုးခြင်း၊ လျော့ခြင်း၊

(၂) ဤဥပဒေ၏ ဇယား(၈)အရ ခွင့်ပြုထားသော အဖွဲ့အစည်းတစ်ခု၏ သာမန်သုံးငွေနှင့် ငွေလုံးငွေရင်းသုံးငွေတွင် တည်ဆောက်ရေးလုပ်ငန်းများအတွက် မူလခွင့်ပြုငွေအတွင်း အတိုင်းအတာပြောင်းလဲဆောက်လုပ်ခြင်းနှင့် စက်ပစ္စည်းများဝယ်ယူရေးအတွက် မူလခွင့်ပြုငွေအတွင်း အမျိုးအစား၊ အရေအတွက်နှင့်ဈေးနှုန်းများပြောင်းလဲခြင်းများကို သတ်မှတ်ချက်များနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေခြင်း၊

(၃) ဤဥပဒေ၏ ဇယား (၈) အရ ခွင့်ပြုထားသော အဖွဲ့အစည်းတစ်ခု၏ ငွေလုံးငွေရင်းသုံးငွေတွင်အထက်ပုဒ်မခွဲငယ်(၂)ပါပြောင်းလဲသုံးစွဲခြင်းမှအပ လုပ်ငန်း စီမံကိန်းများ ပြောင်းလဲခြင်းမပြုဘဲ မူလလုပ်ငန်းစီမံကိန်းတစ်ခုစီအတွင်း ငွေများပြောင်းလဲသုံးစွဲခြင်း၊

(၄) ဤဥပဒေ၏ ဇယား (၈) အရ ခွင့်ပြုထားသော အဖွဲ့အစည်းတစ်ခု၏ ကြွေးမြီသုံးငွေတွင် ငွေများပြောင်းလဲသုံးစွဲခြင်း၊

(၅) ထိုသို့ရငွေများနှင့်သုံးငွေများ ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၁၇-၂၀၁၈ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်လာသော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင်လည်းကောင်း ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြခြင်း။

(ဂ) သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့် ကြွေးမြီသုံးငွေများကိုအဖွဲ့အစည်းတစ်ခုမှ အခြားအဖွဲ့အစည်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ငွေလုံးငွေရင်းသုံးငွေတွင် အဖွဲ့အစည်းတစ်ခုအတွင်း လုပ်ငန်းစီမံကိန်းတစ်ခုမှ အခြားလုပ်ငန်းစီမံကိန်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုလွှတ်တော်၏အတည်ပြုချက်ဖြင့် ပြောင်းလဲပေးနိုင်သည်။ ထိုသို့ရငွေများနှင့် သုံးငွေများပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၁၇-၂၀၁၈ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်လာသောငွေများပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ဃ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအား လုပ်ငန်းလုပ်ကိုင်ရန်လိုအပ်သည့် လုပ်ငန်းသုံးရင်းနှီးငွေကိုလည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် လိုအပ်သည့်ငွေကိုလည်းကောင်း ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုလွှတ်တော်၏အတည်ပြုချက်ဖြင့် ရယူဆောင်ရွက်ခွင့်ပြုနိုင်သည်။

(င) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများက နိုင်ငံတော်သို့ ထည့်ဝင်ရမည့်ငွေကိုသတ်မှတ်ပေးရမည်။

(စ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများက လုပ်ငန်းလုပ်ကိုင်ရန် လိုအပ်သည့်လုပ်ငန်းသုံးရင်းနှီးငွေကိုလည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် လိုအပ်သည့်ငွေကိုလည်းကောင်း၊ မြန်မာနိုင်ငံတော်ငွေရေးကြေးရေးအဖွဲ့အစည်း များဥပဒေအရ တည်ထောင်ထားသော နိုင်ငံပိုင်ဘဏ်များမှ ချေးယူနိုင်ရန် ငွေပမာဏကို သတ်မှတ်ပေးနိုင်သည်။

(ဆ) ပုဒ်မခွဲ(စ)ပါ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းဆိုသည့် စကားရပ်တွင် မြန်မာနိုင်ငံတော် ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေအရ တည်ထောင်ထားသော နိုင်ငံပိုင်ဘဏ်များနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ မပါဝင်စေရ။

(ဇ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပုဒ်မခွဲ (စ)ပါလုပ်ပိုင်ခွင့်များကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား အပ်နှင်းနိုင်သည်။

### အခန်း(၃)

### နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ဘဏ္ဍာရေးဆိုင်ရာလုပ်ပိုင်ခွင့်များ

၂၃။ (က) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ဇယား (၇) နှင့် (၈) တို့တွင်ဖော်ပြထားသော သက်ဆိုင်ရာတာဝန်ခံပုဂ္ဂိုလ်၏ကြီးကြပ်ကွပ်ကဲမှုဖြင့်မိမိတို့၏လုပ်ငန်းများကို စီမံခန့်ခွဲရမည်။

(ခ) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းလိုအပ်ချက်အရ ဇယား(၇)တွင် ဖော်ပြထားသော ရငွေများတိုးခြင်း၊ လျော့ခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ ဇယား(၈)အရ ခွင့်ပြုထားသော အဖွဲ့အစည်းတစ်ခု၏ သာမန်သုံးငွေနှင့် ငွေလုံးငွေရင်းသုံးငွေတွင်တည်ဆောက်ရေးလုပ်ငန်းများအတွက် မူလခွင့်ပြုငွေအတွင်း အတိုင်းအတာပြောင်းလဲဆောက်လုပ်ခြင်း၊ စက်ပစ္စည်းများဝယ်ယူရေးအတွက် မူလခွင့်ပြုငွေအတွင်း အမျိုးအစား၊ အရေအတွက်နှင့်ဈေးနှုန်းများပြောင်းလဲခြင်းတို့မှလွဲ၍ ငွေလုံးငွေရင်းသုံးငွေတွင် လုပ်ငန်းစီမံကိန်းများ ပြောင်းလဲခြင်းမပြုဘဲ မူလလုပ်ငန်းစီမံကိန်းတစ်ခုစီအတွင်း ငွေများပြောင်းလဲသုံးစွဲခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ ကြွေးမြီသုံးငွေတွင် ငွေများပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း ပြည်ထောင်စုအစိုးရအဖွဲ့သို့တင်ပြ၍ ခွင့်ပြုချက်ရယူပြီး ပြောင်းလဲနိုင်သည်။

(ဂ) သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့် ကြွေးမြီသုံးငွေများကို အစိုးရဌာနအဖွဲ့အစည်းတစ်ခုခုမှ အခြားဌာနအဖွဲ့အစည်းတစ်ခုခုသို့ပြောင်းလဲသုံးစွဲခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ ငွေလုံးငွေရင်းသုံးငွေတွင် အဖွဲ့အစည်းတစ်ခုအတွင်း လုပ်ငန်းစီမံကိန်းတစ်ခုမှ အခြားလုပ်ငန်းစီမံကိန်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြပြီး ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြောင်းလဲနိုင်သည်။

(ဃ) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ပုဒ်မ ၂၂၊ ပုဒ်မခွဲ(စ)အရ ငွေချေးယူလိုလျှင်ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်ပေးသည့် ငွေထက် မကျော်လွန်ဘဲ ချေးယူနိုင်သည်။

### အခန်း(၄)

### ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

၂၄။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအား သတ်မှတ်ပေးရမည်။ ထိုသို့ သတ်မှတ်ပေးခြင်းကို အနီးကပ်ဆုံးကျင်းပသည့် ပြည်ထောင်စုလွှတ်တော်သို့ အကျိုးအကြောင်းဖော်ပြချက်နှင့်အတူ အစီရင်ခံရမည်။

(ခ) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သည့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် စီးပွားရေးဆန်ဆန်ဆောင်ရွက်နိုင်ရေးနှင့် မိမိတို့၏ငွေကြေးအင်အားအပေါ် မိမိတို့ရပ်တည်ဆောင်ရွက်ကြရမည်။

(ဂ) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သောနိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ စုစုပေါင်းငွေအဝင်နှင့်အထွက်ကို စာရင်းပြုစုရန်အလို့ငှာ နိုင်ငံတော်၏ ရသုံးခန့်မှန်းခြေငွေစာရင်းတွင် ဖော်ပြရမည်။

၂၅။ (က) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား(၉) နှင့် (၁၀) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကိုစီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ(က)ပါတာဝန်ခံရသည့်ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသောလုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိလုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများက နိုင်ငံတော်သို့ထည့်ဝင်ရမည့်ငွေကို သတ်မှတ်ပေးရမည်။

၂၆။ (က) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ဇယား(၉) နှင့် (၁၀) တို့တွင် ဖော်ပြထားသော ရငွေများနှင့်သုံးငွေများကို လုပ်ငန်းအရလိုအပ်လျှင် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ပြောင်းလဲပေးနိုင်သည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းများလုပ်ကိုင်ရန် ကနဦးရင်းနှီးမြှုပ်နှံငွေကို သတ်မှတ်ချက်နှင့်အညီ ထည့်ဝင်နိုင်သည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအား လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေများကိုမြန်မာနိုင်ငံတော်ငွေရေးကြေးရေး အဖွဲ့အစည်းများဥပဒေအရ တည်ထောင်ထားသောဘဏ်များမှ သတ်မှတ်ချက်များနှင့်အညီ ချေးယူနိုင်ရန် ငွေပမာဏကိုသတ်မှတ်ပေးနိုင်သည်။

### အပိုင်း ၄

### အရေးပေါ်ရန်ပုံငွေ

၂၇။ (က) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ် ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသည် ဇယား(၄) စာတိုင်(၄)တွင် ဖော်ပြထားသော အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုအစိုးရက မသုံးစွဲလျှင်မဖြစ်သည့် အရေးပေါ်ကိစ္စရပ်အတွက် အသုံးစရိတ်ဖြစ်ပြီး အရအသုံးခန့်မှန်းခြေငွေစာရင်း လျာထားချက်တွင် ပါဝင်ခြင်းမရှိသော အသုံးစရိတ်အတွက်သာလျှင် ဆောင်ရွက်ခွင့်ရှိသည်။

(ခ) အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရသာ ခွင့်ပြုရမည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်းကျိုးကြောင်း ဖော်ပြချက်များနှင့်အတူ အနီးကပ်ဆုံးကျင်းပသော ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တင်ပြရမည်။

### အပိုင်း ၅

### တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ

၂၈။ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့၏ဘဏ္ဍာငွေအပေါ်ရပ်တည်၍ လုပ်ငန်းများကို မိမိတို့၏ ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

၂၉။ (က) တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁၁) နှင့် (၁၂) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ(က)ပါတာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၃၀။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ ဇယား(၁၁)နှင့်(၁၂)တို့တွင်ဖော်ပြထားသောငွေများကို လုပ်ငန်းအရလိုအပ်လျှင်ပြောင်းလဲပေးနိုင်သည်။ ထိုသို့ငွေများ ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့တင်ပြသော ၂၀၁၇-၂၀၁၈ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင်လည်းကောင်း ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် တပ်မြို့စည်ပင်သာယာရေးအဖွဲ့များအား လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကိုထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ရယူဆောင်ရွက်ခွင့်ပြုနိုင်သည်။

၃၁။ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

### အပိုင်း ၆

### နေပြည်တော်ကောင်စီ

၃၂။ နေပြည်တော်ကောင်စီသည် ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကိုဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်၍ရသောရငွေများကို ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေသို့ပေးသွင်း၍ ထုတ်ပေးရန်ရှိသောသုံးငွေများကို ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

*ဆက်လက်ဖော်ပြပါမည်*

*ယမန်နေ့မှအဆက်*

## အခြေခံပညာဦးစီးဌာန၊ ၂၀၁၇ ခုနှစ်၊ ဒသမတန်း ဘက်စုံပညာထူးချွန်သူများစာရင်း

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၁၁၄ | မောင်ကောင်းခန့်ကျော် | အထက(၁)တာမွေ | တာမွေ | အရှေ့ပိုင်း |
| ၁၁၅ | မောင်သန့်ထူးဇင် | အထက(၂)ဒဂုံအရှေ့ | ဒဂုံအရှေ့ | အရှေ့ပိုင်း |
| ၁၁၆ | မရှင်းသန့်ရွှေရည် | အထက(၂)ရန်ကင်း | ရန်ကင်း | အရှေ့ပိုင်း |
| ၁၁၇ | မကေခိုင်စိုး | အထက(၄)တာမွေ | တာမွေ | အရှေ့ပိုင်း |
| ၁၁၈ | မယမင်းသွင် | အထက(၂)ဗိုလ်တထောင် | ဗိုလ်တထောင် | အရှေ့ပိုင်း |
| ၁၁၉ | မောင်သူရမျိုးတင့် | ဂရိတ်လိုက်(ကပက) | မရမ်းကုန်း | အနောက်ပိုင်း |
| ၁၂၀ | မောင်ထက်နေလွင် | အထက(၁)ဒဂုံ | ဒဂုံ | အနောက်ပိုင်း |
| ၁၂၁ | မခိုင်ဇာသွယ်(၂) | အထက(၂)စမ်းချောင်း | စမ်းချောင်း | အနောက်ပိုင်း |
| ၁၂၂ | မစောယုနန္ဒာဝင်း | အထက(၂)ကမာရွတ် | ကမာရွတ် | အနောက်ပိုင်း |
| ၁၂၃ | မောင်ခန့်စည်လွင် | အထက(၂)သန်လျင် | သန်လျင် | တောင်ပိုင်း |
| ၁၂၄ | မောင်သီဟဇော် | အထက(၁)ကျောက်တန်း | ကျောက်တန်း | တောင်ပိုင်း |
| ၁၂၅ | မဆုလဲ့ရည်ဦး | အထက(၂)သန်လျင် | သန်လျင် | တောင်ပိုင်း |
| ၁၂၆ | မဖြိုးဝတ်ရည်မင်း | အထက(၁)ခရမ်း | ခရမ်း | တောင်ပိုင်း |
| ၁၂၇ | မောင်ဟိန်းထက်အောင် | အထက(၂)မင်္ဂလာဒုံ | မင်္ဂလာဒုံ | မြောက်ပိုင်း |
| ၁၂၈ | မောင်ထက်အောင်လင်း | အထက(၃)ရွှေပြည်သာ | ရွှေပြည်သာ | မြောက်ပိုင်း |
| ၁၂၉ | မမေချမ်းမြေ့သူ | အထက(၂)အင်းစိန် | အင်းစိန် | မြောက်ပိုင်း |
| ၁၃၀ | မအေးမွန်ရည် | အထက(၃)မင်္ဂလာဒုံ | မင်္ဂလာဒုံ | မြောက်ပိုင်း |
| ၁၃၁ | မောင်ဟိန်းစျာန် | အထက(၁)တောင်ကြီး | တောင်ကြီး | တောင်ကြီး |
| ၁၃၂ | မဖြိုးစုဟန် | အထက(၁)တောင်ကြီး | တောင်ကြီး | တောင်ကြီး |
| ၁၃၃ | မောင်ကောင်းဇင်ဗိုလ် | အထက(၃)ညောင်ရွှေ | ညောင်ရွှေ | တောင်ကြီး |
| ၁၃၄ | မရွှန်းလဲ့ဝေ | အထက-ဆီဆိုင် | ဆီဆိုင် | တောင်ကြီး |
| ၁၃၅ | စိုင်းစိုင်းအွမ်ခေး | အထက(၁)လွိုင်လင် | လွိုင်လင် | လွိုင်လင် |
| ၁၃၆ | မောင်မင်းသီဟကျော် | အထက-ဝမ်ကန် | မိုင်းရှူး | လွိုင်လင် |
| ၁၃၇ | မသင်းရနံ့အောင် | အထက(၁)လွိုင်လင် | လွိုင်လင် | လွိုင်လင် |
| ၁၃၈ | မထွန်းအိန္ဒြာဇင် | အထက-မိုင်းရှူး | မိုင်းရှူး | လွိုင်လင် |
| ၁၃၉ | စိုင်းစံရွက်ဆိုင် | အထက-လင်းခေး | လင်းခေး | လင်းခေး |
| ၁၄၀ | မကျော့ကေခိုင် | အထက-လင်းခေး | လင်ခေး | လင်းခေး |
| ၁၄၁ | မောင်ရဲသီဟထက် | အထက(ခွဲ)လ-၅၊ လားရှိုး | လားရှိုး | လားရှိုး |
| ၁၄၂ | မောင်ဆမ်းကောင် | အထက-ကွမ်းလုံ | ကွမ်းလုံ | လားရှိုး |
| ၁၄၃ | နန်းမေဦးကံ | အထက(၄)လားရှိုး | လားရှိုး | လားရှိုး |
| ၁၄၄ | နန်းစိန်ညွန့် | အထက(၂) သိန္နီ | သိန္နီ | လားရှိုး |
| ၁၄၅ | မောင်ဇင်မျိုးထက် | အထက-မန်ကျည်းပင် | မိုးမိတ် | ကျောက်မဲ |
| ၁၄၆ | စိုင်းကျော်ကျော်အောင် | အထက(၄)ကျောက်မဲ | ကျောက်မဲ | ကျောက်မဲ |
| ၁၄၇ | မဖြိုးအိစံ | အထက(ခွဲ)လ-မိုးမိတ် | မိုးမိတ် | ကျောက်မဲ |
| ၁၄၈ | မယွန်းနန္ဒာအိမ် | အထက-နောင်ချို | နောင်ချို | ကျောက်မဲ |
| ၁၄၉ | မောင်ဟိန်းဇေယျာဦး | အထက(၃)မူဆယ် | မူဆယ် | မူဆယ် |
| ၁၅၀ | မနန်းနွမ်းခမ်း | ကျေးဇူးကမ္ဘာ(ကပက) | နမ့်ခမ်း | မူဆယ် |
| ၁၅၁ | မောင်ဝင်းထွဋ်လင်း | ရတနာ (ကပက) | ကျိုင်းတုံ | ကျိုင်းတုံ |
| ၁၅၂ | မစံရတနာကျော် | အထက(၃)ကျိုင်းတုံ | ကျိုင်းတုံ | ကျိုင်းတုံ |
| ၁၅၃ | မောင်မြင့်မိုရ်ထွဋ် | ရွှေမဟာ(ကပက) | တာချီလိတ် | မိုင်းဖြတ် |
| ၁၅၄ | မောင်ဝေသက်ဦး | အထက-မိုင်းယောင်း | မိုင်းယောင်း | မိုင်းဖြတ် |
| ၁၅၅ | မအင်ကြင်းခင်ဇော် | အထက-တာချီလိတ် | တာချီလိတ် | မိုင်းဖြတ် |
| ၁၅၆ | မအိကေဇင်ကျော် | အထက-မိုင်းဖြတ် | မိုင်းဖြတ် | မိုင်းဖြတ် |
| ၁၅၇ | မောင်အောင်မင်းခန့် | အထက(၂)ပုသိမ် | ပုသိမ် | ပုသိမ် |
| ၁၅၈ | မောင်ခိုင်ခန့်ဇော် | အထက-ရေကြည် | ရေကြည် | ပုသိမ် |
| ၁၅၉ | မထားယုနွယ် | အထက(၆)ပုသိမ် | ပုသိမ် | ပုသိမ် |
| ၁၆၀ | မအေးချမ်းစိမ့် | အထက-ရေကြည် | ရေကြည် | ပုသိမ် |
| ၁၆၁ | မောင်ဝေယံဖြိုးဦး | အထက-ကြံခင်း | ကြံခင်း | ဟင်္သာတ |
| ၁၆၂ | မောင်ကျော်ခန့်စိုး | အထက-ထူးကြီး | အင်္ဂပူ | ဟင်္သာတ |
| ၁၆၃ | မအေးခန့်ကျော် | အထက-ကြံခင်း | ကြံခင်း | ဟင်္သာတ |
| ၁၆၄ | မခင်ပြည့်စုံ | အထက-ထူးကြီး | အင်္ဂပူ | ဟင်္သာတ |
| ၁၆၅ | မောင်ငြိမ်းချမ်းအောင် | အထက(၁)ဝါးခယ်မ | ဝါးခယ်မ | မြောင်းမြ |
| ၁၆၆ | မခိုင်ဇာနှင်းဝေ | အထက(၁)ဝါးခယ်မ | ဝါးခယ်မ | မြောင်းမြ |
| ၁၆၇ | မောင်အောင်ကောင်းမြတ် | အထက(၁)လပွတ္တာ | လပွတ္တာ | လပွတ္တာ |
| ၁၆၈ | မချမ်းမြေ့သီရိ | အထက(၁)လပွတ္တာ | လပွတ္တာ | လပွတ္တာ |
| ၁၆၉ | မောင်အောင်မြင့်သူ | အထက(၁)ပန်းတနော် | ပန်းတနော် | မအူပင် |
| ၁၇၀ | မနှင်းဝတ်ရည်လင်း | အထက(၁)မအူပင် | မအူပင် | မအူပင် |
| ၁၇၁ | မောင်အောင်ဇင်မင်း | အထက(၁)ဘိုကလေး | ဘိုကလေး | ဖျာပုံ |
| ၁၇၂ | မနှင်းအေးလွင် | အထက(ခွဲ)အလက(၁) | ဖျာပုံ | ဖျာပုံ |
| ၁၇၃ | မောင်ဟိန်းသန့်ဆွေ | အထက(၅)ဇမ္ဗူသီရိ | ဇမ္ဗူသီရိ | ဒက္ခိဏ |
| ၁၇၄ | မအေးအိအိအောင် | အထက(၁)လယ်ဝေး | လယ်ဝေး | ဒက္ခိဏ |
| ၁၇၅ | မောင်စံသာထွဋ် | CAE(ကပက) | ဥတ္တရသီရိ | ဥတ္တရ |
| ၁၇၆ | မငွေချိုးကေဇင် | CAE(ကပက) | ဥတ္တရသီရိ | ဥတ္တရ |

## ရပ်စောက်မြို့နယ်၌ စိမ့်စမ်းရေသွယ်ရေးလုပ်ငန်း လွှဲပြောင်းပေးအပ်ပွဲကျင်းပ

**တောင်ကြီး မတ် ၂၉**

ရပ်စောက်မြို့နယ် မားသဲကျေးရွာအုပ်စု ညောင်ပင်သာကျေးရွာ စိမ့်စမ်းရေသွယ်ရေးလုပ်ငန်း လွှဲပြောင်းပေးအပ်ပွဲကို မတ် ၂၅ ရက်က ညောင်ပင်သာကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်စိုက်ပျိုးရေးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်၊ ညွှန်ကြားရေးမှူး ဦးထွန်းထွန်းဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ စိမ့်စမ်းရေသွယ်ရေးလုပ်ငန်းမှာ ရေထွက်ဦးနှင့် ကျေးရွာ အကွာအဝေး ၄ ဒသမ ၀၇ မိုင်ကို ပင်မရေသွယ်ပိုက်လိုင်းဖြင့် သွယ်တန်းထားပြီး အနိမ့်အမြင့် ကွာခြားမှု ပေ ၁၃၀ ရှိ ကျေးရွာအတွင်း ရေဖြန့်ဝေပိုက်လိုင်း စုစုပေါင်း အရှည် ပေ ၂၂၉၆၀၊ ရေဂါလန် ၂၅၀၀၀ ဆံ့ ရေလှောင်ကန်တစ်ခု၊ ရေဖမ်းကန်တစ်ခု၊ ဖိအားလျှော့ကန်တစ်ခု၊ လေချူဗားကန်နှစ်ခု၊ အနည်ထုတ်ကန်နှစ်ခုနှင့် ရေဝေတိုင် ၄၆ ခုနှင့် တည်ဆောက်ထားပြီး ဒေသခံကျေးလက် လူဦးရေ ၂၇၅၀ အတွက် သန့်ရှင်းသောသောက်သုံးရေရရှိ၍ အကျိုးခံစားနိုင်မည်ဖြစ်ကြောင်း ပြည်နယ်ဝန်ကြီးချုပ်က ပြောကြားသည်။

ဆက်လက်၍ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ရေအရင်းအမြစ် ပြည်နယ်တာဝန်ခံ ဦးမောင်မောင်လွင်က စိမ့်စမ်းရေသွယ်လုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် သက်ဆိုင်ရာတာဝန်ရှိသူများသည် ညောင်ပင်သာကျေးရွာမှ ကျိုင်းခမ်းတမံ တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုကာ ရှင်းလင်းဆောင်ခန်းမ၌ ဇော်ဂျီတမံနှင့်ပတ်သက်၍ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ရှင်းလင်းခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**



## ဖရဲဈေးကွက်မတည်ငြိမ်၍ စိုက်ပျိုးသူများ ရောင်းဝယ်သူများ အရှုံးနှင့်ရင်ဆိုင်နေရ

**မိုးမောက် မတ် ၂၉**

ကချင်ပြည်နယ် မိုးမောက်မြို့နယ် လွယ်ဂျယ်မြို့၌ ဖရဲသီးဈေးကွက် မတည်ငြိမ်၍ ဖရဲစိုက်တောင်သူများ၊ အရောင်းအဝယ်လုပ်ကိုင်သူများ အရှုံးနှင့်ရင်ဆိုင်နေရကြောင်း သိရသည်။

"လွန်ခဲ့တဲ့ ၁၀ ရက်ခန့်က ဖရဲသီးကားတစ်စီးကို ယွမ်ငွေ ၃၀၀၀၀ အထိ ရောင်းရတယ်။ နောက်တစ်ရက် ညနေမှာ ယွမ်ငွေ ၂၈၀၀၀၊ နောက်တစ်နေ့မှာ ယွမ် ၁၅၀၀၀ ဈေးဖြစ်သွားတယ်။ ဈေးကောင်းရတယ်ဆိုပြီး ထီးချိုင့်၊ ကသာ ဒေသဘက်မှ ဖရဲသီးစက်လှေများ ဗန်းမော်သို့ ထွက်ခွာလာကြပြီး ဗန်းမော်မှ လွယ်ဂျယ်သို့ ကားဖြင့် သယ်ယူရောင်းချကြတဲ့အခါ ဖရဲကားတစ်စီးကို ယွမ်ငွေ ၁၅၀၀၀ အောက်ပဲ ရကြတယ်။ မတ် ၂၅ ရက် ဈေးနှုန်းမှာ ယွမ်ငွေ ၁၀၁၀၀၊ ၁၂၀၀၀ဖြစ်တယ်။ ကားတစ်စီးကို ငွေကျပ် ၈၉၀၀၀ ပေးသွင်းရတယ်။ ဖရဲစက်လှေတွေ တပ်ကလေးဆိပ်ကမ်းမှာ ဆိုက်ကပ်ရပ်နားထားပြီး ဈေးအတက်စောင့်နေကြတာလည်းရှိတယ်။ လွယ်ဂျယ်ကို စိုက်ပျိုးသူတွေ ကိုယ်တိုင်ကားငှားပြီး တက်သူတွေလည်းရှိတယ်။ တပ်ကလေးဆိပ်ကမ်းမှာ ဒေသပေါက်ဈေးနဲ့ ရောင်းချသူတွေလည်းရှိတယ်။ လွယ်ဂျယ်အထိသွားရောက်ရောင်းချသော်လည်း ဖရဲသီးကားတစ်စီး ယွမ်ငွေ ၄၀၀၀၊ ၅၀၀၀ လောက်ရတဲ့သူလည်းရှိတယ်။ ကားခပေးဖို့ ငွေမလောက်လို့ အိမ်ကိုပြန်ပြီး မှာကြရတဲ့သူတွေလည်းရှိတယ်။ ဖရဲဈေးနှုန်းတည်ငြိမ်မှုမရှိတော့ ဖရဲစိုက်ပျိုးတောင်သူတွေ၊ အရောင်းအဝယ်လုပ်ကိုင်သူတွေမှာ လောလောဆယ် အရှုံးနှင့်ရင်ဆိုင်နေရတယ်"ဟု တပ်ကလေးဆိပ်ကမ်းတွင် Seven Force ဖရဲရောင်းဝယ်ရေးလုပ်ငန်း မန်နေဂျာတစ်ဦးက ပြောသည်။

**ဆီမီးခုံ-နန်းရီ**

## မှုခင်းအသိပညာပေးလုပ်ငန်းများ ကျိုက်မရောမြို့နယ်၌ ဆောင်ရွက်

**ကျိုက်မရော မတ် ၂၉**

ကျိုက်မရောမြို့နယ် ဘာဘူကုန်းကျေးရွာ ရွာလယ်ပိုင်း လမ်းဆုံ၌ မတ် ၂၇ ရက်က မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဘိုဘိုဦး၏ ဦးဆောင်မှုဖြင့် မော်လမြိုင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကျော်စိုးနှင့်အဖွဲ့သည် မှုခင်းအသိပညာပေးခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် ပြည်နယ် ရဲအကူတပ်ဖွဲ့ခွဲမှ ဒုတိယရဲမှူးကိုကိုကြီးနှင့်အဖွဲ့သည် မှုခင်းပညာပေးပြန်းယာဉ်ဖြင့် မှုခင်းအသိပညာပေးဗီဒီယိုဇာတ်လမ်းများပြသခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ သက်ငယ်မုဒိမ်းပပျောက်ရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အသိပညာပေးဟောပြောခြင်းနှင့် မှုခင်းအသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေခြင်းများပြုလုပ်ခဲ့ရာ ကျေးရွာသူကျေးရွာသား ၁၁၅ ဦးခန့် လာရောက်လေ့လာခဲ့ကြကြောင်း သိရသည်။

**မင်းနန္ဒ**

# သိကြားမကယ်နိုင်သော နှလုံးရောဂါ

## ကြည်လွင်မြင့်(မုံရွာ)



မကြာသေးမီက ပုဂ္ဂလိကသတင်းစာတစ်စောင်တွင် ဆောင်းပါးကောင်းတစ်ပုဒ်ကို ဖတ်လိုက်ရသည်။ နိုင်ငံခြားသတင်းစာကြီးတစ်စောင်မှ ဆောင်းပါးတစ်ပုဒ်ကို ဘာသာပြန်အမှီပြုပြီး ရေးသားထားသော နိုင်ငံရေးဆောင်းပါးဖြစ်သည်။ နိုင်ငံရေးဆောင်းပါးဖြစ်သော်လည်း "ကျန်းမာရေးပညာပေး" လောကကို သက်ရောက်မှုရှိနေသည်။

ထိုဆောင်းပါးပါ အကြောင်းအရာမှာ "သကြားလော်ဘီ" (Sugar Lobby) ဟု ဖြစ်သည်။ ဗြိတိန်နိုင်ငံ အခြေစိုက် The Gurdian သတင်းစာမှ ဖော်ပြထားသော သတင်းဆောင်းပါးကို ကိုးကားထားသည်။ သတင်းအဆိုအရ ၁၉၆၀ ပြည့်လွန်နှစ်များတွင် ပြုလုပ်ခဲ့သော ဆေးပညာသုတေသနလုပ်ငန်းအချို့ကို ထုတ်ပြန်သည့် သတင်းအချက်အလက်အဖြေတွေဟာ မှားယွင်းနေပါသတဲ့။ နှလုံးသွေးကြောကျဉ်းရောဂါ (Coronary Heart Disease ) ကို ဖြစ်ပွားစေတဲ့အကြောင်းအရင်းကို ဆန်းစစ်ကြသည့်အခါ အစားအသောက်များတွင်ပါသည့် အဆီဓာတ် (Dietary Fat) များကိုသာ အပြစ်ပုံချခဲ့ပြီး သကြားကြောင့် ရောဂါဖြစ်ပွားရသည်ဆိုတာကို ဖော့ပြီး အဖြေထုတ်ပြန်ခဲ့တယ်လို့ဆိုပါသည်။

လော်ဘီဆိုသည်မှာ နိုင်ငံရေးတွင် စီးပွားရေးသမားများက အကျိုးအမြတ်အတွက် ငွေကြေးနှင့် ဝင်ပေါင်းပြီး အမြတ်ထုတ်သည်ကို ဆိုသည်။ "လော်ဘီလုပ်သည်" ဟု ပြောဆိုသုံးနှုန်းကြသည်။

သကြားလော်ဘီဆိုသဖြင့် ထိုဆောင်းပါးမှာ အထူးအဆန်းဖြစ်နေ၍ ဖတ်ကြည့်သောအခါ . . . တစ်ချိန်က နှလုံးသွေးကြောကျဉ်းရောဂါကို ကမ္ဘာ့လူသတ်သမားရောဂါအဖြစ် သုတေသနပြုသည့် ဆရာဝန်ကြီးများပါဝင်သည့် အဖွဲ့ကြီးပေါ်ပေါက်ခဲ့သည်။ နှလုံးသွေးကြောကျဉ်းရောဂါဖြစ်စေနိုင်သည့် အချက်များကို လူထုအားထုတ်ပြန်ဖို့ နှစ်ချီအချိန်ယူ၍ သုတေသနပြုခဲ့သည်။

သုတေသနမှထွက်လာသော အဖြေမှာ အဓိကအဆီကြောင့်၊ အဆီများသော အသားနှင့် ဆီစားသုံးမှု လွန်ကဲခြင်းကြောင့်၊ မသန့်သောဆီများကြောင့် ဆီကြော်မုန့်၊ အာလူးကြော်များ၊ နှစ်ပြန်ကြော်များသည် နှလုံးရောဂါအတွက် ကြောက်စရာအစာများဖြစ်သည်ကို တင်ပြလာသောအခါ တစ်ကမ္ဘာလုံးရှိ ဆရာဝန်ကြီးများက လူနာများအား အဆီလျှော့စားကြဖို့ ညွှန်ကြားကြသည်။ အချို့မှာ အဆီကိုရှောင်ပြီး ဟင်းသီး ဟင်းရွက်ကိုပင် ပြုတ်စားကြသည့် အခြေအနေအထိ ကြောက်လန့်ကုန်ကြသည်။

ယခုနှစ်ပိုင်းတွင်မှ တိုးတက်သော အမြင်ရှိသည့် ဆရာဝန်ငယ်များမှ သတိပေးသံထွက်ပေါ်လာသည်။ သကြားစားသုံးမှုများခြင်းကြောင့် နှလုံးရောဂါ ပို၍ပင်ဖြစ်နိုင်သည်။ အဆီကဲ့သို့ပင် သကြားကို ရှောင်ကြဉ်မှသာ နှလုံးရောဂါအမျိုးမျိုးမှ ကင်းဝေးနိုင်မည်ဟုဆိုသည်။

ဤသို့ဆိုလျှင် သုတေသနပြုသူများသည် အဆီကိုသာ လက်ညှိုးထိုးပြီး သကြားကို ခပ်ဖော့ဖော့သာ ပြောဆိုခဲ့ကြပါသည်။ သကြားကြောင့် နှလုံးရောဂါဖြစ်နိုင်ခြေများကို အထင်အရှား မဖော်ထုတ်ခဲ့ကြပါသနည်း။ ဤတွင် သကြားလော်ဘီ ပြဿနာ ပေါ်ပေါ်လာတော့သည်။

သုတေသနလုပ်ငန်း ဆိုသည်မှာ အလွန်ငွေကြေးအကုန်အကျများသော လုပ်ငန်းဖြစ်သည်။ နှလုံးသွေးကြောကျဉ်းရောဂါ သုတေသနပြုလုပ်ခြင်းအတွက် အလွန်များပြားသော ကုန်ကျ စရိတ်များကို ထိုစဉ်က အပြည်ပြည်ဆိုင်ရာ သကြားထုတ်လုပ်သူများနှင့် သကြားလုံးကုမ္ပဏီတွေက ထောက်ပံ့ခဲ့သည်ဟုဆိုသည်။ အကြောင်းမဲ့ထောက်ပံ့ခြင်းတော့ မဟုတ်တန်ရာ။ နှလုံးရောဂါအတွက် သကြားကို လျှော့စားကြဖို့ သုတေသန Result ထွက်မလာဖို့ ဖာဖာ ထေးထေး ပြောပေးဖို့ဖြစ်သည်။ ထိုအခါ သကြားကို လက်ညှိုး မထိုးတော့ဘဲ နေ့စဉ်စားသုံးနေသည့် ဆီများကို လက်ညှိုးထိုးလိုက်ခြင်းဖြင့် အဆင်ပြေသွားတော့သည်။

သို့သော် အဆီအမျိုးမျိုးကို လျှော့စား ရှောင်စားနေကြပါလျက် နှလုံးသွေးကြောကျဉ်းရောဂါများ လျော့ပါးသွားပါသလားမေးလျှင် မလျော့သွားပါ။ နှလုံးကြောင့် Heart Attac ကြောင့် ဆုံးပါးသွားကြသူများစွာ ရှိနေဆဲဖြစ်ပါသည်။ "သကြား မကယ်နိုင်ပါ"။ သကြားကယ်စေလိုလျှင် သကြားကို လျှော့စားကြဖို့လိုပြီဟု ဆိုချင်ပါသည်။

လွန်ခဲ့သောနှစ်က မိတ်ဆွေနှစ်ဦး နှလုံးရောဂါဖြင့် ညအိပ်နေရင်း သေဆုံးသွားကြသည်။ တစ်ဦးမှာ တောင်တက်စက်ဘီးစီးသမားဖြစ်သဖြင့် ကျန်းမာရေးအလွန်ကောင်းသည်ဟုထင်ရသူဖြစ်ပြီး ရုတ်တရက် နှလုံးရပ်ပြီးဆုံးသွားသည်ဆိုသောအခါ လူတိုင်းမယုံကြည်နိုင်ဖြစ်ရသည်။ မနေ့ကမှ မိတ်ဆွေအပေါင်းအသင်းများနှင့် ရယ်မောပျော်ရွှင်နေသေးသည်။ လေ့ကျင့်ခန်းမှန်မှန်လုပ်နေလျှင် နှလုံးရောဂါ မဖြစ်နိုင်ဟု ယူဆနေခြင်းမှာ မမှန်ကန်သလိုဖြစ်နေသည်။

အခြားတစ်ဦးမှာ မိမိသွားနေကျ ဘုရားတစ်ဆူတွင် စားပွဲခုံတစ်ခု၊ ကြေးစည်တစ်လုံးဖြင့် အလှူခံ ဖြတ်ပိုင်းရေးပေးသူ အသက် ၇၀ ကျော်အရွယ်အဖိုးတစ်ဦးဖြစ်သည်။ သူသည် ဘုရားရိပ်တရားရိပ်တွင် အေးချမ်းစွာနေပြီး ဝါတွင်းရှော၊ ဝါပပါ ဥပုသ်ရက်ရှည်စောင့်သူဖြစ်သည်။ သက်သတ်လွတ်အမြဲစားသူ ဖြစ်သဖြင့် နှလုံးအဆီတိုးပြီး သွေးကြောပိတ်စရာအကြောင်းလည်းမရှိပေ။ သူ၏တစ်ခုတည်းသော ပြစ်ချက်မှာ အားလျှင် ဖက်ဆေးပေါ့လိပ်ကြီးကို မီးညှိပြီးဖွာနေတတ်သည်။ ညနေစာ၊ ညစာမစား။ ဆေးလိပ်သာလျှင် သူ၏အဖော်ဖြစ်သည်။

ဖြစ်ပုံက ထိုနေ့ညနေက မိုးသည်းထန်စွာရွာသဖြင့် ဘုရားအပြင်ဘက်လမ်းမပေါ်တွင် ရေများလျှံနေသည်။ သူက အိမ်မပြန်တော့ဘဲ ဘုရားတွင်ပင် အိပ်လိုက်သည်။ သူ၏ အလှူခံစားပွဲအောက်ရှိ တမံသလင်းတွင်ပင် နီးကြောဖျာကြမ်းတစ်ချပ်ခင်းပြီး ကတ်ထူစာအုပ်သုံးအုပ်ကို ခေါင်းအုံးကာ အိပ်လိုက်သည်။ လူကြီးဖြစ်၍ ကောင်းစွာအိပ်ပျော်ပုံမရ၊ ဆေးပေါ့လိပ် ဖက်ဆေးလိပ်အကြီး တစ်လိပ်နီးပါးကုန်အောင် အိပ်ရင်းဖွာနေပုံရသည်။ နံနက်လင်းပိုင်းရောက်မှ အိပ်ပျော်သွားပုံရပါသည်။ သို့သော် သူ၏အိပ်ပျော်ခြင်းမှာ မနိုးသောအိပ်ခြင်းဖြစ်သည်။ နံနက်လင်း၍ ဘုရားလူကြီးအချို့ရောက်လာတော့ပင် သူ့ကို ကောင်းစွာ အိပ်ပျော်နေသည်ထင်၍ မနှိုးကြ။ အာရုံဆွမ်းကပ်သူများပြန်သွားကြပြီး နံနက် ၆ နာရီခွဲကျော်မှ သူ့ကို လှုပ်နှိုးကြသည်။ တောင့်ပင် တောင့်နေပြီ။ မလှုပ်တော့။ ယနေ့မှစ၍ အလှူခံဖြတ်ပိုင်းရေးသည့်နေရာတွင် အလှူရှင်တွက် သာခုခေါ်ပြီး ကြေးစည်လေးတီးနေသည့် ထိုအဘကို မတွေ့ရတော့ပြီ။ သောက်၍ မကုန်သေးသော ဖက်ဆေးလိပ်အတိုလေးမှာကား ပြာခွက်အတွင်းတွင် ကျန်ခဲ့သည်။

နှလုံးရောဂါသည် အဆီအအိမ့်စားပြီး အငြိမ်းစားနေသူများ၏ ရောဂါဖြစ်သည်ဟု ဆိုသော်လည်း ပြင်းထန်သော လေ့ကျင့်ခန်းလုပ်ခြင်းကိုလည်း မကြိုက်ပေ။ သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှု၊ မီးခိုး၊ ဓာတ်ဆီ၊ ဒီဇယ်ဆီလောင်ကျွမ်းပြီး ထွက်လာသည့်ကားအိတ်ဇောမှ အငွေ့များကြောင့်လည်း နှလုံးသွေးကြောကျဉ်းရောဂါဖြစ်နိုင်သည်။ ဆေးလိပ်၊ ဆေးပေါ့လိပ်သောက်သူများလည်း နှလုံးသွေးကြောကျဉ်း ရောဂါဖြစ်နိုင်သည်။ အထူးသဖြင့် အစာမရှိချိန်နှင့် ညအိပ်ရာဝင်ချိန်တွင် ဆေးလိပ်သောက်သူများသည် နှလုံးအမောဖောက်ရောဂါဖြင့် သေဆုံးလေ့ရှိသည်ဟုဆိုသည်။ ဆေးလိပ်အငွေ့ကို တစ်ဆင့်ခံရှူရှိုက်မိသူများတွင်ပင် နှစ်ကြာလျှင် နှလုံးရောဂါရနိုင်သည်ဟုဆိုသည်။

ဈေးချိုတော်တွင် ဆိုင်ထွက်သော မိတ်ဆွေတစ်ဦးမှာ ရင်ကျပ်နှင့်နှလုံးရောဂါ စတင်ဝင်ရောက်လာသဖြင့် အထူးကုဆရာဝန်ကြီးနှင့်ပြပြီး ကုသနေရသည်။ သူသည် အသက် ၅၀ ကျော်သာရှိသေးသည်။ သူ၏ပြစ်ချက်ကို လေ့လာဆန်းစစ်ကြည့်သောအခါ သူ၏ဆိုင်ခန်းမှာ ထောင့်ကျပြီး အလင်းရောင်အဝင်နည်းကာ ခြင်ကိုက်သဖြင့် ခြင်ဆေးခွေနှစ်ခွေကို အမြဲထွန်းထားသည်။ ထိုခြင်ဆေးအငွေ့များကို တစ်နှစ်လုံးရှူရှိုက်ပြီးနောက် သူ့တွင် ရင်ကျပ်အမောရောဂါရလာခြင်းဖြစ်သည်။ ယခုအခါ သူသည် နှလုံးဆရာဝန်၏ အကြံပေးချက်အရ နံနက်တိုင်း ကျုံးနံဘေးတွင် လမ်းလျှောက်ပြီး လေ့ကျင့်ခန်းလုပ်နေသည်ကိုတွေ့ရသည်။ သူ၏ဖြစ်ရပ်ကိုကြည့်ပြီး ခြင်ဆေးခွေထွန်းသူများကို အသိပညာပေးဖို့လိုအပ်ကြောင်းတွေ့ရပေသည်။

တရုတ်ပြည်မှဝင်လာသော ခြင်ဆေးခွေတစ်မျိုးတွင် ပိုးသတ်ဆေးအဆိပ်များ လိုအပ်သည်ထက်ပို၍ ပါဝင်နေသဖြင့် အငွေ့ရှူရှိုက်မိသူလူအများအတွက် အန္တရာယ်ရှိနိုင်ကြောင်း ထိုနှစ်က ကြေညာခဲ့သည်။ သို့သော် အရပ်ထဲရှိအိမ်ဆိုင်များတွင် တိုးတိုးတိတ်တိတ် ဆက်လက်ရောင်းချနေဆဲဖြစ်ကြောင်း တွေ့ရသည်။ "ဒီမှာရှိတဲ့ခြင်ဆေးတွေက ရိုးသွားပြီ။ ခြင်တွေက မကြောက်တော့ဘူး။ ဒီတရုတ်ခြင်ဆေးကမှ ခြင်သေတာ။ ဖြတ်ပြေးတာနဲ့သေတာပဲ။ ဈေးကလည်း သက်သာတယ်၊ ဒါကြောင့် ရောင်းရတယ်။ ဝယ်သူတွေက ဒါပဲမေးကြတယ်" ဟု ပြောသံကြားရပါသည်။ တတ်ကျွမ်းနားလည်သူ ပညာရှင်များက ကျန်းမာရေးကို ထိခိုက်နိုင်သဖြင့် သတိပေးသည်ကို သတိမမူကြ။ ခြင်ပြေးသည့်အကျိုးကိုသာ ကြည့်ဝယ်ကြသည်ကိုတွေ့ရသည်။ လူထုကို အသိပညာပေးရသောအလုပ်သည် လက်တွေ့အကျိုးနှင့်ယှဉ်လာလျှင် အလွန်ခက်ခဲမှုများရှိကြောင်းတွေ့ရ ပါသည်။ လူ့ခန္ဓာကိုယ်တွင်ရှိသော အင်္ဂါအစိတ်အပိုင်းများသည် အိပ်စက်ချိန်တွင်အနားရကြသော်လည်း လုံးဝအနားမရဘဲ သေသည်အထိ အလုပ်လုပ်သွားရသော အင်္ဂါမှာ နှလုံးကြွက်သားများပင်ဖြစ်သည်။ ကြွက်သားများဖြင့် ညှစ်ခြင်း၊ ကျုံ့ခြင်း၊ ပွခြင်းအလုပ်များကို စက္ကန့်မလပ်လုပ်ဆောင်ရင်း ခန္ဓာကိုယ်အနှံ့အပြားသို့ သွေးများရောက်အောင်ပို့ဆောင်ပေးနေသည်။ ခန္ဓာကိုယ် အစွန်အဖျားမှ ဟောင်းညစ်သွားသောသွေးများကို သွေးပြန်ကြောများမှတစ်ဆင့် ပြန်လည်သိမ်းဆည်းရသည်။ အမှတ်မထင်ပြုမူမိသောအမှားတစ်ခုကြောင့် နှလုံးရောဂါဖြစ်ပြီး မမျှော်လင့်ဘဲ နှလုံးတိုက်ခိုက်မှုခံရကာ သေဆုံးနိုင်သည်ကို သတိပြုကြဖို့လိုသည်။ သင့်တင့်သောလေ့ကျင့်ခန်း မလုပ်ခြင်း၊ လေ့ကျင့်ခန်းလုပ်မှု လွန်ကဲခြင်း၊ သဘာဝပတ်ဝန်းကျင် ညစ်ညမ်းခြင်း၊ ဆေးလိပ်သောက်ခြင်း၊ ဓာတုဗေဒပစ္စည်း အငွေ့အသက်များရှူရှိုက်မိခြင်းတို့ကို အထူးသတိပြုကြစေလိုသည်။

ဆေးလိပ်သောက်သုံးသူများသည် အသက် ၄၀ ကျော်လာလျှင် နှလုံးအင်အားကျဆင်းလာချိန်ဖြစ်သဖြင့် ဆေးလိပ်ဖြတ်သင့်သည်။ ဆေးလိပ်သောက်ခြင်းကြောင့် နှလုံးသွေးကြောများ ကျဉ်းရုံသာမက တစ်ကိုယ်လုံးရှိ သွေးကြောများပါ မာဆတ်တောင့်တင်းသွားသည်ဟုဆိုသည်။ အထူးသဖြင့် ခြေဖျားလက်ဖျား အစွန်အဖျားရှိ သွေးကြော ကလေးများ သွေးမရောက်ဖြစ်ကာ ဖြတ်ပစ်ရသူများပင်ရှိသည်။ heart attack (နှလုံးတိုက်ခိုက်မှု) ခံရသူအတော်များများမှာ ငယ်စဉ်ကပင် ဆေးလိပ်သောက်ခဲ့သူများ ဖြစ်သည်ကို လေ့လာတွေ့ရှိရသည်။ ဆေးလိပ်ဖြတ်ခြင်းသည် နောက်ကျသည်ဟူ၍ မရှိပေ။ ဆေးလိပ်မသောက်ဘဲ ဖြတ်ထားပြီး လေးနာရီကြာလျှင်ပင် သွေးကြောများပြန်လည်ပျော့ပျောင်းလာသည်ဟု ဆိုသည်။ ဆေးလိပ်ဖြတ်ပြီး တစ်နှစ်ခန့်ကြာသောအခါ နှလုံးသွေးကြောမကြီးများပင် ပြန်လည်ပျော့ပျောင်း၍ အင်အားကောင်းလာသည်ဟုဆိုသည်။ ဆေးလိပ်ဖြတ်ခြင်းဖြင့် ရုတ်တရက် နှလုံးတိုက်ခိုက်ခံရခြင်း၊ ရုတ်တရက် သေဆုံးခြင်း၊ အိပ်ပျော်နေရင်း သေဆုံးခြင်း စသောနှလုံးရပ်၍သေဆုံးရခြင်း ဘေးအန္တရာယ်မှ လွတ်ကင်းနိုင်ပေသည်။

နှလုံးရောဂါ ဘာကြောင့်ဖြစ်သနည်းဟုမေးလျှင် ဆေးပညာရှုထောင့်မှအကြောင်းများစွာရှိသည်။ နှလုံးကြွက်သားများ၊ သွေးလှည့်အဖွဲ့၊ နှလုံးသွေးကြောကျဉ်းခြင်း၊ ပိတ်ခြင်း၊ နှလုံးအခင်များ မာတောင့်ခြင်း၊ နှလုံးဦးခန်း မပိတ်သည့်ရောဂါ၊ နှလုံးမွေးရာပါအပေါက်မပါခြင်း၊ နှလုံးခုန်ကြိမ် မမှန်ကန်ခြင်း၊ ခုန်သော အလုပ်ကို စည်းဝါးညီအောင်မလုပ်ခြင်း၊ လေးဘက်နာပိုးကြောင့် နှလုံးရှိအခင်များပျက်စီးခြင်း၊ နှလုံးရောင်ခြင်း၊ နှလုံးကြီးခြင်း၊ နှလုံးပွခြင်း စသည့်ရောဂါများစွာရှိသည်။

နှလုံးရောဂါမဖြစ်စေရန် ဆင်ခြင်သင့်သည်များမှာ

(၁) ဆေးလိပ်မသောက်ပါနှင့်။ သောက်သုံးနေသူ များ၏ အငွေ့ကိုပင်ရှောင်ပါ။

(၂) အလွန်ပင်ပန်းသောလေ့ကျင့်ခန်းများ မလုပ်သင့်ပါ။

(၃) အချိုနှင့်အဆီအအိမ့် အလွန်အကဲမစားပါနှင့်။ သကြားလျှော့စားပါ။

(၄) စိတ်ပင်ပန်းမှုနှင့် အိပ်ရေးပျက်သောအလုပ်များကို ရှောင်ရှားပါ။

(၅) သန့်ရှင်းမှုမရှိ၊ လေကောင်းလေသန့်မရသောနေရာများတွင် နေထိုင်ခြင်း၊ အလုပ်လုပ်ခြင်းမှ တတ်နိုင်သမျှရှောင်ကြဉ်ပါ။

ကံ၊ စိတ်၊ ဥတု၊ အာဟာရကြောင့် အကြောင်းများစွာရှိသည်မှာ မှန်သော်လည်း မိမိနှင့်အနီးစပ်ဆုံး၊ အနေအထိုင် အစားအသောက်ဆင်ခြင်စရာအချို့ကို ဆင်ခြင်နေထိုင်လျှင် မဖြစ်သင့်သောနှလုံးရောဂါကို မဖြစ်ရလေအောင် ကြိုတင်ကာကွယ်ရာရောက်ပေသည်။ ခက်ခက်ခဲခဲမဟုတ်ဘဲ လွယ်ကူစွာ သတိပြု ဆင်ခြင်နိုင်မည့် အကြောင်းအရာများကို ဆင်ခြင်စားသောက်နေထိုင်ပြုမူသဖြင့် နှလုံးရောဂါဒဏ် ခံစားရခြင်း၊ ရုတ်တရက်နှလုံးတိုက်ခိုက်ခံရခြင်း၊ heart attack ဖြင့် အသက်ဆုံးရှုံးရခြင်းများ မဖြစ်ရလေအောင် ဆင်ခြင်နိုင်ကြောင်း တင်ပြရေးသားလိုက်ရပေသည်။

---

## တပေါင်း၊ တန်ခူးအလှူရာသီ၌ ဆင်နှင့် မြင်းအငှားလိုက်သူများ အဆင်ပြေလျက်ရှိ

**တောင်ငူ မတ် ၂၉**

မြန်မာမှုရိုးရာ ရှင်ပြုအလှူပွဲများအား တပေါင်းလနှင့် တန်ခူးလများတွင် အများဆုံးကျင်းပလျက်ရှိရာ ငွေကြေးတတ်နိုင်သော အလှူရှင်များက ဆင်စီး၍မြင်းရံ ဆိုသည့်အတိုင်း ဆင်နှင့်မြင်းများကိုငှားရမ်းကာ အလှူဝတ်ဆံလှည့်လှည်ကြသည့်အတွက် ဆင်နှင့် မြင်းအငှားလိုက်သူများ ဝင်ငွေကောင်းမွန်လျက်ရှိသည်။

တောင်ငူမြို့တွင် မတ် ၂၈ ရက်က လှည့်လှည်သော အလှူဝတ်ဆံလှည့်ပွဲတွင် ဆင်၊ မြင်း၊ ရွှေလှည်းယာဉ်များအပြင် ရှေးမူနန်းဟန် ဝတ်စားဆင်ယင်မှုများ ပါဝင်ခဲ့၍ လာရောက်ကြည့်ရှုသူများပြားခဲ့သည်။ "ဒီအချိန်ဆိုရင် မြင်းအငှားလိုက်ရတာ လက်မလည်အောင်ပါပဲ။ အဖွဲ့လိုက်ချိတ်ထားကြရတာ၊ ရှင်လောင်းအရေအတွက်ပေါ်မူတည်ပြီး မြင်းကိုစဉ်ရပါတယ်။ တချို့အလှူတွေဆို မောင်ရှင်လောင်းအလွန်များရင် အခြားမြို့နယ်တွေအထိလိုက်ချိတ်ရတာတွေလည်းရှိတယ်" ဟု မြင်းအငှားလိုက်သူတစ်ဦးကပြောသည်။ အလှူပွဲချိန်၌ ဆင်တစ်ကောင်ငွေကျပ် ခုနစ်သိန်းခွဲ၊ မြင်းတစ်ကောင် ငွေကျပ်သုံးသောင်းခွဲနှင့်ရွှေလှည်းယာဉ်မှာ ငွေကျပ်နှစ်သိန်းပေးရကြောင်း၊ သစ်ထုတ်လုပ်ငန်းများရပ်နားထားသည့် ဆင်ပိုင်ရှင်များနှင့် မြင်းအငှားလိုက်သူများသည် ယခုကဲ့သို့ အလှူပွဲရာသီချိန်ကို အားထားမျှော်လင့်ထားရခြင်းဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# မိုဘိုင်းဖုန်းတွေကို ဉာဏ်နှင့်ယှဉ်ပြီး သုံးစွဲနိုင်ကြစေဖို့

**သိပ္ပံစာရေးဆရာကိုကိုအောင်**

သန်းပေါင်း ၇၀၀၀ ကျော်နေပြီဖြစ်သော ကမ္ဘာ့လူဦးရေ၏ ထက်ဝက်ခန့်ဖြစ်သည့် လူဦးရေသန်းပေါင်း ၃၀၀၀ ကျော်သည် လက်ကိုင်ဖုန်း ခေါ် ဆယ်လူလာမိုဘိုင်းဖုန်းများကို သုံးစွဲလျက်ရှိနေကြသည်။ မိုဘိုင်းဖုန်းသုံးစွဲသူ အများစုတို့မှာ မိုဘိုင်းဖုန်းများ၏ အသုံးဝင်ကျယ်ပြန့်မှုကိုသာ သိရှိထားကြပြီး အဆိုပါ မိုဘိုင်းဖုန်းများကို ကာလကြာရှည်စွာ မဆင်မခြင် သုံးစွဲသွားကြမည်ဆိုလျှင် မည်ရွေ့မည်မျှအတိုင်းအတာအထိ ဘေးထွက်ဆိုးကျိုးများနှင့် ကြုံတွေ့ကြရနိုင်သည်ကိုမူ သိရှိကြခြင်းမရှိပေ။ မိုဘိုင်းဖုန်းသုံးစွဲသူ စုစုပေါင်း၏ တစ်ရာခိုင်နှုန်းအောက်သာရှိသော လူဦးရေပမာဏလောက်ကသာလျှင် မိုဘိုင်းဖုန်းသုံးစွဲခြင်း၏ ရေရှည် ဆိုးကျိုးသက်ရောက်မှုများကို သိရှိထားကြပြီး ကျန်အများစုသော ကမ္ဘာ့ပြည်သူတို့ကမူ မိုဘိုင်းဖုန်းများကို အကြောင်းအမျိုးမျိုးဖြင့် နေ့စဉ် နာရီပေါင်းများစွာကြာအောင် ခုံမင်နှစ်ခြိုက်စွာ သုံးစွဲလျက်ရှိနေကြသည်။

မိုဘိုင်းဖုန်းများသည် ဆက်သွယ်ပြောဆိုမှု အချိန်အတိုင်းအတာ ကြာမြင့်လွန်းမှသာ ဆိုးကျိုးဖြစ်စေနိုင်ပြီး လူမှုကွန်ရက်စာမျက်နှာများ(Facebook)ကြည့်ရှုခြင်း၊ သီချင်းနားထောင်ခြင်း၊ ဂိမ်းကစားခြင်း၊ အင်တာနက်ချိတ်ဆက်ခြင်း၊ Viber ဖြင့် ဆက်သွယ်ခြင်း၊ စာတို(SMS)ပေးပို့ခြင်းစသည့် လုပ်ဆောင်ချက်များက ဆိုးကျိုးမဖြစ်နိုင်ဟု အများစုက ယူဆနေကြသည်။ ထိုကဲ့သို့ ယူဆနေသူများကိုယ်တိုင်ပင် နေ့စဉ် အကြောင်းအမျိုးမျိုးဖြင့် မိုဘိုင်းဖုန်းသုံးစွဲချိန် ကြာမြင့်လာသည်နှင့်အမျှ စိတ်မကြည်လင်ခြင်း၊ ခေါင်းကိုက်ခြင်း၊ အမြင်အာရုံဝေဝါးခြင်း၊ ကိုယ်လက်မအီမသာဖြစ်ခြင်း၊ အကြောင်းအရာတစ်ခုကို စေ့စေ့ငုငု ခွဲခြမ်းစိတ်ဖြာ စဉ်းစားသုံးသပ်နိုင်မှု လျော့ကျသွားခြင်း စသည်တို့ကို ကြုံတွေ့နေကြရလျက်ရှိသည်။

တီထွင်သူ အင်ဂျင်နီယာပညာရှင် မာတင်ကူးပါး၏ ကျေးဇူးကြောင့် ၁၉၇၃ ခုနှစ် ဧပြီ ၃ ရက်က ကမ္ဘာ့ တယ်လီဖုန်းဆက်သွယ်ရေးလောကထဲသို့ ရောက်ရှိလာခဲ့သည့် ဆယ်လူလာ မိုဘိုင်းဖုန်းများက ကမ္ဘာတစ်ဝန်း ကြီးမားသော ပြောင်းလဲတိုးတက်မှုများကို ဖြစ်ပေါ်စေခဲ့သည်။ မိုဘိုင်းဖုန်းများ ပေါ်ပေါက်လာပြီး နောက်ပိုင်း ဆယ်စုနှစ် နှစ်စုမျှ ကြာမြင့်သည့်တိုင် ထုတ်လုပ်မှုကုန်ကျစရိတ် ကြီးမားခြင်းနှင့် ဆက်သွယ်ရေးကွန်ရက်ဖြန့်ကြက်ရာတွင် အတားအဆီးများ ရှိနေခြင်းကြောင့် မိုဘိုင်းဖုန်းသုံးစွဲမှုက သိသိသာသာ မြင့်တက်မလာခဲ့ပေ။ နောက်ပိုင်းတွင်မူ မိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်းများ၏ ထုတ်လုပ်မှုကုန်ကျစရိတ်များကို အထိုက်အလျောက် လျှော့ချလာနိုင်သလို ကွန်ရက်ချိတ်ဆက်မှုနည်းပညာများကလည်း တိုးတက်ပြောင်းလဲလာခဲ့သည့်အတွက် မိုဘိုင်းဆက်သွယ်ရေးကွန်ရက်က ပို၍ ကြီးမားကျယ်ပြန့်လာခဲ့သည်။

ကမ္ဘာ့ဆက်သွယ်ရေးကွန်ရက် ကြီးမားကျယ်ပြန့်လာခြင်းနှင့်အတူ အင်တာနက်ချိတ်ဆက်မှုများ၊ လူမှုကွန်ရက်စာမျက်နှာဖွင့်လှစ်ဆက်သွယ်မှုများ၊ Viber ဖြင့် ဆက်သွယ်ပြောဆိုမှုများ စသည်တို့ကပါ ထပ်ကြပ်မကွာ လိုက်ပါလာကြရာ တစ်ချိန်က အလွန် ကြီးမားကျယ်ပြန့်လွန်းလှသည်ဟု ယူဆခဲ့ကြသည့် ဤမြေကမ္ဘာကြီး မှာ ရွာကြီးတစ်ရွာအသွင်သို့ ပြောင်းလဲသွားတော့သည်။ ရွာလယ်ပိုင်း၌ ဖြစ်ပျက်နေသည်များကို ရွာ၏ အရှေ့ပိုင်း၊ အနောက်ပိုင်း၊ တောင်ပိုင်းနှင့် မြောက်ပိုင်းတို့၌ပါ အချိန်နှင့် တစ်ပြေးညီ သိခွင့်ရနေကြပြီဖြစ်သည်။

မိုဘိုင်းဖုန်းများ ပေါ်ပေါက်ပြီးနောက် သုတေသနပညာရှင်များက မိုဘိုင်းဖုန်းသုံးစွဲခြင်း၏ ရေရှည်အကျိုးဆက်နှင့် ဆိုးကျိုးဖြစ်နိုင်ခြေများကို စူးစမ်းရှာဖွေ ဖော်ထုတ်ခဲ့ကြရာတွင် ဖြစ်ပွားလာနိုင်ဖွယ်ရှိသော ဘေးထွက်ဆိုးကျိုးများကို သိခွင့်ရခဲ့ကြသည့်တိုင် အစောပိုင်းကာလ နှစ်ပေါင်းနှစ်ဆယ်ကျော်အတွင်း၌ ဘေးထွက်ဆိုးကျိုးခံစားရမှုများကို အများအပြား ဖော်ထုတ်နိုင်ခြင်း မရှိခဲ့ကြပေ။ အဘယ်ကြောင့်ဆိုသော် ထိုစဉ်ကာလများက မိုဘိုင်းသုံးစွဲခြင်းသည် တစ်ဦးနှင့်တစ်ဦး ဆက်သွယ်ပြောဆိုရန် သက်သက်သာဖြစ်ခဲ့ပြီး ဖုန်းဆက်ခြင်းနှင့် စာတိုပေးပို့ခြင်းကိုသာ လုပ်ဆောင်နိုင်သေးသည့်အတွက် မိုဘိုင်းဖုန်းနှင့်ထိတွေ့ချိန် နည်းပါးခဲ့သောကြောင့်ဖြစ်သည်။

လွန်ခဲ့သော ဆယ်စုနှစ်တစ်စုကျော် အချိန်ကာလသို့အရောက်တွင်မူ မိုဘိုင်းဆက်သွယ်ရေးစနစ်များက ထူးထူးခြားခြား တိုးတက်ပြောင်းလဲခဲ့ပြီး ဖုန်းဆက်ခြင်းနှင့် စာတိုပေးပို့ခြင်းများအပြင် လုပ်ဆောင်ချက်အများအပြားကိုပါ လုပ်ဆောင်နိုင်စွမ်းရှိလာခဲ့သည်။ လူမှုကွန်ရက်စာမျက်နှာ ဖွင့်လှစ်ခြင်းမှသည် မိုဘိုင်းဖုန်းဖြင့် ကျသင့်ငွေပေးချေခြင်း၊ ငွေစုစာရင်းဖွင့်ကာ ငွေကြေးအထုတ်အသွင်း ပြုလုပ်ခြင်း၊ ငွေလွှဲခြင်းများအထိ လုပ်ဆောင်လာနိုင်ခဲ့သည်။ တစ်နည်းဆိုရသော် မိုဘိုင်းဖုန်းများသည် ကိုယ်ပိုင်ဘဏ်တစ်ခုသဖွယ်ပင် ဖြစ်လာတော့သည်။

ထိုကဲ့သို့ ထွေပြားများမြောင်လှသည့် လုပ်ဆောင်မှုမျိုးစုံကို လုပ်ဆောင်နိုင်စွမ်းရှိလာခြင်းကြောင့် မိုဘိုင်းဖုန်းနှင့် ဖုန်းသုံးစွဲသူတို့ ထိတွေ့ချိန်ကလည်း နေ့စဉ်ဆိုသလို သိသိသာသာ တိုးလာခဲ့သည်။ မိုဘိုင်းဖုန်းနှင့် လူသားတို့၏ ထိတွေ့မှုအချိန်အတိုင်းအတာ ပို၍တိုးလာသည်နှင့်အမျှ ရင်းနှီးကျွမ်းဝင်မှုကလည်း ထဲထဲဝင်ဝင် ဖြစ်လာတော့သည်။ မိုဘိုင်းဖုန်းနှင့်လူသားတို့၏ ထိတွေ့ဆက်ဆံချိန်က တစ်နေ့တခြား တိုးလာခြင်းကြောင့် မိုဘိုင်းဖုန်းသုံးစွဲခြင်း၏ ဘေးထွက်ဆိုးကျိုးများကိုလည်း မျက်ဝါးထင်ထင် တွေ့မြင်လာရတော့သည်။

မိုဘိုင်းဖုန်းများ၏ တည်ဆောက်ထားပုံအရ စက်ဖွင့်ထားချိန်၌ Radiation ခေါ် ဓာတ်ရောင်ခြည်ဖြာထွက်မှုနှစ်မျိုး ဖြစ်ပေါ်သည်။ Radio Frequency Radiation နှင့် Electromagnetic Radiation တို့ ဖြစ်ကြသည်။ အဆိုပါ ဖြာထွက်ဓာတ်ရောင်ခြည်နှစ်မျိုးစလုံးသည် လူနှင့်သတ္တဝါတို့၏ ကျန်းမာရေးကိုထိခိုက်စေပြီး အသက်ရှင်ရပ်တည်မှုအပေါ် ခြိမ်းခြောက်နိုင်သည်အထိ အစွမ်းသတ္တိရှိကြသည်။ ကြွက်များနှင့် စမ်းသပ်ချက်အရ Radio Frequency Radiation နှင့် ထိတွေ့မှုများလွန်းပါက ကင်ဆာဖြစ်စေနိုင်ကြောင်းနှင့် Electromagnatic Radiation နှင့် ထိတွေ့မှုများလွန်းပါက ဦးနှောက်ကို ပျက်စီးစေနိုင်ကြောင်း တွေ့ရှိရသည်။

မိုဘိုင်းဖုန်းဖြင့် ဆက်သွယ်ပြောဆိုသည်ဖြစ်စေ၊ ဖုန်းတွင်ပါဝင်သော အခြားလုပ်ဆောင်ချက်များကို လုပ်ဆောင်သည်ဖြစ်စေ၊ သီချင်းနားထောင်သည်ဖြစ်စေ၊ ဂိမ်းကစားသည်ဖြစ်စေ၊ ဓာတ်ပုံရိုက်သည်ဖြစ်စေ၊ စက်ကိုဖွင့်ထားသရွေ့ ဓာတ်ရောင်ခြည်ဖြာထွက်မှုက အတိုင်းအတာတစ်ရပ်အထိ ရှိနေမည်သာဖြစ်သည်။ ယေဘုယျအားဖြင့် ဖုန်းတစ်ကြိမ်ပြောလျှင် သုံးမိနစ်ထက်မပိုခြင်းနှင့် ဖုန်းဖြင့် လူမှုကွန်ရက်(Facebook)သုံးစွဲခြင်း အပါအဝင် လုပ်ဆောင်ချက်အမျိုးမျိုးကို လုပ်ဆောင်ချိန်မှာ တစ်ဆက်တည်းအားဖြင့် ခြောက်မိနစ်ထက်မပိုခြင်းများသည် ဖြာထွက်ဓာတ်ရောင်ခြည်၏ သက်ရောက်မှုကို နည်းပါးစေသဖြင့် ကျန်းမာ အသက်ရှည်ရေးအတွက် အသင့်လျော်ဆုံးသော အလေ့အကျင့်များဖြစ်ကြသည်။

**အမျိုးသားများအဖို့ မိုဘိုင်းဖုန်းကို ဘောင်းဘီအိတ်အတွင်း ထည့်သွင်းထားဖန်များလာလျှင် သားသမီးမရနိုင်ခြင်းကို ဖြစ်စေနိုင်သလို အမျိုးသမီးများအဖို့ အိပ်ရာပေါ်၌ သို့တည်းမဟုတ် ဆက်တီထိုင်ခုံရှည်များပေါ်၌ ပက်လက် အနေအထားဖြင့် ရင်သားအနီးတစ်ဝိုက်တွင် မိုဘိုင်းဖုန်းကိုထား၍ သုံးစွဲဖန်များလာလျှင် ရင်သားကင်ဆာ ဖြစ်ပွားလာနိုင်သည်။ ထို့အတူ ကိုယ်ဝန်ဆောင်မိခင်လောင်းများ အဖို့လည်း စလင်းဘက်အတွင်း၌ မိုဘိုင်းဖုန်းကို ထည့်သွင်းသယ်ဆောင်သွားခြင်း ကဲ့သို့ ဝမ်းဗိုက်အနီးတစ်ဝိုက် ထားရှိခြင်းမျိုးကို ဆက်၍ဆက်ခါ လုပ်ဆောင်မည် ဆိုလျှင် မွေးဖွားလာမည့် ကလေးငယ်မှာ ဉာဏ်ရည်မမီ ဖြစ်နိုင်ခြေရှိသည်။ မိုဘိုင်းဖုန်းများ၏ ဆိုးကျိုးသက်ရောက်မှု အတိုင်းအဆက ကလေးငယ်များအပေါ်၌ ပို၍ပင် ကြီးမားလှသည်။ အဘယ်ကြောင့်ဆိုသော်. . .**

သို့ရာတွင် ဖုန်းပြောချိန် ကြာမြင့်ခြင်း၊ ဖုန်းတွင်ပါဝင်သော အခြားလုပ်ဆောင်ချက်များကို အသုံးပြုချိန် ကြာမြင့်ခြင်းများကမူ မိမိ၏ အနာဂတ်ကံကြမ္မာကို အဆိုးဘက်ရောက်အောင် မိမိဘာသာ ဖန်တီးနေကြခြင်းပင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် မိုဘိုင်းဖုန်းသုံးစွဲမှုနှင့်ပတ်သက်၍ သိပ္ပံဆိုင်ရာ သုတေသနပြုမှုများစွာတို့က စက်ဖွင့်ထားသောမိုဘိုင်းဖုန်းနှင့် နီးကပ်စွာရှိနေချိန် ကြာရှည်ခြင်းနှင့် အကြောင်းအမျိုးမျိုးဖြင့် ဖုန်းအသုံးပြုချိန် အလွန်ကြာမြင့်ခြင်းများက အနာဂတ်တွင် ကြောက်မက်ဖွယ်ကောင်းသော ဆိုးကျိုးများနှင့် ရင်ဆိုင်ရနိုင်သည်ကို တစ်စတစ်စ ပို၍ဖော်ထုတ်လာနိုင်သောကြောင့် ဖြစ်သည်။

မိုဘိုင်းဖုန်းကို အချိန်ကြာမြင့်စွာသုံးစွဲသည့် ရက်ပေါင်း၊ လပေါင်းများလာမည်ဆိုပါက စိတ်လက်ပေါ့ပါး ကြည်လင်လန်းဆန်းမှုရှိသည့်အချိန် တိုတောင်းသွားခြင်း၊ လွယ်လင့်တကူ ခေါင်းကိုက်တတ်လာခြင်း၊ အိပ်မပျော်ခြင်းနှင့် နှစ်ခြိုက်စွာ အိပ်စက်ရမှုမရှိခြင်းများကို ကြုံတွေ့ကြရနိုင်သည်။ ကားမောင်းနေချိန်၌ မိုဘိုင်းဖုန်းသုံးစွဲလျှင် ယာဉ်မတော်တဆဖြစ်ပွားနိုင်ခြေ သုံးဆတိုးလာနိုင်သည်။ မိုဘိုင်းဖုန်းမျက်နှာပြင်၏ အလင်းစူးရှမှုနှင့် သေးငယ်သောစာလုံးလေးများကို အားစိုက်ကြည့်ရှုရမှုကြောင့် ဖုန်းသုံးစွဲမှု ကာလရှည်ကြာလာသည့်အခါ အမြင်ဝေဝါးခြင်းနှင့် ပကတိမြင်နိုင်စွမ်းအား ကျဆင်းခြင်းတို့ ဖြစ်ပေါ်လာနိုင်သည်။ ဤသည်တို့မှာကား တို့ထိမျက်နှာပြင်(Touch Screen)ဖြင့် တည်ဆောက်ထားသော ခေတ်သစ်မိုဘိုင်းဖုန်းများကို သုံးစွဲချိန် ကြာမြင့်ခြင်းကြောင့် ဖြစ်လာနိုင်ဖွယ်ရှိသော အပေါ်ယံဆိုးကျိုးမျှသာလျှင် ဖြစ်ကြပြီး အနာဂတ် ဘဝတစ်လျှောက်လုံးအတွက် ကြီးမားသော ဆိုးကျိုးများစွာ ရှိသေးသည်ကိုလည်း သတိပြုကြရန် လိုအပ်သည်။

မိုဘိုင်းဖုန်းကို ကြည့်ရှုချိန်ကြာမြင့်လွန်းပြီး ထိုကဲ့သို့ ကာလတာရှည်လာသည့်အခါ မျက်ရည်ခန်းခြောက်ခြင်း(Dry Eyes) နှင့် မျက်ရည်ကျခြင်းများကို ဖြစ်စေနိုင်သည်။ တစ်ရက်လျှင် တစ်နာရီမှ နှစ်နာရီအထိ မိုဘိုင်းဖုန်းဖြင့် ဆက်သွယ်ပြောဆိုသူများသည် နေ့စဉ် ဆယ်မိနစ်မှ မိနစ်နှစ်ဆယ် အချိန်လောက်အထိသာ အသုံးပြုသူထက် အကြားအာရုံချို့ယွင်းနိုင်ခြေ ပိုမိုရှိနေသည်။

အမျိုးသားများအဖို့ မိုဘိုင်းဖုန်းကို ဘောင်းဘီအိတ်အတွင်း ထည့်သွင်းထားဖန်များလာလျှင် သားသမီးမရနိုင်ခြင်းကို ဖြစ်စေနိုင်သလို အမျိုးသမီးများအဖို့ အိပ်ရာပေါ်၌ သို့တည်းမဟုတ် ဆက်တီထိုင်ခုံရှည်များပေါ်၌ ပက်လက်အနေအထားဖြင့် ရင်သားနှင့်အနီးတစ်ဝိုက်တွင် မိုဘိုင်းဖုန်းကိုထား၍ သုံးစွဲဖန်များလာလျှင် ရင်သားကင်ဆာ ဖြစ်ပွားလာနိုင်သည်။ ကိုယ်ဝန်ဆောင်မိခင်လောင်းများအဖို့လည်း စလင်းဘက်အတွင်း၌ မိုဘိုင်းဖုန်းကို ထည့်သွင်းသယ်ဆောင်သွားခြင်းကဲ့သို့သော ဝမ်းဗိုက်အနီးတစ်ဝိုက် ထားရှိခြင်းမျိုးကို ဆက်၍ဆက်ခါ လုပ်ဆောင်မည်ဆိုလျှင် မွေးဖွားလာမည့်ကလေးငယ်မှာ ဉာဏ်ရည်မမီ ဖြစ်နိုင်ခြေရှိသည်။

မိုဘိုင်းဖုန်းပြောသည့်အခါ ဘယ်ဘက်နားဖြင့် နားထောင်သည်ဖြစ်စေ၊ ညာဘက်နားဖြင့် နားထောင်သည်ဖြစ်စေ နားထောင်ချိန် ကြာမြင့်လာသည်နှင့်အမျှ ဦးနှောက်၏ မှတ်ဉာဏ်စနစ်အတွက် လုပ်ဆောင်ပေးနေသည့် Temporal Lobes ကို ထိခိုက်မှုဖြစ်စေကာ တဖြည်းဖြည်း မှတ်ဉာဏ်လျော့ကျလာနိုင်သည်။ မိုဘိုင်းဖုန်းကို အသုံးပြုရာ၌ပင် နေရာအနေအထား မတူညီမှုက အကျိုးသက်ရောက်မှုကို အပြောင်းအလဲများစွာ ဖြစ်စေနိုင်သည်ကိုလည်း သတိပြုကြရန် လိုအပ်သည်။

ကျယ်ဝန်းသောအခန်း၊ ပြန့်ပြူးသောနေရာများ၌ မိုဘိုင်းဖုန်းအသုံးပြုခြင်းထက် ကျဉ်းမြောင်းသောနေရာများ၌ အသုံးပြုခြင်းက ဓာတ်ရောင်ခြည်ဖြာထွက်ခြင်း၏ သက်ရောက်မှုကို ပို၍အားကောင်းစေသည်။ မော်တော်ကားအတွင်း၌ အသုံးပြုခြင်း၊ ဓာတ်လှေကားအတွင်း၌ အသုံးပြုခြင်း၊ ငွေထုတ်စက်(ATM Booth)အတွင်း၌ အသုံးပြုခြင်း စသည်တို့မှာ ဓာတ်ရောင်ခြည်သင့်ရောက်မှုကို ပို၍ခံရနိုင်သော အနေအထားမျိုးများ ဖြစ်ကြသည်။ အလားတူပင် အရပ်အခေါ်အားဖြင့် လိုင်းမမိတမိဟု ပြောဆိုနေကြသော Out of Network Area များ၌ ဖုန်းကို သုံးစွဲလျှင် ဓာတ်ရောင်ခြည် သက်ရောက်အားက ပို၍ပင် ပြင်းထန်လာသည်။

ရက်သတ္တတစ်ပတ်လျှင် ခုနစ်ရက်လုံးလုံး မိုဘိုင်းဖုန်းကို အချိန်ပြည့်နီးပါး သုံးစွဲသူများမှာ စိတ်ဖိစီးခြင်းခံရမှုအဆင့် တစ်နေ့တခြား ပို၍တိုးလာခြင်းကို ခံကြရဖွယ်ရှိနေကြသည်။ အိပ်စက်သည့်အခါ မိုဘိုင်းဖုန်းကို ရင်ဘတ်ပေါ်တင်၍ အိပ်စက်ခြင်း၊ ခေါင်းအုံးအောက်၊ ခေါင်းအုံးဘေးတွင်ထား၍ အိပ်စက်ခြင်းများသည်လည်း ကာလကြာရှည်လာသည့်အခါ မှတ်ဉာဏ် ယုတ်လျော့လာခြင်းနှင့် ကြုံတွေ့ကြရနိုင်သည်။

မိုဘိုင်းဖုန်းများ၏ ဆိုးကျိုးသက်ရောက်မှု အတိုင်းအဆက ကလေးငယ်များအပေါ် ပို၍ပင် ကြီးမားလှသည်။ အဘယ်ကြောင့်ဆိုသော် မိုဘိုင်းဖုန်းများကထုတ်လွှတ်သော Electromagnetic Radiation ကို ကလေးငယ်၏ ဦးနှောက်တစ်ရှူးများက လူကြီး၏ ဦးနှောက်တစ်ရှူးများထက် နှစ်ဆပို၍ စုပ်ယူနိုင်သလို ကလေးငယ်၏ ရိုးတွင်းခြင်ဆီများကလည်း လူကြီး၏ ရိုးတွင်းခြင်ဆီများထက် ဆယ်ဆပို၍ စုပ်ယူနိုင်သောကြောင့်ပင် ဖြစ်သည်။ ကလေးငယ်ကလေးများကို အကြောင်းအမျိုးမျိုးဖြင့် မိုဘိုင်ဖုန်းများ သုံးစွဲစေပါက အတန်းပညာသင်ယူသည့်အခါ ဉာဏ်ရည်နိမ့်ပြီး အများနှင့်မယှဉ်နိုင်သော အနေအထားမျိုးသို့ ရောက်ရှိသွားစေနိုင်သည်။

အထူးသဖြင့် အသက် ၁၂ နှစ်အောက် ကလေးငယ်များကို မည်သည့်အကြောင်းနှင့်မျှ မိုဘိုင်းဖုန်းသုံးစွဲခြင်းကို ခွင့်မပြုသင့်ပေ။ မျက်စိစွေသွားခြင်း၊ သဘာဝမြင်နိုင်စွမ်းအား ကျဆင်းခြင်း၊ မျက်ရည်ခန်းခြောက်ခြင်း၊ မျက်ရည်ကျခြင်း၊ နှစ်ခြိုက်စွာ အိပ်မပျော်ခြင်း စသည်တို့မှသည် ပတ်ဝန်းကျင်နှင့် ကင်းကွာခြင်း၊ အထီးကျန်ဆန်ခြင်း၊ စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှု အားနည်းခြင်း၊ ဉာဏ်ရည်နိမ့်ကျခြင်းများအထိ ဖြစ်စေနိုင်သည်။ မိဘများအဖို့ သားငယ် သမီးငယ်ကလေးများကို အကြောင်းအမျိုးမျိုးဖြင့် မိုဘိုင်းဖုန်းအသုံးပြုစေခြင်းသည် မိမိသားသမီး၏ အနာဂတ်ဘဝကို ရိုက်ချိုးဖျက်ဆီးရာရောက်နေသည်ကို မိဘတိုင်းက ဆင်ခြင်သတိပြုကြရမည်ဖြစ်သည်။

မိုဘိုင်းဖုန်းများကသာ လူတို့၏ကျန်းမာရေးကို ထိခိုက်စေသည်မဟုတ်။ ဆက်သွယ်ရေးတာဝါတိုင်ဟု ပြောဆိုသုံးနှုန်းနေကြသော Mobile Communication Transmitter များကလည်း ကျန်းမာရေးကို ပြင်းထန်စွာ ထိခိုက်စေကြောင်း သုတေသနပြု တွေ့ရှိရသည်။ လေ့လာ သုတေသနပြုချက်တစ်ခုအရ မိုဘိုင်းဖုန်းဆက်သွယ်ရေးတာဝါနှင့်ကပ်လျက် အဆောက်အအုံ၌ နေထိုင်ကြသူများထဲတွင် ကင်ဆာဖြစ်ပွားမှုသုံးခုကို တွေ့ရှိခဲ့သည်။ အခြားသော လေ့လာမှုများစွာကလည်း မိုဘိုင်းဖုန်းဆက်သွယ်ရေးတာဝါမှ မီတာ ၃၀၀ အတွင်း နေထိုင်ကြသူများမှာ Electromagnetic Radiation ကြောင့် ဖြစ်ပွားနိုင်သည့် ရောဂါများကို ခံစားရနိုင်ခြေမြင့်မားကြောင်း ထောက်ပြလျက်ရှိနေကြသည်။

အိန္ဒိယနိုင်ငံ နယူးဒေလီ မြို့သူ မြို့သားများက လူအများစုဝေးရာ နေရာများဖြစ်ကြသည့် စာသင်ကျောင်း၊ ဆေးရုံ စသည်တို့၏ မီတာ ၅၀ အကွာအဝေး အဝန်းအဝိုင်းအတွင်း၌ မိုဘိုင်းဆက်သွယ်ရေး တာဝါများ စိုက်ထူခြင်းမပြုရန် အပြင်းအထန် ကန့်ကွက်နေကြသလို အမေရိကန်ပြည်ထောင်စု၌လည်း မိုဘိုင်းဖုန်းဆက်သွယ်ရေးတာဝါများမှ နှစ်မိုင်အကွာအဝေးအတွင်း၌ နေထိုင်သူများအဖို့ ကျန်းမာရေးပြဿနာများနှင့် ကြုံတွေ့ကြရနိုင်ကြောင်း ထုတ်ပြန်သတိပေးထားသည်။

မိုဘိုင်းဖုန်းများထုတ်လုပ်ရာတွင် အမှတ်တံဆိပ်အမျိုးမျိုးနှင့် စွမ်းရည်အမျိုးမျိုး ကွဲပြားလျက်ရှိနေကြသလို ထိုကဲ့သို့သော မတူကွဲပြားနေသည့် မိုဘိုင်းဖုန်းတို့က ထုတ်လွှတ်နေကြသော ဓာတ်ရောင်ခြည်ပမာဏများကလည်း အမျိုးမျိုးအဖုံဖုံ ကွဲပြားခြားနား ကြသည်။ သို့ရာတွင် မိုဘိုင်းဖုန်းထုတ်လုပ်သူများသည် မိမိတို့၏ထုတ်ကုန် မိုဘိုင်းဖုန်းများက ထုတ်လွှတ်သည့် ဓာတ်ရောင်ခြည်ပမာဏ အတိုင်းအတာကို ရိုက်နှိပ်ဖော်ပြရန် ပျက်ကွက်လျက်ရှိနေကြသည်။ ထိုပမာဏကို သိရှိမှသာလျှင် SAR ဟု အတိုကောက်ခေါ်ဝေါ်သော Specific Absorption Rate ကို တွက်ချက်နိုင်မည်ဖြစ်ပြီး ထိုသို့တွက်ချက်မှုမှ ရရှိလာသော ရလဒ်အရ ဖုန်းသုံးစွဲသူက တစ်ဆက်တည်းသုံးစွဲနိုင်မည့် အချိန်အကန့်အသတ်ကို သိရှိနိုင်မည်ဖြစ်သည်။ ထိုအချိန် အကန့်အသတ်က ဖုန်းသုံးစွဲသူ၏ အနာဂတ်ဘဝ ကျန်းမာရေးအတွက် အလွန်အရေးကြီးသောအချက်ဖြစ်သည်။

မိုဘိုင်းဖုန်းဆက်သွယ်ရေးတာဝါများမှ ထုတ်လွှတ်သော ဓာတ်ရောင်ခြည်ဖြာထွက်မှု ပမာဏများထဲတွင် တစ်စတုရန်းမီတာ ဧရိယာအတွက် ၉ ဒသမ ၂ ဝပ်(9.2 Watt / Square Meter)အထိသည် ကျန်းမာရေးအတွက် လက်သင့်ခံနိုင်သော ပမာဏဖြစ်ကာ ထို့ထက်ပိုများပါက အနီးပတ်ဝန်းကျင်၌ ဆိုးကျိုးများကို ဖြစ်ပေါ်စေနိုင်သည်။ ထို့အတူပင် မိုဘိုင်းဖုန်းများက ထုတ်လွှတ်သော ဓာတ်ရောင်ခြည်များကို လူ့ခန္ဓာကိုယ်က စုပ်ယူသောနှုန်းမှာ ခန္ဓာကိုယ်အလေးချိန် တစ်ကီလိုဂရမ်အတွက် ၁ ဒသမ ၆ ဝပ်(1.6 Watt / Kg)ဖြစ်ပါက အန္တရာယ်ကင်းစွာဖြင့် ထိုဖုန်းကို တစ်ဆက်တည်းအသုံးပြုရမည့် အများဆုံးသော အချိန်အတိုင်းအတာမှာ ခြောက်မိနစ်မျှသာ ဖြစ်သည်။ ခန္ဓာကိုယ်အလေးချိန် တစ်ကီလိုဂရမ်အတွက် စုပ်ယူမှုပမာဏက ထို့ထက်ပိုများလေ တစ်ဆက်တည်းသုံးရမည့် အချိန်က လျော့နည်းသွားလေဖြစ်သည်။

သုံးမိနစ်ထက်ပို၍ ဖုန်းပြောရမည်ဆိုပါက Hand Free Unit ဖြင့် ပြောခြင်း၊ Blutetooth ကိုအသုံးပြု၍ ပြောခြင်း၊ မိုဘိုင်းဖုန်းကို တိုက်ရိုက် အသုံးပြုခြင်းထက် လက်(ပ်)တော့ (Laptop)၊ ကွန်ပျူတာစသည်တို့နှင့် ချိတ်ဆက်ကာ စင်တီမီတာ ၂၀ အကွာမှနေ၍ သုံးစွဲခြင်းတို့သည် မိုဘိုင်းဖုန်းမှ ထုတ်လွှတ်သော ဓာတ်ရောင်ခြည်သင့်ရောက်မှုကို အဆတစ်သောင်းအထိ လျှော့ချနိုင်သည်။ မော်တော်ကားအတွင်းနှင့် ဓာတ်လှေကားအတွင်းကဲ့သို့သောနေရာများ၌ မိုဘိုင်းဖုန်းသုံးစွဲမှုကို အတတ်နိုင်ဆုံး ရှောင်ကြဉ်ခြင်း၊ လိုင်းမမိတမိ အနေအထား၌ အသုံးမပြုဘဲ ကောင်းစွာလိုင်းမိသောနေရာများဆီသို့ ပြောင်းရွှေ့အသုံးပြုခြင်း၊ အိပ်စက်ချိန်တွင် မိုဘိုင်းဖုန်းကို စက်ဖွင့်ထားမည်ဆိုပါက အနည်းဆုံး ခုနစ်ပေအကွာ၌ ထားရှိခြင်း၊ အသုံးပြုရန် မလိုအပ်ပါက စက်ပိတ်ထားခြင်း စသည်တို့သည် ကျန်းမာရေးအတွက် အလွန်ကောင်းသော အလေ့အထများပင်ဖြစ်ကြသည်။

ဘလူးဘယ်ရီသီးများနှင့် အယ်လ်မွန်စေ့များသည် ဓာတ်ရောင်ခြည်သင့်ခြင်းကြောင့် ရရှိလာသော Free Radicals များကို တိုက်ဖျက်ပေးခြင်းဖြင့် ကျန်းမာရေးအတွက် အလွန်ပင် အထောက်အကူပြုနိုင်ကြသည်။ ချယ်ရီသီးများ စားသုံးခြင်း၊ အစိမ်းရင့်ရောင်ရှိသော ဘရိုကိုလီ(Broccoli) စားသုံးခြင်း၊ ပန်းဂေါ်ဖီ(Cauliflower) စားသုံးခြင်း၊ ဂေါ်ဖီထုပ်(Cabbage) စားသုံးခြင်းများသည်လည်း မိုဘိုင်းဖုန်းများက ထုတ်လွှတ်သည့် ဓာတ်ရောင်ခြည်ကြောင့် ဖြစ်ပွားနိုင်ဖွယ်ရှိသော ဆိုးကျိုးများကို လျော့ကျစေနိုင်သည်။

အချုပ်အားဖြင့်ဆိုရသော် ခေတ်အခါ အနေအထားအရ မသုံးမဖြစ်သုံးနေကြရသည့် မိုဘိုင်းဖုန်းများကြောင့် ဖြစ်ပွားလာနိုင်ဖွယ်ရှိသည့် ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးများကို သိရှိဆင်ခြင်ကြပြီး ဉာဏ်နှင့်ယှဉ်ကာ သတိရှိရှိဖြင့် သုံးစွဲသွားကြခြင်းအားဖြင့် မိမိတို့၏ ဘဝတစ်သက်တာ ကျန်းမာရေးကို စောင့်ရှောက်သွားသင့်ကြပေသည်။ ။

# ဥရောပဘောလုံးလောက၏ လူငယ်ကြယ်တစ်ပွင့် အမ်ဘတ်ပီ

ဥရောပ ဘောလုံး ရပ်ဝန်းမှာတော့ အခုတလော လှုပ်လှုပ်ရှားရှားဖြစ်နေပါတယ်။ အင်္ဂလန် ထိပ်တန်းအသင်းတွေရော၊ စပိန်လာလီဂါနဲ့ ဘွန်ဒက်လီဂါ နာမည်ကြီးအသင်းတွေကပါ စိတ်ဝင်စားမှုပြင်းပြနေတဲ့ မိုနာကိုအသင်းရဲ့ လူငယ်တိုက်စစ်မှူး အမ်ဘတ်ပီအကြောင်း ဖြစ်ပါတယ်။ ဥရောပဘောလုံး ဇာတ်ခုံပေါ်မှာ ခြေစွမ်းထက်တဲ့ လူငယ် တိုက်စစ်မှူးတွေ ရှားပါးနေချိန်မှာ ထူးထူးခြားခြား ထွက်ပေါ်လာတဲ့ အမ်ဘတ်ပီကို ထိပ်တန်းကလပ်တွေစုပြီး မျက်စိကျနေတာမို့ဘယ်အသင်းက ဘယ်လောက် အထိပေးပြီး ခေါ်ယူသွားမယ်ဆိုတာ စိတ်ဝင်စား စရာတော့ ကောင်းနေပြီဖြစ်ပါတယ်။

အမ်ဘတ်ပီဟာ အသက် ၁၈ နှစ်သာ ရှိသေးပေမယ့် မိုနာကိုအသင်းမှာ ခြေစွမ်းပြနေတာမို့ အခုဘောလုံးရာသီမှာ မိုနာကိုအတွက် ပြိုင်ပွဲ စုံ ၃၂ ပွဲမှာ ၁၉ ဂိုးအထိ သွင်းယူထားနိုင်နေပါတယ်။ မိုနာကိုအသင်းရဲ့ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ အမ်ဘတ်ပီက ခုနစ်ဂိုးသွင်းယူထားနိုင်တာမို့ ပြိုင်ဘက်ကစားသမားတွေရော နည်းပြတွေပါ အံ့အားသင့်ပြီး စိတ်ဝင်တစား စောင့်ကြည့်ခံနေရသူလည်း ဖြစ်နေပါတယ်။

အမ်ဘတ်ပီဟာ ဒီနှစ် ချန်ပီယံလိဂ် ၁၆ သင်းအဆင့်မှာ မိုနာကိုနဲ့ မန်စီးတီးတို့ ဆုံတွေ့ခဲ့တဲ့ ပွဲစဉ်မှာ နှစ်ကျော့စလုံး ဂိုးတွေသွင်းယူနိုင်ခဲ့တာကြောင့် မန်စီးတီးနည်းပြ ဂွာဒီယိုလာ မျက်စိကျလာခဲ့တဲ့ ကစားသမားဖြစ်ပြီး လာမယ့် အပြောင်းအရွှေ့ကာလမှာ ရအောင်ခေါ်ယူနိုင်ဖို့ မန်စီးတီး အုပ်ချုပ်ရေးအဖွဲ့ကို တောင်းဆိုထားတယ်လို့ ဆိုပါတယ်။

အမ်ဘတ်ပီဟာ ပြင်သစ်နိုင်ငံ ဘွန်ဒီတို့မှာ မွေးဖွားခဲ့တာဖြစ်ပြီး အခုဆိုရင် အရပ်အမောင်းက ၅ ပေ ၁၀ လက်မ ရှိပါတယ်။ ဖခင်ဖြစ်သူက ကင်မရွန်းနိုင်ငံသားဖြစ်ပြီး လက်ရှိအချိန်မှာတော့ သူရဲ့ အပြောင်းအရွှေ့နဲ့ ပတ်သက်တဲ့ အေးဂျင့်တစ်ဦးအဖြစ်လုပ်နေသလို ငယ်စဉ်က သူ့ရဲ့ ဘောလုံးနည်းပြလည်း လုပ်ခဲ့သူဖြစ်ပါတယ်။ အမ်ဘတ်ပီရဲ့အစ်ကို ဝမ်းကွဲတော်စပ်သူ အီကိုကိုကတော့ ဘောလုံးသမားဖြစ်ပြီး သူတို့အမျိုး တွေထဲမှာတော့ ဘောလုံးကစားနည်းနဲ့ ပတ်သက်လို့ သူတို့နှစ်ဦးပဲ ရှိပါတယ်။



အမ်ဘတ်ပီရဲ့လူငယ်ဘောလုံးသမားဘဝကို အေအက်စ်ဘွန်ဒီအသင်းမှာ ၂၀၁၀ ပြည့်နှစ်ကနေပြီး ၂၀၁၃ ခုနှစ်အထိ ကစားခဲ့ပြီးတဲ့နောက်ပိုင်းမှာ သူရဲ့ခြေစွမ်းကို သဘောကျခဲ့တဲ့ မိုနာကိုအသင်းက ခေါ်ယူခဲ့တာဖြစ်ပါတယ်။ မိုနာကို(B) အသင်းမှာ ကစားခဲ့တဲ့အခါ ၂၀၁၅ ခုနှစ်မှာ ၃၃ ပွဲကစားပြီး ၁၃ ဂိုးသွင်းခဲ့သလို ၂၀၁၅-၂၀၁၆ ဘောလုံးရာသီမှာ အမ်ဘတ်ပီက ၁၂ ပွဲကစားခဲ့ပြီး လေးဂိုးသာ သွင်းယူနိုင်ခဲ့ပါတယ်။ ဒါပေမယ့် ဒီနှစ်ဘောလုံးရာသီဖြစ်တဲ့ ၂၀၁၆-၂၀၁၇ မှာတော့ အခုအချိန်အထိ ပြိုင်ပွဲစုံ ၃၁ ပွဲမှာ ၁၉ ဂိုးအထိ သွင်းယူနိုင်ခဲ့တဲ့အထိ တိုးတက်လာခဲ့တာဖြစ်ပါတယ်။

အမ်ဘတ်ပီရဲ့ ခြေစွမ်းကို သဘောကျတဲ့ နည်းပြ ဒတ်ချိမ့်ဟာ သူကိုင်တွယ်နေတဲ့ ပြင်သစ် အသင်းမှာ ခေါ်ယူထည့်သွင်း အသုံးပြုခဲ့တာမို့ အခုဆိုရင် အမ်ဘတ်ပီဟာ ပြင်သစ် လက်ရွေးစင် ကစားသမားအဖြစ် ရောက်ရှိလာခဲ့ပြီဖြစ်ပါတယ်။ အမ်ဘတ်ပီဟာ ၂၀၁၆ ခုနှစ်က ပြင်သစ်ယူ ၁၉ အသင်းမှာလည်း ပါဝင်ကစားပေးခဲ့ရာမှာ ၁၁ ပွဲမှာ ခုနစ်ဂိုးရအောင် သွင်းယူနိုင်ခဲ့တာမို့ အခုဆိုရင် ပြင်သစ်လက်ရွေးစင်အသင်းကြီးရဲ့ တိုက်စစ်မှူးအဖြစ် ရွေးချယ်ခေါ်ယူခံခဲ့ခြင်းဖြစ်ပါတယ်။

အမ်ဘတ်ပီဟာ မိုနာကိုအသင်းနဲ့အတူ ပထမဆုံးပွဲထွက် ကစားခဲ့နိုင်တဲ့အချိန်က အသက် ၁၆ နှစ် ၃၄၇ ရက်သာရှိသေးတာမို့ ပြင်သစ်ဘောလုံးလောကမှာ အသက်အငယ်ဆုံး ပွဲထွက်ကစားသမားအဖြစ် လွန်ခဲ့တဲ့ ၂၁ နှစ်က စံချိန်တင်ထားခဲ့တဲ့ အွန်နရီရဲ့စံချိန်ကိုပါ ချိုးဖျက်နိုင်ခဲ့ပါတယ်။ ဒါ့အပြင် ပြင်သစ်လီဂူး-၁ ပြိုင်ပွဲရဲ့မိုနာကိုနဲ့ ထရိုအက်စ်အသင်းတို့ ပွဲစဉ်မှာ ဂိုးသွင်းယူနိုင်ခဲ့လို့ မိုနာကိုအသင်းသမိုင်းမှာတော့ အသက်ငယ်ဆုံး ဂိုးသွင်းသူအဖြစ် ၁၇ နှစ် ၆၂ ရက်နဲ့ စံချိန်တင်နိုင်ခဲ့သူဖြစ်ပါတယ်။

အမ်ဘတ်ပီဟာ လျင်မြန်မှု၊ ဘောလုံးထိန်းသိမ်းရာမှာ ကျွမ်းကျင်မှု၊ အဆုံးသတ်ဂိုးသွင်းရာမှာ သေချာမှုဆိုတဲ့ စွမ်းဆောင်ရည်ကောင်းတွေကို ပိုင်ဆိုင်ထားတာမို့ သူ့ကို အွန်နရီလက်သစ်လို့လည်း တင်စားခေါ်နေကြပါတယ်။ ဒီနှစ် ဥရောပထိပ်တန်းလိဂ် ငါးခုမှာ ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၁ ရက်က စတင်ပြီး ပြိုင်ပွဲစုံမှာ တတိယဂိုးအများဆုံး သွင်းယူနိုင်တဲ့သူအဖြစ် မက်ဆီနဲ့ လီဝမ်ဒေါ်စကီးတို့ကို ကျော်ဖြတ်ပြီး ၁၃ ဂိုး သွင်းယူနိုင်ခဲ့လို့ ဥရောပထိပ်တန်းကလပ်တွေရဲ့အာရုံစိုက်ခြင်းကို ခံနေရတာဖြစ်ပါတယ်။

ဒီလိုတိုက်စစ်ခြေစွမ်းပြနေတဲ့ အမ်ဘတ်ပီကို ရီးရဲမက်ဒရစ်အသင်းဥက္ကဋ္ဌ ပီရက်ဇ်က ပြောင်းရွှေ့ကြေးပေါင်သန်း ၈၀ ပေးပြီး ခေါ်ယူနိုင်ရေးကြိုးစားနေပြီဖြစ်သလို ဘာစီလိုနာအသင်းကလည်း လက်ဦးမှုရရှိရေး အားထုတ်နေပြီဖြစ်ပါတယ်။ တိုက်စစ်မှူးကောင်းလိုအပ်နေတဲ့ မန်ယူနဲ့ မန်စီးတီးတို့က ငွေထုပ်ပိုက်ပြီး ခေါ်ယူနိုင်ရေးကြိုးစားနေသလို ဘိုင်ယန်မြူးနစ်ကလည်း တိုက်စစ်သွေးသစ် လောင်းဖို့အတွက် အမ်ဘတ်ပီကို စိတ်ဝင်စားနေပါတယ်။

ဒါကြောင့်မို့ မိုနာကိုအသင်းရဲ့လူငယ်တိုက်စစ်မှူး အမ်ဘတ်ပီဟာ လာမယ့် ဘောလုံးရာသီမှာ ဘယ်အသင်းကို ရောက်ရှိသွားမလဲဆိုတာ စိတ်ဝင်စားစရာ ကောင်းနေတာတော့ အမှန်ပါပဲ။ ။

**မိုးမြင့်လင်းလက်**

## ရာသီကုန်အထိ အနားယူရမယ့်စပါး တိုက်စစ်မှူး လာမယ်လာ

အာဂျင်တီးနား တိုက်စစ်မှူး အဲရစ်လာမယ်လာ ဒီနှစ်ရာသီမှာ စပါးအတွက် တစ်ဖန်ပြန်လည်ကစားရဖို့ မရှိပါဘူး။ နည်းပြ ပိုချက်တီနိုက ဒဏ်ရာရမှု ပျောက်ကင်းအောင် ကုသဖို့ ပြောကြားခဲ့ပြီးနောက် လေ့ကျင့်မှုကို တစ်ဦးတည်း လုပ်ဆောင်နေရပါတယ်။ အသက် ၂၅ နှစ်အရွယ်ရှိတိုက်စစ်မှူး လာမယ်လာဟာ အောက်တိုဘာလက လီဗာပူးနဲ့ အီးအက်ဖ်အယ်လ်ဖလား ကစားပြီးကတည်းက ကစားနိုင်ခဲ့ခြင်း မရှိခဲ့ပါဘူး။ စပါးအသင်းနဲ့ ပြန်လည်ကစားရမယ့်နေ့ဆိုတာ မသိသေးပါဘူး။ ဒီနှစ်ရာသီမှာတော့ ကစားနိုင်မယ့်အနေအထား မရှိပါဘူး။ လာမယ်လာဟာ ၂၀၁၃ ခုနှစ်က ရိုးမားအသင်းမှ ပေါင်သန်း ၃၀ နဲ့ ရောက်ရှိလာပြီး ငါးနှစ်စာချုပ်ထားပါတယ်။ စပါးအသင်းရဲ့ဝင်ငွေ အကောင်းဆုံး ကစားသမားတစ်ဦးဖြစ်ပြီး တစ်ပတ်ကို ပေါင် ၆၅၀၀၀ ရရှိနေသူဖြစ်ပါတယ်။

စပါးအသင်းဟာ လက်ရှိ ပရီမီယာလိဂ် ထိပ်သီး ချယ်လ်ဆီးနောက်မှ ၁၀ မှတ်ခွာပြီး ဒုတိယနေရာမှ လိုက်နေပါတယ်။ လာမယ့်လမှာတော့ ချယ်လ်ဆီးနဲ့ အက်ဖ်အေဖလား ဆီမီး ကစားဖို့ ရှိနေပြီး နည်းပြပိုချက်တီနိုက ဖလားရဖို့ မျှော်လင့်ထားတယ်လို့ ဆိုပါတယ်။







## ဟာဇတ်ကို ရီးရဲမက်ဒရစ်က ပေါင်သန်း ၁၀၀ နဲ့ ခေါ်ယူနိုင်

စပိန်ထိပ်သီး ရီးရဲမက်ဒရစ်က ချယ်လ်ဆီး ကွင်းလယ်ကစားသမား ဟာဇတ်ကို ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးနဲ့ ခေါ်ယူဖွယ်ရှိနေပါတယ်။ ချယ်လ်ဆီးကတော့ ဘယ်လ်ဂျီယံ လက်ရွေးစင် ဟာဇတ်ကို ကမ်းလှမ်းမှု ပယ်ချလိုက်ပါတယ်။ ချယ်လ်ဆီးက ဟာဇတ်ကို ဈေးဘယ်လောက်ပေးပေး ရောင်းမှာမဟုတ်ပါဘူးလို့ ဆိုပါတယ်။

သို့ပေမယ့် ရီးရဲမက်ဒရစ် ပစ်မှတ်ထားတဲ့အတိုင်း ပေါင်သန်း ၁၀၀ နဲ့ ပြောင်းရွှေ့မှုဖြစ်ခဲ့မယ်ဆိုရင်တော့ ကမ္ဘာ့ပြောင်းရွှေ့ကြေး အမြင့်ဆုံးကစားသမားဖြစ်လာမှာ ဖြစ်ပါတယ်။ လက်ရှိမှာတော့ မန်ယူက ပေါ့ဂ်ဘာကို ပေါင် ၈၉ ဒသမ ၃ သန်းနဲ့ ခေါ်ယူခဲ့တာဖြစ်လို့ ကမ္ဘာ့ပြောင်းရွှေ့ကြေးအမြင့်ဆုံး ကစားသမားဖြစ်ပါတယ်။

ပေါင်သန်း ၁၀၀ နဲ့သာ ဟာဇတ်ကို ရီးရဲမက်ဒရစ်က ဝယ်ယူခဲ့မယ်ဆိုရင်တော့ ကမ္ဘာ့ပြောင်းရွှေ့ကြေး အမြင့်ဆုံး ကစားသမားဖြစ်လာမှာ ဖြစ်ပါတယ်။ ချယ်လ်ဆီးကတော့ ဒီကမ်းလှမ်းမှုကို လက်ခံခြင်းမရှိသေးပါဘူး။ သို့သော်လည်း ကွင်းလယ်ကစားသမားတစ်ဦး ခေါ်ယူဖို့ရှိနေတဲ့အတွက် ဖြစ်လာနိုင်ဖွယ် ရှိနေပါတယ်။

**ကောင်းမြတ်သူ - စုစည်းသည်။**

### ချယ်လ်ဆီးအသင်းက ပစ်မှတ်ထားနေတဲ့ မိုနာကိုကစားသမား

ချယ်လ်ဆီးအသင်း နည်းပြ ကွန်တီက သူ့ရဲ့အသင်း ချန်ပီယံလိဂ်ဖလားလုပွဲ ကစားဖို့ သေချာနေတဲ့အတွက် အကောင်းဆုံး ကွင်းလယ်ကစားသမားတစ်ဦးကို ခေါ်ယူဖွယ်ရှိနေပါတယ်။ မိုနာကို ကွင်းလယ်ကစားသမား ဘာကာယိုကိုအား ချယ်လ်ဆီးက ခေါ်ယူဖွယ်ရှိနေပါတယ်။

ပရီမီယာလိဂ်ဇယားထိပ်မှာ ဦးဆောင်နေတဲ့ ချယ်လ်ဆီးအသင်းဟာ လာမယ့်နှစ် ချန်ပီယံလိဂ်မတိုင်မီအသင်းကို လက်ရှိအနေအထားမှ ပိုမို တောင့်တင်းခိုင်မာစေဖို့အတွက် ကွင်းလယ်ကစားသမားတစ်ဦးကို ခေါ်ယူဖွယ်ရှိနေပါတယ်။ အသက် ၂၂ နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ဘာကာယိုကိုတို့အကြား သဘောတူညီမှုတွေရရှိထားပြီလို့ သတင်းတွေ ထွက်ပေါ်ခဲ့ပေမယ့် မန်ယူကလည်း ခေါ်ယူဖို့ စောင့်ကြည့်နေပါတယ်။ ချယ်လ်ဆီးအသင်းဟာ ဇန်နဝါရီလကတည်းက ဘာကာယိုကိုအား ခေါ်ယူဖို့ ကမ်းလှမ်းမှုတွေ ပြုလုပ်ထားတယ်လို့ ဆိုပါတယ်။ လက်ရှိ မိုနာကိုအသင်းဟာ ပြင်သစ်လီဂူး-၁မှာ သုံးမှတ်အသာနဲ့ အမှတ်ပေးဇယားကို ဦးဆောင်နေတဲ့အသင်း ဖြစ်ပါတယ်။

# မွန်ပြည်နယ်တွင် ပညာရေးအသုံးစရိတ် ယခင်နှစ်ထက် ၁၉ ရာခိုင်နှုန်းနီးပါး ပိုသုံးခဲ့

**ရေး မတ် ၂၉**

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း မွန်ပြည်နယ်တွင် ပညာရေးကဏ္ဍအတွက် အသုံးစရိတ်သုံးစွဲခဲ့မှုမှာ ပြီးခဲ့သည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း သုံးစွဲခဲ့သည့် အသုံးစရိတ်ထက် ၁၈ ဒသမ ၉၆၄၃ ရာခိုင်နှုန်း ပိုမိုသုံးစွဲခဲ့ကြောင်း မွန်ပြည်နယ် ပညာရေးမှူးရုံးမှ သိရသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်က အသုံးပြုခဲ့သည့် ငွေလုံးငွေရင်းအသုံးစရိတ် ပမာဏမှာ ကျပ် ၃၁၆၈ ဒသမ ၂၉၈ သန်းဖြစ်ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် အသုံးပြုခဲ့သော ငွေလုံးငွေရင်းအသုံးစရိတ်မှာ ကျပ် ၅၀၆၄ ဒသမ ၇၃၁ သန်းဖြစ်ကြောင်း၊ အဆိုပါ ငွေလုံးငွေရင်းအသုံးစရိတ်များကို အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းပေါင်း ၁၀၈ ကျောင်းနှင့် မူကြိုကျောင်း ၃၀ တွင်အဆောက်အအုံများဆောက်ခြင်း၊ သိပ္ပံခန်းငါးခုဆောက်ခြင်းနှင့် ပြည်နယ်ပညာရေးမှူးရုံး၌ တိုးချဲ့ဆောင်တစ်ဆောင် ဆောက်လုပ်ခြင်းတို့အတွက် သုံးစွဲခဲ့ကြောင်း၊ ယခင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ထဲတွင် ကျောင်းပေါင်း ၆၅ ကျောင်းသာရှိခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ကျောင်းပေါင်း ၁၀၈ ကျောင်းအထိဖြစ်လာ၍ ကျောင်းပေါင်း ၄၃ ကျောင်းကို ပိုမိုဆောက်လုပ်ပေးနိုင်ခဲ့ကြောင်း မွန်ပြည်နယ် ပညာရေးမှူးရုံး၏ မှတ်တမ်းများအရ သိရသည်။

ပညာရေးကဏ္ဍအတွက် သာမန်အသုံးစရိတ်မှာလည်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ကထက် ယခုနှစ်တွင် ၄၈ ဒသမ ၂၄၅၆ ရာခိုင်နှုန်း ပိုမိုသုံးစွဲခဲ့ကြောင်း၊ သာမန်အသုံးစရိတ်ကို ဆရာ ဆရာမဦးရေများ ဖြည့်တင်းခြင်း၊ ပညာသင်ထောက်ပံ့ကြေးပေးခြင်းနှင့် ကျောင်းလုပ်ငန်းပြင်ဆင်ခြင်းများတွင် တိုးချဲ့သုံးစွဲခဲ့ခြင်းဖြစ်ကြောင်း မွန်ပြည်နယ် ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာချိုချိုမြတ်အောင်က ပြောကြားသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပညာရေးကဏ္ဍ သာမန်အသုံးစရိတ်မှာ ကျပ် ၄၃၉၉၄ ဒသမ ၄၅၁ သန်းဖြစ်ပြီး ဝန်ထမ်းလစာပေးခြင်း အပါအဝင် ကျောင်းထောက်ပံ့ကြေး၊ ပညာသင်ထောက်ပံ့ကြေးများပေးခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊ အခြေခံပညာကျောင်းများတွင် ရေမီးစနစ်၊ သန့်စင်ခန်း၊ ကျောင်းတွင်းလမ်းများ တပ်ဆင်ဆောက်လုပ်ခြင်း၊ ကျောင်းသုံးဗလာစာအုပ်၊ ကျောင်းဝတ်စုံများ ထောက်ပံ့ပေးခြင်းနှင့် တိုင်းရင်းသားဘာသာသင် ဆရာ ဆရာမများအား ချီးမြှင့်ငွေပေးခြင်းတို့ ပါဝင်ကြောင်း သိရသည်။

မွန်ပြည်နယ်အတွင်း၌ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း အစိုးရအခြေခံပညာကျောင်းပေါင်း ၁၄၉၀ တွင် ဆရာ ဆရာမ ပညာရေးဝန်ထမ်း ၁၅၇၃၅ ဦးရှိပြီး ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူပေါင်းမှာ ၃၈၇၁၆၆ ဦး ရှိကာ ကိုယ်ပိုင်ကျောင်း ၉၃ ကျောင်းနှင့် ဘုန်းတော်ကြီးသင်ကျောင်း ၅၃ ကျောင်းရှိကြောင်း သိရသည်။ လာမည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက်လည်း မွန်ပြည်နယ်တွင် ပညာရေးအသုံးစရိတ် ပိုမိုသုံးစွဲခွင့်ရရှိထားပြီး မွန်ပြည်နယ်၏ ပညာရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို အရှိန်အဟုန်မြှင့်၍ ဆက်လက်ဆောင်ရွက်သွားရန်ရှိနေကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**

# နှုတ်ခမ်းကွဲနှင့် မျက်စိရောဂါ ဝေဒနာရှင်များအား အထူးကုဆရာဝန်ကြီးများက အခမဲ့ခွဲစိတ်ကုသပေး

**ဘားအံ မတ် ၂၉**

ကရင်ပြည်နယ် ဘားအံမြို့နှင့် လှိုင်းဘွဲ့မြို့တို့မှ နှုတ်ခမ်းကွဲဝေဒနာရှင်နှင့် မျက်စိရောဂါဝေဒနာရှင်များအား ပြည်နယ်အစိုးရ၏ စီစဉ်ဆောင်ရွက်မှုဖြင့် သီတဂူခွဲစိတ်ကုသရေးအဖွဲ့နှင့် ဘားအံပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ ပူးပေါင်း၍ မတ် ၂၆ ရက်မှ ၂၈ ရက်အထိ အခမဲ့ ခွဲစိတ်ကုသပေးခဲ့ကြောင်း သိရသည်။

ဘားအံမြို့မှ ဝေဒနာရှင်များအား ဘားအံပြည်သူ့ဆေးရုံကြီး ခွဲစိတ်ဆောင်နှင့် နား၊ နှာခေါင်း၊ လည်ချောင်း အဆောင်တို့တွင် အခမဲ့ စမ်းသပ်ခွဲစိတ် ကုသပေးခဲ့ကြောင်း၊ စမ်းသပ်ခွဲစိတ်ကုသသည့် အဖွဲ့တွင် ခွဲစိတ်အထူးကုဆရာဝန်ကြီး Ms. Brreyer Isabelle ဦးဆောင်သော ဘယ်လ်ဂျီယံဆရာဝန် ၁၄ ဦးနှင့် အမေရိကန် ဆရာဝန်တစ်ဦး ပါဝင်သောအဖွဲ့နှင့် ဘားအံပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာကျော်မြင့်၊ နား၊နှာခေါင်း၊ လည်ချောင်း အထူးကု ဆရာဝန် ဒေါက်တာမေနွယ်သန်း၊ မေ့ဆေးဆရာဝန်ကြီး ဒေါက်တာဒေါ်လှလှ၊ အထူးကု ဆရာဝန်များ၊ သူနာပြုများပါဝင်ကြောင်း၊ မတ် ၂၆ ရက်တွင် မျက်စိရောဂါဝေဒနာရှင် ၁၁၄ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်း ဝေဒနာရှင် ၆၈ ဦးကို စမ်းသပ်ကုသပေးနိုင်ခဲ့ပြီး မတ် ၂၇ ရက်တွင် နှုတ်ခမ်းကွဲဝေဒနာရှင် ၂၅ ဦးအား ခွဲစိတ်ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ခွဲစိတ်ကုသရေးအဖွဲ့မှ ဘယ်လ်ဂျီယံဆရာဝန် လေးဦးနှင့် ဘားအံပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများအဖွဲ့သည် လှိုင်းဘွဲ့မြို့နယ်သို့လည်း မတ် ၂၆ ရက်က သွားရောက်ပြီး မြို့နယ်ပြည်သူ့ဆေးရုံ၌ မျက်စိရောဂါ ဝေဒနာရှင်များအား အခမဲ့စမ်းသပ်ကုသပေးခဲ့ရာ လှိုင်းဘွဲ့မြို့ပေါ်ရပ်ကွက်နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ မျက်စိဝေဒနာရှင်ပေါင်း ၁၀၅၅ ဦးကို စမ်းသပ်ကုသပေးနိုင်ခဲ့ကြောင်းနှင့် အဆိုပါ မျက်စိဝေဒနာရှင်များထဲမှ ခွဲစိတ်ကုသရန်လိုအပ်သော ဝေဒနာရှင် ၂၁၃ ဦးအား မတ် ၂၈ ရက်အထိ ဆက်လက် ခွဲစိတ်ကုသပေးခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ဘားအံ)**

# မြန်မာ-ထိုင်း နှစ်နိုင်ငံချစ်ကြည်ရေး ဈေးရောင်းပွဲတော် ကော့သောင်းမြို့၌ကျင်းပ

**ကော့သောင်း မတ် ၂၉**




မြန်မာ(ကော့သောင်း)နှင့်ထိုင်း(ရနောင်း) နှစ်နိုင်ငံချစ်ကြည်ရေး ဈေးရောင်းပွဲတော်ကို ကော့သောင်းမြို့ဘုရင့်နောင်ကုန်းမြေကွင်း၌ မတ် ၂၇ ရက်က စတင်ဖွင့်လှစ်ခဲ့သည်။

ဈေးရောင်းပွဲတော်ဖွင့်ပွဲတွင် ကော့သောင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်သိန်းနှင့် ရနောင်းခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး မစ္စတာ ဝီရတ်ရာ့ဖန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ချစ်ကြည်ရေးဈေးပွဲတော် ဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ မိတ်ဆက်စကားများပြောကြားသည်။ ဖွင့်ပွဲသို့ နှစ်နိုင်ငံ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကော့သောင်းကုန်သည်ကြီးများအသင်းနှင့် ရနောင်းကုန်သည်ကြီးများအသင်းမှ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

မြန်မာ-ထိုင်း နှစ်နိုင်ငံချစ်ကြည်ရေး ဈေးရောင်းပွဲတော်ကို အာဆီယံ မိတ်ဆွေနိုင်ငံအချင်းချင်း နယ်စပ်ဒေသတွင် ကုန်သွယ်မှုလမ်းကြောင်း ဖွံ့ဖြိုးတိုးတက်လာရေး၊ နှစ်နိုင်ငံဒေသတွင်းမှ ထုတ်ကုန်ပစ္စည်းများ အပြန်အလှန် ကုန်သွယ်မှု မြင့်တက်လာရေးနှင့် ခရီးသွားလာမှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရေး ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်းနှင့် ဈေးရောင်းပွဲတော်တွင် ထိုင်းနိုင်ငံ၏ ကျေးရွာတစ်ရွာထုတ်ကုန် တစ်ခုစီမံကိန်း(One Tambon One Product-OTOP)အရ ထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းများကို မြို့နေပြည်သူများ ဈေးနှုန်းချိုသာစွာသုံးစွဲနိုင်ရေးအတွက် စည်ကားသိုက်မြိုက်စွာ ခင်းကျင်းရောင်းချသွားမည် ဖြစ်ကြောင်း သိရသည်။ **ကျော်စိုး(ကော့သောင်း)**

# ကြားဖြတ်ရွေးကောက်ပွဲ လုံခြုံရေးဆိုင်ရာများ ဆွေးနွေး

**အမ်း မတ် ၂၉**

ရခိုင်ပြည်နယ် အမ်းမဲဆန္ဒနယ်၌ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲ မတိုင်မီနှင့် ကျင်းပသည့်နေ့တွင် တည်ငြိမ်အေးချမ်း အောင်မြင်စွာ ကျင်းပပြီးစီးနိုင်ရေးအတွက် လုံခြုံရေး ဆောင်ရွက်ထားမှုဆိုင်ရာ အခြေအနေများနှင့်ပတ်သက်၍ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးထိန်လင်း၊ ချင်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးပုန်ဘွေ၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးစိန်လွင်တို့က ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များ၊ ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးကော်မတီဝင်များ၊ ရပ်ကွက် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် မတ် ၂၇ ရက်က အမ်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က ရွေးကောက်ပွဲကို စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေများနှင့်အညီ မှန်မှန်ကန်ကန် ဆောင်ရွက်သွားကြရန်၊ ရွေးကောက်ပွဲတွင် တာဝန်ထမ်းဆောင်ကြမည့်သူများအနေဖြင့် တာဝန်ကျေရုံထက် စေတနာနှင့်ပေါင်းစပ်ကာ လုပ်ဆောင်သွားကြရန်၊ လုံခြုံရေးဆိုင်ရာ ကြိုတင်စီစဉ်ဆောင်ရွက်ရာတွင် လိုအပ်ချက်များကိုလည်း တင်ပြဆွေးနွေးပေးရန် အမှာစကားပြောကြားပြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးအတွက် ပြည်နယ်အစိုးရ၏ ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသာညွန့်က ကြားဖြတ်ရွေးကောက်ပွဲကျင်းပရန်အတွက် လုပ်ငန်းစဉ်အဆင့်ဆင့် ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုမြတ်က လုံခြုံရေးဆိုင်ရာများ ဆောင်ရွက်ထားမှုကိုလည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်စိုးက ရွေးကောက်ပွဲပြီးမြောက်သည့်နေ့အထိ ရွေးကောက်ပွဲလုပ်ငန်းစဉ်အဆင့်ဆင့်တွင် လုံခြုံရေး တာဝန်ချထားမှုနှင့် ကျောက်ဖြူ၊ သံတွဲ၊ မြောက်ဦးခရိုင်များမှ လုံခြုံရေးအင်အား ဖြည့်တင်းထားမှုများကိုလည်းကောင်း၊ ရပ်ကျေးအုပ်ချုပ်ရေးမှူးများက ဒေသအလိုက် ရွေးကောက်ပွဲနေ့နှင့် ကျင်းပပြီးသည့်နောက်ပိုင်းတွင် ဆန္ဒမဲလက်မှတ်များကို လုံခြုံစွာ သယ်ယူပို့ဆောင်ရေးအတွက် လိုအပ်ချက်နှင့် အခက်အခဲများကိုလည်းကောင်း တင်ပြဆွေးနွေးခဲ့ကြသည်။

**(မြို့နယ် ပြန်/ဆက်)**

# ကရင်စာပေ ဆရာဖြစ်မွမ်းမံသင်တန်း ရွှေကျင်မြို့၌ဖွင့်လှစ်



**ရွှေကျင် မတ် ၂၉**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် အထက(တပ်နယ်)ကျောင်း ခန်းမ၌ ကရင်စာပေ ဆရာဖြစ်မွမ်းမံသင်တန်းကို မတ် ၂၇ ရက်မှ ၂၉ ရက်အထိ သုံးရက်ကြာ ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် ရွှေကျင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောသလေးစောနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မြင့်သိန်းတို့က အမှာစကားပြောကြားပြီး ရွှေကျင်မြို့နယ်ပညာရေးမှူး ဦးစိုးသိန်းက ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် စာသင်ကျောင်းများ၌ ကရင်စာပေသင်ကြားပေးမည့် ဆရာ ဆရာမများအနေဖြင့် အလေးထား သင်ကြားပေးရန် မှာကြားသည်။ ထို့နောက် ကရင်စာပေကော်မတီမှ ဥူးကုမာရက ကရင်စာပေသင်ကြားခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားခဲ့သည်။

ရွှေကျင်မြို့နယ်တွင် ကျောင်းပေါင်း ၈၂ ကျောင်းရှိသည့်အနက် ၂၅ ကျောင်းတွင် ကရင်စာပေသင်ကြားမည့် ကျောင်းသား ကျောင်းသူ ၁၇၆၃ ဦးအား ယခုသင်တန်းဆင်းသည့် ဆရာ ဆရာမများက ပြန်လည်သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ သင်တန်းသို့ ကရင်စာပေသင်ကြားပေးမည့် ဆရာ ဆရာမ ၅၃ ဦးနှင့် စိတ်ဝင်စားသူ ခုနစ်ဦး စုစုပေါင်းသင်တန်းသား ၆၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ကျေးရွာလမ်းများကို ကိုယ့်အားကိုယ်ကိုးပြုပြင်

**ရေတာရှည် မတ် ၂၉**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ရဲကုန်းကျေးရွာအုပ်စု အေးကြီး(အလယ်) ကျေးရွာ၌ မိုးရာသီကာလတွင် ပြည်သူများသွားလာရေးအဆင်ပြေစေရန်အတွက် ကျေးရွာတွင်းလမ်းကို မြေသားဖို့၊ ကျောက်မှုန့်တင် ပြုပြင်ခြင်းကို ကျေးရွာနေပြည်သူများ စုပေါင်းထည့်ဝင်ငွေ ကျပ်သိန်း ၈၀ ကျော်ဖြင့် မတ် ၂၁ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများပြီးစီးလုပြီဖြစ်ကြောင်း သိရသည်။ အထက်တောင်ပေါ်ဒေသတွင် ဖောက်လုပ်ထားသော ခရိုင်ချင်းဆက်လမ်းအနီးရှိ ကံလှကျေးရွာမှ ရန်ကုန်-မန္တလေးကားလမ်း ဆပ်သေ(တောင်)ရွာအထိ အရှည် ခုနစ်မိုင်ခွဲရှိ မြေသားလမ်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖောက်လုပ်ပေးခဲ့ပြီးနောက်တွင် အဆိုပါ လမ်းပိုင်းနှင့်ထိစပ်နေသည့် ကျေးရွာများအားလုံးတွင် ဒေသတွင်းဆက်သွယ်သွားလာမှု ကောင်းမွန်စေရန် လမ်းများပြုပြင်ခြင်းကို ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်လာကြခြင်းဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# စာကြည့်တိုက်အသင်း သက်ကြီးပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် မတ် ၂၉**

မြန်မာနိုင်ငံစာကြည့်တိုက်အသင်း၏ (၁၉)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲကို ဧပြီ ၂ ရက်တွင် ရန်ကုန်မြို့တက္ကသိုလ်များ ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ သက်ကြီးဝါကြီး စာကြည့်တိုက်ပညာရှင်ကြီးများအား ပူဇော်မည်ဖြစ်၍ သက်ကြီးစာကြည့်တိုက်ပညာရှင်ကြီးများအနေဖြင့် မပျက်မကွက် အပူဇော်ခံကြွရောက်ပေးကြရန် မြန်မာနိုင်ငံစာကြည့်တိုက်အသင်း အလုပ်အမှုဆောင်အဖွဲ့က ဖိတ်ကြားထားကြောင်း သိရသည်။ **လှလှ**

## နန္ဒာဥယျာဉ်ပျိုးခင်း နွေရာသီယဉ်ကျေးမှုသင်တန်းဖွင့်

**ပူတာအို မတ် ၂၉**
ကချင်ပြည်နယ် ပူတာအိုမြို့ရှိ တောင်တန်းသာသနာပြု(ဗဟို)ကျောင်းတိုက်နှင့် ချမ်းမြေ့ဂုဏ်ဝေ သီလရှင်ကျောင်းတိုက်တို့က ကြီးမှူးဖွင့်လှစ်သည့် နန္ဒာဥယျာဉ်ပျိုးခင်း ဆဋ္ဌမအကြိမ်မြောက် နွေရာသီယဉ်ကျေးလိမ္မာသင်တန်း ဖွင့်ပွဲကို မတ် ၂၇ ရက်က တောင်တန်းသာသနာပြု(ဗဟို)ကျောင်းတိုက် ဓမ္မာရုံခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် တောင်တန်းသာသနာပြုဗဟိုကျောင်းတိုက် ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တဝိစာရဉာဏက ကလေးငယ်များအနေဖြင့် ဘာသာသာသနာကို မြတ်နိုးတန်ဖိုးထား ထိန်းသိမ်းတတ်စေရန်နှင့် ယဉ်ကျေးလိမ္မာသူများဖြစ်လာစေရန် ရည်ရွယ်၍ သင်တန်းကိုဖွင့်လှစ်ခြင်းဖြစ်ကြောင်း မိန့်ကြားသည်။ သင်တန်းတွင် ဘုရားရှိခိုး၊ ဗုဒ္ဓဝင်၊ အဘိဓမ္မာ၊ ကျန်းမာရေး၊ ဥပဒေပညာ၊ ပါဠိတရားတော် စသည်ဖြင့် ဘာသာရပ်(၁၂)ရပ်ကို သင်တန်းနည်းပြများက မတ် ၂၇ ရက်မှ ဧပြီ ၅ ရက်အထိ သင်ကြား ပေးသွားမည်ဖြစ်ပြီး သင်တန်းသို့ ပူတာအိုမြို့ပေါ် ရပ်ကွက်များနှင့် ကျေးရွာများမှ သင်တန်းသား ၅၀၀ ကျော် တက်ရောက်သင်ကြားကြကြောင်း သိရသည်။
**(ခရိုင် ပြန်/ဆက်)**

## ဆီးချိုသွေးချိုရောဂါအကြောင်း ပညာပေးဟောပြောမည်

**နွားထိုးကြီး မတ် ၂၉**
ဆီးချိုသွေးချိုရောဂါသည် ပေါများသော နွားထိုးကြီးမြို့၌ ဒေသခံပြည်သူများအား ဆီးချိုသွေးချိုရောဂါအကြောင်း အသိပညာပေးဟောပြောပွဲကို ဧပြီ ၁ ရက်တွင် အင်ကြင်းကမ္ဘာခန်းမ၌ ကျင်းပရန် သုခချမ်းသာ ကျန်းမာရေးစောင့်ရှောက်မှုနှင့် လူမှုကူညီရေးအသင်းက စီစဉ်ထားကြောင်း သိရသည်။

သုခချမ်းသာ ကျန်းမာရေးစောင့်ရှောက်မှုနှင့် လူမှုကူညီရေးအသင်း၏ ဆေးခန်းတွင် ဆီးချိုသွေးချိုလူနာ ၁၀၀ ကျော်အထိ အပတ်စဉ် လာရောက်ကုသမှုခံယူနေကြ၍ ဒေသခံပြည်သူများအနေဖြင့် ဆီးချိုသွေးချိုရောဂါဆိုင်ရာ အသိပညာ ဗဟုသုတများ၊ ရောဂါမဖြစ်ပွားအောင် နေထိုင်စားသောက်နည်းများကို သိရှိစေရန်အတွက် မန္တလေး ဆေးရုံကြီးမှ ပါမောက္ခဒေါက်တာအေးမြင့်ခိုင်က ဆီးချိုသွေးချိုရောဂါအကြောင်း သိကောင်းစရာများကို ပညာပေးဟောပြောသွားမည်ဖြစ်ကြောင်း သိရသည်။
**ခင်ဇာမွန်မြင့်(ဥပဒေ)**

## စစ်တုရင်သင်တန်း ညောင်ဦးမြို့၌ဖွင့်လှစ်

**ညောင်ဦး မတ် ၂၉**
ညောင်ဦးမြို့နယ်အတွင်း စစ်တုရင်အားကစားသမားများ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ညောင်ဦးမြို့နယ် စစ်တုရင်အသင်းတို့ ပူးပေါင်း၍ စစ်တုရင်ကစားနည်းသင်တန်းကို မတ် ၂၇ ရက်က ဖွင့်လှစ်ခဲ့သည်။

ညောင်ဦးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည့် သင်တန်းဖွင့်ပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်မြလွင်က အမှာစကားပြောကြားပြီး ညောင်ဦးမြို့နယ် စစ်တုရင်အသင်းဥက္ကဋ္ဌ ဦးတင်မောင်လင်းက စစ်တုရင်သင်တန်း ဖွင့်လှစ်သင်ကြားပေးရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားကာ သင်တန်းကို စတင်ဖွင့်လှစ်ခဲ့သည်။ သင်တန်းတွင် မြို့နယ်စစ်တုရင်အသင်းမှ သင်တန်းနည်းပြဆရာများက စစ်တုရင်အားကစားနည်း ပညာရပ်များကို စာတွေ့လက်တွေ့သင်ကြားပြသခဲ့ပြီး သင်တန်းကို နွေကျောင်းပိတ်ရက်များကုန်သည်အထိ သင်ကြားပေးမည်ဖြစ်ကြောင်း၊ သင်တန်းသို့ စစ်တုရင်အားကစားကို ဝါသနာပါသူ လူငယ် ၃၀ ခန့် တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

## ကမ္ဘာ့သွားနှင့်ခံတွင်းကျန်းမာရေးနေ့ အခမ်းအနားကျင်းပ

**ရန်ကုန် မတ် ၂၉**
မတ် ၂၆ ရက်တွင် ကျရောက်ခဲ့သော ကမ္ဘာ့သွားနှင့်ခံတွင်းကျန်းမာရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆရာဝန်အသင်းနှင့် ဆစ်ဂနယ် သွားတိုက်ဆေးတို့ ပူးပေါင်း၍ ရန်ကုန်မြို့ တိရစ္ဆာန်ဥယျာဉ်၌ ကျင်းပခဲ့သည်။

မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆရာဝန်အသင်း အထွေထွေအတွင်းရေးမှူး ဒေါက်တာမြင့်ထိန်က သွားပိုးစားခြင်းသည် ကမ္ဘာတွင်ရော မြန်မာနိုင်ငံတွင်ပါ အဖြစ်အများဆုံး ခံတွင်းကျန်းမာရေးပြဿနာများထဲမှ တစ်ခုဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် အသက် ငါးနှစ်မှ ၁၂ နှစ်အတွင်း ကလေးအများစုသည် နေ့စဉ်သွားတိုက်သည့်အလေ့အထမရှိကြသဖြင့် သွားနှင့်ခံတွင်း ကျန်းမာရေးအခြေအနေမှာ ကျေနပ်ဖွယ်မရှိသေးကြောင်း အခမ်းအနားတွင် ပြောကြားခဲ့သည်။

ဆစ်ဂနယ်သွားတိုက်ဆေးအနေဖြင့် သွားပိုးစားခြင်းကိုကာကွယ်ရန် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယခုအခမ်းအနားကိုလည်း ပညာပေးဆောင်ရွက်မှုတစ်ရပ်အဖြစ် ကျင်းပခြင်းဖြစ်ကြောင်းနှင့် အခမ်းအနားတွင် ထပ်ဆင့်အကယ်ဒမီ သက်မွန်မြင့်လည်း ပါဝင်၍ အသိပညာပေးမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သွန်းဝသန်**




## ရေပေးဝေမှုစနစ်တွင် ရေပြုန်းတီးမှုလျော့နည်းစေရန် ဆောင်ရွက်ခဲ့သော ကနဦးစီမံကိန်း ပြီးစီး

**ရန်ကုန် မတ် ၂၉**
ရန်ကုန်မြို့ ရေပေးဝေမှုစနစ်၏ ရေပြုန်းတီးမှု လျော့နည်းစေရန် Manila Water ကုမ္ပဏီနှင့် Mitsubishi Corporation တို့ ပူးပေါင်းဆောင်ရွက်ခဲ့သည့် Manila Water-Mitsubishi Consortium(MMC)စီမံကိန်း အောင်မြင်စွာ ပြီးစီးသွားပြီဖြစ်၍ ရန်ကုန်မြို့ ရေပေးဝေရာတွင် ရေပြုန်းတီးမှုပမာဏကို ၅၄ ရာခိုင်နှုန်းမှ ၁၄ ရာခိုင်နှုန်းအထိ ကျဆင်းသွားအောင် လုပ်ဆောင်နိုင်ခဲ့ကြောင်း သိရသည်။

အချိန် ၁၈ လ ကြာမြင့်ခဲ့သည့် အဆိုပါ ကနဦး စီမံကိန်းသည် ရန်ကုန်မြို့၏ ရေပေးဝေရေးစနစ် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်ရည်ရွယ်ချက်ဖြင့် ၂၀၁၄ ခုနှစ်တွင် Manila Water, Mitsubishi Corporation နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ (YCDC) တို့ လက်မှတ်ရေးထိုးထားခဲ့သည့် သဘောတူညီချက်၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း၊ စီမံကိန်းပြီးစီးသဖြင့် ရေပေးဝေမှုပမာဏ၏ ၄၀ ရာခိုင်နှုန်းကို စနစ်အတွင်းသို့ ပြန်လည်ထည့်သွင်းပေးနိုင်ခဲ့ပြီး ပျမ်းမျှ အိမ်ခြေ ၄၀၀၀ ခန့်အတွက် အကျိုးဖြစ်ထွန်းစေခဲ့ကြောင်း သိရသည်။

ရန်ကုန်မြို့ရှိ အင်းစိန်နှင့် တောင်ဥက္ကလာပမြို့နယ်များတွင် လုပ်ဆောင်ခဲ့သော အဆိုပါ ကနဦး စီမံကိန်းတွင် ရပ်ကွက်တွင်း သီးသန့်ရေပေးဝေရေး ကွန်ရက်စနစ်များ(District Metering Areas - DMAs)၊ ရိုးရိုးသာမန်နှင့် နည်းပညာအသုံးပြု စစ်တမ်းကောက်ယူမှုများ၊ ရေပေးဝေရေးစနစ်၏ ချွတ်ယွင်းချက်များ သို့မဟုတ် non-revenue water ဟုခေါ်သည့် အလဟဿရေပြုန်းတီးမှုများ နည်းပါးလာစေရန် စီစဉ်ဆောင်ရွက်ခြင်းနှင့် အခြားသောလုပ်ဆောင်ချက်များ ပါဝင်သည်။ အင်းစိန်မြို့နယ် ထန်းပင်ကုန်းရှိ ရေပြုန်းတီးမှုပမာဏသည် ပြီးခဲ့သည့်နှစ် မတ်လတွင် ၅၂ ရာခိုင်နှုန်း ရှိခဲ့ရာမှ ဩဂုတ်လတွင် ၁၇ ဒသမ ၃၂ ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့ပြီး တောင်ဥက္ကလာပမြို့နယ် (၁၄/၂)ရပ်ကွက်ရှိ ရေပြုန်းတီးမှုပမာဏသည် ပြီးခဲ့သည့်နှစ် စက်တင်ဘာလတွင် ၅၇ ရာခိုင်နှုန်းရှိခဲ့ရာမှ နိုဝင်ဘာလတွင် ၁၂ ဒသမ ၁၉ ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့သည်။

ရေပြုန်းတီးမှုလျော့ချနိုင်သဖြင့် ပြန်လည်ရရှိလာသော ရေပမာဏကို ရေပေးဝေရေးစနစ်ထဲသို့ ပြန်လည်ထည့်သွင်းပေးသည့်အတွက် ရေဖိအားပမာဏကို တစ်စတုရန်းလက်မလျှင် နှစ်ပေါင်(2 psi)အထိ ထပ်မံတိုးတက်လာစေ၍ အဆိုပါ စီမံကိန်းဧရိယာများရှိ ခန့်မှန်းခြေ လူဦးရေ ၄၀၀၀ ခန့်အတွက် ပိုမိုကောင်းမွန်သော ရေပေးဝေမှုကို ရရှိအောင် ပြုလုပ်ပေးနိုင်ခဲ့ကြောင်း၊ ထို့အပြင် အလုပ်လုပ်ခြင်း မရှိတော့သည့် ရေအသုံးပြုမှုတိုင်းတာရေး မီတာများကို အသစ်အစားထိုးလဲလှယ် အသုံးပြုခဲ့သည့်အတွက် ကျသင့်ငွေတောင်းခံမှု စာရင်းပေးသွင်းမှုမှာ နှစ်ဆတိုးတက်လာခဲ့ပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအတွက်လည်း အကျိုးအမြတ် ပိုမိုရရှိစေခဲ့ကြောင်း သိရသည်။

ယခုစီမံကိန်းကို ဆောင်ရွက်ခဲ့သော Manila Water သည် ဖိလစ်ပိုင်နိုင်ငံတွင် ရေအရင်းအမြစ်အသစ်၊ အသုံးပြုပြီးသား ရေအရင်းအမြစ်များနှင့် ပက်သက်သော ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးနေသည့် ဦးဆောင် ကုမ္ပဏီတစ်ခုဖြစ်ပြီး ဗီယက်နမ်နှင့် အင်ဒိုနီးရှားနိုင်ငံများတွင်ပါ လုပ်ငန်းများ ချဲ့ထွင်ဆောင်ရွက်လျက်ရှိသည်။ Mitsubishi Corporation (MC) သည် မြန်မာနိုင်ငံတွင် လာရောက် အလုပ်လုပ်ကိုင်နေသည်မှာ ဆယ်စုနှစ်ခြောက်ခုကျော် ကြာမြင့်နေပြီဖြစ်သည့် တိုကျိုအခြေစိုက် နိုင်ငံတကာ စီးပွားရေးလုပ်ငန်းစုကြီးတစ်ခုဖြစ်ပြီး ဖိလစ်ပိုင်နိုင်ငံရှိ Manila Water ၏ မိခင်ကုမ္ပဏီဖြစ်သည့် Ayala Corporation ၏ ရင်းနှီးမြှုပ်နှံသူများထဲမှ တစ်ဦးဖြစ်သည်။

ကုမ္ပဏီနှစ်ခုအနေဖြင့် အဆိုပါ ကနဦး စီမံကိန်း၏ အကျိုးရလဒ်များကို မတ်လကုန်တွင် ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး ဦးစီးကျင်းပသွားမည့် စီမံကိန်း လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနား၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီသို့ နည်းပညာရပ်ဆိုင်ရာ အစီရင်ခံစာတစ်ခုဖြင့် တင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။
**သွန်းဝသန်**




**မိတ္ထီလာမြို့နယ် သီလရှင်ဘက်စုံလှူဒါန်းရေးနှင့် လူမှုကူညီရေးအသင်း ဝိသာခါအဖွဲ့က ကြီးမှူး၍ သီလရှင်များအား (၂၃)ကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို မတ် ၂၇ ရက်က မိတ္ထီလာမြို့ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပစဉ်။** (ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် ဝိသာခါအဖွဲ့နှင့်အတူ မြို့ပေါ်ရပ်ကွက်များမှပြည်သူများ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ နယ်မြေခံတပ်ရင်းတပ်ဖွဲ့များက ကျောင်းပေါင်း ၁၅ ကျောင်းမှ သီလရှင်အပါး ၃၆၀ အား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုများ လောင်းလှူခဲ့သည်။)
**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## ရန်ကုန်မြို့သစ်၊ အိမ်ရာနှင့် အထူးစီးပွားရေးဇုန်စီမံကိန်း စတင်သွားမည်

**ရန်ကုန် မတ် ၂၉**
ရန်ကုန်မြို့တွင် သီလဝါအထူးစီးပွားရေးဇုန်အပြင် ဒုတိယအဆင့်အနေဖြင့် ရန်ကုန်အထူးစီးပွားရေးဇုန်ကို ဖော်ဆောင်သွားရန်ရှိကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၌ ကျင်းပခဲ့သည့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ ဒုတိယအကြိမ် ပုံမှန်တွေ့ဆုံပွဲတွင် ပြောကြားခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ကလည်း ရန်ကုန်အထူးစီးပွားရေးဇုန်တစ်ခု ဒလဘက်ကမ်းတွင် ပေါ်ပေါက်လာရန်ရှိကြောင်း၊ ရေနက်ဆိပ်ကမ်းတစ်ခုနှင့် လေယာဉ်ကွင်းတစ်ခု လျာထားကြောင်း ပြောကြားခဲ့သည်။

နိုင်ငံတိုးတက်ဖွံ့ဖြိုးရေးအတွက် တိုင်းပြည်ဘဏ္ဍာငွေများစွာ ရှာဖွေပေးနေသည့် စက်မှုဇုန်ကဏ္ဍတိုးတက်ဖွံ့ဖြိုးစေရန် လိုအပ်သဖြင့် စက်မှုဇုန်သစ်များ ထပ်မံအကောင်အထည်ဖော်သွားရန်ရှိသည့်အပြင် စက်မှုဇုန်တွင်းလမ်း၊ လျှပ်စစ်၊ ရေဆိုးစနစ် စသည်တို့ကိုလည်း စနစ်တကျ ကောင်းမွန်နေအောင် လုပ်ကိုင်ပေးသွားမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

စက်မှုဇုန်အသစ်တစ်ခုအနေဖြင့် ရွာသာကြီးအနီးရှိ အိုးအိမ်ဦးစီးဌာနပိုင် မြေနေရာတွင် ထူထောင်ပေးခဲ့သည့် မျိုးစပါးစိုက်ပျိုးရေးဇုန်နှစ်ခုနေရာတွင် ရင်းနှီးမြှုပ်နှံမှုများ အစုအဖွဲ့အလိုက် လာမည်ဆိုပါက ထိုနေရာကို အစိုးရ၏ သင့်တင့်မျှတသည့်ဈေးဖြင့် အသုံးပြုနိုင်ရန် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ စက်မှုဇုန်အတွင်းတွင် လူနေထိုင်ခြင်းကို ခွင့်ပြုသွားမည်မဟုတ်ဘဲ စက်ရုံလုပ်သားများ သွားလာရေး အဆင်ပြေစေရန်အတွက် စက်မှုဇုန်နှင့် အနီးဆုံးနေရာများတွင် အိမ်ရာ စီမံကိန်းများကို ဆောင်ရွက်သွားရန်ရှိကြောင်းလည်း သိရသည်။

"ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့ စီစဉ်တဲ့ ဒုတိယမြောက် အထူးစီးပွားရေးဇုန်စီမံကိန်းဟာ ကုမ္ပဏီပေါင်း ၇၀ ကျော် လုပ်ငန်းလည်ပတ်နေပြီဖြစ်တဲ့ သီလဝါ အထူးစီးပွားရေးဇုန်စီမံကိန်းလို အောင်အောင်မြင်မြင်နဲ့ မြန်မာနိုင်ငံရဲ့ စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှု လျင်လျင်မြန်မြန်ဖြစ်ပေါ်စေရေးအတွက် အထောက်အပံ့တစ်ခုဖြစ်ပါတယ်။ အထူးစီးပွားရေးဇုန်သစ်မှာ အပြည်ပြည်ဆိုင်ရာလေဆိပ်နဲ့ ရေနက်ဆိပ်ကမ်း စီမံကိန်းတွေကို အကောင်အထည်ဖော်ဆောင်ရွက်သွားဖို့အတွက် အခြေခံအဆောက်အအုံဆိုင်ရာ ဖွံ့ဖြိုးမှုတွေအတွက် ရင်းနှီးမြှုပ်နှံမှုတွေ တောင်းဆိုသွားမယ်လို့ သိရတယ်။ ဒါဟာ စီးပွားရေးကဏ္ဍတိုးတက်ဖွံ့ဖြိုးမှုတွေ ဖြစ်ပေါ်လာစေရုံသာမကဘဲ အိမ်ခြံမြေကဏ္ဍမှာလည်း ပြည်တွင်းရွှေ့ပြောင်းလုပ်သားတွေ၊ ပြည်ပရွှေ့ပြောင်းလုပ်သားတွေ၊ ကျွမ်းကျင်လုပ်သားတွေ ပါဝင်လာမှာဖြစ်တဲ့အတွက် ဖွံ့ဖြိုးတိုးတက်မှုတွေ ဖြစ်လာမှာဖြစ်ပါတယ်"ဟု အိမ်ခြံမြေအရောင်းအဝယ် ဝန်ဆောင်မှုဝက်ဘ်ဆိုက်ဖြစ်သည့် House.com.mm ဝက်ဘ်ဆိုက်၏ မန်နေဂျင်းဒါရိုက်တာ Nitesh Khirwal က သုံးသပ်ပြောကြားသည်။

ရန်ကုန်မြို့သစ်စီမံကိန်းအနေဖြင့်လည်း ကြည့်မြင်တိုင်တစ်ဖက်ကမ်းတွင် လာမည့်ဘဏ္ဍာနှစ်အမီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုစီမံကိန်းတွင် ဆောက်လုပ်ရေးလုပ်ငန်းရှင်အားလုံး ပါဝင်ခွင့်ရရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။ ရန်ကုန်မြို့ပတ်ပတ်လည်တွင်လည်း အိမ်ရာစီမံကိန်းများကို အကောင်အထည်ဖော်သွားမည်ဖြစ်ပြီး ရန်ကုန်တွင် အလုံးအရင်းဖြင့် လူများရွှေ့ပြောင်းနေထိုင်မှု မဖြစ်စေရန် အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများတွင်လည်း စက်မှုဇုန်စီမံကိန်းများ၊ အိမ်ရာစီမံကိန်းများ အကောင်အထည်ဖော်ဆောင်သွားမည်ဖြစ်ကြောင်း၊ အစိုးရအနေဖြင့် အိမ်ရာစီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် စနစ်ပုံစံအမျိုးမျိုး မဖြစ်စေရေးအတွက် ရန်ကုန်တွင် အိမ်ရာရောင်းဝယ်ပေးသည့်စနစ်တစ်ခုကို ADB နှင့် World Bank တို့မှ ကျွမ်းကျင်သူများနှင့်ညှိနှိုင်းပြီး ချမှတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။
**ခင်ရတနာ**

## တပ်မတော်နေ့ အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲ မိုးနဲမြို့၌ကျင်းပ

**မိုးနဲ မတ် ၂၉**
ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်းစီစဉ်မှုဖြင့် (၇၂)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲကို မတ် ၂၇ ရက်က မြို့နယ်ပြည်သူ့စာကြည့်တိုက်၌ ကျင်းပခဲ့ရာ ပြိုင်ပွဲတွင် မြို့နယ်ပညာရေးမှူး ဦးတိုးလှက အမှာစကားပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှူး ဦးမျိုးညွန့်ရွှေက ပြိုင်ပွဲကျင်းပပေးသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ပြိုင်ပွဲတွင် အခြေခံပညာကျောင်းများမှ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ခုနစ်ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။
**မျိုးညွန့်ရွှေ (မိုးနဲ)**

# ရေပြတ်လပ်နိုင်သည့် ကျေးရွာများအတွက် သောက်သုံးရေများ ဖြန့်ဝေနိုင်ရေးဆွေးနွေး

**မကွေး မတ် ၂၉**

ပူပြင်းခြောက်သွေ့သည့် နွေရာသီကာလတွင် မကွေးတိုင်းဒေသကြီးအတွင်း ရေပြတ်လပ်နိုင်သည့် ကျေးရွာများသို့ သောက်သုံးရေများ ဖြန့်ဝေပေးနိုင်ရေးအတွက် ရေရရှိရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် တကိုယ်ရေသန့်ရှင်းရေးလုပ်ငန်းများ လုပ်ကိုင်နေသည့် အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ညှိနှိုင်းဆွေးနွေးပွဲကို မတ် ၂၈ ရက်က မကွေးမြို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးက နွေရာသီ ရေပြတ်လပ်ချိန်ကာလအတွင်း အရေးပေါ် တုံ့ပြန်ဆောင်ရွက်ရေး ဆိုင်ရာစီမံထားရှိမှုများကို လည်းကောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက နွေရာသီရေပြတ်လပ်ချိန်ကာလအတွင်း သန့်ရှင်းသောသောက်သုံးရေရရှိစေရေးဆိုင်ရာ ဆောင်ရွက်ထားမှုများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာသည့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ INGO, NGO တို့က ရေပြတ်လပ်နိုင်သည့် နေရာများသို့ သောက်သုံးရေများ အချိန်မီဖြန့်ဝေနိုင်ရေးအတွက် သုံးသပ်ဆွေးနွေးကြပြီး မီးသတ်တပ်ဖွဲ့၊ ရဲတပ်ဖွဲ့ကဲ့သို့ တပ်ရင်း တပ်ဖွဲ့များနှင့် ဌာနဆိုင်ရာများမှလည်း ရေပြတ်လပ်သည့် ကျေးရွာများသို့ သောက်သုံးရေဖြန့်ဝေရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီး အတွင်း ယခုနှစ်နွေရာသီကာလ၌ သောက်သုံးရေရှားပါးပြတ်လပ်နိုင်သည့် ကျေးရွာပေါင်း ၇၇ ရွာ၊ အိမ်ခြေပေါင်း ၉၅၃၂ ခန့်ရှိမည်ဖြစ်ပြီး မကွေးခရိုင်အတွင်း ရွာပေါင်း ၃၀၊ သရက်ခရိုင်အတွင်း ၁၈ ရွာ၊ ပခုက္ကူခရိုင်အတွင်း ၁၄ ရွာ၊ ဂန့်ဂေါခရိုင်အတွင်း ၁၅ ရွာတို့တွင် ရေရှားပါးပြတ်လပ်နိုင်ကြောင်း တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ကျေးရွာများသို့ ရေသယ်ယာဉ်များ၊ မီးသတ်ရေသယ်ယာဉ်များ၊ ကျေးလက်ရေသယ်ယာဉ်များ၊ ဌာနပိုင်မော်တော်ယာဉ်၊ ကျေးရွာပိုင်မော်တော်ယာဉ်များဖြင့် သောက်သုံးရေများကို ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ညီညီမောင် (မကွေး)**



**သင်္ကြန်ရက်များအတွင်း မှုခင်းဆိုင်ရာဖြစ်မှုများ မဖြစ်ပွားစေရန်အတွက် အသိပညာပေးဟောပြောပွဲကို မတ်လစတုတ္ထပတ်က ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်ရာ မြို့နယ်ခေတ္တ ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ဉာဏ်ဝင်းက မှုခင်းဆိုင်ရာ အသိပညာပေးဟောပြောစဉ်**
ကိုကြီးတင်

# ညောင်လေးပင်မြို့နယ်၌ ချစ်ကြည်ရေးဘောလုံးပြိုင်

**ညောင်လေးပင် မတ် ၂၉**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ အသက် ၁၅ နှစ်အောက်ချစ်ကြည်ရေး ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို မတ် ၂၆ ရက်က အောင်ကြီးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) ဘောလုံးကွင်း၌ ကျင်းပရာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးဦးသန်းလွင်နှင့် ပြန်တန်ဆာမြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည့်မှူးပိုင်တို့ကအမှာစကားပြောကြားသည်။

အဆိုပါဘောလုံးပြိုင်ပွဲကို မတ် ၂၆ ရက်မှ ဧပြီ ၂၃ ရက်အထိ ကျင်းပမည်ဖြစ်ရာ အလုပ်စုကျေးရွာ၊ ရေတွင်းကုန်းကျေးရွာ၊ ဂျောင်းကျေးရွာ၊ ရွှေဝါထွန်းကျေးရွာ၊ ချောင်းရင်းကျေးရွာ၊ ဆာဆေးကျေးရွာ၊ ကဒါးကျေးရွာ၊ သဲကျောကျေးရွာ၊ ငါးကြီးအိုင်ကျေးရွာ၊ အောင်ကြီးကျေးရွာနှင့် ကညင်နှစ်ပင်ကျေးရွာတို့မှ ဘောလုံးအသင်း ၁၁ သင်းဖွဲ့စည်းကာ အသက် ၁၅ နှစ်အောက် လူငယ်လေးများ ဝင်ရောက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# နွေရာသီရေပြတ်လပ်မှုမရှိစေရေးအတွက် မြစ်ရေချိုဖြည့်တင်းဆောင်ရွက်

**မြောက်ဦး မတ် ၂၉**

ရခိုင်ပြည်နယ်၊မြောက်ဦးခရိုင် မြောက်ဦးမြို့နယ်အတွင်းရှိ ကျေးရွာများတွင် နှစ်စဉ်နွေရာသီရောက်တိုင်း ကြုံတွေ့ရလေ့ရှိသော ရေပြတ်လပ်မှုကို ယခုနှစ်နွေရာသီတွင်မကြုံရစေရန်အတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ခြင်းလုပ်ငန်းများအဖြစ် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မတ် ၂၈ ရက်က မြစ်ရေချိုဖြည့်တင်းပေးခဲ့ကြောင်း သိရသည်။



ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးနိုင်လင်းထွန်း၊ ဌာနဝန်ထမ်းများ၊ ကျေးရွာများမှတာဝန်ရှိသူများအား နွေရာသီကာလရောက်ရှိလာပြီး ပူပြင်းခြောက်သွေ့လာ၍ ရေရှားပါးမှုများဖြစ်ပေါ်လျက်ရှိရာ မြောက်ဦးမြို့နယ် ပေါက်ပင်ကွင်းကျေးရွာအတွင်းသောက်သုံးရေ လုံလောက်မှုရှိစေရန်နှင့်ရေရှားပါးပြတ်လပ်မှုမဖြစ်ပေါ်စေရေးအတွက် မြေသားရေကန်များတွင် မြစ်ရေချိုဖြည့်တင်းခြင်းကို ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

ထို့အပြင် ယခင်နှစ်အတွေ့အကြုံပေါ်မူတည်၍ ယခုနှစ်နွေရာသီ၌ ရေရှားပါးမှုကြုံတွေ့နိုင်သော ကျေးရွာများအနေဖြင့် မိမိတို့ရေအရင်းအမြစ်ပေါ်မူတည်ပြီး ရေကိုချွေတာစွာသုံးစွဲရန်၊ သောက်သုံးရေ အရင်းအမြစ်များကို ထိန်းသိမ်းရန်၊ ရေရှားပါးပြတ်လပ်မှုနှင့် ကြုံတွေ့လာပါက ရေဖူလုံသောကျေးရွာများမှ မျှတသုံးစွဲနိုင်ရေး ကြိုတင်စီမံထားကြရန်ပြောကြားခဲ့ပြီး ကျေးရွာများမှ တာဝန်ရှိသူများအနေဖြင့် ရေရှားပါးပြတ်လပ်လာပါက မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ အချိန်နှင့် တစ်ပြေးညီ အကြောင်းကြား ဆက်သွယ်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## မှုခင်းသတင်းတိုထွာများ

### စိတ်ကြွရူးသွပ်ဆေးပြားများ ဒေ့ါဖုန်းယန်မြို့၌ ဖမ်းမိ

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ဒေါ့ဖုန်းယန်မြို့အမှတ်(၁)ရပ်ကွက် လမ်းဆုံစစ်ဆေးရေးဂိတ်၌ ယာဉ်ဝင်ယာဉ်ထွက်များစစ်ဆေးနေစဉ် စိတ်ကြွရူးသွပ်ဆေးပြား ၅၉၄၀ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မတ် ၂၆ ရက်က ဒေါ့ဖုန်းယန်မြို့အမှတ်(၁)ရပ်ကွက်လမ်းဆုံ စစ်ဆေးရေးဂိတ်၌ မြို့နယ်ရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်သန့်ဇင်ဦးနှင့်အဖွဲ့ ယာဉ်ဝင်ယာဉ်ထွက်သွားလာမှုအား စစ်ဆေးနေစဉ် မိုးမောက်မြို့ဘက်မှ ဒေါ့ဖုန်းယန် မြို့ဘက်သို့ ဆိုင်ကယ်မောင်းနှင်လာသည့် မန်တုံမြို့နယ်နေ ဆိုင်းလီ (၁၆ နှစ်) ကို ရပ်တန့်စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၉၄၀ စစ်ဆေးတွေ့ရှိသဖြင့် ၎င်းအား ဒေါ့ဖုန်းယန်မြို့ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

### မြို့လှမြို့ဈေး အထည်ဆိုင်များ အလစ်သုတ်ခိုးယူခံရမှုများရှိနေ

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် မြို့လှမြို့ဈေး အပတ်စဉ်ဈေးနေ့ရောက်တိုင်း နံနက်ပိုင်းလူစည်ကားချိန်၌ ဈေးဝယ်သူဟန်ဆောင်ကာ အလစ်သုတ်ခိုးယူခံရမှုများရှိနေကြောင်း မတ် ၂၈ ရက်က ဈေးနေ့တွင် ဈေးသူ/ဈေးသားများ၏ ပြောကြားချက်အရ သိရသည်။

"ဈေးပတ်တိုင်းလိုလိုအခိုးခံနေရတယ်။ အရင်ကလည်း ငွေကျပ်သုံးသိန်းကျော်ရယ်၊ ဖုန်းနဲ့လက်ဝတ်လက်စားထည့်ထားတဲ့အိတ်ပါ အခိုးခံလိုက်ရတယ်။ မနေ့ကတင် အရှေ့ဘက်ဈေးတန်းက ဖုန်းငွေဖြည့်ကတ် ငွေကျပ်ခုနစ်သိန်းကျော်ဖိုး ပါသွားတယ်" ဟု ကိုယ်တိုင်ကြုံတွေ့ရသော အထည်ဆိုင်ဖွင့်လှစ်ရောင်းချသည့် အမျိုးသမီးက ပြောသည်။

လက်ရှိဈေးဆိုင်ခန်းများအနေဖြင့် ရောင်းချသည့် ပစ္စည်းများ ရှေ့ထုတ်ခင်းကျင်းရောင်းချခြင်းဖြစ်ပြီး ဝယ်ယူသူလေးငါးခြောက်ဦးရောက်ရှိလာပါက နောက်မှ ပစ္စည်းထုတ်ပေးရန်ရှာဖွေစဉ် ဝယ်ယူသူဟန်ဆောင်ကာ ခိုးယူသွားကြခြင်းဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

### ဆိုင်ကယ်ခိုးယူသူသုံးဦးအား ဖမ်းဆီးရမိ

ဘားအံမြို့ပေါ်ရပ်ကွက်များအတွင်း ဆိုင်ကယ်များမကြာခဏ ပျောက်ဆုံးလျက်ရှိပြီး ဖော်ထုတ်နိုင်ခြင်းမရှိသေးသည့် ဆိုင်ကယ်ခိုးမှုလက်ကျန်များအား ဖော်ထုတ် နိုင်ရေးဆောင်ရွက်ခဲ့ရာ ဆိုင်ကယ်ခိုးယူသူသုံးဦးအား ဖမ်းဆီးရမိပြီး မတ် ၂၇ ရက်အထိ ခိုးယူခဲ့သည့် ဆိုင်ကယ် ၁၁ စီး ထပ်မံဖော်ထုတ်သိမ်းဆည်းနိုင်ခဲ့ကြောင်း သိရသည်။

မတ် ၁၈ ရက်က ဘားအံမြို့မရဲစခန်း၏ မသင်္ကာတရားခံများဖြစ်သော ကောင်းလင်းထွန်း(၁၈ နှစ်) ပဲခူးတိုင်းဒေသကြီး၊ စိုင်းလင်းအောင် (၂၄ နှစ်) (လိပ်စာတူ)နှင့် ငထွန်း (ခ) ထွန်းထွန်း (၂၃နှစ်) ရန်ကုန်တိုင်းဒေသကြီး နေသူတို့သုံးဦးအား မတ် ၁၈ ရက်မှ ၂၂ ရက်ထိ ဘားအံမြို့နယ် တရားရုံး၌ အသေးစိတ်စစ်ဆေးခဲ့ရာ ၎င်းတို့သုံးဦး ခိုးယူခဲ့သည့်ဆိုင်ကယ် ၁၁ စီးအားဖော်ထုတ်သိမ်းဆည်းနိုင်ခဲ့ပြီး မြို့မရဲစခန်း၌ ခိုးမှု ၁၁ မှုဖြင့် အမှုဖွင့်ထားကြောင်းသိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

### တရားမဝင်သစ်များ လက်ဝယ်ထားရှိသူအား အရေးယူ

**နေပြည်တော် မတ် ၂၉**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ် မြို့ရဲစခန်းမှတပ်ဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် ပခုက္ကူမြို့ အမှတ် (၁၄) ရပ်ကွက်နေ ဦးကျော်ညွှန့်၏ နေအိမ်တွင် တရားမဝင်သစ်များ ရောက်ရှိနေကြောင်း သတင်းအရ မတ် ၂၆ ရက်က သွားရောက်စစ်ဆေးခဲ့ရာ ဦးကျော်ညွှန့်၏ နေအိမ်အား ငှားရမ်းနေထိုင်သူ ပခုက္ကူမြို့နယ်နေ အောင်ဇော်ထွန်း(၄၅နှစ်) ပါ ရှစ်ဦးအား တရားမဝင် ကျွန်းသစ်ခွဲသား ၃၆၁ ချောင်း၊ ပိတောက်သစ်ခွဲသား၃၀၆ ချောင်း၊ တမလန်းသစ်ခွဲသား ၁၄ ချောင်း စုစုပေါင်း ၅ ဒသမ ၃၇၆၈ တန်၊ သစ်ထုတ်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့ရှစ်ဦး အား ပခုက္ကူမြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**(ကိုရဲ)**

### ခရီးသည်တင်ယာဉ်နှင့် ဆိုင်ကယ်နှစ်စီးတိုက်မှုဖြစ်ပွား

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်နတ်တလင်းမြို့တွင် မတ် ၂၇ ရက်က ခရီးသည်တင်ယာဉ်နှင့် ဆိုင်ကယ်နှစ်စီးတိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်-ပြည်ကားလမ်းမိုင်တိုင်အမှတ် ၁၃၈/၀ တွင် ပြည်ဘက်သို့ ယာဉ်မောင်းဦးခင်စိန် (၅၃ နှစ်) နတ်တလင်းမြို့နေသူ မောင်းနှင်ပြီး တစ်ရွာတည်းနေ ဦးစိုးမြင့် (၆၀ နှစ်) လိုက်ပါစီးနင်းလာသော ဆိုင်ကယ်သည် လမ်း၏ဘယ်ဘက်ခြမ်းရှိ ဗိုလ်ချုပ်လမ်းထဲသို့ ချိုးကွေ့ဝင်စဉ် လမ်းကြောင်းတူမှ ယာဉ်မောင်းအောင်အောင် (၃၀ နှစ်)ခန့် မင်းလှမြို့နေသူ မောင်းနှင်လာသည့် ခရီးသည်တင်ယာဉ်က ဝင်ရောက်တိုက်မိခဲ့ပြီး တစ်ဖက်ယာဉ်ကြောလမ်းဘေး၌ ဆိုင်ကယ်ဖြင့် ရပ်နေသော အောင်သူရ (၁၉ နှစ်) နတ်တလင်းမြို့နေသူ၏ ဆိုင်ကယ်ကို ထပ်မံတိုက်မိမှုဖြစ်ပွားခဲ့သည်။ ယာဉ်မောင်းအောင်အောင်မှာ ထွက်ပြေးတိမ်းရှောင်သွားပြီး ရပ်နေသူ အောင်သူရမှာ ဒဏ်ရာမရရှိသော်လည်း ဆိုင်ကယ်မောင်းလာသူ ဦးခင်စိန်တွင် ဒဏ်ရာများရရှိပြီး နောက်မှလိုက်ပါသူ ဦးစိုးမြင့်မှာ ဒဏ်ရာများဖြင့် သေဆုံးသွားကြောင်း သိရသည်။

ယာဉ်မဆင်မခြင်မောင်းနှင်သူ အောင်အောင်နှင့်ဦးခင်စိန်တို့ နှစ်ဦးအား နတ်တလင်းမြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**တင်မြင့်(နတ်တလင်း)**

# မြို့တော်မဟာသင်္ကြန်မဏ္ဍပ်နှင့် မြို့မအလုပြယာဉ်အပြန်အလှန်သီဆို၍ မန်းသင်္ကြန်ပုံရိပ်ကိုဖော်ထုတ်သွားမည်



**မန္တလေး မတ် ၂၉**

ယခုနှစ်မန္တလေးသင်္ကြန်တွင် မန္တလေးမြို့တော်မဟာသင်္ကြန်မဏ္ဍပ်နှင့် မြို့မအလုပြယာဉ်တို့တစ်လှည့်စီ အပြန်အလှန်သီဆိုဖျော်ဖြေ၍ အတိတ်ကမန္တလေးသင်္ကြန်ပုံရိပ်များကို ဖော်ထုတ်သွားမည်ဖြစ်ကြောင်း မြို့မအပျော်တမ်းတူရိယာအသင်းဥက္ကဋ္ဌ ဒေါက်တာလှခိုင်က ပြောသည်။

"အရင်နှစ်တွေကလို ကျွန်တော်တို့မြို့မအလုယာဉ်ကဦးဆောင်ပြီး ကျန်အလုပြယာဉ်တွေနဲ့ မြို့တော်မဟာမဏ္ဍပ်ရှေ့က ဖြတ်သန်းနှုတ်ဆက်ပြီး သင်္ကြန်အကြိုကိုဖွင့်လှစ်သွားမှာ မဟုတ်ဘဲ ဒီနှစ်မှာ နံနက်ပိုင်းကစပြီး မြို့မအလုပြယာဉ်က မြို့တော်မဟာသင်္ကြန်မဏ္ဍပ်ရှေ့မှာရပ်ပြီး အတိတ်ကမန္တလေးသင်္ကြန်ဖျော်ဖြေမှုလို မြို့တော်မဏ္ဍပ်နဲ့မြို့မအလုပြယာဉ်တို့ တစ်နာရီလောက်ကြာအောင်တစ်လှည့်စီ အပြန်အလှန်သီဆိုဖျော်ဖြေပြီး သင်္ကြန်အကြိုနေ့ကိုဖွင့်လှစ်ပေးသွားမှာပါ" ဟု ၎င်းက ရှင်းပြသည်။

၁၉၃၀ ဝန်းကျင်မှစ၍ ကျင်းပခဲ့သည့် မန္တလေးသင်္ကြန်ပုံစံမှာ မြို့တွင်းဖျော်ဖြေရေး မဏ္ဍပ်များနှင့် အလုပြယာဉ်အများအပြား ပါဝင်ကြသည့်အတွက် မဏ္ဍပ်နှင့် အလုပြယာဉ်တို့တစ်လှည့်စီ အပြန်အလှန် ညှော့ခံဖျော်ဖြေသီဆိုကြပြီး မဏ္ဍပ်မှ ပြန်လည်ထွက်ခွာသည့် အခါတွင်လည်း နှုတ်ဆက်သီချင်းများဖြင့် သီဆိုကာ မန္တလေးထုံးစံအတိုင်း အပြန်အလှန် ဆုတောင်းနှုတ်ဆက်လေ့ရှိကြောင်း မန္တလေးမြို့ခံ စာရေးဆရာ ဆူးငှက်က ပြောသည်။

မြို့တော်မဟာသင်္ကြန် မဏ္ဍပ်ကလည်း အချိန်အကန့်အသတ်နဲ့ဆိုတော့ မြို့မ အလုပြယာဉ်ရောက်လာတော့လည်း သီချင်းတစ်ပုဒ်လောက်ဆိုပြီး ပြန်ထွက်သွားရတယ်။ အရင်ကနောက်အလုပြယာဉ်မလာမချင်း ရှေ့ကအလုပြယာဉ်နဲ့ မဏ္ဍပ်တို့ အပြိုင်အဆိုင်သီဆိုကြတယ်။ အခုနှစ်မှာ ယခင်ပုံစံအတိုင်းပြန်လည်ဖော်ထုတ်မယ်ဆိုတာသိရတဲ့ အတွက် ကြိုဆိုပါတယ်။ အလုပြယာဉ်တွေနဲ့ ဖျော်ဖြေရေးမဏ္ဍပ်တွေ အများအပြားထွက်ပေါ်လာဖို့လည်း လုပ်ငန်းရှင်တွေနဲ့ မြို့တော်စည်ပင်သာယာရေးကော်မတီကအားပေးကူညီကြဖို့ တိုက်တွန်းလိုပါတယ်" ဟုမြို့မအပျော်တမ်း တူရိယာအသင်းဥက္ကဋ္ဌက ပြောသည်။

ယခုနှစ်မန္တလေးသင်္ကြန်တွင် မြို့မအလုပြယာဉ်မှ သင်္ကြန်အကြိုနေ့ နံနက်ပိုင်းတွင် မန္တလေးမြို့တော် မဟာသင်္ကြန်မဏ္ဍပ်ကိုဖွင့်လှစ်ပေးပြီး ညပိုင်းတွင် မြို့တွင်း လှည့်လည်ဖျော်ဖြေမှုများကို ယခင်နှစ်များအတိုင်း သင်္ကြန်ကာလအတွင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ဂုတ်ထိပ်တံတားသို့သွားရောက်လည်ပတ်သူများကြောင့် မန္တလေး-လားရှိုးရထားလူပြည့်

**ပြင်ဦးလွင် မတ် ၂၉**

နွေရာသီ ကျောင်းပိတ်ရက်ဖြစ်ပြီး ရာသီဥတုကောင်းမွန် သာယာလျက်ရှိနေသောကြောင့် ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့နှင့် ကျောက်မဲမြို့နယ်ကြားရှိ ကမ္ဘာကျော် ဂုတ်ထိပ်တံတားကြီးသို့ ရထားစီး၍ သွားလာလည်ပတ်သူများပြားလျက်ရှိနေကြောင်း သိရသည်။

ဂုတ်ထိပ်တံတားသို့ သွားရောက်လည်ပတ်သူများသည် မန္တလေး-လားရှိုး ရထားဖြင့် သွားရောက်ကြပြီး အများစုသည် ပြင်ဦးလွင်မြို့မှတစ်ဆင့် သွားရောက်ကြသည်။ မန္တလေးမြို့မှ နံနက် ၅ နာရီတွင် ရိုးရိုးတန်း၊ လူစီးတွဲနှစ်တွဲ၊ အထက်တန်းလူစီးတွဲတစ်တွဲဖြင့် ထွက်ခွာလာသော မန္တလေး-လားရှိုး ရထားသည် ပြင်ဦးလွင်မြို့သို့ နံနက် ၇ နာရီခွဲ၊ ၈ နာရီ ဝန်းကျင်တွင်ဆိုက်ရောက်ကာ ပြင်ဦးလွင်မြို့မှ ရိုးရိုးတန်းလူစီးတွဲ နှစ်တွဲ၊ အထက်တန်း လူစီးတွဲတစ်တွဲထပ်မံချိတ်ဆွဲလျက် စုစုပေါင်းရိုးရိုးတန်း လူစီးတွဲလေးတွဲ၊ အထက်တန်းတွဲ နှစ်တွဲဖြင့် လားရှိုးမြို့သို့ ဆက်လက်ထွက်ခွာလျက်ရှိနေကြောင်းသိရသည်။



လားရှိုး၊ သီပေါ၊ ကျောက်မဲ၊ နောင်ချိုစသည့်မြို့များသို့ သွားရောက်ကြသူများ အနေဖြင့်လည်းကောင်း၊ ဂုတ်ထိပ်တံတားသို့သွားရောက် လည်ပတ်ကြသူများအနေဖြင့်လည်းကောင်း ပြင်ဦးလွင်မြို့မှတစ်ဆင့် ရထားစီးနင်းရသည်မှာ ပိုမိုအဆင်ပြေလျက်ရှိနေကြပြီး ရထားစီးခလက်မှတ်များမှာ ပြင်ဦးလွင်မှလားရှိုးအထိ အထူးတန်းလက်မှတ်တစ်စောင်လျှင်ငွေကျပ် ၄၄၀၀၊ ရိုးရိုးတန်းလက်မှတ်တစ်စောင်လျှင် ငွေကျပ် ၁၉၀၀ ဖြစ်ကြောင်းသိရသည်။

ယခု ခရီးသွားရာသီ၌ နေ့စဉ်နိုင်ငံခြားသားခရီးသည် အနည်းဆုံး ၄၀ မှ ၅၀အထိလည်းကောင်း၊ အများဆုံး ၉၀ မှ ၁၀၀အထိလည်းကောင်း စီးနင်းလျက်ရှိနေကြပြီး တက္ကသိုလ်၊ ကောလိပ်နှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများမှ လေ့လာရေးခရီးကျောင်းသားကျောင်းသူများ၊ ပြင်ဦးလွင်မြို့နယ်တွင်ရှိသော သင်တန်းကျောင်းများမှ သင်တန်းသားသင်တန်းသူများ၊ လည်ပတ်ကြသူခရီးသွားဧည့်သည်များဖြင့် မန္တလေး-လားရှိုးရထားမှာနေ့စဉ်စီးနင်းသူပြည့်လျက်ရှိနေကြောင်း သိရသည်။ **သက်နိုင်(ပြင်ဦးလွင်)**

# ကရာတေးဒိုနှင့် တိုက်ကွမ်ဒိုသင်တန်းများဖွင့်မည်

**ကျိုင်းတုံ မတ် ၂၉**

ကျိုင်းတုံခရိုင် အားကစားနှင့်ကာယပညာဦးစီးဌာနက ကြီးမှူး၍ နွေရာသီအခြေခံအားကစားသင် တန်းများ ဖွင့်လှစ်သင်ကြားလျက်ရှိရာ ကရာတေးဒိုနှင့် တိုက်ကွမ်ဒိုကစားနည်းများကို ဧပြီ ၆ ရက်မှ မေ ၂၀ ရက်အထိ ခရိုင်မိုးလုံလေလုံအားကစားခန်းမ၌ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

ကျန်းမာရေးကောင်းမွန်သော မူလတန်း၊ အလယ်တန်း၊ အထက်တန်း အမျိုးသားအမျိုးသမီးများသင်တန်းတက်ရောက်နိုင်ကြောင်း နံနက် ၈ နာရီမှ ၁၀ နာရီ၊ ညနေ ၃ နာရီမှ ၅ နာရီအထိ သင်ကြားပေးသွားမည်ဖြစ်ကြောင်း ခရိုင်အားကစားမှူးထံမှ သိရသည်။

သင်တန်းသားစာရင်းကို ခရိုင်အား/ကာ ဦးစီးဌာနတွင်ပေးသွင်းရမည်ဖြစ်ကာ ဖုန်း ၀၈၄-၂၂၅၅၃ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**မောင်မောင်နိုင်(ကျိုင်းတုံ)**

# ဘုရားပွဲ၌ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲထည့်သွင်းကျင်းပမည်

**ဒလ မတ် ၂၉**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ၁၁/၁၄ရပ်ကွက်တွင် တည်ထားကိုးကွယ်သော မဟာသဗ္ဗညုတအောင်တော် မူစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲ တော်အထိမ်းအမှတ် မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲများကို မတ် ၂၈ ရက်တွင်စတင် ကျင်းပခဲ့ကြောင်း သိရသည်။

မတ် ၂၈ ရက်မွန်းလွဲ ၁နာရီတွင် စတင်ပြီးအောင်တော်မူစေတီတော်မြတ်ကြီး ဘုရားပုရဝုဏ်အတွင်း၌ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲတွင် ယှဉ်ပြိုင်မည့် ရွှေခါးပတ်ချန်ပီယံ စောဖြိုးဝေ(ရိုးရာပုဂံ) နှင့်အမျိုးသား အားကစားပွဲတော်ရွှေတံဆိပ်ဆုရ တိမ်တိုက်(ထွန်းသွင်)၊ ရွှေခါးပတ်ချန်ပီယံ စောသဲမျိုး(အုန်းပင်ချောင်း) နှင့် ရဲဇာနည်(တွံတေး)၊ တိုင်းဒေသကြီး/ပြည်နယ်ရွှေတံဆိပ်ဆုရမိုက်မိုက်(S.T.L) နှင့်ဘတ်ရှား (ဒေါင်းမြန်မာ)၊ ထယ်ကြီး(S.T.L) နှင့် ရှိုးလေး(Phoneix)၊ ဒေါင်းမျိုးလေး (ဒေါင်းမြန်မာ)နှင့် ဇေယျလင်း (အုန်းပင်ချောင်း)တို့ကငါးချီ၊ လေးချီကြားပွဲများ ပါဝင်ခဲ့ပြီး၊ မျိုးဆက်သစ်ဖော်ထုတ်ရေးပွဲများအဖြစ် ဒေသခံလက်ဝှေ့သမားများ အားစမ်းကြမည့် သုံးချီကြာပွဲများလည်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ **နိုင်လင်းကျော်(ပြန်/ဆက်)**

# အခြေခံစာကြည့်တိုက်ပညာသင်တန်းဖွင့်

**သီပေါ မတ် ၂၉**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက် (နေပြည်တော်)နှင့် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း၊ ပြန် ကြားရေးပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံစာကြည့်တိုက်ပညာ(ရက်တို) သင်တန်းဖွင့်ပွဲကို မတ် ၂၇ ရက်က ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမြည်သီလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး အမျိုးသားစာကြည့်တိုက်(နေပြည်တော်) ညွှန်ကြားရေးမှူးဒေါက်တာကေသီထွေးက အခြေခံစာကြည့်တိုက်ပညာ သင်တန်းဖွင့်လှစ်ခြင်း၏ ရည်ရွယ်ချက်ကိုလည်းကောင်း၊ မြန်မာနိုင်ငံစာကြည့်တိုက် ဖောင်ဒေးရှင်း(ရှမ်း/မြောက်) တာဝန်ခံဦးမြသန်းနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဦးစိုင်းထွန်းသိန်းတို့က သင်တန်းဖွင့်လှစ်ခြင်းနှင့် သင်တန်းစည်းမျဉ်း၊ စည်းကမ်း အချိန်ဇယားများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းသို့ ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ကျေးရွာစာကြည့်တိုက်မှူးများ၊ စာကြည့်တိုက်လုပ်ငန်းစိတ်ပါဝင်စားသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တပတ်ဖြစ်ကြောင်းသိရသည်။ **စိုင်း(သီပေါ)**

# နားမကြားသောကလေးများကျောင်းရန်ပုံငွေဈေးရောင်းပွဲတော်ကျင်းပ

**ရန်ကုန် မတ် ၂၉**

တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက်ရှိ လူမှုဝန်ထမ်းဦးစီးဌာနက နားမကြားသောကလေးများကျောင်း၌ ရန်ပုံငွေဈေးရောင်းပွဲတော်နှင့် အလှူငွေပေးအပ်ပွဲအခမ်းအနားကို မတ် ၂၆ ရက်က ကျင်းပခဲ့သည်။ မြို့နယ်လွှတ်တော် ကိုယ်စားလှယ်များက နားမကြားသောကလေးများကျောင်းအား တစ်ဖက်တစ်လမ်းမှကူညီအားဖြည့်ပေးရန်အတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ ဈေးရောင်းပွဲတော်ကို အဆိုပါနေ့ ညနေ ၃နာရီမှ ၅ နာရီအထိ ကျင်းပခဲ့သည်။

ဆက်လက်၍ ညနေ ၅ နာရီတွင် အလှူရှင်များ၏လှူဒါန်းငွေပေးအပ်ပွဲအခမ်းအနားကို ကျင်းပခဲ့သည်။ အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်းဦးစီးဌာနမှတာဝန်ရှိသူများ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ အလှူရှင်များ တက်ရောက်ကြသည်။

**လှုလှု(ပြန်/ဆက်)**

# အထက်ယမိုက် အောက်ယမိုက် ပဋ္ဌာန်းဆရာဖြစ် တစ်လသင်တန်းဖွင့်

**တပ်ကုန်း မတ် ၂၉**

နေပြည်တော် တပ်ကုန်းမြို့မဟာသီဟနာဒတိုက်၌ အထက်ယမိုက်၊ အောက်ယမိုက်ပဋ္ဌာန်းဆရာဖြစ် တစ်လသင်တန်းနှင့် အခြေခံအင်္ဂလိပ်စာသင်တန်းကို ဧပြီ ၂၇ ရက်မှ မေ ၂၅ ရက်အထိ ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်းသိရသည်။

သင်တန်းတက်ရောက်လိုသည့် သံဃာတော်များနှင့် သီလရှင်ဆရာလေးများ ဧပြီ ၁၃ ရက်နောက်ဆုံးထားစာရင်းပေးသွင်းပြီး ဧပြီ ၂၅ ရက် အရောက်ကြွရောက်တော်မူရန်နှင့် ပထမလတ်၊ ပထမကြီး၊ စာချတန်းများသာ စာရင်းပေးသွင်းပြီးသင်တန်းအားလုံးကို အချိန်ပြည့်တက်ရောက်နိုင်မည့် သံဃာအပါး ၁၀၀ ကိုသာ လက်ခံပို့ချမည်ဖြစ်ကြောင်းသိရသည်။

သင်တန်းပို့ချမည့်ဆရာတော်များမှာ အဘိဓမ္မာစာချ ပြတိုက်အရှင်အာစိဏ္ဏ(မဟာသီဟနာဒဆရာတော်)၊ အရှင်အာရဒ္ဓဗုဒ္ဓိ(ရန်ကုန် မဟာသီဟနာဒဆရာတော်)၊ မန်းတက္ကသိုလ်ကထိကအင်္ဂလိပ်စာဌာနမဟာဓမ္မာစရိယ M.A ဓမ္မဓရ အရှင်ကုဋ္ဌမလ(မန္တလေး မဟာသီဟနာဒဆရာတော်) တို့ဖြစ်ကြပြီး တက်ရောက်လိုပါက အရှင်ပီယဇန္ဓ၊ မဟာဝိသုဒ္ဓါရုံသစ်သံတော်ဆင့်ကျောင်း မဟာအောင်မြေမြို့ ဖုန်း ၀၉-၄၃၁၃၂၇၇၂ သို့ဆက်သွယ်နိုင်ကြောင်း သိရသည်။

**မယဉ်(တပ်ကုန်း)**


**ကားနှင့်ကားပေါ်ပါလူများ**

**မီးဘေးအန္တရာယ်ကင်းဝေးစေရေးအတွက်**

**"ကား" တိုင်းတွင်မီးသတ်ဆေးဘူးဆောင်ထားပါ**

**မီးသတ်ဦးစီးဌာန**

# ပနန်-ပန်ခွာကျေးရွာချင်းဆက် ပန်းလောင်မြစ်ကူးတံတားဖွင့်ပွဲပြုလုပ်

**ကျောက်ဆည် မတ် ၂၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ ပနန်-ပန်ခွာ ကျေးရွာချင်းဆက် ပန်းလောင်မြစ်ကူးတံတားဖွင့်ပွဲကို မတ် ၂၇ ရက်က ကျင်းပခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင် အမှာစကားပြောကြားသည်။

ထို့နောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးမြင့်က တံတားတည်ဆောက်ခဲ့မှု အခြေအနေအဆင့်ဆင့်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးက ပန်းလောင်မြစ်ကူး ကွန်ကရစ်တံတား ဆောင်ရွက်ပြီးစီးမှုမှတ်တမ်းအား ဒေသခံတစ်ဦးထံသို့ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးနှင့် ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဌေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်နှင့် ဦးရဲမင်းထွန်းတို့က မြစ်ကူးတံတားအား ဖွင့်လှစ်ပေးပြီး ကမ္ပည်းကျောက်စာတိုင်အား ဝန်ကြီးချုပ်က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့သည်။



ထို့နောက် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တံတားသစ်အား ဖြတ်သန်းကြည့်ရှုစစ်ဆေးခဲ့သည်။ အဆိုပါတံတားသည် ယခင်က အရှည်ပေ ၁၄၀ ရှိသော သစ်သားတံတား တစ်စင်းဖြစ်ပြီး အန္တရာယ်ရှိနိုင်သည့်အတွက် ယခုအစိုးရသစ်လက်ထက်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ အလျားပေ ၁၆၀၊ အကျယ် ၁၄ပေ၊ အမြင့်ပေ ၂၀၊ သံကူကွန်ကရစ် ဘိုးပိုင်နှင့် ကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးခဲ့ပြီး မြေထိန်းနံရံ ချဉ်းကပ်လမ်းပါဝင်ပြီး စုစုပေါင်းကုန်ကျငွေကျပ် ၁၈၃ ဒသမ ၀၂၉ သန်းဖြင့် ပြန်လည်တည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# တောင်ကြီးမြို့၌ ကမ္ဘာ့တီဘီတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ကျင်းပ

**တောင်ကြီး မတ် ၂၉**

ရှမ်းပြည်နယ်အနေဖြင့် တီဘီရောဂါတိုက်ဖျက်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာတွင် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန လက်အောက်တွင် ပြည်နယ်တီဘီရောဂါတိုက်ဖျက်ရေးဌာနတစ်ခု၊ ခရိုင်တီဘီရောဂါ တိုက်ဖျက်ရေးဌာန သုံးခု၊ မြို့နယ်တီဘီရောဂါတိုက်ဖျက်ရေးဌာနငါးခုတို့တွင် တီဘီရောဂါတိုက်ဖျက်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က မတ် ၂၇ ရက်တွင် တောင်ကြီးမြို့တော်ခန်းမ၌ ကျင်းပသည့် ကမ္ဘာ့တီဘီတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ပြောကြားသည်။

ထို့အပြင် ကျန်မြို့နယ်များတွင် မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနများမှ ကုသပေးလျက်ရှိပြီး၊ ပြည်တွင်းပြည်ပလူမှုရေးအဖွဲ့အစည်းများဖြစ်သော မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ နိုင်ငံတကာအဖွဲ့အစည်းများ ဖြစ်ကြသော PSI နှင့် The Union တို့သည် တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းများတွင် မိတ်ဖက်အဖွဲ့အစည်းများဖြင့် အတူတကွ လက်တွဲဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသွားသည်။

ဆက်လက်၍ တီဘီရောဂါအကြောင်းသိကောင်းစရာနှင့် ရှေ့လုပ်ငန်းစဉ်များကို တီဘီနှင့်အနာကြီးရောဂါတိုက်ဖျက်ရေးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး၊ ဒေါက်တာ အိအိချောက တင်ပြခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## စစ်တက္ကသိုလ်အမှတ်စဉ်(၄၁)ဗိုလ်လောင်းသင်တန်း (၁၇)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနား အလှူတော်မင်္ဂလာနှင့်မိတ်ဆုံစားပွဲ ဖိတ်ကြားလွှာ

စစ်တက္ကသိုလ် အမှတ်စဉ်(၄၁) ဗိုလ်လောင်းသင်တန်းသည် အမိစစ်တက္ကသိုလ်တွင် လေးနှစ်တာကာလ စာပေပညာ၊ စစ်ပညာ သင်ကြားခဲ့ပြီး တိုင်းပြည်တာဝန်ကို ကျရာအခန်းကဏ္ဍအလိုက် နယ်ပယ်အသီးသီးတွင် ထမ်းဆောင်ခဲ့ရာ ၂၀၁၇ ခုနှစ် ဧပြီ ၇ ရက်တွင် (၁၇)နှစ်ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါသည်။ နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် စတသ(၄၁)မှ သူငယ်ချင်းများစုစည်းကာ ရန်ကုန်မြို့တွင် အောက်ဖော်ပြပါ နေ့ရက်အလိုက် အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အနယ်နယ်အရပ်ရပ်မှ သူငယ်ချင်းများ တက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

**အစီအစဉ်**

| | |
|---|---|
| (၁-၄-၂၀၁၇)ရက် (စနေနေ့) | နံနက် ၉း၀၀ နာရီမှ ၁၃း၀၀ နာရီအထိ မင်းကျောင်းစာသင်တိုက်၊ ကျိုက္ကလဲ့၊ မင်္ဂလာဒုံ၊ ရန်ကုန်မြို့တွင် ရှင်/ရဟန်း (၄၁)ပါးအား စုပေါင်း ရဟန်းခံ၊ ရှင်ပြု အလှူတော်မင်္ဂလာကျင်းပခြင်း။ |
| (၇-၄-၂၀၁၇)ရက် (သောကြာနေ့) | နံနက်၁၀နာရီမှ ၁၂နာရီအထိ၊ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတွင် စတသ(၄၁)မှ လှူဒါန်းထားသော ကျောက်ဆင်းတုတော်ဘုရားအား အနေကဇာတင်ခြင်းနှင့် သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းခြင်း။ |
| (၈-၄-၂၀၁၇)ရက် (စနေနေ့) | နံနက် ၇း၀၀နာရီ၊ တပ်မတော်ဂေါက်ကွင်း(မင်္ဂလာဒုံ)တွင် ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပခြင်း။ ည ၇ နာရီမှ ၁၀နာရီအထိ မြရိပ်ညိုဟိုတယ်၊ မြက်ခင်းပြင်၌ မိတ်ဆုံညစာစားပွဲ ကျင်းပခြင်း။ |

**ဆက်သွယ်ရန် ဖုန်း-၀၉-၄၇၇ ၈၉၉ ၁၈၈၊၀၉-၄၀၁၅၉၇ ၉၇၇၊ ၀၉-၉၇၇၂၆၄၉၄၇၊ ၀၉-၉၇၁၉၇၉၄၉၁**

## မွေးနေ့ဆုတောင်း

မြန်မာမဟာထွန်း ကုမ္ပဏီလီမိတက်၏ ဥက္ကဋ္ဌဖြစ်သော ဦးဝဏ္ဏထွန်း၏ (၃၀-၃-၂၀၁၇)ရက်တွင် ကျရောက်သော မွေးနေ့မှစ၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် လောကီ၊ လောကုတ္တရာ နှစ်ဖြာသော အကျိုးစီးပွားများကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း အပ်ပါသည်။

**မြန်မာမဟာထွန်း
ဒါရိုက်တာနှင့် ဝန်ထမ်းမိသားစုများ**

## ကြိုတင်ဝင်ငွေခွန်ပေးဆောင်ကြပါရန် အသိပေးနှိုးဆော်ချက်

ကြိုင်တင်ဝင်ငွေခွန် ပေးဆောင်ကြပါရန် ၁၀-၃-၂၀၁၇၊ ၁၁-၃-၂၀၁၇၊ ၁၃-၃-၂၀၁၇၊ ၁၅-၃-၂၀၁၇၊ ၁၇-၃-၂၀၁၇ရက်များတွင် အသိပေးကြေညာခဲ့ပြီး ဖြစ်ပါသည်။

တည်ဆဲဝင်ငွေခွန်ဥပဒေပုဒ်မ ၁၆-က အရ ဝင်ငွေနှစ်အတွင်း မိမိရရှိမည့် စုစုပေါင်းဝင်ငွေကို ခန့်မှန်းတွက်ချက်၍ ယင်းအပေါ်တွင် ကျသင့်သည့်အခွန်ကို ကြိုတင်ပေးဆောင်ရန် နည်းလမ်းများကို ပြဋ္ဌာန်းထားရာ ကျသင့်သည့်အခွန်ကို သုံးလတစ်ကြိမ် သတ်မှတ်သည့် နည်းလမ်းများအတိုင်း ပေးသွင်းရမည်ဖြစ်ပါသည်။

ကြိုတင်ပေးသွင်းရမည့်အခွန်ကို မပေးသွင်းလျှင် သို့မဟုတ် ပေးသွင်းရမည့် အခွန်သည် သက်ဆိုင်ရာစည်းကြပ်မှုတွင် ကျသင့်သည့်အခွန်ထက်လျော့လျှင် ယင်းပေးသွင်းရန် ပျက်ကွက်သည့်ငွေ သို့မဟုတ် လျော့ငွေ၏ တစ်ဆယ်ရာခိုင်နှုန်းနှင့်ညီမျှသောငွေကို ဒဏ်ငွေအဖြစ် ပေးဆောင်စေရမည်ဖြစ်ပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကုန်ဆုံးရန် ရက်ပိုင်းမျှသာလိုပါတော့သဖြင့် ပေးသွင်းရမည့် ကြိုတင်ဝင်ငွေခွန်ကို မပျက်မကွက် အချိန်မီပေးသွင်းကြပါရန် ထပ်မံအသိပေးနှိုးဆော်အပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

ODYSSEY Travels & Tours
ဘာလီ-စင်္ကာပူ
$ 1399 (စားရိတ်ငြိမ်း)
16-23 April (၇ည/၈ရက်)
01-246337,246338,392870

Modern Myanmar
ကျိုက်ထီးရိုး (နေ့စဉ်) 10000
ချောင်းသာ { Guest (ခုနှစ်) 35000 / Hotel 40000
ငွေဆောင် (Hotel) 40000
ပုပ္ပါးသဲသောင် (Guest) 130000
သင်္ကြန်ရက်အတွင်း Package အခန်းစီစဉ်ပေးသည်။
09-450047016, 09-253540004

ရောင်း/လဲမည်
မြေထိုးစက် D8K
ဖုန်း-၀၉-၂၅၀၆၆၃၉၃၈

ဖျာပုံပေါ်ဆန်းမွှေးကောင်းကောင်း
အရောက်ပို့ (၃၆၀၀၀)ကျပ်
ပွဲတော်အုပ်ဆန်ဆိုင်
01-512443,09-5055574

တွင်းအရစ် အုတ်ရိုက်စက်
ဒေတာမီမြေအုတ်ရိုက်စက် ရပြီ
09 4200 35882
09 4200 35884
(၆၀၄)အင်းလေး(၁)လမ်းဆုံ(၂)တောင်ဒဂုံ

**ပျောက်ဆုံးကြောင်း**
ကျွန်တော်၏ရေကြောင်းပို့ဆောင်ရေး၊ ညွှန်ကြားမှု ဦးစီးဌာနမှ ထုတ်ပေးထားသည့် သံ-၁၀၇၁ရေယာဉ်၏ လုပ်ငန်းလိုင်စင်အပိုင်(၂)ကတ်ပြားသည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပြန်လည်ပေးပို့ ပါရန်။ **ဦးဟန်သင်းအောင်**
**ဖုန်း-၀၉-၅၃၄၀၈၃၈**

**အမည်ပြောင်း**
ပန်းတနော်မြို့၊ အရှေ့ပိုင်းရပ်ကွက်၊ ကျန်စစ်သားလမ်းနေ ဦးမျိုးဝင်း ၁၄/ပတန(နိုင်) ၀၀၆၄၃၅၏သမီး မနှင်းမြတ်ဝေ(အထက-၁၊ ပန်းတနော်)အား မထက်ယုကျော်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း**
ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့၊ ရေကျော်ရပ်ကွက်နေ (ဦးစိုးလှိုင်)-ဒေါ်ဝင်းကြည်တို့၏သား၊ မောင်စိုးဝင်းအောင်(ခ)မောင်ဇော် ၁၄/ဝခမ(နိုင်) ၁၄၃၁၇၁သည် မိဘ ညီအစ်ကိုမောင်နှမများအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်၍ ၁၃-၂-၂၀၁၇ရက်က မိမိသဘောအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် သားအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်၄င်းနှင့်ပတ်သက်၍ ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။
**ဒေါ်ဝင်းကြည်
၁၄/ဝခမ(နိုင်)၀၀၄၉၈၀**

# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန၊ အောင်ဘာလေသိန်းဆုဌာနခွဲ
# သတင်းကြေညာချက်
**(၂၀၁၇ ခုနှစ် မတ်လ ၂၉ ရက်)**

၁။ (၂)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေထီလက်မှတ်များကို ၂၀၁၇ခုနှစ်၊ ဧပြီလ ၁ ရက်မှ စတင်ရောင်းချမည်ဖြစ်ပါသည်။

၂။ (၂)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေထီလက်မှတ်များကို “က” အက္ခရာမှ အစဉ်လိုက်“န”အက္ခရာထိ အက္ခရာလုံးရေ (၂၀)နှင့် အရန်ထီ “ကင” အက္ခရာမှ အစဉ်လိုက် “ကထ” အက္ခရာထိ (၁၃)လုံး၊ စုစုပေါင်း အက္ခရာ (၃၃)လုံးခန့်၊ ထီစာအုပ်ပေါင်း (၂၆၃၉၅၂၄)အုပ်ကို ခွဲဝေဖြန့်ဖြူးပြီးဖြစ်ပါသည်။

၃။ ထပ်မံဝယ်ယူလိုသူများရှိပါက ကျပ် ၅၀၀တန် အရန်ထီလက်မှတ်စာအုပ်များကို “ကထ” အက္ခရာလက်ကျန်ထီများမှစ၍ ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ပြီး၊ အနည်းဆုံးအုပ်ရေ (၁၀၀)နှင့်အထက် ဝယ်ယူလိုသူများအား ဘဏ်ငွေသွင်းချလန် (TF-1)ဖြင့် အောင်ဘာလေသိန်းဆုဌာနခွဲ တည်ရှိရာ အမှတ် ၃၈၄၊ မဟာဗန္ဓုလလမ်းနှင့် ၃၇လမ်းထောင့်၊ ကျောက်တံတားမြို့နယ်တွင် (၃-၄-၂၀၁၇)ရက်မှ (၂၄-၄-၂၀၁၇)ရက်ထိ ရုံးဖွင့်ရက်များတွင် ရောင်းချပေးသွားမည်ဖြစ်ပါသည်။ ရောင်းချရသည့် အက္ခရာများကို ထီဖွင့်ပွဲမတိုင်မီ ထပ်မံကြေညာပေးသွားမည်ဖြစ်ပါသည်။

၄။ (၂)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေထီလက်မှတ်နမူနာမှာ အောက်ပါအတိုင်းဖြစ်ပါသည်-




၅။ (၂)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေထီလက်မှတ် (အရန်ထီ)နမူနာမှာ အောက်ပါအတိုင်းဖြစ်ပါသည်-




စာမျက်နှာ ၂၇ သို့

စာမျက်နှာ ၂၆ မှ


၆။ **အထူးသတိပြုရန်**

အရန်ထီလက်မှတ် “ကက” အက္ခရာ၊ “ကခ” အက္ခရာ၊ “ကဂ” အက္ခရာနှင့် “ကဃ” အက္ခရာတို့မှာ (၁)ကြိမ်မြောက်တွင် ရောင်းချပြီး၊ ဖွင့်လှစ်ပြီးဖြစ်ပါသဖြင့် ၂၀၁၇ခုနှစ် မေလ ၁ရက်တွင် ဖွင့်လှစ်မည့် (၂)ကြိမ်မြောက် အောင်ဘာလေထီဖွင့်ပွဲအတွက် အကျုံးမဝင်ပါကြောင်း အထူးသတိပေးအပ်ပါသည်။

၇။ ကျပ် ၅၀၀ တန် ထီအတွက် ဆုမဲများမှာ အမြင့်ဆုံးဆု ကျပ်သိန်း (၁၀၀၀၀)၊ ကျပ်သိန်း (၅၀၀၀)နှင့် ကျပ်သိန်း (၁၀၀၀) ဆုများ အပါအဝင်ဖြစ်ပြီး အနိမ့်ဆုံးဆုမဲမှာ ကျပ် (၅၀၀၀၀) ဖြစ်ပါသည်။

၈။ (၃၄၀)ကြိမ်မြောက် ကျပ် ၂၀၀တန် ထီလက်မှတ်များကို အက္ခရာ(၃)လုံး (“က”အက္ခရာ၊ “ခ”အက္ခရာနှင့် “ဂ”အက္ခရာ) ထုတ်ဝေရောင်းချသွားမည်ဖြစ်ပါသည်။ (၃၄၀)ကြိမ်မြောက်အတွက် ထီလက်မှတ်နမူနာမှာ အောက်ပါအတိုင်းဖြစ်ပါသည်-



၉။ကျပ် ၂၀၀ တန်ထီအတွက် ဆုမဲများမှာ အမြင့်ဆုံးဆု ကျပ်သိန်း (၁၅၀၀)နှင့် ကျပ်သိန်း (၁၀၀)၊ ကျပ်သိန်း (၅၀)ဆုများအပါအဝင်ဖြစ်ပြီး အနိမ့်ဆုံးဆုမဲမှာ ကျပ် (၁၀၀၀၀၀)ဖြစ်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (၂/၂၀၁၇)**

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများကို တင်ဒါခေါ်ယူလိုပါသည်-

**မြန်မာကျပ်ငွေဖြင့်ဝယ်ယူခြင်း**

(က) ဓာတုဗေဒပစ္စည်းများ - Caustic Soda (200 MT), Hydrochloric Acid (400 MT)

၂။ တင်ဒါများအတွက်

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၉-၃-၂၀၁၇ရက်

**တင်ဒါပိတ်မည့်ရက်/အချိန်** - ၉-၅-၂၀၁၇ရက် ၁၂:၀၀နာရီ

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ စီမံရေးဌာန/ဘဏ္ဍာရေးဌာန**
**ရုံးအမှတ် (၄၄)၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၁၁၂၃**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ အိမ်အမှတ်(၁၁၇၇)၊ စကားဖြူလမ်း၊ (၄၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)နေ ကျွန်တော် ဦးရဲထွန်းမြင့် ၁၂/ကမရ(နိုင်)၀၃၀၉၄၃နှင့် ကျွန်မ ဒေါ်အေးအေးသန့် ၅/ရဘန(နိုင်)၀၀၄၁၉၈တို့၏သား မောင်ဇေယျာဖြိုး ၁၂/ဒဂမ(နိုင်)၀၃၂၄၅၆ သည် မိဘနှစ်ပါးအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ခဲ့သည့်အပြင် ၂၆-၃-၂၀၁၇ ရက်တွင် မည်သို့မျှ ခွင့်မလွှတ်နိုင်သော အမှားကြီးကိုပါ ပြုမူသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဖခင်-ဦးရဲထွန်းမြင့်**
**မိခင်-ဒေါ်အေးအေးသန့်**




## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4L/7128 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(၀၀-၆)၊ ဦးပိုင်အမှတ်(၁၈)၊ ၄၈×၄၉၊ မြတ်လေး×ပိတောက်ကြားရှိ ဦးခင်မောင်စိုး အမည်ဖြင့် ချထားပေးသောမြေကွက်အား ဦးခင်မောင်စိုး ၉/မရတ(နိုင်)၀၇၂၉၆၀ မှ မြေချထားမိန့်၊ မြို့သစ်တိုးချဲ့ဖော်ထုတ်ရေး ငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ ဂရန်သစ်လျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၁)၊ ဦးပိုင်အမှတ်(၃၇)၊ ၅၃×၅၄၊ မနော်ဟရီ×နှင်းဆီကြားရှိ ဒေါ်လှလှထွေးအမည်ဖြင့် ချထားပေးသောမြေကွက်အား ဦးထွန်းမြင့် ၁၀/မလမ(နိုင်)၁၂၄၄၄၁ မှ ဦးပိုင် ၃၇(ခဲစင်း) အရှေ့ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်းအား မြေချထားမိန့်၊ မြို့သစ်တိုးချဲ့ဖော်ထုတ်ရေး ငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း၊ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဧ)ရပ်ကွက်၊ အကွက်အမှတ်(နန-၄၉)၊ ဦးပိုင်အမှတ်(၇၆)၊ ၅၂×၅၃ လမ်းကြား၊ စံပြ×သခင်ဖိုးလှကြီးလမ်းကြားရှိ ဦးသောင်းမောင်အမည်ဖြင့် ချထားပေးသောမြေကွက်အား ဦးအောင်ကျော်စိုး ၁၂/စခန(နိုင်)၀၂၀၄၁၆ မှ မြေချထားမိန့်၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ အမည်ပြောင်း၊ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး ရွှေဇဝါယွန်းပန်းချီ ဒုတိယပိုင်း၊ရေအလှူတော်၊လမ်းအလှူတော်များအောင်ပွဲ ရေစက်ချမင်္ဂလာအခမ်းအနားဖိတ်ကြားခြင်း

သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး၏ ရွှေဇဝါယွန်းပန်းချီ ဒုတိယပိုင်း ကပ်လှူပူဇော်အောင်ပွဲ၊ ဂါလန် ၂၂၀၀၀ဆံ့ မြေအောက်ရေလှောင်ကန်၊ ဂါလန် ၈၀၀၀ဆံ့ ရေစင်တို့၏ ထာဝရရေကုသိုလ်အလှူတော်နှင့် ဧရိယာ ၇၄၂၅၉ စတုရန်းပေ နိုင်လွန်ကတ္တရာထပ်ပိုးလွှာခင်းခြင်း လမ်းအလှူတော်တို့၏ အောင်ပွဲ ရေစက်ချမင်္ဂလာအခမ်းအနားအား ၈-၄-၂၀၁၇ ရက် (စနေနေ့) နံနက် ၉း၀၀ နာရီအချိန်တွင် စေတီတော်မြတ်ကြီး၏ လိုဏ်ဂူတော်အတွင်း စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီးမှ လှူဒါန်းထားကြသော အလှူရှင်များအနေဖြင့် ရေစက်ချမင်္ဂလာတရားတော်နာ ကြွရောက်ကြပါရန် ရိုသေလေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။

**ဆက်သွယ်ရန်ဖုန်းနံပါတ်များ - ၀၁-၆၆၀၀၀၂၊၀၁-၆၆၂၈၈၂၊၀၁-၆၆၅၄၂၅၊ ၀၉-၂၅၀၆၇၇၂၈၉၊၀၉-၄၂၀၀၀၅၆၉၀**

**သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့**

## သင်္ကြန်အထူးတရားစခန်းပွဲဖိတ်ကြားခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီး (မြောက်ပိုင်း) ရပ်ကွက် ဝိစိတ္တာရာမဗုဒ္ဓဂယာကျောင်းတိုက်တွင် ဒုတိယအကြိမ်ကျင်းပမည်ဖြစ်သော သင်္ကြန်အထူးတရားစခန်းပွဲကို ၁၃၇၈ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၁ ရက်မှ ၁၃၇၈ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၆ ရက်ထိ (၁၂-၄-၂၀၁၇ မှ ၁၇-၄-၂၀၁၇ထိ) ၅ ရက်တိုင်တိုင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ တရားအားထုတ်လိုသောယောဂီသူတော်စင်များ နှောင်းတန်ခူးလပြည့်ကျော် ၁ ရက် (၁၂-၄-၂၀၁၇) ညနေ ၄ နာရီအရောက် တရားအားထုတ်နိုင်ပါသည်။

**မှတ်ချက်-ကြိုတင်စာရင်းပေးသွင်းကြပါရန်။**

**အရဏ်ဆွမ်း နေ့ဆွမ်း၊ အချိုပွဲ လှူဒါန်းလိုပါက**

**ဆက်သွယ်ရန်ဖုန်း** -၀၉-၅၀၂၈၉၁၁၊ -၀၉-၇၉၈၉၀၇၀၁၂၊ -၀၉-၃၁၄၇၄၉၇၇

## မိုးကုတ်ဝိပဿနာ (၇)ရက်တရားစခန်းပွဲ

မိုးကုတ်ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ခွဲ (၇၃၁)၊ ရှမ်းတဲကြီးအထက်ကျေးရွာ၊ လှည်းကူးမြို့နယ်တွင် ၁၃-၄-၂၀၁၇ရက်မှ ၁၉-၄-၂၀၁၇ရက်အထိ (၂၈) ကြိမ်မြောက် တရားစခန်းပွဲ ကျင်းပမည်ဖြစ်ပါသည်။

မှတ်ချက် ။ ။ ဒုလ္လဘရဟန်းခံ၍သော်လည်းကောင်း၊ ဒုလ္လဘသီလရှင်ဝတ်၍သော်လည်းကောင်း တရားစခန်းဝင်နိုင်ပါသည်။ ယောဂီနေရာအကန့်အသတ်ရှိပါသဖြင့် တရားစခန်းဝင်လိုသည့်ယောဂီများ ကြိုတင် စာရင်းပေးသွင်းနိုင်ပါသည်။

**ဆက်သွယ်ရန်** ဖုန်း-၀၉-၄၂၀၂၀၇၅၈၁၊ ၀၉-၄၂၀၂၀၇၅၈၈၊ ၀၉-၇၃၀၆၉၀၃၈၊ ၀၉-၂၅၀၀၀၆၀၈၃

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(၈၈-၁၄)၊ ဦးပိုင်အမှတ်၆၈၊ ၄၆×၄၇၊ အောင်ဆန်း×ငကျွဲလမ်းကြားရှိ ဦးဝင်းနိုင် အမည်ဖြင့်ချထားပေးသောမြေကွက်အား ဒေါ်သင်းသင်းခိုင် ၅/ဘတလ(နိုင်)၀၁၂၂၅၂ မှမြေချထားမိန့်၊ မြို့သစ်တိုးချဲ့ဖော်ထုတ်ရေးငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ အမည်ပြောင်း၊ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

**သဘာဝသူခ®**

သဘာဝဆေး၊ စားသောက်ကုန်နှင့် လူသုံးကုန်လုပ်ငန်း

**လိပ်စာပြောင်း**

အမှတ်(၃၀)၊ မြလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်း၊ ရန်ကုန်မြို့။

PH: (09) 73071133, 73081817, 973081817, 31289191, 798326362

## သီတဂူရွှေပြည်ဟိန်း စကျွဲဒါနဆေးရုံ ဧပြီလ ၁၊ ၂ (၇၇)ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပါဝင်လှူဒါန်းနိုင်

မတ်လ ၁၈ ရက်တွင် စတင်လက်ခံ၍ ဧပြီလ ၁၊ ၂ ရက်များတွင် ၇၇-ကြိမ်မြောက် ဦးရေ (၉၇၅၀)ပြည့် မျက်စိခွဲစိတ်အလင်းဒါနပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင် (၁)ဦးအတွက် ခွဲစိတ်ခြင်းအလှူတော်ငွေ ၄၀၀၀ဝိ/- ကို အလင်းဒါန အလှူရှင်အဖြစ်ခံယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

လှူဒါန်းရန်ဌာန - **သီတဂူရွှေပြည်ဟိန်း စကျွဲဒါနဆေးရုံ၊ ရွှေပြည်ဟိန်းကျောင်း၊ ပြည်သာသာ၊ ရန်ကင်း။** (ကျိုက္ကဆံစူပါဝမ်း၊ တာမွေလေး၊ သံလမ်းအနီး) ဖုန်း - ၀၁-၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉

ရွှေဂုံတိုင်ကမ္ဘောဇဘဏ် - **အရှင်ဇေမာသီရိလင်္ကာရ (Account No. 007-50100701690301)** ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။




## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4F/4873 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၇/အနော်ရထာ၊ ဦးပိုင်အမှတ် (၆)၊ ဧရိယာ ၀ဒသမ၁၃၇ဧကမှ ဧရိယာ ၀ဒသမ၀၄၅ ဧကအား ဒေါ်သက်သက်မော် ၉/တကန(နိုင်)၀၀၃၄၈၆(ဘ)ဦးကုလားမှ အရောင်းအဝယ်စာချုပ်မူရင်း၊ ဒေါ်သက်သက်မော်မှ ပိုင်ဆိုင်ကြောင်းကျမ်းကျိန်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်းများတင်ပြ၍ ဦးပိုင်ခွဲမြေငှားစာချုပ်သစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြပြီး ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၇/အနော်ရထာ၊ ဦးပိုင်အမှတ်(၆)၊ ဧရိယာ ၀ဒသမ၁၃၇ဧကမှ ဧရိယာ ၀ဒသမ၀၄၆ ဧကအား ဒေါ်အမာစိန် ၉/တကန(နိုင်)၀၀၄၅၂၃ (ဘ)ဦးမြမှ အရောင်းအဝယ်စာချုပ်မူရင်း၊ ဒေါ်အမာစိန်မှပိုင်ဆိုင်ကြောင်းကျမ်းကျိန်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်းများ တင်ပြ၍ဦးပိုင်ခွဲမြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြပြီး ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၇/အနော်ရထာ၊ ဦးပိုင်အမှတ်(၆)၊ ဧရိယာ ၀ဒသမ၁၃၇ဧကမှ ဧရိယာ ၀ဒသမ၀၄၆ဧကအား ဒေါ်စန်းစန်းရီ ၉/တကန(နိုင်)၀၁၆၁၃၆ (ဘ)ဦးပေါက်ခေါ မှ အရောင်းအဝယ်စာချုပ်မူရင်း၊ ဒေါ်စန်းစန်းရီမှပိုင်ဆိုင်ကြောင်း ကျမ်းကျိန်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်းများတင်ပြ၍ ဦးပိုင်ခွဲမြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြပြီး ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

ဒဂုံမြို့သစ်

အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ် တောင်ပိုင်း၊ မြောက်ပိုင်းများရှိ မြေကွက်များကို ဈေးကောင်းပေးဝယ်သည်။

ဖုန်း-၀၉-၈၆၂၃၀၈၈

ဖုန်း-၀၉-၅၀၈၄၁၂၉

ရှောက်မြေ

ရန်ကုန်မြို့တွင်း မြို့နယ်စုံရှိ အိမ်ခြံမြေနှင့် စက်မှုဇုန် ဂိုဒေါင် (ရောင်း/ဝယ်/ငှား)

Tel : 09-5033734

09-775033734

Meet world famous universities from USA, UK and Australia at CROWN event!

“နိုင်ငံတကာတက္ကသိုလ်များနှင့် မြန်မာကျောင်းသားများတွေ့ဆုံပွဲ”

CROWN EDUCATION

Award Winning Company

- iGCSE နှင့် ဆယ်တန်းအောင်မြင်ထားသောကျောင်းသားများအတွက် နိုင်ငံတကာတက္ကသိုလ်များ၏ Foundation တန်းများကို တိုက်ရိုက်တက်ရောက်နိုင်သည့်အစီအစဉ်များ
- ယူကေထိပ်တန်း University of Manchester ကဲ့သို့ တက္ကသိုလ်ကြီးများကို 'A level' မပါဘဲ လျှောက်ထားနိုင်မည့် လမ်းကြောင်း
- ပြည်တွင်းဆေးပညာဘွဲ့ရရှိထားသောသူများနှင့် ဆေးပညာကို စတင်လေ့လာလိုသောသူများအတွက် နာမည်ကျော်တက္ကသိုလ်ကြီးများ၏ ဆေးကျောင်းဝင်ခွင့်များ
- Civil, Architect နှင့် အခြား Engineering ပညာရပ်များဖြင့် အသက်မွေးဝမ်းကြောင်းပြုလိုသောကျောင်းသားများအတွက် မှန်ကန်သည့် တက္ကသိုလ်ရွေးချယ်မှုများ
- ပြည်တွင်းပြည်ပအလုပ်အကိုင်အခွင့်အလမ်းများပြားသော Accounting & Finance နှင့် ဆက်စပ် ဘာသာရပ်များအတွက် Ranking မြင့် ထိပ်တန်းတက္ကသိုလ်ကြီးများ
- နိုင်ငံတကာတက္ကသိုလ်ဝင်ခွင့်များနှင့် IELTS, TOEFL တို့၏ အရေးပါမှုများကို လေ့လာနိုင်မှာဖြစ်ပါတယ်

Call us : 01 527 838, 09 732 732 77, 09 4500 56 300




နေ့ရက် - ဧပြီ(၂)ရက် အချိန် - (၁၀)နာရီ (၁)နာရီ

နေရာ - PARKROYAL HOTEL ( Ballroom 1 & 2 )

Don't miss the chance. See you all soon.





## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၇/၃)၊ ရွှေပင်လုံအိမ်ရာ၊ မြေကွက်အမှတ်(၂၄)၊ ဧရိယာ ၀.၁၁၁၈၈ ဧက နှစ်(၆၀)မြေငှား စာချုပ်အမည်ပေါက်မှာ ဦးဇော်ထွန်းဖြစ်ပါသည်။ အမည်ပေါက် ခင်ပွန်း(ကွယ်လွန်)၍ ဇနီး ဒေါ်ဌေးဌေးကြည် ၁၂/ကမရ(နိုင်)၀၀၅၈၅၅မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံမြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း)အပြည့်အစုံတင်ပြ၍ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြေတိုင်းနှင့်မြေစာရင်းမှတ်တမ်းဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ သရေခေတ္တရာ (၂၄)လမ်း၊ အမှတ်(၈၄၀)၊ အကျယ်(၁၈×၅၄) ပေရှိ (၄)လွှာ (တတိယထပ်) တိုက်ခန်းနှင့် ပတ်သက်ဆက်နွယ်နေသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုထားသူ ဦးအောင်ကိုကို ၁၂/ဥကတ(နိုင်)၁၄၁၇၃၄ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် တိုက်ခန်းဖိုးစရန်ပေးငွေ ကတိစာချုပ်ချုပ်ဆိုထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ တရားဝင်စာရွက်စာတမ်း အထောက်အထား ခိုင်ခိုင်မာမာနှင့်တကွ လူကိုယ်တိုင်လာရောက်၍ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ခုနစ်ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးအောင်ကျော်ဦး(ရန်ကုန်)** | **ဒေါ်မိမိဆွေ** |
| **ဥပဒေဘွဲ့ရ** | **ဥပဒေဘွဲ့ရ** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဥ်-၇၆၀၀/၀၈)** | **(စဥ်-၆၀၆၃/၉၄)** |

**တိုက်(၁၃၉) ဒုတိယထပ်၊ ကျွန်စစ်သားလမ်း၊ (၁၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၉၃၁၂၀၂၆၊ ၀၉-၇၈၈၆၇၉၂၀၇၊ ၀၉-၇၉၉၅၆၄၀၉၀၊ ၀၉-၄၅၆၈၁၄၁၄၄**


ခရူသင်း (သမင်ဖြူ)

LEUCODERMA

ခရူသင်း (သမင်ဖြူ)၊ ဖြူနီနက်ကွက်များ၊ အနာကြီးရောဂါ၊ ယားနာ၊ ပွေး၊ ဝဲ၊ နှင်းခူ နှင့် အရေပြားရောဂါအမျိုးမျိုးကို ကုသပေးသည်။


## အမွေပြတ်စွန့်လွှတ်ခြင်း

မြဝတီမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ ဆင်းရွှေလီ(၂)လမ်းနေ ဦးနေစိုး ၃/ကကရ(နိုင်) ၀၆၄၆၃၁၊ ဒေါ်ကြူကြူမာတို့၏သား မောင်သန့်ဇင် မှတ်ပုံတင်ပြုလုပ်ဆဲသည် မိဘတို့၏ ဆုံးမမှုကိုမနာခံဘဲ မိဘတို့အား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုမူဆောင်ရွက်ခဲ့ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်၎င်း၏ ကိစ္စအဝဝကို တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဖခင်-ဦးနေစိုး**

**ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ မေတ္တာညွန့်အိမ်ရာ၊ ရွှေဝါလမ်း၊ တိုက်အမှတ်(၅၇၈/အေ)ဟုခေါ်တွင်သော (၂)ခန်းတွဲ(၅)ထပ်တိုက်၏ မြေညီထပ်၊ အခန်းအမှတ်(၀၀၁)၊ တိုက်ရှေ့မျက်နှာမူလျှင်(ဝဲဘက်)၊ အကျယ်အဝန်း(၁၅ပေ×၅၀ပေ)ရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း**

## အသိပေးကြေညာခြင်း

အထက်လိပ်စာပါတိုက်ခန်းကို ရန်ကုန်မြို့ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန စုပေါင်းပိုင်အဆောက်အအုံမှတ်ပုံတင်စာအုပ်တွင် ဦးတင့်ဆန်း ၁၄/မမန(နိုင်)၀၂၈၆၀၇ အမည်ပေါက်ပိုင်ဆိုင်ပြီးရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးဖြိုးကိုကိုတင့်ဆန်း ၁၄/ပသရ(နိုင်)၁၀၆၈၉၃ ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်တို့၏ မိတ်ဆွေမှ စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ယင်းအရောင်းအဝယ်ပိုင်ဆိုင်မှုကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဘူမောင်LL.B (၂၂၇၄၇)၊ ဒေါ်နှင်းပွင့်သန်းLL.B(၂၇၀၇၅)**

**အထက်တန်းရှေ့နေများ**

**အမှတ်(၅/၁၁)၊ (ဘီ၊မြေညီ)၊ မျိုးရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၁၈၀၀၇၊ ၀၉-၅၁၁၅၉၉၀၊ ၀၉-၅၁၈၃၅၆၉၊ ၀၉-၉၇၄၀၀၂၄၅၂**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ကြည်ကြည် အသက်(၈၇)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့၊ ဗိုလ်ချုပ်လမ်းနေ(ဦးဝေ့ယာ-ဒေါ်နှင်းအိ)တို့၏ဒုတိယသမီး၊ [ဦးကျွဲကျင်(ခ)ဦးစိန်ကြည်]၏ဇနီး၊ ဒေါက်တာသန်းမြင့်-ဒေါက်တာသန်းသန်းဦး၊ ဦးစံလင်း-ဒေါ်စိုးစိုးဦး၊ ဦးခင်မောင်အေး-ဒေါက်တာလွင်မာဦး၊ ဦးဇော်ဦး-ဒေါ်သီတာထူး၊ (ဦးသိန်းဦး)၊ ဦးနိုင်နိုင်ဦး-ဒေါက်တာမြဥမ္မာ၊ ဦးဆန်းလွင်ဦး(ခ)ကိုချော-ဒေါ်စန္ဒာဦးတို့၏ ကျေးဇူးရှင်မွေးသမိခင်၊မြေး ၁၃ယောက်၊မြစ်တစ်ယောက်တို့၏အဘွား ဒေါ်ကြည်ကြည်သည် ၂၉-၃-၂၀၁၇ရက် ညနေ ၅း၃၁နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၃-၂၀၁၇ရက် နံနက် ၉နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။(အမှတ် ၄၊ မကြီးကြီးလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့နေအိမ်မှကားများ နံနက် ၇နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၄-၂၀၁၇ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ကျန်ရစ်သူမိသားစုက ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

အထူးဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်မှူးကြီးတင်လှိုင် (ငြိမ်း)

အသက်(၈၆)နှစ်

၂၆-၃-၂၀၁၇ရက်တွင်ကွယ်လွန်သွားသော ဗိုလ်မှူးကြီးတင်လှိုင်(လေ)နှင့် (၇၅)နှစ်ကျော် ညီရင်းအစ်ကိုတမျှ ပေါင်းသင်းလာခဲ့ကြ၍ ကျန်ရစ်သောမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲပါကြောင်း။

**ရန်ကုန်တိုင်းလျှပ်စစ်အင်ဂျင်နီယာ(ငြိမ်း)ဦးကျော်မြင့်**
**ဒေါ်မြမြဝင်း(မဏိစန္ဒာ)မိသားစု**

---

ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်တင်နု

အသက်(၈၄)နှစ်

ဦးအောင်စိုးနိုင် (ညွှန်ကြားရေးမှူး၊ ပြည်တွင်းအခွန်ဦးစီးဌာန)-ဒေါက်တာဒေါ်ချိုချိုဝင်းတို့၏မိခင်ကြီးဖြစ်သူ ဒေါ်တင်နုသည် ၂၇-၃-၂၀၁၇ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုဝင်များနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စတသ(၂၇)မှ သူငယ်ချင်းများနှင့်**
**မိသားစုဝင်များ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မြို့တော်စာချုပ်စာတမ်း မှတ်ပုံတင်ရုံး(မန္တလေးမြို့)မှ ဦးထိန်လင်း(ဦးစီးအရာရှိ)၏ဖခင်ဖြစ်သူ ဦးတင်အောင် အသက်(၈၂)နှစ်သည် ၂၂-၃-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)တွင်ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဝင်းမြင့်ထွန်း(စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူး)နှင့်**
**ဝန်ထမ်းများမိသားစု**

---

ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ဘက်တီလင်ဘူး

အသက်(၆၈)နှစ်

ILBC ကျောင်းများကို စတင်တည်ထောင်ချိန်မှ စတင်ပါဝင်ခဲ့ပြီး ILBC ၏ ပထမဦးဆုံး ကျောင်းအုပ်ဆရာမကြီးအဖြစ်တာဝန်ထမ်းဆောင်ခဲ့သူ ဒေါ်ဘက်တီလင်ဘူး (Chief Teacher Trainer -ILBC)ကွယ်လွန်ခြင်းအတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးတင်မောင်ဝင်း-ဒေါ်ရူပါမြင့် မိသားစု**
**ILBC,YIS**

---

ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ဘက်တီလင်ဘူး

အသက်(၆၈)နှစ်

ILBC ကျောင်းများကို စတင်တည်ထောင်ချိန်မှ စတင်ပါဝင်ခဲ့ပြီး ILBC ၏ ပထမဦးဆုံး ကျောင်းအုပ်ဆရာမကြီးအဖြစ်တာဝန်ထမ်းဆောင်ခဲ့သူ ဒေါ်ဘက်တီလင်ဘူး (Chief Teacher Trainer -ILBC)ကွယ်လွန်ခြင်းအတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ILBC(Yangon)**
**မိသားစုများ**

---

ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ဘက်တီလင်ဘူး

အသက်(၆၈)နှစ်

ILBC ကျောင်းများကို စတင်တည်ထောင်ချိန်မှ စတင်ပါဝင်ခဲ့ပြီး ILBC ၏ ပထမဦးဆုံး ကျောင်းအုပ်ဆရာမကြီးအဖြစ်တာဝန်ထမ်းဆောင်ခဲ့သူ ဒေါ်ဘက်တီလင်ဘူး (Chief Teacher Trainer -ILBC)ကွယ်လွန်ခြင်းအတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ILBC(Myitkyina)**
**မိသားစုများ**

---

ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ဘက်တီလင်ဘူး

အသက်(၆၈)နှစ်

ချစ်ခင်လေးစားရပါသော Tr.Betty ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒေါက်တာကျော်မင်းနှင့် ILBC Medical Team**

---

ဝမ်းနည်းကြေကွဲခြင်း

## ဦးလှတင် (ဝါးခယ်မ)

အသက်(၁၀၂)နှစ်

ဦးသိန်းအောင်[ဒုတိယဝန်ကြီး-ငြိမ်း၊ စက်မှုဝန်ကြီးဌာန)-ဒေါ်စန်းစန်းလွင်တို့၏ဖခင် ဦးလှတင်(ဝါးခယ်မ) အသက်(၁၀၂)နှစ်သည် ၂၇-၃-၂၀၁၇ရက်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အရာထမ်းအမှုထမ်းများ**
**မြန်မာ့ဆေးဝါးလုပ်ငန်း**
**စက်မှုဝန်ကြီးဌာန**

---

ဝမ်းနည်းကြေကွဲခြင်း

## ဦးလှတင် (ဝါးခယ်မ)

အသက်(၁၀၂)နှစ်

စစ်မှုဝန်ထမ်းဟောင်းများအသင်း နာယကအဖွဲ့ဝင် ဦးသိန်းအောင်[ဒုတိယဝန်ကြီး(ငြိမ်း)စက်မှုဝန်ကြီးဌာန]-ဒေါ်စန်းစန်းလွင်တို့၏ဖခင် ဦးလှတင် အသက်(၁၀၂)နှစ်သည် ၂၇-၃-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်များနှင့်**
**အသင်းသူ၊ အသင်းသားများအားလုံး**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်အုံး(ခ)ဒေါ်ကြည်ကြည်

အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၃၉/A ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ အမှတ် ၄၆၃နေ(ဦးသက်ရှည်-ဒေါ်ကျင်)တို့၏သမီး၊ ဦးကျော်မြ၏ချစ်လှစွာသောဇနီး၊ ဗိုလ်မှူးနိုင်ဦး(ငြိမ်း)-ဒေါ်သီတာကျော်(သန့်ဆန်ပွဲရုံ)၊ ဦးစိုးမင်းဦး-ဒေါ်နီလာကျော်(အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်)၊ ဦးခင်မောင်ဖြူ-ဒေါ်ဥမ္မာကျော်(လဝက)၊ (ဦးကျော်ဇေယျ)၊ ဦးဝင်းနိုင်-ဒေါ်မြမြထွေး(စစစ)၊ ဦးကျော်သူရ-ဒေါ်စုခိုင်ခိုင်ဝင်း၊ ဦးကျော်ကျော်ထွေး-ဒေါ်သင်းသင်းရှိန်တို့၏မိခင်၊ မြေး ၁၁ယောက်တို့၏ဘွားဘွားကြီးသည် ၂၉-၃-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၅း၅၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၃-၂၀၁၇ရက်(သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၄-၂၀၁၇ရက်(အင်္ဂါနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အမှတ် ၄၆၃၊ ၃၉/A ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဒေါ်ပြုံးခင်ဇော် အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်ဝတ်ကျောင်းလမ်း၊ အမှတ် ၂၈၊ ပထမထပ်နေ[ဦးခင်ဇော်-K-ဒေါ်သန်းနှစ်(မြန်မာ့အသံ)]တို့၏သမီး၊ ဦးဝင့်ခင်ဇော်-ဒေါ်သန္တာဝင်းတို့၏အစ်မ၊ မောင်သာလွန်ခင်ဇော်၏အဒေါ်၊ ဦးလှကြွယ်(တက္ကသိုလ်လှကြွယ်)၏ဇနီးသည် ၂၉-၃-၂၀၁၇ရက် နံနက် ၁၀း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၃-၂၀၁၇ရက်(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၄-၄-၂၀၁၇ရက် (အင်္ဂါနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်တင်ရွှေ

အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်း၀ ၈လမ်း၊ အမှတ် ၉၇၉နေ ဦးမြင့်လွင်(အင်ဂျင်နီယာချုပ်၊ ငြိမ်း၊ ကုန်သွယ်/လယ်ယာ၊ ငြိမ်း)၏ဇနီး၊ ဦးဇော်ဝင်းနိုင်(Denko Trading Co.,Ltd.)-ဒေါ်ဇင်လေးမွန်၊ ဗိုလ်မှူးသက်နိုင်(လေ)-ဒေါ်မျိုးမြတ်မြတ်သူ၊ ဒေါ်လွင်လွင်မိုး(MOFA)တို့၏မိခင်၊ မြေးငါးယောက်တို့၏အဘွားသည် ၂၉-၃-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇း၃၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၃-၂၀၁၇ရက်(သောကြာနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၄-၂၀၁၇ရက်(အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်မေပုလဲ

အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေဂုံရိပ်မွန်အိမ်ရာ၊ကိုယ့်မင်းကိုယ့်ချင်းရပ်ကွက်၊ တိုက် ၅၊ အခန်း ၁၆ နေ (ဦးထွန်းတင့်-ဒေါ်သင်းမေ)တို့၏သမီး၊ (ဦးစန်းမောင်)-ဒေါ်ကြင်စိန်တို့၏ သမီးချွေးမ၊ ဦးအောင်ဉာဏ်-ဒေါ်ခင်ညိုဦး၊ ဒေါ်ခင်နီလာ-ဦးမြင့်ဆိုင်၊ ဦးခင်မောင်တာ-ဒေါ်ခင်ကြူ၊ ဦးအုန်းမြင့်၊ ဦးခင်မောင်ကြီး၊ ဒေါ်ခင်ဖုန်းတင့်-ဦးကျော်နီတို့၏ ညီမ၊ ဦးမျိုးလွင်-ဒေါ်ခင်သီတာရှိန်၊ ဦးခင်မောင်ပိုင်-ဒေါ်ခင်ခင်ကြိုင်၊ဦးမင်းဇော်-ဒေါ်လှလှဝေတို့၏အစ်မ၊ ဦးညီညီစိုး၏ဇနီး၊ မရူပါ၊ မထူးရတီတို့၏ချစ်လှစွာသောမိခင်သည် ၂၉-၃-၂၀၁၇ရက် နံနက် ၇း၄၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၃-၂၀၁၇ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## ဦးမောင်မောင်

**BA. History**

အသက်(၅၄)နှစ်

ထားဝယ်မြို့၊ ကညံ့ရပ်၊ စာတိုက်လမ်းနေ(ဦးနေလင်း-ဒေါ်ခင်အေး)တို့၏သား၊ ဦးသိန်းအောင်-ဒေါ်သိန်းတင်တို့၏သားသမက်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ သင်္ဂဟလမ်း၊ အမှတ် ၂၃၊ ငါးလွှာ (A)နေ ဒေါ်သီတာအောင်၏ခင်ပွန်း၊ မောင်ဉာဏ်မင်းပိုင်(Grade-9, F၊ ဒဂုံ-၁)၏ဖခင်သည် ၂၈-၃-၂၀၁၇ရက် ည ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၃-၂၀၁၇ရက် နံနက် ၉း၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၃-၄-၂၀၁၇ရက် နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**သင့်သွေးဖြင့် အသက်ကယ်ပါ**

---

မအူပင်မြို့နယ်အသင်း(ရန်ကုန်)

## ဒေါ်စန်းတင့် (မအူပင်)

ရာသက်ပန်အသင်းဝင်

အသက်(၉၅)နှစ်

မအူပင်မြို့နယ်အသင်း(ရန်ကုန်)၏ အမှုဆောင် ဒေါ်ခင်လေးမြင့်(အုပ်ချုပ်ရေးမှူး၊မအူပင်ဘိုးဘွားရိပ်သာ)၊ ဦးခင်မောင်ကြီး(လက်ထောက် ညွှန်ကြားရေးမှူး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ နေပြည်တော်)၏ မိခင်သည် ၂၈-၃-၂၀၁၇ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၃-၂၀၁၇ရက် နံနက် ၉နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် အသင်းဝင်များလိုက်ပါပို့ဆောင်ကြပါရန်။ အမှုဆောင်အဖွဲ့

မအူပင်မြို့နယ်အသင်း(ရန်ကုန်)

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်ရွှေ (ဇလွန်)

သားဖွားဆရာမကြီး(ငြိမ်း)

အသက်(၉၀)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၈) ရပ်ကွက်၊ နှင်းဆီလမ်း၊ ရန်ကင်းစည်ပင်ဝန်ထမ်းအိမ်ရာ၊ တိုက် (A-5)၊ အခန်း ၁၀၄နေ(ဦးမောင်လုံ-ဒေါ်သက်စု)တို့၏သမီး၊(ဦးကံမြင့်)၏ဇနီး၊ဒေါ်ကြည်ကြည်စိန်၊ ဦးဝေလွင် (လက်ထောက်ဌာနမှူး၊ Y.C.D.C ရေ/သန့်)-ဒေါ်သန်းသန်းဝင်း (ဒုဓာတ်ခွဲမှူး၊ ငြိမ်း)၊ (ဦးဝေဇင်)၊ (ဦးခင်မောင်ထွေး) - ဒေါ်စောစောမြင့်တို့၏မိခင်၊မြေးငါးယောက်တို့၏အဘွားသည် ၂၈-၃-၂၀၁၇ရက် (အင်္ဂါနေ့) ညနေ ၃း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၃-၂၀၁၇ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်ဦးသိန်းမေ

ပုဏ္ဏားကျွန်းမြို့

အသက်(၆၈)နှစ်

ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့၊ ရေပေါက်ချောင်းကျေးရွာနေ (ဦးဘိုးသာ)-ဒေါ်စိန်ဦးသာတို့၏သမီး၊ (ဦးမောင်စောအောင်)၏ချစ်လှစွာသောဇနီး၊ ဦးဦးသိန်းမောင်-ဒေါ်မသိန်းမြ၊ ဦးကျော်သိန်းမောင်-ဒေါ်မသိန်းနု၊ ဦးအောင်ကျော်မြင့်-ဒေါ်ခင်အေးသန်း၊ ဦးမောင်ထွန်းသိန်း-ဒေါ်အေးစောသိန်း၊ ဦးထွန်းအောင်သိန်း-ဒေါ်လှလှရီ၊ ဦးကျော်ဟိန်း-ဒေါ်မမြစိန်တို့၏အစ်မ၊ ရဲအုပ်မောင်မောင်ဇော် - ဒေါ်ခင်စောဟန်၊ (ဦးမောင်မြသိန်း)၊ ဦးညီညီ၊ ဦးထွန်းဝေ-ဒေါ်အာသာ၊ ဦးမောင်တင်အေး-ဒေါ်ပိုးဝါခိုင်၊ မစောယုခိုင်တို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏ အဘောင်ရှင်သည် ၂၈-၃-၂၀၁၇ရက်(အင်္ဂါနေ့) ည ၈း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၃-၂၀၁၇ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၃-၄-၂၀၁၇ရက် နံနက် ၈ နာရီတွင် ရွှေပြည်သာမြို့နယ်၊ ၈၂/၃၄/ ၁၀ရပ်ကွက်၊ ပြည်တော်သာပတ်လမ်း၊ မ/၇၂၈(က) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်သက်နီဆွေ

အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ အမှတ် ၅၆၆၊ (၂၈)ရပ်ကွက်၊ အောင်ရတနာ ၂လမ်းနေ (ဦးကျော်ဆွေ-ဒေါ်နွဲ့နွဲ့)တို့၏သမီး၊ ဦးဝင်းသိန်း၏ချစ်လှစွာသောဇနီး၊ ဦးအောင်ကျော်စိုး-ဒေါ်နီလာဦး၊ ဦးဇော်ဇော်-ဒေါ်မြင့်သီတာ၊ ဦးမျိုးမြင့်သိန်း-ဒေါ်ဥမ္မာကျော်၊ ဦးအာကာအောင်-ဒေါ်စမ်းသီတာ၊ ဦးဇော်ဝင်းသိန်းတို့၏ ချစ်လှစွာသောမိခင်၊ မြေး ၁၀ယောက်တို့၏ ဘွားဘွားကြီးသည် ၂၈-၃-၂၀၁၇ရက် (အင်္ဂါနေ့) ညနေ ၄း၂၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၃-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၃-၄-၂၀၁၇ရက် (တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးကြည်မောင်

အသက်(၈၅)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ သပြုကျေးရွာနေ (ဦးဘကျော်-ဒေါ်သိန်းရင်)တို့၏သား၊ (ဦးထွန်းရှိန်)၊ (ဒေါ်တင်လှ)၊ (ဦးရွှေသီ)တို့၏ညီ/မောင်၊ ဦးစိုးမြင့်၊ (ဦးအောင်စိုး)တို့၏အစ်ကို၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြို့မရပ်ကွက်၊ ဗဟန်း ၂လမ်း၊ အမှတ် ၅၀၊ ငါးလွှာနေ (ဒေါ်မြသိန်း၊ ကုန်သွယ်/လယ်ယာ)၏ခင်ပွန်း၊ ဦးဝင်းထွန်းဦး(TU.I Cruises)-ဒေါက်တာမိုးမိုးအောင်(ကထိက၊ ရူပဗေဒဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၊ ဦးကျော်ကျော်မင်း(MAB ဘဏ်ရုံးချုပ်)-ဒေါ်စန္ဒာစိုး(MOB ဘဏ်၊ ဗိုလ်ချုပ်ဈေးဘဏ်ခွဲ)၊ ဦးရဲမြင့်တို့၏ဖခင်၊ မောင်ဇေလင်းထွဋ်၊ မောင်ဘုန်းမြင့်ဦးတို့၏အဘိုး၊ တူ၊ တူမ ၂၀တို့၏ဘကြီးသည် ၂၈-၃-၂၀၁၇ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၂း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၃-၄-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ကျေးဇူးအထူးတင်ရှိခြင်း

## ဗိုလ်မှူးကြီးမြတ်ထွန်းဆိုင် (ငြိမ်း)

အသက်(၆၁)နှစ်

၂၂-၃-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)တွင်ကွယ်လွန်သွားသော ဗိုလ်မှူးကြီးမြတ်ထွန်းဆိုင်(ငြိမ်း)အား မကွယ်လွန်မီ စေတနာအပြည့်ဖြင့် စောင့်ရှောက်ကုသပေးပါသော အမှတ်(၂) တပ်မတော်ဆေးရုံကြီး တပ်မှူး ဗိုလ်မှူးချုပ်စိန်လင်း၊ ပါမောက္ခဌာနမှူး (ဆေးပညာဌာန၊ ဦးနှောက်နှင့်အာရုံကြောဆေးပညာဌာန)၊ ဗိုလ်မှူးကြီးနွယ်နွယ်ဝင်းနှင့် ဒုတိယဗိုလ်မှူးကြီးမေသွေးကို၊ ဗိုလ်မှူး/ဗိုလ်ကြီးများနှင့် ဆေးသူနာပြုအရာရှိ၊ အရာခံ၊ အကြပ်တပ်သားများအားလည်းကောင်း၊ မဟာမြိုင်ဆေးရုံမှ ပါမောက္ခ ဒေါ်နုနုမော်၊ ဒါရိုက်တာအဖွဲ့ဝင်များနှင့် ဝန်ထမ်းများအားလုံး၊ Asia Fame Media Group မှ C.E.O ဒေါ်နန်းကလျာဝင်း၊ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၅၆) စည်သူတပ်ခွဲမှ သူငယ်ချင်းများနှင့် ဇနီးများ၊ ပြည်တွင်းပြည်ပမှဖုန်း၊ Viber ၊ Massenger၊ သံကြိုးများဖြင့် နှစ်သိမ့်အားပေးကြပါသော ဆွေမျိုးမောင်နှမမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူများအား ကျေးဇူးအထူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

---

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

## မိုဟာမက်အရွတ်(ခ) ဦးလှမြင့်

အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဗိုလ်ရာညွှန့်လမ်း၊ အမှတ် ၅၄၊ တိုက် (C)၊ ခြောက်လွှာနေ (ဒေါ်အာစီယာဘီ)၏ ခင်ပွန်း၊ ဒေါ်ကြူကြူ (Phisiotharaphist) (ခေတ္တ-စင်ကာပူ)၊ ကိုမောင်မောင် (TOUR GUIDE)၊ ကိုသန့်ဇင် (Geologist) (ခေတ္တစင်ကာပူ)၊ ကိုနေလင်း၊ကိုသန့်ဇော်-မစန်းစန်းလှိုင်၊ မခင်မိုးနှင်းတို့၏ဖခင်၊ မြေးတစ်ယောက်၏ အဘိုးသည်၂၇-၃-၂၀၁၇ရက်(တနင်္လာနေ့) ည ၁၀း၄၀နာရီတွင် အထက်ပါနေအိမ်၌ အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၂၈-၃-၂၀၁၇ရက် (အင်္ဂါနေ့) ဇဟိုရ်နမာဇ်အပြီး ရေဝေးကဘာရ်စတန်၌ ဒါဖွာနာပြီး ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်စန်းတင့် (မအူပင်)

အသက်(၆၉)နှစ်

ဒေါ်ခင်လေးမြင့် (အုပ်ချုပ်ရေးမှူး၊ ဘိုးဘွားရိပ်သာ၊ မအူပင်မြို့)၊ ဦးခင်မောင်ကြီး (လက်ထောက်ညွှန်ကြားရေးမှူး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ နေပြည်တော်)တို့၏မိခင် ဒေါ်စန်းတင့်သည် ၂၈-၃-၂၀၁၇ရက် ညနေ ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၃-၂၀၁၇ရက် နံနက် ၉နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် လိုက်ပါပို့ဆောင်ကြပါရန်။

အဘိုးအဘွားများ၊ အမှုဆောင်
အဖွဲ့ဝင်များနှင့် ဝန်ထမ်းများ
မအူပင်မြို့၊ ဘိုးဘွားရိပ်သာ

---

## ဦးခင်ညွှန့်(ခ)

**Richard Lim**

(တရားလွှတ်တော်ရှေ့နေ)

အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ သာသနာ့ရိပ်သာရပ်ကွက်၊ ကမ္ဘာအေးစေတီလမ်း၊ စမ်းရေတွင်းလမ်းသွယ်၊ အမှတ် ၃၄/ဒီ-၄နေ(ဦးကြီးဖြန်-ဒေါ်ချိုက်ခင်)တို့၏ သား၊ (ဦးတင်အောင် - ဒေါ်စောမြင့်) တို့၏သားသမက်၊ ဒေါ်ရီရီတင်(တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်)၏ ခင်ပွန်း၊ ဒေါက်တာနှင်းဟေမာန် (M.B.,B.S,YGN)၊ မောင်နေမျိုးအောင် (B.Sc Oxford Brooks Uni)တို့၏ ဖခင်၊မောင်ဖြိုးခန့်ဟိန်း(7th Standard, Lumbini Academy)၏အဘိုးသည် ၂၉-၃-၂၀၁၇ရက် နံနက် ၉း၂၀နာရီတွင်ကွယ်လွန်သွားပါကြောင်း(သင်္ဂြိုဟ်မည့်ရက်ကို ထပ်မံကြေညာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးအောင်ခင် (ခတ္တိယ)

အသက်(၈၀)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းတောင်အနောက်ရပ်ကွက်၊ ပန်းပင်ကြီးလမ်း၊ အမှတ် ၂၀နေ(ဦးတာတူး-ဒေါ်ခင်ထွေး)၏သား၊ (ဦးသောင်းခင် - ဒေါ်မမကြီး)တို့၏ သားသမက်၊ ဦးလှမင်း-ဒေါ်နုနုဝင်း၊ ဦးဇော်မင်း-ဒေါ်သန်းသန်းဝင်း၊ ဦးနိုင်မင်း-ဒေါ်လှမြတ်မွန်၊ ဦးခိုင်မင်း-ဒေါ်ဝါဝါဦးတို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုး၊ ဒေါ်ခင်ကြည်၏ ချစ်လှစွာသောခင်ပွန်းသည် ၂၉-၃-၂၀၁၇ရက် နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၃-၂၀၁၇ရက် နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးချိန်ပိုး (မော်လမြိုင်)

အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေး၊မန္တလေးလမ်း၊အမှတ် ၅၁နေ (ဦးကောက်-ဒေါ်မေ)တို့၏သား၊ ဒေါ်စပယ်ဝင်း၏ခင်ပွန်း၊ မောင်ဘုန်းပြည့်ဇော်၊ မောင်ဝေယံပြည့်ဇော်တို့၏ဖခင်သည် ၂၉-၃-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၅နာရီတွင် ဦးနှောက်နှင့်အာရုံကြောဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၃-၂၀၁၇ရက်(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးခင်ညွှန့်(ခ)

**Richard Lim**

(တရားလွှတ်တော်ရှေ့နေ)

အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ သာသနာ့ရိပ်သာရပ်ကွက်၊ ကမ္ဘာအေးစေတီလမ်း၊ စမ်းရေတွင်းလမ်းသွယ်၊ အမှတ် ၃၄/ဒီ-၄နေ(ဦးကြီးဖြန်-ဒေါ်ချိုက်ခင်)တို့၏ သား၊ (ဦးမြစိန်)-ဒေါ်ကြည်ကြည်ဇင်၊ Dr. Thomas Wong-Dr. Rose Wong၊ ဒေါ်နီနီလင်း၊ ဦးကံမြင့်-ဒေါ်ရီရီမြ၊ ဦးခင်မောင်လတ် - ဒေါ်စန်းစန်းဝင်း၊ ဦးထိန်ဝင်းလင်း - ဒေါ်စန်းစန်းမော်၊ ဦးဂျင်မီလင်း - ဒေါ်အေးသန်းတို့၏ မောင်/ညီ၊ ဦးမျိုးဝင်း-ဒေါ်မာမာတင်တို့၏အစ်ကို၊ ဒေါ်ရီရီတင်(တရားလွှတ်တော်ရှေ့နေ၊ နိုတြီပဗ္ဗလစ်)၏ ခင်ပွန်းသည် ၂၉-၃-၂၀၁၇ရက် နံနက် ၉း၂၀ နာရီတွင် ကွယ်လွန်သွားပါကြောင်း။ (သင်္ဂြိုဟ်မည့်ရက်ကို ထပ်မံကြေညာပါမည်။)

ကျန်ရစ်သူမောင်နှမများ

# ရခိုင်တောင်ပိုင်းဒေသအတွက် ခရီးသည်တင်အမြန်ရေယာဉ် လွှဲပြောင်းပေးအပ်



**သတင်းနှင့် ဓာတ်ပုံ-ရာမည၊ တင်စိုး**

**စစ်တွေ မတ် ၂၉**

ရခိုင်ပြည်နယ် တောင်ပိုင်းဒေသ ရေလမ်းခရီး၌ အသုံးပြုနိုင်ရန်အတွက် ဂျပန်နိုင်ငံအစိုးရ၏ The Economic and Social Development Programme အစီအစဉ်ဖြင့်ပေးအပ်လှူဒါန်းသည့် ရေယာဉ်သုံးစင်းအနက် ပထမတစ်စင်းဖြစ်သည့် ကစ္ဆပနဒီ-၁ ခရီးသည်တင်အမြန်ရေယာဉ် လွှဲပြောင်းပေးအပ်ပွဲကို ရခိုင်ပြည်နယ် စစ်တွေမြို့ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဖောင်တော်ဦးဆိပ်ကမ်း၌ ယနေ့နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ကစ္ဆပနဒီ-၁ ခရီးသည်တင်ရေယာဉ် လွှဲပြောင်းပေးအပ်ခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး Mr.Tateshi HIGUCHI က ရခိုင်ပြည်နယ်အတွင်း ပြေးဆွဲမည့် ခရီးသည်တင်အမြန်ရေယာဉ်များ လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရီးသည်တင်အမြန်ရေယာဉ်လှူဒါန်းမှုနှင့်ပတ်သက်၍ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုကိုယ်စား ပြည်နယ်လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီးက ကစ္ဆပနဒီ-၁ ခရီးသည်တင် အမြန်ရေယာဉ်လွှဲပြောင်းပေးအပ်ခြင်း အထိမ်းအမှတ်အဖြစ်

*စာမျက်နှာ ၇ ကော်လံ ၁*

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နိုင်ငံတော်အစိုးရတာဝန်ယူမှု တစ်နှစ်ပြည့်အထိမ်းအမှတ် မိန့်ခွန်းပြောကြားမည်

နေပြည်တော် မတ် ၂၉

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ပြောကြားမည့် နိုင်ငံတော်အစိုးရတာဝန်ယူမှု တစ်နှစ်ပြည့်အထိမ်းအမှတ် မိန့်ခွန်းကို ၂၀၁၇ ခုနှစ် မတ် (၃၀) ရက် ည (၈) နာရီ ပြည်တွင်းသတင်းများအပြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် မြန်မာ့အသံရေဒီယိုအစီအစဉ်တို့မှ ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

## နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ် အစိုးရအဖွဲ့၏ တစ်နှစ်တာ ဆောင်ရွက်ချက်များ မတ် ၃၁ ရက် သတင်းစာတွင် ပါရှိမည်

နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ် အစိုးရအဖွဲ့၏ တစ်နှစ်တာ ဆောင်ရွက်ချက်များ မတ် ၃၁ ရက် သတင်းစာတွင် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ(၁)နှစ်တာ အချပ်ပို ရှစ်မျက်နှာဖြင့် ဖော်ပြမည်ဖြစ်သည်။

(မြန်မာ့အလင်း)

# ယခုနှစ်သင်္ကြန်တွင်း ခရီးသွားပြည်သူများအဆင်ပြေစေရန် အထူးရထားများ တိုးချဲ့ပြေးဆွဲပေးမည်

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ- မင်းထက်**

**ရန်ကုန် မတ် ၂၉**

၂၀၁၇ ခုနှစ် သင်္ကြန်ကာလတွင် နိုင်ငံတွင်းခရီးသွားပြည်သူများ အဆင်ပြေစေရန်အတွက် ပုံမှန်ရထားများအပြင် သင်္ကြန်အထူးရထားများကို ထပ်မံတိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားတိုင်းအမှတ်(၇) သွားလာပို့ဆောင်ရေးဌာနခွဲမှ သိရသည်။

"နှစ်စဉ် သင်္ကြန်ကာလတွေမှာ ခရီးသွားပြည်သူများတာက ဘယ်အချိန်လဲဆိုရင် သင်္ကြန်မတိုင်ခင်ကာလနဲ့ သင်္ကြန်ပြီးကာလ တွေမှာများပါတယ်။ ခရီးသွားပြည်သူတွေ အခက်အခဲဖြစ်တာကလည်း အဲဒီအချိန်တွေပါ။ ဒါကြောင့် မြန်မာ့မီးရထားအနေနဲ့ အဓိကလမ်းကြောင်းတွေဖြစ်တဲ့ ရန်ကုန်- မန္တလေးလမ်းကြောင်း ခရီးစဉ်ကို အထူးသဖြင့် သင်္ကြန်အထူးရထားတွေ တိုးချဲ့ပြေးဆွဲသွားဖို့ စီစဉ်နေပါတယ်" ဟု မြန်မာ့မီးရထားတိုင်းအမှတ်(၇) သွားလာပို့ဆောင်ရေးဌာနခွဲမှ တိုင်းမန်နေဂျာ ဦးဇော်လွင်က ပြောကြားသည်။

မြန်မာ့မီးရထားသည် လာမည့်သင်္ကြန်ကာလတွင် လက်ရှိပြေးဆွဲပေးနေသောရထားများအပြင် သင်္ကြန်အထူးရထားများကို သင်္ကြန်ကာလမတိုင်ခင်နှင့် သင်္ကြန်ပြီးကာလများတွင် အဓိကပြေးဆွဲပေးမည်ဖြစ်သည်။ လက်ရှိ ပုံမှန်ပြေးဆွဲပေးနေသောရထားများမှာ အဓိက ရန်ကုန်- မန္တလေးလမ်းကြောင်း၌ အစုန်/အဆန် ခြောက်စင်း၊ စာပို့ အစုန်/အဆန်နှစ်စင်း စုစုပေါင်းရှစ်စင်း ပြေးဆွဲပေးလျက်ရှိသည်။ အဆိုပါ ရန်ကုန်- နေပြည်တော်လမ်းကြောင်း၌လည်း အမြန်ရထား အစုန်/ အဆန် လေးစင်းဖြင့် ပုံမှန်ပြေးဆွဲပေးလျက်ရှိသည်။

ယခုနှစ် သင်္ကြန်အထူးရထားအဖြစ်ပြေးဆွဲမှုကို မြန်မာ့မီးရထားအနေဖြင့် ဧပြီ ၇ ရက်မှစတင်ကာ ပြေးဆွဲပေးမည်ဖြစ်ပြီး ဧပြီ ၈ ရက်နှင့် ၉ ရက်တို့တွင် ရန်ကုန်- မန္တလေး၊ မန္တလေး- ရန်ကုန် အစုန်/အဆန် နှစ်စင်း ပြေးဆွဲပေးမည်ဖြစ်သည်။ ဧပြီ ၁၀ ရက်တွင် အဆိုပါလမ်းကြောင်းရှိ ရန်ကုန်- နေပြည်တော် ခရီးစဉ်တွင် တစ်စင်း၊ မန္တလေး- နေပြည်တော်တွင် တစ်စင်း စုစုပေါင်းနှစ်စင်း ပြေးဆွဲပေးမည်ဖြစ်ကာ ဧပြီ ၁၁ ရက်တွင် ရုံးတက်ရက် နောက်ဆုံးဖြစ်ခြင်းကြောင့် ဝန်ထမ်းများ အဆင်ပြေစေရန်အတွက် နေပြည်တော်- ရန်ကုန် သင်္ကြန်ရထား နှစ်စင်းလုံးပြေးဆွဲပေးသွားမည်ဖြစ်သည်။ ဧပြီ ၁၂ ရက်တွင် ရန်ကုန်-မန္တလေးသင်္ကြန်

*စာမျက်နှာ ၇ ကော်လံ ၄*



မြန်မာ့မီးရထားမှ ပုံမှန်ပြေးဆွဲပေးနေသောရထားကို တွေ့ရစဉ်



# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ(၁)နှစ်တာ

မြန်မာ့အလင်း
ကြာသပတေး၊ မတ် ၃၀၊ ၂၀၁၇

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရသစ်၏ သက်တမ်းတစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ တစ်နှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက်ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရုန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ ပထမတစ်နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။

## ပိုမိုကောင်းမွန်သော စီးပွားရေးအသိုက်အဝန်းတစ်ခုကို ထူထောင်ပေးမည့် စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

● တွေ့ဆုံမေးမြန်း - ခင်ရတနာ





စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ သွင်းကုန်လုပ်ငန်းများ စနစ်တကျရှိစေရေးဆောင်ရွက်နေစဉ်

ဆယ်စုနှစ်လေးခုနီးပါး တံခါးပိတ်စီးပွားရေးစနစ်ဖြင့် နေထိုင်ခဲ့သည့် မြန်မာနိုင်ငံသည် မကြာသေးသောကာလတွင် ကမ္ဘာ့စီးပွားရေးနှင့် ပြန်လည်ပေါင်းစည်းခွင့်ရရှိခဲ့သည်။

မြန်မာနိုင်ငံ၏ စီးပွားရေးအလားအလာကောင်းများ ရရှိနိုင်ရန်အတွက် အစိုးရသစ်က မူဝါဒ ၁၂ ရပ်ကိုချမှတ်ကာ ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံသည် သဘာဝနှင့် စိုက်ပျိုးရေးဆိုင်ရာ အရင်းအမြစ်များ၊ လုပ်သားအင်အားများ ပိုင်ဆိုင်ထားမှုကို အားသာချက်များအဖြစ် အသုံးပြုပြီး စီးပွားရေးတံခါးသစ်ကိုဖွင့်လှစ်ရန် ကြိုးပမ်းလျက်ရှိသည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ယင်းကဏ္ဍများကို အားသွန်ဆောင်ရွက်ရန် ရည်ရွယ်ထားသည့်ဝန်ကြီးဌာနတစ်ခုဖြစ်ပြီး ဒေသအလိုက် မျှတစွာဖွံ့ဖြိုးတိုးတက်၍ တိုင်းပြည်၏ စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ တိုးတက်မြင့်မားစေရန်အတွက် ရေရှည်နှင့် ရေတိုစီမံကိန်းများ ချမှတ်ခြင်း၊ အသုံးမဝင်သည့် ငွေယိုပေါက်များကို ရပ်တန့်စေခြင်း၊ ရရှိလာသည့် ချေးငွေများ၊ အလှူငွေများကို အကျိုးရှိစွာ ပြန်လည်အသုံးချနိုင်ရေးတို့ကို အစိုးရအဖွဲ့နှင့်အတူ လုပ်ဆောင်လျက်ရှိသည်။

### မျက်နှာပွင့်လန်း

မြန်မာနိုင်ငံအနေဖြင့် အသုံးမပြုရသေးသည့် လုပ်သားအစုအဖွဲ့၊ သဘာဝအရင်းအမြစ်များနှင့် ပထဝီအနေအထားကောင်းများကို ပိုင်ဆိုင်ထားပြီး ပြောင်းလဲလာသည့် အစိုးရသစ် မူဝါဒများကြောင့်လည်း နိုင်ငံတကာတွင် မျက်နှာပွင့်လန်းလာခဲ့ပြီဖြစ်သည်။ အဓိက ကြုံတွေ့နေရသည့် စီးပွားရေးဆိုင်ရာ စိန်ခေါ်မှုများဖြစ်ကြသော၊ ဖွံ့ဖြိုးမှုအားနည်းနေသော ကြီးကြပ်ကွပ်ကဲမှုဆိုင်ရာ မူဝါဒများ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ နှောင့်နှေးနေရသည့်လုပ်ငန်းစဉ်များ၊ ကုန်သွယ်ရေးစရိတ်မြင့်မားမှုများ၊ အခြေခံအဆောက်အအုံ အားနည်းမှုများကြောင့် စီးပွားရေးအနေအထားမှာ ထင်သလောက်ခရီးမပေါက် ဖြစ်ခဲ့ရသည်။



ယင်းအခြေအနေများကို ကျော်လွှားနိုင်ရေးအတွက် အစိုးရသစ်တစ်နှစ်တာကာလအတွင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များ၊ အောင်မြင်မှုများနှင့် စိန်ခေါ်မှုများကို သိရှိနိုင်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းအား တွေ့ဆုံမေးမြန်းခဲ့ပါသည်-

### လိုငွေပြမှု ပြဿနာ

**မေး ။ ။ တစ်နှစ်တာကာလအတွင်း စီးပွားရေးနဲ့ ဘဏ္ဍာရေးကဏ္ဍမှာ ရင်ဆိုင်တွေ့ကြုံရတာတွေနဲ့ ပတ်သက်ပြီး ပြောပြပေးစေလိုပါတယ်ရှင့်။**

ဖြေ ။ ။ လက်ရှိအစိုးရအနေနဲ့ ပထမဦးဆုံး ရင်ဆိုင်ကြုံတွေ့ရတဲ့ပြဿနာက ၂၀၀၉ ခုနှစ်က စပြီးတော့ ဖြစ်တည်လာခဲ့တဲ့ ကုန်သွယ်မှု လိုငွေပြမှု၊ ဒီနှစ်ဝန်းကျင်မှာ ဖြစ်တည်လာခဲ့တဲ့ ဘတ်ဂျက်လိုငွေပြမှုတွေ ဖြစ်ပါတယ်။ ဒါတွေက အစိုးရသစ်အတွက် ကြီးမားတဲ့စိန်ခေါ်မှုကြီးတွေပါ။ နိုင်ငံတော်အတွက် အကျိုးပြုဖို့ တိုင်းကျိုးပြည်ပြုကိစ္စတွေ စဉ်းစားတဲ့အခါ ဒီစိန်ခေါ်မှုတွေကို ဦးစွာမစဉ်းစားဘဲနေလို့မရတဲ့အချိန်ပါ။ ဘယ်လိုပဲဖြစ်ဖြစ် တိုင်းပြည်ရဲ့ စီးပွားရေးကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်မယ်ဆိုလို့ရှိရင် Trade Deficits နဲ့ Budget Deficits က အင်မတန်အရေးပါတဲ့နေရာမှာ စဉ်းစားရမယ့်အချက်တွေ ဖြစ်တယ်။

ကျန်တာကတော့ အခြေခံအဆောက်အအုံဖြစ်ပါတယ်။ မြန်မာနိုင်ငံ တစ်ဝန်းလုံးမှာ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိရေး စတဲ့ကိစ္စရပ်တွေမှာ အခက်အခဲတွေရှိပါတယ်။ အခြေခံအဆောက်အအုံတွေကို လိုအပ်တဲ့ ပမာဏအတိုင်းအတာအထိ ရရှိဖို့အတွက် အခုအချိန်မှာတော့ ခက်ခဲဦးမှာပါ။ သို့သော် စွမ်းဆောင်နိုင်တဲ့ အခန်းကဏ္ဍကနေ စလုပ်ရမယ်ဆိုပြီး စီးပွားရေးမူဝါဒထဲမှာ ထည့်သွင်းထားပါတယ်။

### ပုံစံမကျတဲ့ မြို့ပြ

နိုင်ငံတော်ရဲ့နေထိုင်မှုကိုကြည့်ရင် မြို့ပြတွေမှာ လူဦးရေတွေ တိုးပွားလာပါတယ်။ ပိုမိုကျယ်ပြန့်လာတယ်၊ လူဦးရေတွေ သိပ်သည်းလာတယ်။ ဒါပေမယ့် မြို့ပြတွေကို ပြန်ကြည့်ရင် စနစ်တကျနဲ့ တိုးတက်ထွန်းကားလာတာ မဟုတ်ပါဘူး။ ပုံစံမကျတဲ့ မြို့ပြတည်ဆောက်ပုံနဲ့ အဆင်ပြေသလိုပဲ အိုးအိမ်တွေ ဆောက်တာရှိတယ်၊ လမ်းတွေလည်း ဖောက်ကြတယ်။ စနစ်တကျ တိုးတက်တာမျိုး မဟုတ်တော့ နောင်အနာဂတ်ကာလအတွက် လူနေမှုစနစ်ကို အများကြီးထိခိုက်စေပါတယ်။ ဒီထက်ပိုမိုတိုးတက်ကောင်းမွန်တဲ့ လူနေမှုစနစ်ကို ဖော်ဆောင်ဖို့ အခက်အခဲတွေ အများကြီး ရှိမယ်။ ဒါကြောင့် လူမှုအဖွဲ့အစည်းနဲ့ စနစ်တကျလျော်ညီတဲ့ မြို့ပြတွေ ဖြစ်ရမယ်ဆိုပြီး စီးပွားရေး မူဝါဒထဲမှာ ထည့်သွင်းထားရခြင်း ဖြစ်ပါတယ်။

**မေး ။ ။ ကုန်သွယ်မှုလိုငွေပြမှုနဲ့ ပတ်သက်ပြီး နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတွေကို ပြန်လည်သုံးသပ်နေတယ်လို့ သိရပါတယ်။ ဘယ်လိုလုပ်ဆောင်မှုတွေ ဆောင်ရွက်သွားဖို့ ရှိပါသလဲ။**

ဖြေ ။ ။ ကုန်သွယ်မှု လိုငွေပြမှုနဲ့ပတ်သက်လို့ ပြန်ပြီးသုံးသပ်ကြည့်တဲ့အခါ ၂၀၁၀ ပြည့်နှစ်လောက်ကစပြီး နိုင်ငံတော်ပိုင်စက်မှုလုပ်ငန်းတွေ၊ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းအချို့ဟာ ဆက်တိုက်အရှုံးပေါ်ခဲ့ပါတယ်။ နှစ်စဉ်နှစ်တိုင်း အရှုံးပေါ် နေတာကို တွေ့ရပါတယ်။ အဲဒီစက်ရုံတွေက စက်မှုလက်မှုဝန်ကြီးဌာနလက်အောက်မှာရှိတယ်၊ သယံဇာတနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှာလည်း ရှိတယ်။ လျှပ်စစ်နဲ့ စွမ်းအင်ဝန်ကြီးဌာနမှာလည်းရှိတယ်။ နိုင်ငံရဲ့တကယ့်စီးပွားရေးတွေက အရှုံးပေါ်နေတဲ့နောက်တော့ ဒီနိုင်ငံက Trade Deficits ဖြစ်တာ မထူးဆန်းတော့ပါဘူး။

### အရှုံးပေါ်နေတဲ့ စီးပွားရေးလုပ်ငန်းတွေ

အဲဒါကြောင့် ပထမဆုံး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကို စဉ်းစားတဲ့အခါ ဒီလို အရှုံးပေါ်နေတဲ့ အစိုးရပိုင်တဲ့ စီးပွားရေးလုပ်ငန်းတွေကို ဘယ်လိုပုံစံဆက်သွားမလဲ အဖြေရှာခဲ့ကြပါတယ်။ အဖြေရှာတဲ့အခါ ပထမဆုံးနည်းလမ်းက ရပ်ဆိုင်းမယ်၊ ဒုတိယနည်းလမ်းက ပုဂ္ဂလိကလက်ထဲကို လွှဲပြောင်းမယ်။ လွှဲတာကလည်း မကောင်းလို့ လွှဲပြောင်းတာမျိုးမဟုတ်ဘဲ ပုဂ္ဂလိက လက်ထဲကိုရောက်တဲ့အခါ သူတို့ရဲ့စီမံခန့်ခွဲမှုတွေ၊ သူတို့ရဲ့ရင်းနှီးမြှုပ်နှံမှုတွေနဲ့ သူတို့ရဲ့နည်းပညာတွေ ပေါင်းစပ်ပြီးတော့ လုပ်ဆောင်ရင် ပြန်လည်အောင်မြင်နိုင်တဲ့ စက်ရုံမျိုးတွေ ဖြစ်လာနိုင်ခြေရှိတဲ့လုပ်ငန်းတွေကို ဆိုလိုတာပါ။

အဲဒီလိုပဲ နိုင်ငံခြားချေးငွေတွေ အလီလီယူပြီးတော့ နိုင်ငံတော်လည်း အကျိုးမဖြစ်၊ ပြည်သူတွေအတွက်လည်း အကျိုးမရှိတာမျိုး၊ အကြွေးတွေ ပတ်လည်ဝိုင်းနေပြီး အကျိုးအမြတ်အနေနဲ့လည်း ဘာမှရစရာမရှိဘူးဆိုရင် လိုအပ်သလို ကျိန်းသေ ပေါက်ပိတ်သိမ်းရမှာပေါ့။ အသုံးမဝင်တော့တဲ့ လုပ်ငန်းတွေ၊ စက်ရုံတွေကို ပိတ်သိမ်းဖို့ ဆုံးဖြတ်ရာမှာ အစိုးရအနေနဲ့ စိတ်ခံစားမှုကြောင့် ပိတ်သိမ်းရတာမဟုတ်ဘဲ ပကတိ အခြေအနေအရ လိုအပ်တဲ့အနေအထားအပေါ်မူတည်ပြီး

အချပ်ပို (ခ) သို့





ကျေးလက်တောင်သူများ ရာသီပေါ်သီးနှံများ သိမ်းဆည်းနေစဉ်

**အချပ်ပို(က)မှ**

ရဲရဲရင့်ရင့်နဲ့ ဆုံးဖြတ်ရမှာပါ။ အစိုးရသက်တမ်းအတွင်းမှာ ထူးထူးခြားခြားဆောင်ရွက်တဲ့ လုပ်ငန်းတစ်ခုလို့လည်း ပြောလို့ရပါတယ်။

စက်မှုလုပ်ငန်းတွေနဲ့ ပတ်သက်လို့ စဉ်းစားစရာတွေ အများကြီးရှိပါတယ်။ အဘက်ဘက်က ထောင့်စေ့အောင် စဉ်းစားရတာမျိုးဖြစ်ပါတယ်။ အဓိကကတော့ ဘတ်ဂျက်လိုငွေပြမှုကို လျော့နည်းအောင်လုပ်ဖို့အတွက် ရည်ရွယ်တာပါ။ စဉ်းစားတဲ့ နေရာမှာ ဒီစက်ရုံ၊ ဒီလုပ်ငန်းတွေဟာ နိုင်ငံတော်အတွက် မရှိမဖြစ် လိုအပ်သလား၊ ပြည်သူတွေအတွက် လိုအပ်ချက်တွေကို ပြည့်မီအောင် ထုတ်လုပ်နိုင်သလား၊ ရှေ့ဆက်လည်ပတ်ရင် နိုင်ငံတော်အတွက် အကျိုးအမြတ်ရမလား၊ ချေးငွေတွေရော ပြန်ဆပ်နိုင်မလား စသည်ဖြင့် စဉ်းစားတော့ အချို့လုပ်ငန်းတွေဟာ ရှေ့ဆက်လို့လည်း အကျိုးမများဘူး။ ထုတ်ကုန်တွေကလည်း ပြည်တွင်းအတွက် အရည်အချင်း မပြည့်မီဘူး။ ချေးငွေလည်း မကျေနိုင်ဘူးဆိုရင် ရှေ့ဆက်သွားရင် ပိုဆိုးတော့မှာဖြစ်ပါတယ်။

**အခွင့်အရေးပေး**

ဒါဆို ရပ်တန်းကရပ်မယ်လို့ ဆုံးဖြတ်ရမှာပါ။ အဲဒီလိုဖြစ်လာရင် ကျွမ်းကျင်ဝန်ထမ်းတွေနဲ့အဆင့်အမျိုးမျိုးက ဝန်ထမ်းတွေကို အစိုးရက ဆုံးဖြတ်ပေးတာထက် ကိုယ်တိုင်ရွေးချယ်နိုင်ဖို့၊ စဉ်းစားနိုင်ဖို့ အခွင့်အရေးတွေ ပေးရမှာဖြစ်ပါတယ်။ တကယ်လို့များ ရပ်ဆိုင်းတဲ့လုပ်ငန်းတစ်ခုခုက ဝန်ထမ်းတွေအနေနဲ့ မိမိတို့ ကျွမ်းကျင်မှုကို အခြေခံပြီး အခြားသင့်တော်တဲ့ ဝန်ကြီးဌာနတွေမှာ ဆက်လက်လုပ်ကိုင်ချင်သလား။ ဒါဆိုရင် အစိုးရက အစီအမံတွေလုပ်ပေးမယ်။ ကိုယ့်ရဲ့ကျွမ်းကျင်မှုအလိုက်အပြင် ပုဂ္ဂလိကလုပ်ငန်းတွေမှာ လုပ်ချင်သလား၊ မိမိရဲ့အသက်အရွယ်အလိုက်၊ အခြေအနေအလိုက် ဆက်လက်အလုပ်မလုပ်လိုတော့ဘူးဆိုရင် ပင်စင်ခံစားခွင့်တွေရယူမလား စတဲ့ အစီအမံတွေ ချထားပေးဖို့ လုပ်ပေးရမှာက အစိုးရမှာ တာဝန်ရှိပါတယ်။ ဖျက်သိမ်းသင့်တဲ့ လုပ်ငန်းတွေနဲ့ စက်ရုံတွေက ဝန်ထမ်းတွေအားလုံးအားလုံးအတွက် စက်ရုံတစ်ခုချင်းအလိုက် စဉ်းစားပေးမှာဖြစ်ပါတယ်။

**ဖယ်ရှား**

**မေး ။ ။ ရင်းနှီးမြှုပ်နှံမှုအပိုင်းမှာရော ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူတွေအတွက် အဟန့်အတားဖြစ်စေမယ့် နည်းလမ်းတွေကို ဖယ်ရှားနိုင်ခဲ့ပြီလား။ စီးပွားရေးမူဝါဒအရ အစိုးရဘက်က ဘယ်လိုပံ့ပိုးမှုတွေ ပေးနိုင်ခဲ့ပါသလဲ။**

ဖြေ ။ ။ နိုင်ငံတော်က ရင်းနှီးမြှုပ်နှံမှုတွေ လုပ်တဲ့အခါကျရင် စီးပွားရေးမူဝါဒထဲမှာ ဘာပါသလဲဆိုတော့ နိုင်ငံသူနိုင်ငံသားတိုင်း မည်သူမဆို မိမိတို့ရဲ့ အရည်အချင်း၊ မိမိတို့ အရင်းအနှီးနဲ့ မိမိတို့ အာရုံကျမှု၊ မိမိတို့ရဲ့ ယုံကြည်ချက်ကို အခြေခံပြီးတော့ လွတ်လွတ်လပ်လပ် ရိုးရှင်းလွယ်ကူစွာနဲ့ စီးပွားရေးလုပ်ငန်းတွေကို ရင်းနှီးမြှုပ်နှံနိုင်ခွင့်ရှိမယ်လို့ ပါဝင်ပါတယ်။

လက်ရှိပြဋ္ဌာန်းထားတဲ့ ရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြန်ကြည့်တဲ့အခါကျတော့ အချို့သောအပိုင်းတွေမှာ အကန့်အသတ်တွေ ရှိနေတုန်းပါပဲ။ ပြည်ပကရော ပြည်တွင်းက ရင်းနှီးမြှုပ်နှံသူတွေအတွက်ပါ အကန့်အသတ်တွေရှိနေပါတယ်။ ဒါတွေကို ဖြေလျှော့နိုင်မှ၊ ပြန်လည်ပြီးတော့ ပြုပြင်နိုင်မှ ရင်းနှီးမြှုပ်နှံမှုဟာ များစွာ အခွင့်အလမ်းတွေ သာလာမယ်။ ယုံကြည်စိတ်ချစွာနဲ့ ရင်းနှီးမြှုပ်နှံလာမယ်။ ဒါကိုရည်စူးပြီးတော့ ရင်းနှီးမြှုပ်နှံမှုဥပဒေကိုလည်း ပြန်လည်ရေးဆွဲပေးခဲ့ပါတယ်။

ကန့်သတ်မှုတွေ လျှော့ချလိုက်လို့ လွတ်လွတ်လပ်လပ် လွယ်ကူရိုးစင်းစွာ လုပ်ငန်းလည်ပတ်လာနိုင်ပါလိမ့်မယ်။ အဲဒီကနေ အပြည့်အဝပြိုင်ဆိုင်လာနိုင်ပြီး၊ ကုန်အရည်အသွေးတွေကောင်းမွန်ပြီး ရောင်းဈေးတွေ လျှော့ချနိုင်ရင် စားသုံးတဲ့ ပြည်သူလူထုတွေ ခံစားရဖို့ပါ။ ဒီအတွက်အားလုံးက မျှတစွာ ယှဉ်ပြိုင်ဖို့ အစိုးရက လမ်းညွှန်မှုတွေ ချထားပေးရမှာဖြစ်ပါတယ်။ ဒီကဏ္ဍကလည်း တစ်နှစ်တာကာလအတွင်းမှာ ထူးထူးခြားခြား ဆောင်ရွက်နိုင်ခဲ့တဲ့ အနေအထားတစ်ခုဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ ဒေသအလိုက် မျှမျှတတဖွံ့ဖြိုးတိုးတက်ဖို့လိုပါတယ်။ အထူးသဖြင့် ဖက်ဒရယ်ပြည်ထောင်စုအနေနဲ့ သွားရောက်နေဆဲကာလမှာ တောင်တန်းနဲ့ ပြည်မ၊ မြို့ပြနဲ့ ကျေးလက် စသည်ဖြင့် နေရာဒေသအားလုံး မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေဖို့က အရေးကြီးပါတယ်။

**ဝေးလံခေါင်သီ**

အထူးသဖြင့် မဖွံ့ဖြိုးသေးတဲ့ ဒေသတွေနဲ့ ဝေးလံခေါင်သီတဲ့ ဒေသတွေက ပြည်သူတွေအရေးကို ဦးစားပေးစဉ်းစားဆောင်ရွက်ရပါတယ်။ ဒီအတွက် မတိုးတက်၊ မဖွံ့ဖြိုးသေးတဲ့ ဒေသတွေမှာ မည်သူမဆို အခွင့်အလမ်းပိုရမယ်။ အထူးသဖြင့် ကရင်ပြည်နယ်၊ ကယားပြည်နယ်နဲ့ ချင်းပြည်နယ်တို့လို နေရာတွေမှာ ရင်းနှီးမြှုပ်နှံမယ်ဆိုရင် အခွန်ကင်းလွတ်ခွင့် ခုနစ်နှစ်အထိ ပေးထားတယ်။ သာမန်နေရာဆိုရင် ငါးနှစ်၊ တိုးတက်ဖွံ့ဖြိုးတဲ့နေရာဆို သုံးနှစ်စသည်ဖြင့် ခွင့်ပြုပေးထားပါတယ်။ ဒါမှလည်း ဒေသအားလုံး ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။

**မေး ။ ။ အသေးစားနဲ့ အလတ်စား ရင်းနှီးမြှုပ်နှံသူတွေအတွက် ဖြေလျှော့မှုတွေနဲ့ ပြည်ပရင်းနှီးမြှုပ်နှံသူတွေအတွက် အခွင့်အလမ်းတွေရော ဖော်ဆောင်ဖြစ်ခဲ့ပါသလား။**

ဖြေ ။ ။ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုတွေကို တန်းတူယှဉ်ပြိုင်ခွင့်ရှိစေဖို့နဲ့ တာဝန်ယူမှုရှိပြီး အပြန်အလှန်အကျိုးရှိစေမယ့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို ကြိုဆိုဖို့၊ ပွင့်လင်းလွယ်ကူတဲ့ လုပ်ထုံးလုပ်နည်းတွေ ဖြစ်လာဖို့ ရင်းနှီးမြှုပ်နှံမှုမူဝါဒတွေကို ၂၀၁၆ ခုနှစ် အောက်တိုဘာလမှာ ထုတ်ပြန်နိုင်ခဲ့ပါတယ်။




ပဟိုဘဏ်မှ ဝန်ထမ်းများ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ အဆင်ပြေစေရေးအတွက် ငွေထုတ်ချေးရန် ဆောင်ရွက်နေစဉ်

**အချပ်ပို(ဂ)သို့**

အချပ်ပို(ခ)မှ

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေကိုလည်း ပြဋ္ဌာန်းပြီး ဖြစ်ပါတယ်။ ဒီဥပဒေကြောင့် ရင်းနှီးမြှုပ်နှံမှုတွေကို ပိုမိုလွယ်ကူ ရှင်းလင်းစွာ လုပ်ကိုင်နိုင်မှာဖြစ်သလို တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရတွေအနေနဲ့လည်း အတိုင်းအတာတစ်ခုထိ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ရလာမှာ ဖြစ်ပါတယ်။ SMEs တွေကို လုပ်ငန်းလည်ပတ်ရာမှာ လွယ်ကူနိုင်စေဖို့ ကုမ္ပဏီမှတ်ပုံတင်ကြေးကို ကျပ် ၁၀ သိန်းကနေ ငါးသိန်းကို လျှော့ချပေးခဲ့ပါတယ်။ ဒါကြောင့် အရင်နှစ်က ကုမ္ပဏီမှတ်ပုံတင်မှု ၇၉၃၃ ခု ကနေ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ ၉၃၉၃ ခုအထိ တိုးတက်လာခဲ့ပါတယ်။

**မှေးမှိန်ခဲ့**

ထို့အတူပဲ ကုန်သွယ်မှုလိုငွေပြမှုကို ပြန်ကြည့်မယ်ဆိုရင် နိုင်ငံတော်မှာလည်း နိုင်ငံ ဂျီဒီပီရဲ့၈၀ ရာခိုင်နှုန်း၊ တစ်ခါတလေလည်း ၇၀ ရာခိုင်နှုန်းကျော်က SMEs တွေရဲ့ ထုတ်လုပ်မှုတန်ဖိုးပါ။ ဒီ SMEs တွေဟာ ထုတ်လုပ်တဲ့အခါဖြစ်ဖြစ်၊ ဖြန့်ဖြူးရောင်းချတဲ့အခါမှာဖြစ်ဖြစ် အဆင်ပြေသလို လုပ်ဆောင်နေရပြီး SMEs ရဲ့အခန်းကဏ္ဍတွေဟာ မှေးမှိန်နေခဲ့တာကို တွေ့ရတယ်။ မြန်မာနိုင်ငံရဲ့ စီးပွားရေးပေါ်လစီကို ရေးဆွဲရာမှာ အဓိကအချက်ကတော့ အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိရေး၊ မြန်မာနိုင်ငံမှာရှိတဲ့ အလုပ်လုပ်နိုင်တဲ့ လူငယ်လူရွယ်တွေ မြန်မာနိုင်ငံအတွင်းမှာပဲ အလုပ်လုပ်ခွင့်ရဖို့ဆိုတာ အစိုးရရဲ့တာဝန်တစ်ရပ်လို့ ခံယူထားပါတယ်။

မြန်မာ့စီးပွားရေးလုပ်ငန်းတွေရဲ့ ၉၀ ရာခိုင်နှုန်းကျော်က အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းတွေ ဖြစ်ပါတယ်။ ဒါကြောင့် ဒီ SMEs လုပ်ငန်းတွေ တိုးချဲ့နိုင်ဖို့ လိုအပ်တဲ့ ချေးငွေတွေကို နိုင်ငံတော်ဘဏ်နဲ့ ဗဟိုဘဏ်တွေကနေ ထုတ်ချေးပေးနေပါတယ်။ အသေးစားနှင့် အလတ်စားစက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ်ကို ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ကြီးကြပ်ဖို့နဲ့ ပုဂ္ဂလိကဘဏ်တွေအနေနဲ့လည်း SMEs တွေ ငွေထုတ်ချေးနိုင်ဖို့ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။

**လယ်ယာကဏ္ဍ**

**မေး ။ ။ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးက စီးပွားရေးမူဝါဒတွေမှာလည်း အဓိကပါဝင်ပါတယ်။ လယ်ယာကဏ္ဍနဲ့ ပတ်သက်ပြီး ငွေကြေးစီမံဆောင်ရွက်မှုတွေကို ရှင်းပြပေးပါဦး။**

ဖြေ ။ ။ လယ်ယာကဏ္ဍကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်မယ်ဆိုရင် မြန်မာ့လယ်ယာကဏ္ဍမှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ရှိပါတယ်။ နိုင်ငံတော်ကနေ နှစ်စဉ်စပါးစိုက်ပျိုးမှုအတွက်နဲ့ ဆောင်းသီးနှံတွေစိုက်ပျိုးမှုအတွက် စိုက်ပျိုးစရိတ်ချေးငွေတွေပေးခဲ့ပါတယ်။ အရင်နှစ်တွေက တစ်ဧကကို ငွေကျပ်တစ်သိန်းပေးတယ်။ အခုအစိုးရသစ်လက်ထက်မှာ ဒီထက် ပိုပေးချင်တယ်။ ဒါကြောင့် တစ်ဧကကို ငွေကျပ်တစ်သိန်းခွဲ ထုတ်ချေးခဲ့တယ်။



မြန်မာနိုင်ငံနှင့် ဒိန်းမတ်နိုင်ငံတို့အကြား ထောက်ပံ့ကူညီပေးရေး သဘောတူ လက်မှတ်ရေးထိုးနေစဉ်

မြန်မာ့စီးပွားရေးဘဏ်မှာရှိတဲ့ ငွေနဲ့မလုံလောက်ရင် ခန့်မှန်းခြေအားဖြင့် ငွေကျပ် ၅၀၀ ဘီလီယံကို ဗဟိုဘဏ်ကနေ ထုတ်ချေးမယ်လို့ မျှော်မှန်းထားတယ်။ အဲဒီအချိန်မှာ ဗဟိုဘဏ်က ငွေစက္ကူတွေ ထုတ်ချေးဖို့ ရိုက်နှိပ်ခဲ့ရင် ငွေဖောင်းပွမှုဖြစ်မယ်ဆိုပြီး သို့လော သို့လောတွေ ပြောဆိုကြတယ်။ ဒါနဲ့ပတ်သက်ပြီး အစိုးရအဖွဲ့က အလေးထားစဉ်းစားခဲ့ပါတယ်။

**စိုက်ပျိုးစရိတ်ချေးငွေ ဘီလီယံ ၁၆၀၀ ကျော်**

နောက်ဆုံးမှာတော့ တကယ်ကို ထုတ်ချေးဖို့မလိုဘဲ မြန်မာ့စီးပွားရေးဘဏ်ရဲ့ အစီအစဉ်နဲ့ အဆင်ပြေစွာ စိုက်ပျိုးစရိတ်တွေကို ထုတ်ချေးနိုင်ခဲ့တယ်။ ဒါကလည်း ဝန်ထမ်းတွေ အားလုံး ကြိုးပမ်းမှုနဲ့ ထုတ်ချေးနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။ ဒီနှစ်မှာ စိုက်ပျိုးစရိတ်ချေးငွေအဖြစ် ငွေကျပ် ၁၆၁၄ ဒသမ ၄၅၃ ဘီလီယံကို ထုတ်ချေးပေးနိုင်ခဲ့တယ်။ ဒါကလည်း အစိုးရသစ်လက်ထက် အောင်မြင်မှုတစ်ခုလို့ ပြောရင်ရပါတယ်။

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအတွက် တစ်ဖက်မှာလည်း စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့ လိုအပ်ပါတယ်။ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့အတွက်လည်း လိုအပ်နေသေးတာရှိတယ်။ နှစ်ဖက်လုံး ဘက်မျှတိုးတက်အောင်၊ လျော်ညီအောင်၊ ဘက်ညီအောင်လုပ်ဖို့ မူဝါဒတစ်ရပ်အနေနဲ့ စီးပွားရေးပေါ်လစီမှာ ပါလာတာ။

နောက်ပိုင်းမှာ တောင်သူတွေကို အခုထက်ပိုတဲ့ ချေးငွေတွေရလာအောင် ပုဂ္ဂလိကဘဏ်တွေပါ ပါဝင်ဆောင်ရွက်လာရင် မကောင်းဘူးလားလို့ စဉ်းစားမိတယ်။ လွတ်လပ်စွာ ရင်းနှီးမြှုပ်နှံမှုပေးမယ်ဆိုရင် သူတို့ကို ခွင့်ပြုပေးရမယ်။ ဥပမာအားဖြင့် သီးနှံအတွက် ချေးငွေ၊ လယ်ယာသုံးစက်ကိရိယာတွေအတွက် ချေးငွေ၊ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေအတွက် ချေးငွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာတွေနဲ့ ပတ်သက်တဲ့ ချေးငွေ၊ ရောင်းဝယ်ဖောက်ကားမှုနဲ့ ပတ်သက်တဲ့ ချေးငွေတွေ အကုန်လုံးလုပ်ပေးမယ်ဆိုရင် လယ်ယာကဏ္ဍကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လာမယ်။ မြန်မာ့လယ်ယာကဏ္ဍကို အစိုးရအပြင် ပုဂ္ဂလိကဘဏ်တွေလည်း ပါဝင်လာနိုင်တဲ့အချိန်မှာ လယ်ယာကဏ္ဍက အရှိန်ရလာပြီး အောင်မြင်နိုင်မယ်။

**မေး ။ ။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့ (DACU) အတွက် ဆောင်ရွက်နေမှုတွေကိုလည်း ပြောပြပေးပါရှင့်။**

ဖြေ ။ ။ ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့နဲ့ ပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက်များအဖွဲ့ ပထမအကြိမ် အစည်းအဝေးကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှာ ကျင်းပခဲ့ပါတယ်။ နိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ်အပါအဝင် ပြည်ထောင်စုဝန်ကြီးတွေ၊ ဒုတိယဝန်ကြီးတွေ၊ မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးတွေ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းတွေက အကြီးအကဲတွေအားလုံး တက်ရောက်ခဲ့ကြပါတယ်။

အချပ်ပို(ဃ)သို့


စိုက်ပျိုးစရိတ်ချေးငွေဖြင့် စိုက်ပျိုးထားသော သီးနှံများ ဖြစ်ထွန်းအောင်မြင်နေစဉ်




၂၀၁၇ ခုနှစ် အာမခံလုပ်ငန်းပြပွဲတွင် ပါဝင်ဆောင်ရွက်သူများ မှတ်တမ်းဓာတ်ပုံ

**အချပ်ပို(ဂ)မှ**

**တိုင်းပြည်၏ လိုအပ်ချက်နှင့် တစ်ထပ်တည်းကျ**

DACU အနေနဲ့ မြန်မာနိုင်ငံမှာရှိတဲ့ ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းတွေအားလုံးနဲ့ ပုံမှန်ထိတွေ့ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ တန်ဖိုးရှိတဲ့ အကူအညီတွေကို အမျိုးသားအဆင့် ဦးစားပေးလုပ်ငန်းတွေနဲ့အညီ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေ၊ INGO တွေ၊ ပြည်တွင်းပြည်ပအလှူရှင်တွေနဲ့ ပိုပြီးပေါင်းစပ်ညှိနှိုင်းလို့ ဖြစ်ပေါ်လာတဲ့ အကန့်အသတ်တွေကိုလည်း ကြိုးစားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ရရှိလာတဲ့ အလှူငွေတွေ၊ ချေးငွေတွေကို နိုင်ငံတော်ရဲ့တကယ့်လိုအပ်ချက်တွေနဲ့ ကိုက်ညီဖို့၊ သဟဇာတဖြစ်ဖို့နဲ့ အမှန်တကယ်အသုံးပြုဖို့ စီမံခန့်ခွဲပေးရမယ့်အဖွဲ့ဖြစ်ပြီး ဒါမှသာ ဖွံ့ဖြိုးမှုအတွက် အသုံးပြုမယ့် ငွေကြေးတွေဟာ တိုင်းပြည်ရဲ့လိုအပ်ချက်နဲ့ တစ်ထပ်တည်းကျမှာ ဖြစ်ပါတယ်။

**မေး ။ ။ ဖြည့်စွက်ပြောကြားလိုတာရှိရင် ပြောနိုင်ပါတယ်ရှင့်။**

ဖြေ ။ ။ ဒီနေ့ခေတ်မှာ နိုင်ငံတော်အစိုးရဟာ စီးပွားရေးလုပ်သင့်တဲ့ အစိုးရမျိုးမဖြစ်သင့်တော့ဘူး။ နိုင်ငံတော်အစိုးရဟာ နိုင်ငံစီးပွားဖွံ့ဖြိုးဖို့အတွက် ပုဂ္ဂလိကလုပ်ငန်းနယ်ပယ်မှာရှိနေတဲ့ ပြည့်ဝမ်းဗိုက်လို့ခေါ်တဲ့ လုပ်ငန်းရှင်တွေကို မြေထောင်မြှောက်ပေးရတယ်။ သူတို့လိုအပ်တဲ့ စည်းမျဉ်းစည်းကမ်းနဲ့ ဥပဒေတွေကို ချမှတ်ပေးရတယ်။ ပေါ်လစီတွေ ဖော်ဆောင်ပေးရတယ်။ ဒါကမှ အစိုးရရဲ့ပဓာနကျတဲ့ လုပ်ငန်းလို့မြင်တယ်။

အစိုးရက စီးပွားရေးကို နားမလည်ဘဲ လုပ်နေသမျှ လုပ်ငန်းတွေဟာ အရှုံးပေါ်နေမှာ ဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံအတော်များများမှာလည်း အစိုးရက စီးပွားရေးကို ကိုယ်တိုင်မလုပ်ကြတော့ဘူး။ မရှိသလောက်နည်းနေပြီ။ အစိုးရက နိုင်ငံတော်ရဲ့အေးချမ်းသာယာရေး၊ လုံခြုံရေး၊ မူဝါဒချမှတ်ရေး စတဲ့ အဓိကကျတဲ့ အခြေအနေတွေပေါ်မှာ ပိုပြီးအာရုံစိုက်ရမှာ ဖြစ်ပါတယ်။ ဒါပေမယ့် လက်ရှိစီးပွားရေးအနေအထားကြောင့် မဖြစ်မနေ ထိန်းသိမ်းထားရဦးမယ့် လုပ်ငန်းတွေကလွဲလို့ ဥပမာ သယံဇာတထုတ်လုပ်မှုနဲ့ ရေနံသဘာဝဓာတ်ငွေ့လိုမျိုးတွေ ဒါတောင် နောက်ပိုင်းမှာ ပုဂ္ဂလိကကို လွှဲချင်လွှဲသွားနိုင်ပါတယ်။




ပြည်တွင်း ပြည်ပမှ ရောက်ရှိလာသည့် ကုန်သေတ္တာများကို ရန်ကုန်ဆိပ်ကမ်း၌ တွေ့ရစဉ်

**ပြည့်ဝမ်း**

ပြည့်ဝမ်းနဲ့တူတဲ့ လုပ်ငန်းရှင်တွေကို လွတ်လပ်အေးချမ်းစွာနဲ့ လုပ်ငန်းတွေ လုပ်ကိုင်ခွင့်ပေးသွားမှာဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ စီးပွားရေးစီမံကိန်းတွေ ပရောဂျက်တွေ အားလုံး အဲဒီလိုပဲ သွားမှာပါ။ လက်ရှိ တစ်နှစ်တာ တာဝန်ယူထားရတဲ့ အစိုးရက ပြည်သူတွေက ယုံကြည်လို့တာဝန်ပေးတဲ့အစိုးရဆိုလည်း မမှားပါဘူး။ ကျွန်တော်တို့အနေနဲ့ ပြည်သူအတွက် အမြဲအလေးထားဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့ ဆောင်ရွက်သမျှ ကိစ္စတွေဟာလည်း တိုင်းရင်းသားညီအစ်ကို မောင်နှမတွေ အားလုံးအတွက် ပြည်သူတွေအတွက် ဖြစ်ပြီး မှန်ကန်တဲ့ လုပ်နည်းစနစ်၊ မှန်ကန်တဲ့ စေတနာ၊ မှန်ကန်တဲ့ကြိုးပမ်းမှုရှိ နေသရွေ့က ကျွန်တော်တို့အားလုံး မျှော်မှန်းတဲ့ ဖက်ဒရယ်နိုင်ငံတော်ကြီးဆီ အမြန်ဆုံး လျှောက်လှမ်းနိုင်မှာဖြစ်ပါတယ်။



စီမံကိန်းငွေရေးကြေးရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခြေခံသင်တန်းဆင်းပွဲ မှတ်တမ်းဓာတ်ပုံ

**ဌာနအဖွဲ့အစည်းပေါင်း ၁၉ ဖွဲ့**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ဌာနအဖွဲ့အစည်းပေါင်း ၁၉ ခုနှင့် ပေါင်းစပ်ဖွဲ့စည်းထားပြီး နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၊ အခွန်ကောက်ဌာနများ၊ ဘတ်ဂျက်နှင့် စာရင်းဌာနများ၊ ဘဏ်များ စသည်တို့ပါဝင်သည့် ဝန်ကြီးဌာနတစ်ခုဖြစ်သည်။

အဆိုပါဝန်ကြီးဌာနအနေဖြင့် တစ်နှစ်တာနောက်ပိုင်းတွင်လည်း နိုင်ငံတော်အစိုးရက ချမှတ်ထားသည့် စီးပွားရေးမူဝါဒ၊ ရင်းနှီးမြှုပ်နှံမှု မူဝါဒများနှင့်အညီ နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံး အကျိုးရှိစေမည့် စီးပွားရေးပတ်ဝန်းကျင်တစ်ရပ်ဖြစ်ထွန်းပေါ်ပေါက်လာစေရေး၊ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများအား လွတ်လပ်ပွင့်လင်းစွာနှင့် လွယ်ကူရိုးရှင်းစွာ ပါဝင်ဆောင်ရွက်လာစေရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် အရှုံးပေါ်နေသည့် နိုင်ငံတော်၏ စီးပွားရေးလုပ်ငန်းများနှင့် စက်ရုံများကို စိစစ်သုံးသပ်၍ ပြုပြင်ပြောင်းလဲနိုင်စေရန်အတွက် နိုင်ငံတော်အစိုးရထံ အကြံပြုတင်ပြသွားရန်ရှိပြီး ထိရောက်ကောင်းမွန်သည့် ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ်ကို အသုံးပြုကာ ပြည်သူတစ်ရပ်လုံး ရေတို၊ ရေရှည် အကျိုးဖြစ်ထွန်းမည့် လုပ်ငန်းစဉ်များကို အောင်မြင်မှုရရှိစေရန် ကြိုးပမ်းလျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။



တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီး ဦးနိုင်သက်လွင်



အမျိုးသားရေးမူဝါဒ ဆွေးနွေးပွဲတက်ရောက်လာကြသူများ
စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်

# တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန၏ တစ်နှစ်တာ

● ကျော်သူထက်

တိုင်းရင်းသား
လူမျိုးများရေးရာ ဝန်ကြီးဌာန
ဖွဲ့စည်းလိုက်တဲ့ ရည်ရွယ်ချက်ကတော့ တိုင်းရင်း
သားတွေလိုလားတဲ့ ဥပဒေပြဋ္ဌာန်းချက်ပါ တိုင်းရင်း
သားတွေရဲ့ ရပိုင်ခွင့်၊ အခွင့်အရေးတွေ အပြည့်အဝခံစားနိုင်
အောင် စောင့်ရှောက်ကာကွယ်ဖို့ ဖြစ်ပါတယ်။ နိုင်ငံတော်
ဖွံ့ဖြိုးတိုးတက်ဖို့အတွက် တိုင်းရင်းသားတွေအားလုံး ပညာတတ်ဖို့၊
ဗဟုသုတရှိဖို့၊ ပြည်ထောင်စုကြီးကို အလုပ်အကျွေးပြုဖို့၊
ကမ္ဘာမှာသုံးနေတဲ့ ဘာသာစကားတွေတတ်ဖို့၊ နိုင်ငံတွင်း
မှာရော၊ ကမ္ဘာမှာပါ ရင်ပေါင်တန်းဝင်ဆံ့နိုင်ဖို့
လိုပါတယ်။

**တိုင်းရင်းသားပေါင်းစုံ စုပေါင်းနေထိုင်ကြသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် အခြေခံအကျဆုံး လိုအပ်ချက်တစ်ခုဖြစ်ပါသည်။ တိုင်းရင်းသားများ စည်းလုံးညီညွတ်မှုရှိခဲ့သော ကာလများတွင်ဒေသတွင်း အင်အားကောင်းမွန်သော မြို့ပြနိုင်ငံတော်ကြီးများကို တည်ထောင်နိုင်ခဲ့ကြသည်။ ထို့အတူ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကြောင့်ပင် လွတ်လပ်ရေးကို ပြည်နယ်၊ ပြည်မ မခွဲခြားဘဲ အတူတကွ ပြန်လည်ရယူနိုင်ခဲ့သည်။**

**ဖိနှိပ်ခံခဲ့ကြရ**

တိုင်းရင်းသားစည်းလုံးညီညွတ်မှု အားနည်းသည့်ကာလကို ပြန်ကြည့်လျှင် တစ်မျိုးသားလုံး ကိုလိုနီလက်အောက်ခံဘဝကျရောက်ခဲ့ရပြီး ဖိနှိပ်ခံခဲ့ကြရသည်။ တိုင်းတစ်ပါး လူမျိုးများက တောင်ပေါ်၊ မြေပြန့်ခွဲခြားကာ သွေးထိုးအုပ်ချုပ်ခဲ့သည့်အတွက် လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် အဆိုးရွားဆုံးဖြစ်ခဲ့ရပြီး လက်နက်ကိုင်ပဋိပက္ခများ စတင်ခဲ့သည်။ ထိုအချိန်က စတင်ခဲ့သည့် ပြည်တွင်းစစ်သည် ယနေ့ထိတိုင် တောက်လောင်နေဆဲဖြစ်သည်။ ပြည်တွင်းစစ်ကြောင့် နိုင်ငံဆင်းရဲခဲ့ရပြီး နိုင်ငံတကာနှင့်ယှဉ်လျှင်လည်း အရာရာနောက်ကျ ကျန်ရစ်ခဲ့ရသည်။

နိုင်ငံတော်အစိုးရအဆက်ဆက်က ကိုယ့်နည်းကိုယ့်ဟန်ဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိရန် ကြိုးစားခဲ့ကြသည်။ သို့သော်လည်း ယနေ့တိုင်အောင် မပြီးဆုံးဘဲရှိနေသည်။

**နိုင်ငံရေးစားပွဲဝိုင်းပေါ် အဖြေရှာ**

ယခုအစိုးရလက်ထက်တွင်လည်း နိုင်ငံတော်အစိုးရ၊ လွှတ်တော်အရပ်ရပ်၊ တပ်မတော်နှင့်တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်နေသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို အရယူနိုင်ရန် နိုင်ငံရေးစားပွဲဝိုင်းပေါ်တွင် အဖြေရှာလျက်ရှိပြီး ထိုမှတစ်ဆင့် ထာဝရငြိမ်းချမ်းရေးသို့ တက်လှမ်းနိုင်အောင် ကြိုးပမ်းနေကြသည်။

နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဦးဆောင်သည့် အစိုးရသည် ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနအရေအတွက်ကို လျှော့ချပြီး အစိုးရအဖွဲ့ကို ကျစ်ကျစ်လျစ်လျစ်ဖွဲ့စည်းခဲ့သော်လည်း တိုင်းရင်းသားများ၏အရေးကိစ္စကို အထူးအလေးထားကာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနကို အသစ်တိုးချဲ့ဖွဲ့စည်းလိုက်သည်။

**ပြဋ္ဌာန်းပေးခဲ့**

ပထမအကြိမ်ပြည်ထောင်စုလွှတ်တော်က ၂၀၁၅ ခုနှစ်တွင် **တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့်ဥပဒေ**ကို ပြဋ္ဌာန်းပေးခဲ့ခြင်းဖြစ်ပြီး ယင်းဥပဒေအရ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနကို ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။



တိုင်းရင်းသားစာပေဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပနေသည်ကို တွေ့ရစဉ်

"တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဖွဲ့စည်းလိုက်တဲ့ ရည်ရွယ်ချက်ကတော့ တိုင်းရင်းသားတွေလိုလားတဲ့ ဥပဒေပြဋ္ဌာန်းချက်ပါ တိုင်းရင်းသားတွေရဲ့ ရပိုင်ခွင့်၊ အခွင့်အရေးတွေ အပြည့်အဝခံစားနိုင်အောင် စောင့်ရှောက်ကာကွယ်ဖို့ဖြစ်ပါတယ်။ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ဖို့အတွက် တိုင်းရင်းသားတွေအားလုံးပညာတတ်ဖို့၊ ဗဟုသုတရှိဖို့၊ ပြည်ထောင်စုကြီးကို အလုပ်အကျွေးပြုဖို့၊ ကမ္ဘာမှာသုံးနေတဲ့ ဘာသာစကားတွေတတ်ဖို့၊ နိုင်ငံတွင်းမှာရော၊ ကမ္ဘာမှာပါ ရင်ပေါင်တန်းဝင်ဆံ့နိုင်ဖို့လိုပါတယ်။ အခုတိုင်းရင်းသားလူမျိုးတွေအတွက် အများကြီးအထောက်အကူရနိုင်တဲ့ ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနတစ်ခု ပေါ်ပေါက်လာပါပြီ။ တိုင်းရင်းသားတွေရဲ့အခွင့်အရေး၊ ရပိုင်ခွင့်တွေနဲ့ပတ်သက်ပြီး မသိတာတွေ၊ နားမလည်တာတွေကို ကျွန်တော်တို့ဆီမှာ လာပြီးမေးမြန်းနိုင်ပါတယ်။ ကူညီဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က ပြောသည်။

**များစွာအထောက်အကူပြုနိုင်မည်**

ယခုကဲ့သို့ ပြည်တွင်းငြိမ်းချမ်းရေးရရှိရန် နိုင်ငံရေးစားပွဲဝိုင်းပေါ်တွင် အဖြေရှာနေချိန်၌ တိုင်းရင်းသားများ၏ အကျိုးစီးပွားအား ဗဟိုပြုဆောင်ရွက်မည့်၊ အကာအကွယ်ပေးမည့် ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနအသစ်တစ်ခု ပေါ်ပေါက်လာခြင်းသည် အမျိုးသားရင်ကြားစေ့ရေးအတွက် များစွာအထောက်အကူပြုနိုင်မည်ဟု မျှော်လင့်မိသည်။

တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနအနေဖြင့် တိုင်းရင်းသားလူမျိုးအားလုံး တန်းတူညီမျှသော နိုင်ငံသားအခွင့်အရေးများရရှိစေရန်၊ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုဖြင့် စစ်မှန်သောပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံပြီး

အချပ်ပို (၈) သို့

**အချပ်ပို(င)မှ**

ထာဝစဉ်အတူတကွ လက်တွဲနေထိုင်ကြစေရန်၊ တိုင်းရင်းသားလူမျိုးများ၏ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်း၊ အမျိုးသားရေးလက္ခဏာနှင့် သမိုင်းအမွေအနှစ်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်၊ တိုင်းရင်းသားလူမျိုးအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ တိုးတက်ဖြစ်ထွန်းစေရန်၊ တိုင်းရင်းသားလူမျိုးများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးအပါအဝင် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါအခွင့်အရေးများကို တိုင်းရင်းသားလူမျိုးများ အပြည့်အဝရရှိစေရန် ရည်မှန်းချက်ထားဆောင်ရွက်သွားမည်ဟုလည်း သိရသည်။

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနကို ပြည်ထောင်စုဝန်ကြီးရုံး၊ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန၊ တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနတို့ဖြင့် ဖွဲ့စည်းထားပြီး အရာထမ်း၊ အမှုထမ်း စုစုပေါင်း ၁၁၃၁ ဦး ဖွဲ့စည်းပါရှိပါသည်။

**လုပ်ငန်းများ စတင်လည်ပတ်**

"ဝန်ထမ်းဖွဲ့စည်းမှုနဲ့ ရန်ပုံငွေရရှိခဲ့ပြီဖြစ်လို့ ဝန်ထမ်းများခန့်ထားနိုင်ရေးအတွက် ဆောင်ရွက်နေပါတယ်။ အခုဆိုရင် ဝန်ထမ်း ၂၀၀ ကျော်လောက် ခန့်ထားပြီးဖြစ်ပါတယ်။ ဝန်ကြီးဌာနအတွက်လိုအပ်တဲ့ ပရိဘောဂနဲ့ပစ္စည်းတွေလည်း ရောက်ရှိအသုံးပြုနေပါပြီ။ လုပ်ငန်းတွေလည်း စတင်လည်ပတ်နေပါပြီ"ဟု တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က ပြောသည်။

တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေပါအတိုင်း တိုင်းရင်းသားများ၏ အခွင့်အရေးနှင့် ရပိုင်ခွင့်များ အပြည့်အဝရရှိနိုင်ရန်နှင့် တိုင်းရင်းသားများအနေဖြင့် ၎င်းတို့၏ရပိုင်ခွင့်၊ အခွင့်အရေးများ စနစ်တကျတင်ပြဆောင်ရွက်နိုင်ရန် နည်းဥပဒေပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်နေကြောင်းလည်း သိရသည်။

"နည်းဥပဒေမူကြမ်းမှာက တိုင်းဒေသကြီးနဲ့ ပြည်နယ်အဆင့် ခုံသမာဓိအဖွဲ့တွေ၊ ပြည်ထောင်စုအဆင့် ခုံသမာဓိကောင်စီတွေဖွဲ့စည်းပြီး တိုင်းရင်းသားများအခွင့်အရေးဖောက်ဖျက်ခံရမှုတွေကို ကြားနာစစ်ဆေးညှိနှိုင်းဖြေရှင်းပေးနိုင်ဖို့ ထည့်သွင်းရေးဆွဲထားပါတယ်။ ကနဦးမူကြမ်းကနေ ပထမမူကြမ်း၊ ဒုတိယမူကြမ်းအထိရေးဆွဲပြီးပါပြီ နည်းဥပဒေအဖြစ်ပြဋ္ဌာန်းနိုင်ဖို့ အလုပ်ရုံဆွေးနွေးပွဲတွေကျင်းပပြီး ဆောင်ရွက်သွားဖို့ ရှိပါတယ်။ နည်းဥပဒေဟာ တိုင်းရင်းသားများရဲ့




ကယားပြည်နယ်နေ့ အခမ်းအနား၌ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် အမှာစကားပြောကြားစဉ်

**ပြည်တွင်းငြိမ်းချမ်းရေးရရှိရန် နိုင်ငံရေးစားပွဲဝိုင်းပေါ်တွင် အဖြေရှာနေချိန်၌ တိုင်းရင်းသားများ၏ အကျိုးစီးပွားအား ဗဟိုပြုဆောင်ရွက်မည့်၊ အကာအကွယ်ပေးမည့် ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနအသစ်တစ်ခု ပေါ်ပေါက်လာခြင်းသည် အမျိုးသားရင်ကြားစေ့ရေးအတွက် များစွာအထောက်အကူပြုနိုင်မည်ဟု မျှော်လင့်မိ**

အခွင့်အရေးချိုးဖောက်ခံရင် ဘယ်လိုစတင်တိုင်ကြားရမယ်။ ဘယ်လိုဖြေရှင်းဆောင်ရွက်ပေးမယ်။ အယူခံဘယ်လိုလျှောက်ထားရမယ်ဆိုတာကို ရိုးရှင်းလွယ်ကူမှုရှိအောင် ဖော်ပြပေးမှာဖြစ်တဲ့အတွက် အခွင့်အရေးချိုးဖောက်ခံရမှုကို သတ်မှတ်ထားတဲ့နေရာမှာ မှန်ကန်လွယ်ကူစွာတိုင်ကြားနိုင်မှာဖြစ်ပါတယ်"ဟု ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က ဆိုသည်။

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနသည် ယခုအစိုးလက်ထက်တွင် စတင်ဖွဲ့စည်းသည့် ဝန်ကြီးဌာနဖြစ်သောကြောင့် ဝန်ကြီးဌာနဖွဲ့စည်းပုံရေးဆွဲခြင်း၊ ဖွဲ့စည်းခြင်း၊ ဝန်ထမ်းများခန့်ထားခြင်း၊ တိုင်းရင်းသားရေးရာကိစ္စရပ်များအကောင်အထည်ဖော်ရန် ရန်ပုံငွေထည့်သွင်းတောင်းခံခြင်း၊ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေပြဋ္ဌာန်းနိုင်ရေး အလုပ်ရုံဆွေးနွေးပွဲများကျင်းပခြင်း၊ တိုင်းရင်းသားအရေးကိစ္စများ ဆောင်ရွက်ရန် တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ဦးစီးဌာနရုံးခွဲများဖွင့်လှစ်နိုင်ရေးညှိနှိုင်းခြင်း၊ ဝန်ထမ်းများစွမ်းရည်မြင့်မားရေးအတွက် သင်တန်းများပေးခြင်း၊ တိုင်းရင်းသားစာပေထိန်းသိမ်းမြှင့်တင်ရေးနှင့်ပတ်သက်သည့် မူဝါဒဆိုင်ရာဆွေးနွေးပွဲ၊ ဖက်ဒရယ်စနစ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကျင်းပခြင်း၊ ပြည်တွင်းပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလုပ်ရုံဆွေးနွေးများကျင်းပ၍ အကြံဉာဏ်များရယူခြင်း စသည့် လုပ်ငန်းများကို ဆောင်ရွက်ခဲ့ရသည်ဟု ဆိုသည်။

**လွတ်လပ်စွာကျင်းပ**

"တိုင်းဒေသကြီးနဲ့ ပြည်နယ်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးတွေနဲ့ ချိတ်ဆက်ပူးပေါင်းဆောင်ရွက်နိုင်ဖို့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွေ ကျင်းပခဲ့ပါတယ်။ တိုင်းဒေသကြီးနဲ့ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီးတွေ၊ ဌာနကဝန်ထမ်းတွေ စွမ်းဆောင်ရည်မြင့်မား စေဖို့အတွက် အလုပ်ရုံဆွေးနွေးပွဲတွေကို အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေ(NGO)နဲ့ ပူးပေါင်းပြီး ဆောင်ရွက်ခဲ့ပါတယ်။ တိုင်းဒေသကြီးနဲ့ပြည်နယ်တွေမှာ တိုင်းရင်းသားတွေရဲ့ အမျိုးသားနေ့တွေ၊ နှစ်သစ်ကူးနေ့တွေကို သက်ဆိုင်ရာအစိုးရအဖွဲ့တွေရဲ့ ထောက်ပံ့ကူညီမှုတွေနဲ့ ကျင်းပနိုင်အောင် ဆောင်ရွက်ပေးခဲ့ပါတယ်။ အဲဒီအခမ်းအနားတွေကို အခုအချိန်မှာ လွတ်လပ်စွာကျင်းပနိုင်အောင် ဆောင်ရွက်ပေးနေပါတယ်"ဟု ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က ပြောသည်။

တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနအောက်တွင် **ငြိမ်းချမ်းရေးအထောက်အကူပြုဌာနခွဲ**ကိုလည်း ထည့်သွင်းဖွဲ့စည်းထားပြီး ပြည်တွင်းငြိမ်းချမ်းရေး၊ ဒေသတွင်းငြိမ်းချမ်းရေးများတည်ဆောက်ရာ၌ ပြည်ထောင်စုအစိုးရအဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဆင့်၊ အောက်ခြေ

**အချပ်ပို(ဆ)သို့**



ဂုဏ်ပြုစာစားပွဲ၌ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်မှ ဂုဏ်ပြုဆုငွေ ပေးအပ်စဉ်




မွန်အမျိုးသားနေ့ အကြိုညစာစားပွဲအခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တက်ရောက်လာကြသူများကို တွေ့ရစဉ်

**ပြည်နယ်တွေ၊ ဒေသတွေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ငြိမ်းချမ်းရေးက အင်မတန်လိုအပ်ပါတယ်။ လူမျိုးအစွဲတွေ သိပ်ကြီးသွားရင် နိုင်ငံဟာ ဘယ်လိုမှဖွံ့ဖြိုးတိုးတက်မှာ မဟုတ်ပါဘူး။ အချင်းချင်း တိုက်ခိုက်နေတဲ့ ပြည်တွင်းစစ်ကြောင့် အချမ်းသာဆုံးနိုင်ငံစာရင်းထဲကနေ အဆင်းရဲဆုံးနိုင်ငံစာရင်းထဲ ရောက်သွားပါပြီ။ ညီညီညွတ်ညွတ်နဲ့ ကိုယ့်တာဝန်ကိုယ်ထမ်းဆောင်ကြမယ်။ တိုင်းရင်းသားတွေလည်း ပညာတွေ၊ ဗဟုသုတတွေ၊ အတတ်ပညာတွေ ကြွယ်ဝလာမယ်ဆိုရင် ဖွံ့ဖြိုးတိုးတက်မှာ သေချာပါတယ်**

**အချပ်ပို(၈)မှ**
အဆင့်ဆင့်တို့၌ တက်ကြွစွာကူညီပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**အတတ်ပညာ ကြွယ်ဝ**

"ပြည်နယ်တွေ၊ ဒေသတွေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ငြိမ်းချမ်းရေးက အင်မတန်လိုအပ်ပါတယ်။ လူမျိုးအစွဲတွေ သိပ်ကြီးသွားရင် နိုင်ငံဟာ ဘယ်လိုမှဖွံ့ဖြိုးတိုးတက်မှာ မဟုတ်ပါဘူး။ အချင်းချင်းတိုက်ခိုက်နေတဲ့ ပြည်တွင်းစစ်ကြောင့် အချမ်းသာဆုံးနိုင်ငံစာရင်းထဲကနေ အဆင်းရဲဆုံးနိုင်ငံစာရင်းထဲ ရောက်သွားပါပြီ။ ညီညီညွတ်ညွတ်နဲ့ ကိုယ့်တာဝန်ကိုယ်ထမ်းဆောင်ကြမယ်။ တိုင်းရင်းသားတွေလည်း ပညာတွေ၊ ဗဟုသုတတွေ၊ အတတ်ပညာတွေ ကြွယ်ဝလာမယ်ဆိုရင် ဖွံ့ဖြိုးတိုးတက်မှာ သေချာပါတယ်။

"တိုင်းဒေသကြီးနဲ့ပြည်နယ်မှာ ရုံးတွေဖွင့်ပြီးတော့ တိုင်းရင်းသားတွေရဲ့ အခက်အခဲတွေ၊ တိုင်းရင်းသားတွေရဲ့ ဦးနှောက်အသိဉာဏ်တွေ ဖွံ့ဖြိုးအောင်ဆောင်ရွက်မယ်။ လက်နက်ကိုင်ပဋိပက္ခတွေ ငြိမ်းချမ်းသွားအောင် စည်းရုံးမယ်။ ဒီအချိန်ဒီအခါမှာ တန်းတူရေး၊ ဖက်ဒရယ်ပြည်ထောင်စု စစ်စစ်တည်ဆောက်ရေးဆိုတဲ့ဟာကို နိုင်ငံရေးစားပွဲဝိုင်းမှာ ဆွေးနွေးလို့ရနေပါပြီ။

"ပြည်ထောင်စုအစိုးရအဖွဲ့ထဲမှာလည်း တိုင်းရင်းသားလူမျိုးတွေပါဝင်နေပါပြီ။ တိုင်းပြည်တိုးတက်ဖွံ့ဖြိုးဖို့ လိုနေတာက ငြိမ်းချမ်းရေးပါပဲ။ ငြိမ်းချမ်းမှု မရှိဘူးဆိုရင် စီးပွားရေး တိုးတက်နေလည်း ကြာကြာမခံနိုင်ပါဘူး။ ဟိုဘက်ဒီဘက် တိုက်ခိုက်လို့အသက်တွေ ဆုံးရှုံးသွားတာဟာ နိုင်ငံတော်ရဲ့ လုပ်အားတွေ ဆုံးရှုံးသွားတာပါပဲ။ အသိဉာဏ်နဲ့ သတ်ဖြတ်ဖို့ ကြိုးစားကြမယ့်အစား ဒီအသိဉာဏ်နဲ့ပဲ ငြိမ်းချမ်းရေး တည်ဆောက်လို့ မရဘူးလား။ ဒီလက်နက်နဲ့တိုက်နေတာလဲ အနှစ် ၇၀ ရှိပါပြီ။ ရတဲ့အကျိုးကျေးဇူးက သေကြမယ်၊ နိုင်ငံတော်ကြီး ဆင်းရဲမယ် ဒါပါပဲ"ဟု ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က ဆိုသည်။

**နည်းဥပဒေရေးဆွဲ**

လာမည့်ဘဏ္ဍာရေးနှစ်တွင် တိုင်းရင်းသားလူမျိုးများ

**အချပ်ပို(၉)သို့**




လူမှုပေါင်းစည်းမှုဆိုင်ရာ အရည်အသွေးမြှင့်တင်ရေးအစီအစဉ်အခမ်းအနားသို့ တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်

မြန်မာ့အလင်း
ကြာသပတေး၊ မတ် ၃၀၊ ၂၀၁၇



တိုင်းရင်းသားစာပေဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ၌ တိုင်းရင်းသားတစ်ဦး ဆွေးနွေးနေစဉ်

# တိုင်းရင်းသားအရေး ကိစ္စများကို သီးခြား ဆောင်ရွက်နိုင်စေရန် ပြည်ထောင်စုဝန်ကြီး ဌာနအသစ်တစ်ခု ဖော်ဆောင်ပေးလိုက် သည်မှာ အမျိုးသား ရင်ကြားစေ့ရေးအတွက် မည်မျှအလေးထား ကြောင်း ပေါ်လွင်ထင်ရှား လှသည့်အပြင် တိုင်းရင်းသားများ မျှော်လင့်တောင့်တနေ သော ဖက်ဒရယ် ပြည်ထောင်စုကြီး အောင်မြင်စွာ ပေါ်ပေါက်လာစေရေး အတွက်လည်း များစွာ အထောက်အကူပြုနိုင်မည်

**အချပ်ပို(ဆ)မှ**

ရေးရာဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးဌာနရုံးများကို သက်ဆိုင်ရာအစိုးရရုံးစိုက်သည့် မြို့များတွင် ဖွင့်လှစ်ခြင်း၊ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်တက်လာရန် NGO၊ INGO အဖွဲ့များနှင့် ပူးပေါင်းပြီး လေ့ကျင့်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများ ဆက်လက်ပို့ချဆွေးနွေးခြင်းနှင့် ဆောင်ရွက်နေဆဲဖြစ်သည့် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေ အမြန်ဆုံးပြဋ္ဌာန်းနိုင်ရေး နည်းဥပဒေရေးဆွဲ အတည်ပြုခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားရန် ရှိနေသည်။

"တိုင်းရင်းသားလူမျိုးတွေဟာ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနဲ့ ရပ်ရွာအေးချမ်းသာယာရေး၊ ပြည်သူတို့ရဲ့ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားတဲ့ ဥပဒေတွေနဲ့ မဆန့်ကျင်ရင် မိမိတို့၏စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းနှင့် ကိုးကွယ်သည့် ဘာသာသာသနာတို့ကို လွတ်လပ်စွာဆောင်ရွက်ခွင့်ရှိသည်။ မိမိတို့၏ စကား၊ စာပေတို့ကို နိုင်ငံတော်၏ပညာရေးမူဝါဒကို ထိခိုက်မှုမရှိစေဘဲ သင်ကြားခွင့်နှင့် သင်ယူခွင့်ရှိသည်။ မိမိတို့၏ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းအရ ဆောင်ရွက်သော အခမ်းအနားများနှင့် နေ့ထူးနေ့မြတ်များကို လွတ်လပ်စွာကျင်းပခွင့်ရှိသည်။ မိမိတို့၏ စာပေနှင့် အနုပညာတို့ကို ခေတ်မီတိုးတက်စေရန် တီထွင်ကြံဆဖော်ထုတ်ခွင့်နှင့် ယဉ်ကျေးမှုကိစ္စရပ်များနှင့်စပ်လျဉ်း၍ လွတ်လပ်စွာသုတေသနပြု ဖော်ထုတ်ခွင့်ရှိသည်။ ပညာသင်ကြားခွင့်၊ ဆေးကုသခွင့်၊ အလုပ်အကိုင်ရပိုင်ခွင့်နှင့် စီးပွားရေးလုပ်ငန်းများတွင် တန်းတူညီမျှသော အခွင့်အရေးများ ရပိုင်ခွင့်ရှိသည်။ မိမိတို့၏ ရိုးရာတိုင်းရင်းဆေးပညာများ တိမ်ကောပပျောက်မှု မရှိစေရေးအတွက် ထိန်းသိမ်းခြင်း၊ ဖော်ထုတ်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်စေခြင်းတို့ကို ဆောင်ရွက်ခွင့်ရှိသည်။ မိမိတို့၏ရှေးဟောင်းအမွေအနှစ်များကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ခွင့်ရှိသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်သော လူဦးရေရှိပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု ဥပဒေပြုရေးတွင် မိမိတို့ ကိုယ်စားလှယ်များပါဝင်နိုင်ရန် ဆောင်ရွက်ခွင့်ရှိသည်။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု ဥပဒေပြုရေးတွင် ကိုယ်စားလှယ် ပါဝင်ခွင့်ရရှိသည့် တိုင်းရင်းသားလူမျိုးဖြစ်လျှင် ထိုတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု အုပ်ချုပ်ရေးတွင် အဓိကအားဖြင့် ထိုတိုင်းရင်းသားလူမျိုးများရေးရာကို ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ ပါဝင်ခွင့်ပြုရမည်။ မိမိတို့တိုင်းရင်းသားများ၏ သမိုင်းဖြစ်စဉ်များကို ဖော်ထုတ်ခွင့်နှင့် အမွေအနှစ်များကို ဥပဒေနှင့်အညီ ထိန်းသိမ်းကာကွယ်ခွင့်ရှိရမည်။ တိုင်းရင်းသားလူမျိုးများ၏ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ စီမံကိန်းကြီးများ၊ စီးပွားရေးလုပ်ငန်းများ သဘာဝသယံဇာတ ထုတ်ယူသုံးစွဲခြင်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မည်ဆိုပါက စီမံကိန်းအကြောင်းအရာများကို သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးများအား ပြည့်စုံတိကျစွာ ကြိုတင်ချပြအသိပေး၍ ညှိနှိုင်းဆောင်ရွက်ရမည်လို့ တိုင်းရင်းသားများ၏ အခွင့်အရေးနဲ့ရပိုင်ခွင့်မှာ ထည့်သွင်းပြဋ္ဌာန်းထားပါတယ်။ ဒီအခွင့်အရေးတွေ အပြည့်အဝခံစားနိုင်ဖို့ ဝန်ကြီးဌာနအနေနဲ့ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က ဆိုသည်။

**သိသာထင်ရှားစေ**

၂၀၁၆ ခုနှစ် မတ်လ ၃၀ ရက်တွင် နိုင်ငံ့တာဝန်ကို စတင်ထမ်းဆောင်ရွက်ခဲ့သော အစိုးရသစ်သည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး အလေးနက်ထား ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်အဆင့် အကြီးအကဲနေရာများ၊ လွှတ်တော်အကြီးအကဲနေရာများတွင် ကချင်၊ ကရင်၊ ချင်း၊ ရခိုင်၊ မွန်စသောတိုင်းရင်းသားများအား ခန့်အပ်တာဝန်ပေးထားသည်မှာ သိသာထင်ရှားစေသော အချက်ပင်ဖြစ်သည်။

**ပေါ်လွင်ထင်ရှား**

အစိုးရသစ်သည် အစိုးရဝန်ကြီးဌာနများအား ကျစ်လျစ်စွာဖွဲ့စည်းလိုက်သော်လည်း တိုင်းရင်းသားအရေးကိစ္စများကို သီးခြားဆောင်ရွက်နိုင်စေရန် ပြည်ထောင်စုဝန်ကြီးဌာနအသစ်တစ်ခု ဖော်ဆောင်ပေးလိုက်သည်မှာ အမျိုးသားရင်ကြားစေ့ရေးအတွက် မည်မျှအလေးထားကြောင်း ပေါ်လွင်ထင်ရှားလှသည့်အပြင် တိုင်းရင်းသားများ မျှော်လင့်တောင့်တနေသော ဖက်ဒရယ်ပြည်ထောင်စုကြီး အောင်မြင်စွာ ပေါ်ပေါက်လာစေရေးအတွက်လည်း များစွာအထောက်အကူပြုနိုင်မည်ဟု မျှော်လင့်မိသည်။

တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာန၏ ပြည်ထောင်စုဝန်ကြီးတာဝန် ထမ်းဆောင်နေသူ မွန်အမျိုးသားကြီး နိုင်သက်လွင်ကတော့ လူမျိုးစုကြီးသည်၊ ငယ်သည် မခွဲခြားဘဲ အားလုံးကို လူသားများဟုရှုမြင်ပြီး ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ငြိမ်းချမ်းရေးကို ရှေးရှုကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဟု ဆိုထားသည်။



တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနရုံးဝန်ထမ်းများကို တွေ့ရစဉ်